The
# Commerce Journal
# စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအ
VOL. 16, NO. 2 | တနလ်ာနေ့တိုင် ... သည် | January 11, 2016



# ဒေါ်လာဈေးအလှုပ်ကြောင့် မြန်မာ့စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုများ

ဒေါက်တာမောင်အောင် ၁၈



## ဝဲဂယက်လှိုင်း မုန်တိုင်းမထန်စေဖို့

၁၂

ပြည်နှမ်းဈေးကွက် ပွဲရုံမှာလက်ကျန်မရှိအောင် အရောင်းအဝယ်ဖြစ် ၁၁

မောင်းသူမဲ့လေယာဉ်၊ ရဟတ်ယာဉ်များအား ခွင့်ပြုနိုင်ရန် စိစစ်လျက်ရှိသည်ဟုဆို ၁၃

မိုးစပါးရိတ်သိမ်းပြီး ရာသီဂန္ဓမာပန်းကို တောင်သူများတိုးချဲ့စိုက်ပျိုးလာ ၂၄



Since 1996
SITHAR
Coffee Co., Ltd.
Coffee Turn Key Solution Industry Leader
ကော်ဖီကောင်းကောင်း သောက်လိုသူများနှင့် ကော်ဖီကောင်းကောင်း ရောင်းချလိုသူများအတွက် အရည်အသွေးကောင်း
ကော်ဖီစေ့၊ ကော်ဖီမှုန့် နှင့်ကော်ဖီဖျော်ရာတွင် အသုံးပြုသောစက်ပစ္စည်းကိရိယာများကို ရောင်းချပေးနေပါပြီ။
HIGH LAND COFFEE
Crop to Cup Coffee Expert
Plantation - Processing - Roasting - Equipment - Ingredients
No.477, Aye Yeik Thar (2) Street, New University Ave., Bahan Tsp., Yangon, Myanmar.
Tel: +95-1-559359, 09-500 6814, 09- 506 9849, 09- 254 612819 Fax: - 559359
www.sitharcoffee.com Email:sitharcoffee@gmail.com Facebook: SitharCoffeeCoLtd
MYANMAR COFFEE ASSOCIATION




KING PRIZE
COMPANY LIMITED
2016 နှစ်သစ်မှာ မိတ်ဟောင်း မိတ်သစ်များအား
ကိုယ်ကျန်းမာ စိတ်ချမ်းသာဖြင့် အောင်မြင်မှုအသစ်များ
ရရှိနိုင်ပါစေကြောင်း 'နှစ်သစ်မင်္ဂလာဆုမွန်ကောင်း' တောင်းအပ်ပါသည်။
Dr. Aung Ko Ko Thet @ Johnny : 0973234563, 09260454647
Dr. Than Than Lin @ Tayokema : 095050993, 09785050993
No.(48), Second Floor, Bo Aung Kyaw Street, Botataung Township, Yangon, Myanmar.
Office Ph : +951 380343, +951 371044

# မြန်မာ့မီးရထားရုံးချုပ်နေရာဟောင်းအား ရိုးမကုမ္ပဏီက နှစ် ၅၀ သက်တမ်းရှိ အငှားစာချုပ်ဖြင့် လုပ်ကိုင်ရန် လက်မှတ်ရေးထိုး



ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်ရှိ မြန်မာ့မီးရထားရုံးချုပ်နေရာဟောင်းအား Yoma Strategic Holding Ltd. က ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန်အတွက် နှစ်ငါးဆယ်သက်တမ်းရှိသည့် သက်တမ်းတိုးစာချုပ်ကို ဇန်နဝါရီ ၄ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း ရိုးမကုမ္ပဏီလီမိတက်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

စာချုပ်သက်တမ်းမှာ ၁၉၉၈ ခုနှစ် ဇန်နဝါရီလမှစတင်ကာ နှစ် ၅၀ အငှားစာချုပ်ဖြစ်ပြီးသဘောတူညီချက်ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် Yoma Strategic Holding Ltd. တို့ နှစ်ဦးသဘောတူ ချုပ်ဆိုခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Yoma Strategic Holding Ltd. အနေဖြင့် မီးရထားအဆောက်အအုံဟောင်းကို Yangon Peninsula ဟိုတယ်အဖြစ်လည်းကောင်း၊ ကျန်နေရာများတွင် ဇိမ်ခံလူနေအဆောက်အအုံများနဲ့ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အကြီးစားစီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် မြေအငှားစာချုပ်ချုပ်ဆိုကာ လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ မြန်မာ့မီးရထားရုံးဟောင်း အဆောက်အအုံ တည်ရှိရာနေရာသည် ကြမ်းခင်းဧရိယာ စတုရန်းပေနှစ်သန်းအကျယ်အဝန်းရှိသည့် မြေနေရာတွင် ၁၀ ဧကအကျယ်အဝန်းရှိသည့် စီမံကိန်းများကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို ၉ ဒသမ ၅ ဧက ကျယ်ဝန်းသော မြေနေရာအမှတ် ၁ နှင့် သုညဒသမ ၅ ဧက ကျယ်သော မြေနေရာ အမှတ် ၂ တို့ပေါ်တွင် အကောင်အထည်ဖော် တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ရိုးမအုပ်စုနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့ ချုပ်ဆိုသော မူဘောင်သဘောတူညီချက်တွင် ပါဝင်သည့် အချက်အချို့မှာ မြေနေရာ ၁ အတွက် ၁၉၉၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်သည့် နှစ် ၅၀ ကနဦး မြေငှားရမ်းခြင်းသက်တမ်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ မြေငှားသက်တမ်းတိုးခွင့်၊ မြေနေရာ ၂ အတွက် ၁၉၉၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်သည့် နှစ် ၅၀ ကနဦး မြေငှားရမ်းခြင်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူညီချက်ဖြင့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု ဥပဒေနှင့်အညီ မြေငှားသက်တမ်းတိုးခွင့်၊ မြေနေရာ ၁ နှင့် ၂ ငှားရမ်းခွင့်ကို ပေါင်းစပ်ပြီး ကနဦး မြေငှားရမ်းခြင်း သဘောတူညီချက်စာချုပ်ကို ချုပ်ဆိုသွားမည်ဖြစ်ပြီး အဆိုပါစာချုပ်ကို မြေငှားစာချုပ်နှစ်ခုအဖြစ် ခွဲကာ အပြည်ပြည်ဆိုင်ရာ ကြယ်ငါးပွင့်ဟိုတယ်ဖွံ့ဖြိုးရေးစီမံကိန်းအတွက် မြေငှားစာချုပ်တစ်ခုနှင့် ကျန်ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူညီချက်ရယူ၍ ဆက်လက်စာချုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း Yoma Strategic Holding Ltd.၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါ စီမံကိန်းများအတွက် Yoma Strategic Holding Ltd. အနေဖြင့် Hong kong And Shanghai Hotels တို့နှင့်ပူးပေါင်း၍ ၂၀၁၄ ခုနှစ် မတ်လမှစတင်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းကဲ့သို့ လက်မှတ်ရေးထိုးနိုင်ခဲ့ မှုအတွက် Yoma Strategic ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr Meluyn Pun က "အခုလို နှစ်ရှည်မြေငှားစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ဒီစီမံကိန်းကြီးဟာ ရန်ကုန်မြို့ရဲ့ အထင်ကရနေရာကြီးတစ်ခုမှာ အခုလို စီမံကိန်းကြီးတစ်ခုကို လုပ်ဆောင်ခွင့်ရတဲ့အတွက်လည်း အလွန်ကို ဝမ်းမြောက်ဂုဏ်ယူမိပါတယ်"ဟု ပြောကြားခဲ့သည်။

**မယ်သီတာ**


## ကုမ္ပဏီ/လုပ်ငန်းရှင်ကိုယ်စားလှယ်များအတွက် ပို့ကုန် သွင်းကုန် လုပ်ထုံးလုပ်နည်း သင်တန်းဖွင့်လှစ်ခြင်း

ကုမ္ပဏီလုပ်ငန်းရှင်များအတွက် ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းသင်တန်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုပညာပေးရေးဌာနခွဲ၊ ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်) တွင် သင်တန်းသား ၅၀ ဦးဖြင့် ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ သင်တန်းကို ရက်သတ္တပတ် တစ်ပတ်လျှင် ၅ ရက် တစ်ရက်လျှင် ၃ ချိန် (၄၅ မိနစ်) ဖြင့် နံနက် (၀၉ :၄၅) မှ (၁၂ :၃၀) အချိန်ထိ နှစ်ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ပါသည်။

သင်တန်းတွင် လက်ရှိပို့ကုန်သွင်းကုန်ဆိုင်ရာကိစ္စရပ်၊ ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ မြန်မာ/ကမ္ဘာ့ဆိုင်ရာ ကုန်သွယ်မှု လုပ်ထုံးလုပ်နည်းများကို လက်ရှိအခြေအနေနှင့်အညီ ဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပါသည်။ သင်တန်းနှင့်ပတ်သက်၍ သင်တန်းကြေးကျပ် ၃၀၀၀၀ိ/- ကိုပေးသွင်းရ မည်ဖြစ်ပြီး၊ သင်တန်းပြီးဆုံးပါက သင်တန်းဆင်း အောင်လက်မှတ်ကို ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါသည်။

သင်တန်းဝင်ခွင့် လျှောက်လွှာများကို ကုန်သွယ်ရေးဦးစီး ဌာန ၊ ကုန်သွယ်မှုပညာပေးရေးဌာနခွဲ၊ နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးရုံး၊ ကုန်သွယ်မှုသင်တန်းကျောင်းတို့တွင် အခမဲ့ထုတ်ယူလျှောက်ထားနိုင်ပါသည်။

သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၁- ၃၇၁၂၁၇ ၊ ၀၁-၂၅၀၈၇၁ ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။



Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း(ဖုန်း-၀၉-၄၂၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ပြည်တွင်းဆန်စျေးကွက် ဆန်သစ်၊ ဆန်ချော အဝယ်လိုက်အရောင်းသွက်လို့ စျေးဆက်မာ

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်စျေးနှုန်းများမှာ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၈ ရက် စျေးနှုန်းများအရ ဖျာပုံပေါ်ဆန်း၊ ဆန်ဟောင်းစျေး ထိပ်စတစ်အိတ် ၃၆၅၀၀ ကျပ်၊ လတ်စတစ်အိတ် ၃၅၀၀၀ ကျပ်၊ နယ်စုံပေါ်ဆန်း ဆန်ဟောင်းစျေး ထိပ်စတစ်အိတ် ၃၆၀၀၀ ကျပ်၊ လတ်စတစ်အိတ် ၃၄၅၀၀ ကျပ်နဲ့ မြောင်းမြ၊ ပုသိမ်၊ ပေါ်ဆန်း ဆန်ဟောင်းစျေး ထိပ်စ တစ်အိတ် ၄၀၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၈၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်အတိုင်း စျေးနှုန်းပြောင်းလဲမှုမရှိဘဲ စျေးငြိမ်နေတာ တွေ့ရပါတယ်။ ကုန်စည်ဒိုင်သို့ ဆန်ချောအဟောင်းများ ဝင်ရောက်မှုမှာ ရာသီပေါ် ကောက်သစ်လောက်မများပေမယ့် အဝင်အနည်းငယ်ရှိပြီး အရောင်းအဝယ် ပါးနေကြောင်း သိရပါတယ်။ ဖျာပုံပေါ်ဆန်း ဆန်သစ်စျေး ထိပ်စတစ်အိတ် ၂၉၅၀၀ ကျပ်၊ လတ်စတစ်အိတ် ၂၈၀၀၀ ကျပ်နဲ့ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်း ဆန်အသစ်စျေးက ထိပ်စတစ်အိတ် ၃၁၅၀၀ ကျပ်၊ လတ်စတစ်အိတ် ၂၉၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ကျပ် ၅၀၀ မှ ကျပ်၁၀၀၀ ခန့်စျေးတက်လာပါတယ်။ နယ်စုံပေါ်ဆန်း ဆန်သစ်စျေး ထိပ်စတစ်အိတ် ၂၉၀၀၀ ကျပ်၊ လတ်စတစ်အိတ် ၂၇၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ရင် ထိပ်စတစ်အိတ် ကျပ် ၁၀၀၀ ခန့် စျေးတက်လာကြောင်း ကုန်စည်ဒိုင်စျေးနှုန်း စာရင်းများအရ သိရှိရပါတယ်။

ယခုရက်ပိုင်းအတွင်း ဒိုင်သို့ ထိုက်သင့်သလောက် အဝင်ရှိပေမယ့် ပိတ်ရက်၊ လကုန်ရက်များနှင့် ဆုံခြင်း၊ စပါးစျေးမြင့်ပြီး ဆန်စျေးကလိုက်မလာတဲ့အတွက် စျေးအနည်းငယ်တက်ရခြင်း ဖြစ်ကြောင်း၊ ဆန်ချောအသစ်မှာ အရောင်းအဝယ်ကောင်းပြီး အရောင်းသွက်လျက်ရှိကြောင်း စျေးကွက်မှ သိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန် အသစ်စျေး ထိပ်စတစ်အိတ် ၂၁၀၀၀ ကျပ်၊ လတ်စတစ်အိတ် ၂၀၅၀၀ ကျပ်၊ မနောသုခသစ်ရှယ် စျေးနှုန်းက ၂၁၅၀၀ ကျပ်မှ ၂၂၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ကြည့်ရင် စျေးနှုန်းပြောင်းလဲမှုမရှိဘဲ စျေးငြိမ်နေပါတယ်။ တရုတ်ယွမ်စျေးကျလို့ စျေးကွက်ငြိမ်နေခြင်းဖြစ်ကြောင်း ကုန်စည်ဒိုင်သို့ ဆန်ကြမ်းဝင်ရောက်မှုမှာ ယခင်တစ်ပတ်ထက် လျော့နည်းဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်အနေနဲ့ ပုံမှန်ရောင်းဝယ်မှုရှိတယ်လို့ စျေးကွက်မှစုံစမ်းသိရှိရပါတယ်။

ဒီတစ်ပတ် မူဆယ်ဆန်စျေးကွက်ရဲ့ ဇန်နဝါရီ ၈ ရက် စျေးနှုန်းများအရ ဧည့်မထ ၅ မှတ် မှော်ဘီနဲ့ စူပါ တစ်အိတ် ၁၃၉-၁၄၂ ယွမ်နဲ့ ၅ မှတ် မနောသုခ တစ်အိတ် ၁၃၅-၁၃၆ ယွမ်၊ ဧည့်မထ ၁၀ မှတ် မှော်ဘီနဲ့ စူပါ တစ်အိတ် ၁၃၇-၁၃၈ ယွမ်နဲ့ ၁၀ မှတ် မနောသုခ တစ်အိတ် ၁၃၂-၁၃၄ ယွမ်၊ ဧည့်မထ ၁၅ မှတ် မှော်ဘီတစ်အိတ် ၁၃၄-၁၃၆ ယွမ်နဲ့ ၁၅ မှတ် မနောသုခ တစ်အိတ် ၁၃၀-၁၃၁ ယွမ်၊ ဧည့်မထ ၂၅ မှတ် မနောသုခ တစ်အိတ် ၁၂၈-၁၂၉ ယွမ်၊ ၂၅ မှတ် ရတနာတိုး ၁၂၈-၁၃၂ ယွမ်၊ ဧည့်မထ ၃၅ မှတ် မနောသုခ တစ်အိတ် ၁၂၄-၁၂၇ ယွမ်၊ ၃၅ မှတ် ရတနာတိုး ၁၂၄-၁၂၇ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၃၄-၁၃၆ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၃၁-၁၃၃ ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၂၈-၁၃၀ ယွမ် အသီးသီးဖြစ်ခဲ့ကြပြီး၊ ဧည့်မထ ၅ မှတ် မှော်ဘီနဲ့ စူပါ၊ ဧည့်မထ ၁၀ မှတ် မနောသုခ၊ ဧည့်မထ မနောသုခ ရတနာတိုး၊ ဧည့်မထ ၃၅ မှတ် မနောသုခတို့ အသီးသီးမှာ တစ်ယွမ်ခန့်စျေးတက်ခဲ့ပြီး ကျန်ဆန်များ စျေးငြိမ်နေကြောင်း၊ ဇန်နဝါရီ၈ ရက် ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၉၀ ဒသမ ၄၇ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ၈ ဒသမ ၇၃ ကျပ် ခန့် စျေးကျလာကြောင်း မူဆယ်ဆန်စျေးကွက်မှ စုံစမ်းသိရှိရပါတယ်။

ပြည်တွင်းနယ်စုံမှ မူဆယ်သို့ နေ့စဉ်ဆန်တန်ချိန်ပျမ်းမျှ ၂၀၀၀ မှ ၄၀၀၀ ကျော်ခန့် ဝင်ရောက်နေပြီး ယခုတစ်ပတ်အတွင်း မူဆယ်သို့ စုစုပေါင်း တန်ချိန် ၁၇၀၃၃ ခန့် ဝင်ရောက်ခဲ့လို့ ယခင်တစ်ပတ်ထက် တန်ချိန် ၄၄၂၅ လျော့နည်း ဝင်ရောက်ခဲ့ကြောင်း တရုတ်ယွမ်ငွေတန်ဖိုး ကျဆင်းနေတဲ့အတွက် ဆန်အရောင်းအဝယ် အနည်းငယ်တန့်ပြီး၊ အေးနေတယ်လို့ မူဆယ်ဆန်စျေးကွက်မှ သိရပါတယ်။

မြန်မာ့ဆန် ပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇန်နဝါရီ ၁ ရက်ထိ တန်ချိန် ၈၃၉၅၆၇ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၀၈ သန်းကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၁၅၂၆၁၃ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၂ သန်းကျော်ဖိုး လျော့နည်းလျက်ရှိပါတယ်။ ဆန်ကွဲပြည်ပတင်ပို့မှုမှာ တန်ချိန် ၂၈၉၇၅၂ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၈၉ သန်းကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၆၆၄၄၈ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပြီး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၉ သန်းကျော်ဖိုး ရှိကြောင်း သိရပါတယ်။

**MIRT-YGN**



# ပြည်ဆန်စပါးစျေးမြင့်လာလို့ နယ်သမားအဝယ်နားတာကြောင့် စျေးပြန်အေး

ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း စပါးစျေး၊ ဆန်စျေးတွေ အနည်းငယ်မြောက်လာခဲ့ပါတယ်။ စပါးစျေးရော ဆန်စျေးပါ မြောက်ခဲ့တာကြောင့် နယ်တင်ပို့မှုမှာ တွက်ခြေမကိုက်လို့ ယခုဇန်နဝါရီလ ဒုတိယပတ်အတွင်း အဝယ်မရှိတော့တာ တွေ့ရပါတယ်။

ဒေသတွင်း အရောင်းအဝယ်သာရှိနေတာကြောင့် ဆန်စျေးစပါးစျေး ပြန်အေးလာပါတယ်။ ယခုသီတင်းပတ် ဆန်စပါးစျေးကွက်တွင် တောင်ပျံမွှေးစပါးတင်း ၁၀၀ (၄၆ ပေါင်ကိုက်) စျေး ၇၁၇၆၀၀ ကျပ်ဖြစ်ပြီး ဆန်တစ်အိတ်စျေးနှုန်းကတော့ ၂၈၀၀၀ ကျပ်ထိ ပြန်ကျလာခြင်း ဖြစ်ပါတယ်။ ဒီဇင်ဘာ နောက်ဆုံးပတ်မှာ တောင်ပျံမွှေးစပါးဟာ ၇၄၀၀၀၀ ကျပ်ကျော်ထိပေါက်ခဲ့ပြီး ဆန်တစ်အိတ်ကို ကျပ် ၃၀၀၀၀ ထိမြင့်လာတာကြောင့် နယ်သမားတွေ စျေးမကိုက်ဘဲ အဝယ်မရှိသလောက် ဖြစ်ခဲ့ပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထစပါးစျေးရောင်းတန်းဝင် ၅၅၂၀၀၀ ကျပ်ထိ ပြန်လည်ကျဆင်းလာပြီး၊ ဆန်တစ်အိတ် (ထိပ်စ) ၂၁၀၀၀ ကျပ်ထိ စျေးကျလာခြင်းဖြစ်ပါတယ်။ ဒေသတွင်းစားသုံးနေတဲ့ စပါး၊ ဆန်စျေးကတော့ ပုံမှန်စျေးသာ ဖြစ်ကြောင်းလည်း သိရပါတယ်။ အခုတစ်ပတ်ထဲထိ နယ်သို့ လုံးဝအတင်မရှိသော်လည်း ဒေသတွင်း အိတ်ဆွဲ ရောင်းဝယ်မှုကတော့ ပုံမှန်စျေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

**နီနီဝင်း-ပြည်**

## အာရှနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၇-၁-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၆၅ | ၃၇၂ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၅၆ | ၃၆၆ | △ | ၃၆၀ | ၃၅၀ | ▽ | ၃၅၅ | ၃၅၅ | □ | ၃၃၀ | ၃၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၅၀ | ၃၅၈ | △ | ၃၄၅ | ၃၄၀ | ▽ | ၃၂၅ | ၃၂၅ | □ | ၃၀၀ | ၃၀၅ | △ |
| ပေါင်းဆန် | ၃၅၀ | ၃၅၅ | △ | - | - | - | ၃၅၅ | ၃၄၅ | ▽ | ၄၀၅ | ၄၀၅ | □ |

Source: oryza.com

## အမေရိကနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၇-၁-၂၀၁၆ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၇၅ | ၅၁၀ | △ | ၅၁၀ | ၄၉၅ | ▽ | ၅၀၅ | ၄၉၀ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၅၀၀ | ၄၀၅ | ▽ | - | - | - | - | - | - |

Source: oryza.com

## ပြည်တွင်းမြို့ကြီးများ၏ (၈-၁-၂၀၁၆) ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၂၅၀ | △ | ၂၁၀၀၀ | △ | ၇၁၇၆ | △ | ၂၈၀၀၀ | △ |
| ပုသိမ် | ၅၇၀၀ | □ | ၂၁၅၀၀ | □ | ၆၆၇၀ | ▽ | ၂၈၀၀၀ | □ |
| ပဲခူး | ၅၁၀၀ | □ | ၁၉၅၀၀ | □ | ၆၀၀၀ | □ | ၂၇၀၀၀ | △ |
| ရွှေဘို | ၅၃၀၀ | □ | ၂၁၀၀၀ | □ | ၉၀၀၀ | □ | ၃၁၀၀၀ | □ |
| စစ်တွေ | ၄၅၀၀ | △ | ၁၉၀၀၀ | △ | ၇၀၀၀ | □ | ၂၇၀၀၀ | ▽ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၅၈၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၁၅၀ | ▽ | ၂၀၅၀၀ | □ | - | - | ၂၇၀၀၀ | ▽ |
| မန္တလေး | ၆၄၀၀ | △ | ၂၄၀၀၀ | □ | - | - | ၃၀၀၀၀ | □ |
| မကွေး | ၆၅၀၀ | □ | ၂၂၃၀၀ | □ | - | - | ၃၀၀၀၀ | □ |
| မော်လမြိုင် | ၅၂၀၀ | □ | ၁၉၀၀၀ | □ | ၆၁၀၀ | □ | ၂၃၀၀၀ | □ |
| လှိုင်ကော် | ၆၁၈၀ | □ | ၂၄၀၀၀ | □ | - | - | ၄၈၀၀၀ | □ |
| မြိတ် | ၅၀၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| ဘားအံ | ၅၅၀၀ | □ | ၂၁၀၀၀ | □ | - | - | ၂၅၀၀၀ | △ |
| တောင်ကြီး | - | - | ၂၅၀၀၀ | □ | - | - | ၃၄၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်စျေးများ ဖြစ်ပါသည်။

# မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ယခုသီတင်းပတ်တွင်ဆန်လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၆ မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်ထိ သီတင်းပတ်အတွင်း ဆန်တင်ပို့မှုမှာ တန်ချိန် ၂၈၅၁၂ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၁၀ သန်းကျော်ဖိုးတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက တန်ချိန်အားဖြင့် ၂၉၈၀ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ပြည်တွင်းဆန်စျေးနှုန်းမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင်ကျပ် ၅ ဒသမ ၅၅ သိန်း၊ ၁၀ မှတ် ကျပ် ၅ ဒသမ ၄၇ သိန်း၊ ၂၅ မှတ် ကျပ် ၅ ဒသမ ၀၇ သိန်း၊ငစိန် ၁၅ မှတ် ကျပ် ၅ ဒသမ ၃၁ သိန်း၊ ၂၅ မှတ် ကျပ် ၅ ဒသမ ၇ သိန်း အသီးသီးစျေးပေါက်ပြီး တစ်ဖက်နိုင်ငံ ရွှေလီဆန်စျေးမှာ ဧည့်မထ ၅ မှတ် ၂၈၂၀ ယွမ်၊ ၁၀ မှတ် ၂၇၆၀ ယွမ်၊ ၂၅ မှတ် ၂၆၄၀ ယွမ်စျေးအသီးသီးပေါက်နေပါတယ်။

ယခုတစ်ပတ်မှာ ဆန်ကားစီးရေ ၁၃၃၄ စီး၊ကုန်ပစ္စည်းပမာဏအားဖြင့် ဆန် ၂၈၅၁၂ တန်ကျော် အဝင် ရှိတယ်လို့ သိရပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ မန္တလေး-မူဆယ်-တန်ချိန် တစ်ပိဿာကို ၉၂ ကျပ်မှ ၉၅ ကျပ်ဖြစ်ပါတယ်။

**MIRT**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၈-၁-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁/၁ | ၈/၁ | ပြောင်းလဲမှု | ၁/၁ | ၈/၁ | ပြောင်းလဲမှု | ၁/၁ | ၈/၁ | ပြောင်းလဲမှု | ၁/၁ | ၈/၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၃၀၂၂ | - | - | - | ၂၉၁၇ | - | ၂၈၀၀ | ၂၉၀၀ | ▲ | ၃၃၅၀ | ၃၃၅၀ | ■ |
| ၂ | ပဲစင်းငုံ | ၂၃၄၃ | ၂၄၇၄ | ▲ | - | - | - | ၂၂၈၅ | ၂၄၁၅ | ▲ | ၂၂၈၀ | ၂၄၁၀ | ▲ |
| ၃ | ပဲတီစိမ်း | ၁၈၇၅ | ၁၉၁၅ | ▲ | ၁၈၆၇ | ၁၈၆၇ | ■ | ၁၈၉၅ | ၁၈၆၈ | ▼ | ၁၈၄၀ | ၁၇၉၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၂၅၅၀ | ၂၅၅၀ | ■ | - | - | - | - | ၂၁၀၅ | - | ၂၁၅၀ | ၂၁၀၅ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၄၁၅ | ၁၄၃၀ | ▲ | - | - | - | ၁၄၇၀ | ၁၄၆၀ | ▼ | ၁၀၃၀ | ၁၀၃၀ | ■ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | - | - | - | - | ၆၆၈ | - | ၆၃၀ | ၆၃၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၈-၁-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ - မွမ်ဘိုင်း | | | အိန္ဒိယ - ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၃၁/၁၂ | ၇/၁ | ပြောင်းလဲမှု | ၃၁/၁၂ | ၇/၁ | ပြောင်းလဲမှု | ၃၁/၁၂ | ၇/၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၃၅၀ | ၁၄၂၀ | ▲ | ၁၄၇၈ | ၁၅၇၄ | ▲ | ၁၄၃၂ | ၁၄၂၄ | ▼ |
| ၂ | ပဲစင်းငုံ | ၁၁၁၀ | ၁၂၃၀ | ▲ | ၁၂၃၆ | ၁၃၇၉ | ▲ | ၁၂၅၂ | ၁၃၉၄ | ▲ |
| ၃ | ပဲတီရွှေဝါ | ၉၃၀ | ၉၃၀ | ■ | ၁၀၅၅ | ၁၀၄၉ | ▼ | ၁၀၈၆ | ၁၁၂၄ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၆၈၆ | ၆၈၆ | ■ | ၆၉၄ | ၇၂၇ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု - ယခင်တစ်ပတ် (၂၆.၁၂.၁၆)ထိ | ပြည်ပတင်ပို့မှု - ယခုတစ်ပတ် (၂.၁.၁၆)ထိ | ပြည်ပတင်ပို့မှု (၁.၄.၁၅) မှ (၂.၁.၁၆) ထိ |
|---|---|---|---|
| မတ်ပဲ | ၃၃၂ | ၁၀၂၃ | ၃၉၁၁၅၂ |
| ပဲတီစိမ်း | ၃၀၉၀ | ၄၉၄၀ | ၁၄၄၈၃၀ |
| ပဲစင်းငုံ | ၁၉၈၄ | ၅၅၆၃ | ၁၂၄၆၂၉ |
| ကုလားပဲ | - | - | ၂၃၃၆၈ |
| ပဲလွန်းဖြူ | ၅၂ | ၇၆ | ၁၃၅၄၁ |
| မြေထောက်ပဲ | ၁၇၁ | ၉ | ၁၃၀၉၆ |

## ပြည် မြေပဲဆန်ဈေး ဈေးအနည်းငယ်ကျပြီး အရောင်းအဝယ်ဖြစ်

ဇန်နဝါရီပထမပတ်အတွင်း ပြည်နှင့်အောင်လံကြား ဒေသအတွင်းရှိ ရွာများမှ ပြည်ပွဲရုံများသို့ မြေပဲဆန်သစ်များ နေ့စဉ်အိတ် ၈၀၀ နီးပါးဝင်လျက်ရှိပါတယ်။ ဝင်သမျှအိတ်များအားလုံးကို ဆီစက်သမားများမှ အဝယ်ရှိပြီး လုံးဆန်များကိုတော့ ရန်ကုန်၊ မန္တလေးဘက်သို့ နေ့စဉ်အိတ် ၃၀၀ အတင်ရှိနေပါတယ်။

ယခုတစ်ပတ် ပြည်မြေပဲဆန်ဈေးနှုန်းများမှာ ဆီဆန် တစ်ပိဿာကို ၁၉၆၅ ကျပ်ဖြင့် ဈေးအနည်းငယ်ကျပြီး၊ လုံးဆန် တစ်ပိဿာ ၂၄၇၅ ကျပ်နဲ့ ဈေးအနည်းငယ်တက်ပါတယ်။ မြေပဲဆန်များအဝင်လှိုင်၊ အထွက်လှိုင်လို့ အရောင်းအဝယ်အားလုံးဖြစ်နေပါတယ်။ ဆီဈေးနှုန်းမှာ ပဲဆီရှယ် တစ်ပိဿာ ၄၅၀၀ ကျပ်၊ ပဲဆီရိုးရိုး ၄၀၀၀ ကျပ်နဲ့ ပဲဆီသန့် ၄၂၀၀ ကျပ်တို့ဖြစ်ပါတယ်။ ဆီဈေးများမှာ ယခင်တစ်ပတ်ကအတိုင်း ဈေးနှုန်းတည်ငြိမ်ပြီး အရောင်းအဝယ်ဖြစ်ကြောင်းလည်း သိရပါတယ်။

**ဝေဝေမင်း-ပြည်**

## ယခုသီတင်းပတ်တွင် မူဆယ်မှ ပဲမျိုးစုံပိုမို တင်ပို့နိုင်သော်လည်း မြဝတီမှ လျော့နည်းတင်ပို့

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်ထိ ၇ ရက်တာကာလအတွင်း မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ ပဲမျိုးစုံတင်ပို့မှုသည် ယခင်သီတင်းပတ် (ဒီဇင်ဘာ ၁၉ မှ ၂၅ ရက်ထိ) ထက် ကန်ဒေါ်လာ သုည ဒသမ ၀၁၀ သန်းဖိုး ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သတင်းရရှိပါတယ်။ အများဆုံးတင်ပို့တဲ့ ပဲများကတော့ ပဲတီစိမ်း၊ ပဲပုပ်စေ့၊ ပဲနီကြား၊ ပဲကြီးနဲ့ မြေထောက်ပဲတို့ကို တန်ချိန်အားဖြင့် ၉၈ တန်ကျော် တန်ဖိုးအားဖြင့် ကန်ဒေါ်လာ သုည ဒသမ ၀၅၇ သန်းဖိုး တင်ပို့ခဲ့တယ်လို့သိရပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ် ပဲမျိုးစုံတင်ပို့မှုမှာ တန်ချိန်အားဖြင့် ၂၉၅ တန်ကျော်၊ တန်ဖိုး အားဖြင့် ကန်ဒေါ်လာ သုည ဒသမ ၃၄၃ သန်းဖိုး တင်ပို့နိုင်ခဲ့ပြီး ယခင်သီတင်းပတ်ထက် သုည ဒသမ ၀၉၃ သန်းဖိုး လျော့နည်း တင်ပို့ခဲ့တယ်လို့သိရပါတယ်။

**MIRT**

## မုံရွာကုန်စည်ဒိုင် ဇန်နဝါရီပထမပတ် ပဲဈေးကွက် ပဲအားလုံးဈေးမာ

မုံရွာကုန်စည်ဒိုင် ဇန်နဝါရီလ ပထမပတ်ပဲမျိုးစုံဈေးကွက်မှာ နယ်အသီးသီးက ဆောင်းပဲမျိုးစုံ အနည်းငယ်အဝင်သွက်လာခဲ့ပြီး ဈေးလည်းမာလျက်ရှိတယ်လို့သိရပါတယ်။

ပဲတီစိမ်းဈေးကွက်မှာ စိမ်းကြီးတစ်တင်း အရည်အသွေးအလိုက် အောက်စ ၃၂၀၀၀ ကျပ်နဲ့ ထိပ်စ ၃၆၀၀၀ ကျပ် အမြင့်ဆုံးပေါက်ခဲ့ပြီး၊ တစ်ရက်အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ကာ ဝယ်လက်အားဖြင့် တရုတ်ဝယ်လက်ဖြစ်တယ်လို့ဆိုပါတယ်။ စိမ်းသေးကတော့ တစ်တင်း ၃၆၅၀၀ ကျပ်အထိ ဈေးပြန်မာလာခဲ့ပြီး တစ်ရက် အိတ် ၇၀၀ မှ ၁၀၀၀ ကြား အရောင်းအဝယ်ဖြစ်ကာ ရန်ကုန်ဝယ်လက် အဝယ်များတယ်လို့ ဒိုင်ရပ်ကွက်ကဆိုပါတယ်။

ယခုတစ်ပတ်မှာ မတ်ပဲ အဝင်အနည်းငယ်ပိုလာခဲ့ပြီး တစ်တင်း ၅၇၅၀၀ ကျပ်ကနေ ၅၉၀၀၀ ကျပ်အထိ တက်ဈေးပြန်ဖြစ်လာကာ တစ်ရက် အိတ် ၅၀၀ ဝန်းကျင် ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ပဲကြီးဈေးကွက်မှာ ပဲအသစ်မဝင်သေးဘဲ ပဲဟောင်းဈေးက တစ်တင်း ၂၇၀၀၀ ကျပ်မှ ၂၉၀၀၀ ကျပ်မှာ ဈေးငြိမ်နေကာ ဒေသတွင်း လုပ်ငန်းသုံး အဝယ်ပုံမှန်ရှိတယ်လို့ ပွဲရုံရပ်ကွက်ကသိရပါတယ်။ ယခုတစ်ပတ် စွန်တာနီဈေးကွက်မှာ ပဲအသစ် အနည်းငယ်ဝင်ခဲ့သလို အဟောင်းဈေးက တစ်တင်း ၁၅၅၀၀ ကျပ်မှ ၁၆၅၀၀ ကျပ်အထိ ဈေးတက်လာတာ တွေ့ရပါတယ်။ ပဲနီလုံးကြားကတော့ တစ်တင်း ၁၇၀၀၀ ကျပ်နဲ့ ဈေးတန့်နေပြီး ပဲလက်လီအဝယ်ပုံမှန်သာဖြစ်ခဲ့တယ်လို့ဆိုပါတယ်။

ပဲလွန်းဈေးကွက်မှာလည်း ဝယ်လက်အသီးသီး အဆွဲပုံမှန်ရှိနေလို့ လွန်းပြာမှာတစ်တင်း ၃၀၅၀၀ ကျပ်၊ လွန်းဖြူ တစ်တင်း ၂၉၅၀၀ ကျပ်နဲ့ အသီးသီးဈေးမာလျက်ရှိပါတယ်။ စားတော်ပဲဈေးကွက်မှာတော့ ကနေဒါပဲသာ အရောင်းအဝယ်ရှိပြီး ယခုရက်ပတ်မှာ တစ်တင်း ၂၄၇၀၀ ကျပ်နဲ့ လက်လီပုံမှန် အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ကုလားပဲဈေးကွက်အနေနဲ့ ကုန်သည်လက်မှာ ပဲမရှိသလောက်နည်းခဲ့သလို ဝယ်လက်ကလည်း မရှိမဖြစ် အဝယ်သာရှိခဲ့ပြီး၊ ထိုင်ဝမ်တစ်တင်း ၄၁၀၀၀ ကျပ်၊ ၉၂၉ တစ်တင်း ၄၃၀၀၀ ကျပ်နဲ့ ကုလားပဲဖြူလုံးကြီး တစ်တင်း ၄၄၀၀၀ ကျပ် အသီးသီး ပေါက်ဈေးဖြစ်ပေါ်ခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**



## မုံရွာ ကုန်စည်ဒိုင်မှာ ငုံနီအဝင်လှိုင်လာ

၂၀၁၆ ခုနှစ်၊ မုံရွာကုန်စည်ဒိုင် နှစ်ဆန်းပဲဈေးကွက်မှာ နယ်စုံက ငုံနီအဝင်လှိုင်လာတာ တွေ့ရပါတယ်။ နှစ်တိုင်းနဲ့မတူဘဲ ပဲသစ်ထွက်ပေါ်ချိန် ပေါက်ဈေးကအရင်နှစ်ဟောင်းပဲလက်ငုပ်ဈေးနီးပါး အမြင့်ဈေးပေါက်တဲ့ အတွက် ငုံနီစိုက်တောင်သူတွေအားလုံး ပြုံးနိုင်ခဲ့ကြတာ မြင်တွေ့ရပါတယ်။

ငုံနီမပေါ်မီကထဲက ငုံနီကြိုပွဲငွေ့ဈေးဟာ တစ်တင်း ၅၀၀၀၀ ကျပ်ဖြစ်ပေါ်ခဲ့သလို ယခုပဲပေါ်ချိန်မှာလည်း အနိမ့်ဆုံး ၄၄၀၀၀ ကျပ်ကနေ အမြင့်ဆုံး ၅၀၁၀၀ ကျပ်ကြား ဈေးရနေခြင်းဖြစ်လို့ ရေစကြို၊ ချောင်းဦး၊ အရာတော်နဲ့ ဘုတလင်မြို့နယ်တွေက ပဲတွေ နေ့စဉ်လှိုင်လှိုင်ဝင်လာခြင်းဖြစ်တယ်လို့ ပွဲရုံရပ်ကွက်က ဆိုပါတယ်။

ယခုနှစ်ထွက် ငုံနီအနေနဲ့ အရည်အသွေးကောင်းမွန်ပေမယ့် တစ်ဧကအထွက်နှုန်းအနေနဲ့ တစ်နယ်နဲ့ တစ်နယ်ကွာခြားခဲ့ကာ အနည်းဆုံး ၈ တင်းကနေ ၁၅ တင်းအထိ ထွက်ခဲ့တယ်လို့ ပွဲရုံလာ တောင်သူတွေက ဆိုပါတယ်။ ပဲစင်းငုံတစ်ဧကစိုက်လို့ ငွေကျပ် ခုနစ်သိန်းခွဲ ရတာမကြုံဖူးဘူးလို့ ရေစကြိုမြို့နယ်၊ ဗျည်းဘရွာမှ တောင်သူ ဦးလှမိုးသိန်းက ပြောပါတယ်။

မုံရွာမြို့ပေါ်ရှိပွဲရုံတွေမှာ သူ့မိတ်နဲ့သူ ငုံနီဝင်ရောက်မှု မတူညီဘဲ အိတ် ၅၀ မှ ၂၀၀ ကြားဝင်နေပြီး၊ တစ်မြို့လုံးအနေနဲ့ တစ်ရက်ငုံနီအိတ် တစ်သောင်းခန့်ဝင်နိုင်ပြီး အရောင်းအဝယ်အားဖြင့် တစ်ရက်အိတ် ၆၀၀၀ ခန့်ရှိနိုင်တယ်လို့ မုံရွာကုန်စည်ဒိုင်ပွဲရုံရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**



## ပြည်ပဲပုပ်သစ်များ လက်လီသာအဝယ်ရှိ

ပြည်ဈေးကွက်သို့ နှစ်ကုန်မှစ၍ ပဲပုပ်သစ်များစတင်ဝင်ရောက်လာခဲ့ရာ ယခုနှစ်ဆန်းပိုင်းမှာလည်း ဆက်တိုက်ဝင်ရောက်လာတဲ့အတွက် တစ်ရက် အိတ် ၅၀ ကျော်ဝင်ရောက်လျက်ရှိတာကို တွေ့ရပါတယ်။ ပေါက်ခေါင်းမြို့နယ်မှစတင်ဝင်ရောက်ခြင်းဖြစ်ပြီး ဝယ်လက်အလာနည်းနေသေးတဲ့အတွက် ရန်ကုန်ဝယ်လက် ဝယ်ယူမှုမရှိသေးဘဲ လက်လီသမားများသာ ဝယ်ယူနေခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်း ၁၇၇၀၀ ကျပ်ဖြင့် ယခင်ပတ်အဖွင့်ဈေးထက် ဈေးအနည်းငယ်လျော့သွားခဲ့ပါတယ်။ ယခင်နှစ်က အဖွင့်ဈေးမှာ တစ်တင်း ၁၈၀၀၀ ကျပ်ရရှိခဲ့ပေမယ့် နောက်ပိုင်းမှာလည်း ဈေးသိသိသာသာ မြင့်တက်ခြင်းမရှိဘဲ တစ်နှစ်တာလုံး ဈေးအေးခဲ့တဲ့ ပဲသီးနှံဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲစင်းငုံ ဝင်ရောက်မှုများလာသလို ဈေးလည်းမြင့်တက်

ပြည်ပဲဈေးကွက်သို့ ဆောင်းပဲသစ်များဝင်ရောက်လျက်ရှိရာ ပဲစင်းငုံသီးနှံမှာ ဆက်လက်အဝင်ရှိခဲ့တဲ့အတွက် အိတ် ၆၀၀ ကျော်အထိ ဝင်ရောက်မှုများလာခဲ့ပါတယ်။ ပေါက်ခေါင်း၊ ပန်းတောင်းနဲ့ ပြည်မြို့နယ်အတွင်းမှ ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်ဝယ်လက်မှလည်း အဝင်ရှိသလောက် ဝယ်ယူ၍ အရောင်းအဝယ်ဖြစ်နေခဲ့ကာ ပဲဈေးများလည်း တစ်တင်း ၅၀၅၀၀ ကျပ်ဖြင့် ဈေးကောင်းရလျက်ရှိခဲ့ပါတယ်။ နှစ်ကုန်တွင် စတင်ဝင်ရောက်လာခဲ့သော ပဲစင်းငုံသစ်ဈေးမှာ တစ်တင်း ၄၅၀၀၀ ကျပ်ရရှိပြီး ယခုရက်ပိုင်းမှာ ဝယ်လိုအားလည်း ကောင်း နေလို့ ဈေးနှုန်းမှာလည်း ပိုကောင်းလာတဲ့အတွက် တစ်တင်း ကျပ်ငါးထောင်ကျော်ပိုခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ဘိုကိတ် ရန်ကုန်- ပြည် ရထားလမ်းတစ်လျှောက် မြို့နယ်များမှ ဝယ်ယူ

ယခုနှစ်ဆန်းမှာ ပြည်ပဲဈေးကွက်သို့ ဘိုကိတ်ပဲသစ်များ ဝင်ရောက်မှုရှိနေသော်လည်း နေ့စဉ်မဝင်ဘဲ ရက်ခြား အိတ် ၄၀ ကျော် ၅၀ အထိ ဝင်ခဲ့ပါတယ်။ ပဲဝင်ရောက်မှုနည်းခဲ့တဲ့အတွက် ပဲဈေးမှာလည်း အနည်းငယ်မြင့်လာပြီး တစ်တင်း ၃၃၅၀၀ ကျပ်ရရှိခဲ့ကာ ဝယ်လက်ကတော့ ဒေသတွင်းဝယ်လက်အပြင် ရထားလမ်းတစ်လျှောက် ဇီးကုန်း၊ နတ်တလင်း၊ ကြို့ပင်ကောက်မြို့နယ်များမှ ဝယ်ယူနေသလို ရန်ကုန်ဝယ်လက်မှလည်း ဝယ်ယူခဲ့ကြောင်း သိရပါတယ်။ ဘိုကိတ်ပဲသီးနှံမှာ ဒီဇင်ဘာလလယ်မှစ၍ ဈေးကွက်သို့ ဝင်ရောက်လာခြင်းဖြစ်ပြီး ပဲသစ်ပေါ်စ အဖွင့်ဈေးကတော့ တစ်တင်း ၃၂၀၀၀ ကျပ်ရရှိခဲ့ပါတယ်။ ဒီကမှ တစ်ဆင့် တဖြည်းဖြည်းဈေးပိုရလာပြီး ပြည်ပဝယ်လက်တွေရှိလာတဲ့အတွက် ကျပ်သုံးသောင်းအထက် ဈေးကောင်းရခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲနီပြား လက်ကျန်နည်းလေ ဈေးကောင်းလေ

ပြည်ပဲဈေးကွက်မှာ လက်ကျန်ပဲသာရှိပြီး ပဲသစ်မဝင်သေးလို့ အရောင်းအဝယ်မှာ လက်လီအဝယ်ရှိခဲ့တဲ့ ပြည်ပဲနီပြားသီးနှံဟာ လက်ကျန်နည်းလေ ဈေးကောင်းလေဖြစ်နေခဲ့ပါတယ်။ နှစ်ကုန်က ပဲတစ်တင်း ၃၃၀၀၀ ကျပ်ရရှိခဲ့သလို ယခုနှစ်နှစ်ဆန်းရက်မှာလည်း တစ်တင်း ၃၅၀၀၀ ကျပ်ထိ ဈေးကောင်းရလာခဲ့ပါတယ်။ ၂၀၁၅ တစ်နှစ်တာလုံးအတွင်း စက်တင်ဘာလအထိ ဈေးအေးခဲ့ပြီး စက်တင်ဘာလကုန်မှစ၍ တဖြည်းဖြည်း ဈေးမြင့်တက်လာခဲ့ကာ တစ်လထက်တစ်လ ဈေးပိုလာပြီး နှစ်ကုန်မှာ ကျပ် ၃၀၀၀၀ အထက်ရရှိလာခဲ့ပါတယ်။ ယခင်နှစ် နှစ်ဆန်းပိုင်း ဈေးနှုန်းက တစ်တင်း ၂၂၀၀၀ ကျပ်ရရှိခဲ့ပြီး၊ ယခုနှစ်ဈေးကတော့ ကျပ်တစ်သောင်းကျော် ပိုရလာခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲတီစိမ်း ပဲအဝင်နည်းခဲ့သလို ဈေးလည်း လျော့သွားခဲ့

ပြည်ပဲဈေးကွက်တွင် ယခုတစ်ပတ်အတွင်း ပဲတီစိမ်းသီးနှံဝင်ရောက်မှုရှိနေသော်လည်း အိတ် ၄၀၀ ကျော်ခန့်သာ ဝင်ရောက်ခဲ့ပါတယ်။ ပန်းတောင်း၊ ကံမနဲ့ ပြည်အနီးတစ်ဝိုက်နယ်စုံမှ ဝင်ရောက်ခြင်းဖြစ်ပြီး မန္တလေးဝယ်လက်မှ ဝင်ရောက်သမျှဝယ်ယူနေတဲ့အတွက် အိတ် ၄၀၀ ကျော် ရောင်းချနိုင်ခဲ့သလို ပဲဈေးနှုန်းမှာလည်း တစ်တင်း ၃၆၅၀၀ ကျပ်မှ ၃၇၀၀၀ ကျပ်ရရှိခဲ့ကာ ယခင်တစ်ပတ်က နှစ်ကုန်အရောင်းအဝယ်ဖြစ်ခဲ့သော ဈေးထက်ဈေးအနည်းငယ်လျော့နည်းသွားခဲ့ပါတယ်။ ပဲစင်းငုံသီးနှံသစ်များလည်း ဝင်ရောက်လာတဲ့အတွက် ယခုနှစ်ဆန်းပိုင်းမှာ ပဲတီစိမ်းထက် ပဲစင်းငုံသီးနှံပိုအရောင်းသွက်နေကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲမျိုးစုံဈေးကွက်ရဲ့ နှစ်အလိုက်ကာလတူအချိန်ဖြစ်ပေါ်ခဲ့တဲ့ ပဲဈေးနှုန်းနှိုင်းယှဉ်မှု အခြေအနေ

ပြည်ပဲမျိုးစုံဈေးကွက်မှာ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်း နှစ်အလိုက် ကာလတူဖြစ်ပေါ်ခဲ့တဲ့ ပဲဈေးနှုန်းများကို လေ့လာရာမှာ ပြည်ပဝယ်လက်ပဲများဖြစ်သော မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများသာမက ဒေသတွင်း ပြည်တွင်းဝယ်လက်များတဲ့ ပဲများအားလုံး၌လည်း ပဲပုပ်သီးနှံတစ်မျိုးမှလွဲပြီး ကျန်ပဲများ ၂၀၁၅ ခုနှစ်အတွင်းရှေ့က ၂၀၁၃-၂၀၁၄ ခုနှစ်ဈေးနှုန်းများထက် ဈေးကောင်းရလာခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၃ မှ ၂၀၁၅ ခုနှစ်အတွင်း ကာလတူဖြစ်ပေါ်ခဲ့သော ပဲဈေးနှုန်းများကိုတော့ အောက်ဖော်ပြပါဇယားအတိုင်း တွေ့ရပါတယ် -

| ပဲအမျိုးအစား | ၂၀၁၃ ဒီဇင်ဘာ | | ၂၀၁၄ ဒီဇင်ဘာ | | ၂၀၁၅ ဒီဇင်ဘာ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၁၇၀၀၀ | ၁၈၆၀၀ | ၂၆၈၀၀ | ၂၇၅၀၀ | ၆၇၀၀၀ | ၇၀၀၀၀ |
| ပဲတီစိမ်း | ၂၈၅၀၀ | ၃၁၅၀၀ | ၃၂၀၀၀ | ၃၆၂၀၀ | ၃၆၅၀၀ | ၄၇၀၀၀ |
| ပဲစင်းငုံ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၂၄၀၀ | ၂၄၃၀၀ | ၄၅၀၀၀ | ၄၉၅၀၀ |
| ကုလားပဲ | ၁၄၆၀၀ | ၁၅၆၀၀ | ၁၃၁၀၀ | ၁၅၀၀၀ | ၃၅၀၀၀ | ၄၀၅၀၀ |
| ပဲကြီး (ရွှေကျွန်း) | ၄၀၀၀၀ | ၄၁၀၀၀ | ၂၂၅၀၀ | ၂၃၀၀၀ | ၃၃၀၀၀ | ၃၄၀၀၀ |
| ပဲကြီး (ကမ်းနား) | ၃၈၀၀၀ | ၄၀၀၀၀ | ၁၇၀၀၀ | ၁၇၅၀၀ | ၃၀၀၀၀ | ၃၂၅၀၀ |
| ပဲပုပ် | ၁၉၅၀၀ | ၂၅၀၀၀ | ၁၈၀၀၀ | ၂၁၀၀၀ | ၁၈၀၀၀ | ၁၉၅၀၀ |

မတ်ပဲသီးနှံမှာ ၂၀၁၅ ခုနှစ်အတွင်း ဈေးအမြင့်ဆုံးရတဲ့သီးနှံဖြစ်ခဲ့သလို နှစ်အလိုက် ဈေးနှုန်းအရလည်း တစ်နှစ်ထက်တစ်နှစ် ဈေးကောင်းရလာခဲ့တာကိုတွေ့ရပါတယ်။ ၂၀၁၃ ခုနှစ်မှာ ကျပ် နှစ်သောင်းအောက် သာရရှိပြီး၊ ၂၀၁၄ ခုနှစ်မှာတော့ ဈေးပိုလာပြီး ကျပ်သုံးသောင်းအောက်ရရှိလာသလို ယခုနှစ်မှာတော့ မျိုးပဲချိန်မှစလို့ ပဲဈေးနှုန်း သိသိသာသာမြင့်တက်လာခဲ့ကြောင်း သိရပါတယ်။ ပဲလက်ကျန်လည်း ဒီဇင်ဘာလအတွင်း လက်ကျန်မရှိသလောက် ဖြစ်လို့ နှစ်ကုန်မှာ အရောင်းအဝယ်မဖြစ်ခဲ့ဘူးလို့ သိရပါတယ်။

ပဲတီစိမ်းသီးနှံကလည်း မတ်ပဲကဲ့သို့ ယခုနှစ်အတွင်း ဈေးကောင်းရလာခြင်းမျိုးမဟုတ်ဘဲ နှစ်စဉ် ဈေးကောင်းရတဲ့သီးနှံဖြစ်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာ တစ်တင်း ၂၈၅၀၀ ကျပ်မှ ၃၁၅၀၀ ကျပ်ထိရရှိခဲ့သလို ၂၀၁၄ ဒီဇင်ဘာလအတွင်းမှာ တစ်တင်း ၃၆၅၀၀ ကျပ်မှ ၄၇၀၀၀ ကျပ်ထိရရှိပြီး ထွက်ရှိလာသမျှအားလုံး မန္တလေး ဝယ်လက်မှ ဝယ်ယူခဲ့ကြောင်းသိရပါတယ်။

ပဲစင်းငုံသီးနှံကတော့ ၂၀၁၃ ခုနှစ်တွင် ဈေးကောင်းမရခဲ့ဘဲ ၂၀၁၄ ခုနှစ်မှာ ဈေးမြင့်တက်လာကာ တစ်တင်း ၂၂၄၀၀ ကျပ်မှ ၂၄၃၀၀ ကျပ်ရရှိခဲ့ပြီး၊ ၂၀၁၅ ခုနှစ်မှာတော့ မတ်ပဲနဲ့ဈေးပြိုင်မြင့်တက်ကာ ဒီဇင်ဘာလအတွင်း ၄၅၀၀၀ ကျပ်မှ ၄၉၅၀၀ ကျပ်ဈေးကောင်းရရှိပြီး၊ ပဲသစ်များဝင်ရောက်ခဲ့လို့ ရန်ကုန်ဝယ်လက်မှ ဝယ်လိုအားကောင်းခဲ့တဲ့အတွက် အိတ် ၈၀၀ ကျော်ထိ အဝင်သွက်၊ အရောင်းသွက်ခဲ့တဲ့ပဲဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ပဲဈေးကောင်းရလာသော်လည်း မတ်ပဲဈေးကိုတော့ ယခုနှစ်အတွင်း ဈေးမရှိဘဲ မတ်ပဲထက်ဈေး လျော့နည်းခဲ့ပါတယ်။

ကုလားပဲသီးနှံမှာ ၂၀၁၃ နဲ့ ၂၀၁၄ ခုနှစ်မှာ ဈေးအေးခဲ့ပြီး တစ်တင်း တစ်သောင်းငါးထောင် တစ်ပတ်လည် အရောင်းအဝယ်ဖြစ်ခဲ့ကာ ၂၀၁၅ ခုနှစ်မှာတော့ နှစ်ဆန်းပိုင်းမှာ ဈေးအေးပြီး၊ ဩဂုတ်လမှစလို့ တစ်တင်း ကျပ် သုံးသောင်းအထက်ရရှိခဲ့ပါတယ်။ နှစ်ကုန်တွင်လည်း တစ်တင်း ၃၅၀၀၀ ကျပ်မှ ၄၀၅၀၀ ကျပ်ထိ ဈေကောင်းခဲ့ပြီး၊ ပြည်ပဝယ်လက် ပဲဈေးနှင့်အပြိုင်ဈေးကောင်းခဲ့ပါတယ်။ ဒီဇင်ဘာလအတွင်း ပဲစင်းငုံသစ်ဈေးကို မမီပေမယ့် ပဲတီစိမ်း သီးနှံဈေးနီးပါးရရှိခဲ့ပါတယ်။ ဝယ်လက်ကတော့ ဒေသတွင်း ပဲခွဲစက်သမားများ သာအဝယ်ရှိပြီး ပဲလက်ကျန်လည်း ရှိကာ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

ပဲကြီးသီးနှံကတော့ ၂၀၁၃ ခုနှစ်မှာသာ ဈေးကောင်းရရှိပြီး တစ်တင်းကိုကျပ်လေးသောင်း တစ်ပတ်လည် ရရှိခဲ့ပေမယ့် ၂၀၁၄ ခုနှစ်မှာ ဈေးလျော့နည်းခဲ့တဲ့ပဲဖြစ်ပြီး၊ ရွှေကျွန်းတစ်တင်း ကျပ်နှစ်သောင်းကျော်ရရှိကာ (ကမ်းနား)တစ်တင်း ကျပ်နှစ်သောင်းအောက်သာရရှိခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ပဲကြီးဈေးနှုန်းများပြန်လည်မြင့်တက် လာခဲ့ရာ ကုလားပဲဈေးကိုမမီပေမယ့် တစ်တင်းကို ကျပ်သုံးသောင်းအထက်ရရှိခဲ့လို့ ရွှေကျွန်းတစ်တင်း ၃၃၀၀၀ ကျပ်မှ ၃၄၀၀၀ ကျပ်၊ ကမ်းနားတစ်တင်း ၃၀၀၀၀ ကျပ်မှ ၃၂၅၀၀ ကျပ်ရရှိခဲ့ပါတယ်။ ပဲကြီးက ပဲကြော်ဖိုသမား အဝယ်ရှိပြီး၊ ဒေသတွင်းဝယ်လက်သာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ သီးနှံဖြစ်ခဲ့ပါတယ်။ ပဲပုပ်သီးနှံမှာ သုံးနှစ် ဆက်တိုက် ဈေးနှိုင်းယှဉ်မှု အရ သိသိသာသာကွဲပြားပြီး ဈေးအတက်အကျသိပ်မဖြစ်ဘဲ ကျပ် နှစ်သောင်းနဲ့ နှစ်သောင်း တစ်ပတ် လည်ရရှိခဲ့ ပါတယ်။ ၂၀၁၅ ခုနှစ်အတွင်းမှာတော့ ပြည်ပဝယ်လက်ပဲရော၊ ပြည်တွင်းဝယ်လက်ပဲများပါ ဈေးကောင်းခဲ့ ပေမယ့် ပဲပုပ်သီးနှံသာ ဈေးအနိမ့်ဆုံးရခဲ့ကြောင်း လေ့လာသိရှိရပါတယ်။**ခင်ဆွေဝင်း-ပြည်**

## ဒီဇင်ဘာလအတွင်း ကုန်သွယ်ရေးစခန်းများမှ ဆန်တန်ချိန် တစ်သိန်းလေးသောင်း ကျော်တင်ပို့

ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာလ နောက်ဆုံးပတ်မှာ ကန်ဒေါ်လာ ၁၁ ဒသမ ၇၉၇ သန်းဖိုးရှိ ဆန် ၃၂၀၉၇ တန်ကျော် တင်ပို့ခဲ့ပါတယ်။ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၂၀၉၃၅ တန်၊ ညှော့မထဆန် ၇၀၈၂ တန်၊ ချင်းရွှေဟော်စခန်းမှ ငစိန်ဆန် တန်၅၉၀၊ လွယ်ဂျယ်မှ ငစိန်ဆန် ၃၄၉၀ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။

မြန်မာ- တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာတစ်လလုံးမှာ ကန်ဒေါ်လာ ၄၉ ဒသမ ၂၀၈ သန်းဖိုးရှိ ဆန် ၁၃၂၉၉၇ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။အနီးစပ်ဆုံး နိုဝင်ဘာလထက် ၃၃၇၅၃ တန် လျော့နည်းခဲ့ပါတယ်။ ယခုဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ ဆန်တန်ချိန် ၇၃၃၈၁၂ တန်ကျော် တင်ပို့ထားပြီးဖြစ်ပါတယ်။

ဆန်ကွဲတင်ပို့မှုအနေနဲ့ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်မှာ ၆၆၄၉ တန်ကျော်တင်ပို့ခဲ့ပြီး တန်ဖိုး ကန်ဒေါ်လာ ၂ ဒသမ ၁၇၂ သန်းရရှိခဲ့ပါတယ်။ ဒီဇင်ဘာလ တစ်လလုံးမှာတော့ ကန်ဒေါ်လာ ၇ ဒသမ ၆၂၂ သန်းဖိုးရှိ ဆန်ကွဲ ၂၃၃၁၉ တန် တင်ပို့ခဲ့ပြီး နိုဝင်ဘာလထက် ၇၃၈၇ တန် ပိုမိုတင်ပို့နိုင်ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဒီဇင်ဘာ ၂၇ ရက်မှ ဇန်နဝါရီ ၂ ရက်ထိ ကာလအတွင်းမှာ ကန်ဒေါ်လာ ၁ ဒသမ ၇၆၂ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၄၉၈၁ တန်တင်ပို့ခဲ့ပါတယ်။ နိုင်ငံအလိုက်တင်ပို့မှုကတော့ တရုတ်နိုင်ငံသို့ ညှော့မထဆန် ၂၅၀၀ နဲ့ ငစိန်ဆန် ၇၉၆ တန်၊ အီးယူနိုင်ငံများသို့ ပေါင်းဆန် တန် ၄၀၀၊ ညှော့မထ ၈၈၅ တန်နဲ့ ငစိန်ဆန် တန် ၂၅၀၊ တရုတ်(တိုင်ပေ)သို့ ငစိန်ဆန် တန် ၁၅၀ တင်ပို့ခဲ့တာဖြစ်ပါတယ်။ ဒီဇင်ဘာလ တစ်လလုံးမှာတော့ ကန်ဒေါ်လာ ၄ ဒသမ ၄၅၁ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၁၆၅၅၉ တန် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး နိုဝင်ဘာလထက် ၆၉၆၈ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။ ဆန်ကွဲတင်ပို့မှုမှလည်း ဒီဇင်ဘာလ တစ်လလုံးမှာ ၇၇၂၁ တန်တင်ပို့ခဲ့ပြီး ကန်ဒေါ်လာ ၃ ဒသမ ၅၈၅ သန်းရရှိခဲ့ပါတယ်။ နိုဝင်ဘာလတင်ပို့မှုထက် ၅၃၂၂ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ကုန်သွယ်ရေးစခန်းများနဲ့ ပင်လယ်ရေကြောင်းမှ ဒီဇင်ဘာလအတွင်း ဆန်တန်ချိန် ၁၄၉၅၅၆ တန်ကျော်နဲ့ ဆန်ကွဲ ၃၁၀၄၀ တန် တင်ပို့ခဲ့ပါတယ်။ **ယဉ်ယဉ်အေး**

## နနွင်း



### နနွင်းတန်ချိန် တစ်ရာကျော်တင်ပို့

ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၁၆ ဇန်နဝါရီ ၂ ရက်သီတင်းပတ်အတွင်း နနွင်း ၁၆၉ ဒသမ ၉၉၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အိန္ဒိယနိုင်ငံသို့ ၄၂ တန်၊ အာရပ်စော်ဘွားများပြည်ထောင်စုသို့ တန် ၃၀၊ မလေးရှားသို့ ၅၃ ဒသမ ၄၉၈ တန်နဲ့ စင်ကာပူသို့ ၄၄ဒသမ ၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၁၉၈၃၃ ကျော် ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နနွင်းတင်ပို့မှုနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၅၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဒီဇင်ဘာလအတွင်း နနွင်းစုစုပေါင်း တင်ပို့မှုမှာ ၇၇၄ဒသမ ၅၂၉ တန်ရှိခဲ့ပြီး ဝင်ငွေ ကန်ဒေါ်လာ ၅၅၄၅၆၁ ကျော်ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### မူဆယ်မှ နနွင်းတက်ပုံမှန်တင်ပို့

၂၀၁၅ ဒီဇင်ဘာ နောက်ဆုံးပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၅၉၉၉၀ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၈၆ တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ ၁၇၁ တန်၊ မြဝတီမှ သုံးတန် တင်ပို့ခဲ့လို့ ယခုတစ်ပတ် နနွင်းတင်ပို့မှုလျော့နည်းခဲ့ပေမယ့် မူဆယ်ကတော့ ပုံမှန်အပို့ရှိနေတယ်လို့ သိရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက်တစ်တန်ကို မိမိဘက်ပေါက်စျေး ၉၀၈၆၀၀ ကျပ်စျေးခန့်ရှိတယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

### အောင်ပန်းစျေးကွက်မှာ နနွင်း အရောင်းအဝယ်အေး

နနွင်းစျေးကွက်ကတော့ အဝင်လည်း နည်း၊ အဆွဲလည်း မရှိတာကြောင့် အရောင်းအဝယ်ကအတော်လေးကို အေးနေပါတယ်။ ဒီတစ်ပတ်မှာတော့ ပြည်ပအဆွဲမရှိလို့ နနွင်း အရောင်းအဝယ်ငြိမ်နေတာကြောင့် တောင်သူအချို့ကဖော်ပြီး နနွင်းတွေကို ထုတ်မရောင်းဘဲစျေးစောင့်နေ ပါတယ်။ အချို့တောင်သူတွေကလည်း နနွင်းဖော်လို့ရပေမယ့် စျေးမရှိသေးတာကြောင့် မဖော်သေးဘဲ စျေးစောင့်နေတယ်လို့ သိရပါတယ်။

အောင်ပန်းစျေးကွက်မှာတော့ နနွင်းအရောင်းအဝယ်က အတော်အေးနေပါတယ်။ နနွင်းအသစ်က မရှိသေးဘဲ အဟောင်းတွေသာရှိပြီး၊ ပြည်တွင်းအရောင်းစျေးပတ်သမားလောက်သာ ရှိပါတယ်။ စျေးကတော့ တောင်ပို့နနွင်းက တစ်ပိဿာ ၁၂၀၀ ကျပ်၊ ဆင်တောင်နနွင်းက တစ်ပိဿာ ကျပ် ၁၉၀၀ မှ ၁၉၅၀ ကျပ်စျေးရှိတယ်လို့ သိရှိရပါတယ်။

**စောယုထွေး-တောင်ကြီး**

## သီဟိုဠ်

### မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့တန် ၄၀ ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်ကုန်သွယ်ရေးဇုန်မှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၂၅၃ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ တန် ၄၀ ကျော် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၂၄ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းက ယခုတစ်ပတ်တွင် သီဟိုဠ်စေ့ တင်ပို့နိုင်ခြင်းမရှိသလို ယခင်တစ်ပတ်ကလည်း တင်ပို့နိုင်ခြင်းမရှိဘူးလို့ သတင်းရရှိပါတယ်။

**ခင်မြနွယ်**

## ချင်း

### ဒီဇင်ဘာလအတွင်း ချင်း တန်ချိန် ၆၀ ကျော်တင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက် အတွင်း ချင်း ၆၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ပြည်ပစျေးကွက်ကိုတင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ စင်ကာပူနိုင်ငံပဲဖြစ်ပါတယ်။ ဒီဇင်ဘာလအတွင်း ချင်းနှစ်ကြိမ်သာ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၈၀၆၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

### အောင်ပန်းချင်းစျေးကွက်မှာ ပြည်ပဝယ်လက်မရှိပေမယ့် စျေးပတ်သမားများ ပုံမှန်ဝယ်နေ

ပြည်တွင်းသုံးသမားတွေသာ အဝယ်ရှိနေတဲ့ ရှမ်းချင်းကစျေးကွက်မှာတော့ ပုံမှန်အဝင်ရှိနေပါတယ်။ ငါးရက်တစ်စျေး စျေးနေ့တွေမှာတော့ အဝင်ပိုများပြီး၊ စျေးခြားရက်တွေမှာတော့ အဝင်နည်းပြီး ပိဿာချိန်လေး၊ ငါးထောင်ခန့် အဝင်ရှိနေပါတယ်။ အောင်ပန်းစျေးကွက်မှာတော့ စျေးပတ်သမားတွေက တစ်ပတ်တစ်ခါတော့ အမှာရှိနေပါတယ်။ ပြည်ပအဆွဲမရှိလို့ အရောင်းပါးနေပေမယ့် စျေးပတ်သမားများက ချင်းထိုးသမားများအတွက် ချင်းပုံမှန်စတွေကို အဆွဲများနေပါတယ်။ တစ်ပတ်ကို အရောင်းက ပုံမှန်မဟုတ်ပေမယ့် အဆွဲရှိရင်ရှိသလို ၁၀ အိတ်၊ ၁၅ အိတ်တော့ အရောင်းဖြစ်နေပါတယ်။ ချင်းအောက်စတွေကတော့ ချင်းခြောက်ပြုလုပ်ဖို့အတွက် ရောင်းနေရတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ချင်းစျေးကတော့ ချင်းအသေးအနုတ်တစ်ပိဿာကို ၃၅၀ ကျပ်၊ ၃၇၀ ကျပ်၊ ပုံမှန်အခက်က တစ်ပိဿာ ၄၀၀ ကျပ်၊ အခက်ကြီးက တစ် ပိဿာ ၄၅၀ ကျပ်စျေးရှိပါတယ်။

ဟိုပုံးချင်းတွေကလည်း ဖော်ရင်ရပြီဖြစ်ပေမယ့် ဝယ်လက်ကလည်း ပြည်တွင်းမှသာ ရှိနေလို့ စျေးသိပ် မကောင်းသေးတာကြောင့် မဖော်ကြသေးပါဘူး။ မြေကြီးထဲမှာလည်း ထားလို့ရနေတော့ စျေးကောင်းရမှသာ ဖော်ကြမယ်လို့သိရပါတယ်။

**စောယုထွေး-တောင်ကြီး**

### ပြည်ချင်းစျေးကျပေမယ့် အရောင်းအဝယ်အေး

ပြည်ချင်းစျေးကွက်သို့ ယခုတစ်ပတ်အတွင်း အောင်ပန်းချင်းပိဿာချိန် ၃၀ ဝင်အိတ် ၁၅၀ ခန့် အဝင်လှိုင်လာပါတယ်။ ပွဲရုံလုပ်ငန်းရှင်များအနေနဲ့ စျေးကွက်အတွင်း ပစ္စည်းများလာလို့ ယခင်အပတ်ကထက် စျေးအနည်းချပြီး ရောင်းဝယ်လျက်ရှိပါတယ်။

စျေးကျပေမယ့် ပြည်ချင်းစျေးကွက်မှာ အရောင်းအဝယ်မလိုက်ဘဲ ချင်းတစ်ပိဿာ (ရှယ်) ၆၅၀ ကျပ်၊ (ဂွန်) ၅၀၀ ကျပ်တို့နဲ့ တစ်နေ့ ပိဿာချိန် ၂၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်နေပါတယ်။ ယခုတစ်ပတ်မှာ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်တို့သို့လည်း စျေးကွက်မှတစ်ဆင့် တစ်နေ့ကို ယခင်အပတ်ထက် ၅၀ ရာခိုင်နှုန်းခန့် လျော့နည်းတင်ပို့ခဲ့တယ်လို့ စျေးကွက်က သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

## ကြက်သွန်

### ပြည်ကြက်သွန်နီစျေး ပုံမှန်ပြန်ဖြစ်

ဇန်နဝါရီလ ပထမပတ်၌ ပြည်ကြက်သွန်နီစျေးနှုန်းများ ပွဲရုံများတွင် ပုံမှန်ယခင်နှစ်စျေးနှုန်းများ နီးပါးရောက်ရှိလာတာတွေ့ရပါတယ်။ ကြက်သွန်နီဝင်ရောက်မှုလည်း လှိုင်လှိုင်ဝင်ရောက်နေပြီး အရောင်းအဝယ်လည်း ပိုမိုသွက်လာပါတယ်။ ဒီထက်လည်း ပိုမိုပြီး အရောင်းအဝယ်ဖြစ်နိုင်ကြောင်းလည်း ကြက်သွန်ပွဲရုံ ပိုင်ရှင်တစ်ဦးက ပြောပါတယ်။ ပြည်ပွဲရုံမှာ စျေးကျလာပေမယ့်လည်း အပြင်ဒေသတွင်း လက်လီသမားများကတော့ စျေးကြီးမိထားတဲ့ လက်ကျန်ကြက်သွန်နီတွေပါ ရောင်းနေရလို့ တစ်ဆင့်ခံစားသုံးသူများမှာ စျေးအနည်းငယ်မြင့်ပြီး ဝယ်ယူသုံးစွဲနေရပါတယ်။

ယခုတစ်ပတ် ပြည်ပွဲရုံစျေး တစ်ပိဿာ ကြီး ၁၀၀၀ ကျပ်၊ လတ် ၉၀၀ ကျပ်၊ သေး ၇၀၀ ကျပ်ထိစျေးကျဆင်းလာပါတယ်။ ဒေသတွင်း လက်လီ တစ်ပိဿာကြီး ၁၅၀၀ ကျပ်၊ လတ် ၁၂၀၀ ကျပ်၊ သေး ၁၁၀၀ ကျပ်တို့ဖြင့် ရောင်းဝယ်လျက်ရှိပါတယ်။ တစ်ရက်ကို အိတ် ၁၀၀၀ အဝင်ရှိပြီး အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

အစိုခေတ်လည်း တဖြည်းဖြည်းနည်းလာပြီး အရည်အသွေး အရောင်ပါကောင်းတဲ့ ပခုက္ကူ ရေနံချောင်းဘက်မှ ဆက်တိုက်ဝင်ရောက်နေခြင်းဖြစ်တယ်လို့ သိရပါတယ်။

**နီနီဝင်း-ပြည်**

## ငရုတ်

### ဆင်စွယ်ငရုတ် အောင်မြင်ဖြစ်ထွန်း

ယင်းမာပင်မြို့နယ်၊ လက်လှုပ်ကျေးရွာအုပ်စု၊ ပြောင်းပြာကျေးရွာမှာ ငရုတ်ခင်းများ အောင်မြင်ဖြစ်ထွန်းနေတာကို တွေ့ရှိခဲ့ပါတယ်။ ဒီဒေသမှာ ငရုတ်ကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း၊ တော်သလင်းလမှ စတင်စိုက်ပျိုးပြီး၊ ပြာသိုလကုန် တပို့တွဲလ ဆန်းမှာ ငရုတ်ပေါ်တဲ့အတွက် သက်တမ်းက လေးလခွဲ ငါးလကြာကြောင်း၊ အပင်မှာခွသီးဆိုတာလေးတွေရှိရာ အဲဒီလိုအသီးမျိုးက အစိမ်းအတိုင်းခူး ရောင်းလို့ရကြောင်း၊ မခူးရင်လည်းပုတ်သွားကြောင်း သိရပါတယ်။

စျေးနှုန်းက တစ်ပိဿာ ၁၀၀၀ ကျပ်ရရှိပြီး ကျန်တဲ့ အသီးတွေကို ရေနွေးဖျော အခြောက်လှမ်းပါတယ်။ အထွက်က တစ်ဧကကို အခြောက်ပိဿာ ၁၃၀-၁၅၀ ကြား ရှိပါတယ်။ အသီးသီးချိန်မှာ သီးလုံး ဖောက်ပိုးတွေကျတဲ့အတွက် အထွက်လျော့တာတွေရှိပြီး တစ်ပိဿာ ၄၀၀၀ ကျပ်ရရှိကြောင်း၊ အဓိက စျေးကွက်က မုံရွာပါပဲ၊ လက်ရှိမျိုးစျေးက တစ်ပြည် ၂၀၀၀ ကျပ်ပါ၊ ပျိုးပင်အသေအပျောက်ရှိတဲ့အတွက် တစ်ပြည်ဆို ၁ ဒသမ ၅ ဧကအနည်းဆုံးရပါတယ်။ ဆင်စွယ်မျိုးကို လိုအပ်လို့မှာယူမယ်ဆိုရင်ဖြန့်ဖြူးပေးနိုင်ပါတယ်လို့ တောင်သူတစ်ဦးက ပြောပါတယ်။

**စွမ်းရည်-ယင်းမာပင်**

## မန်ကျည်း



### ဒီဇင်ဘာလအတွင်း မန်ကျည်း တန် ၁၀၀ နီးပါးတင်ပို့နိုင်

ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ မန်ကျည်း ၉၇ တန်ကို စင်ကာပူ နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ဒီဇင်ဘာလအတွင်း တင်ပို့မှု နှစ်ကြိမ်သာရှိခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှကန်ဒေါ်လာ ၃၃၁၁၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# Ex Works (EXW) စနစ်ဖြင့် သဘောတင်ဆောင်ရွက်ခြင်း

|ညီညီအောင်|



၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၀ ရက်မှ ၂၁ ရက်အထိ International Trade Supply Chain Workshop အလုပ်ရုံဆွေးနွေးပွဲကို အောက်ကြည့်မြင်တိုင်လမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး အဆောက်အအုံတွင် ဖွင့်လှစ်ထားသော MIFFA အသင်းရုံးခန်းရှိ သင်တန်းခန်းမတွင် နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီအထိ နှစ်ရက်တိတိ ကျင်းပခဲ့သည်။ သင်တန်းမှာ နှစ်ရက်ဟုဆိုသဖြင့် တက်ရောက်ရန် တာစူနေကြသော အေးဂျင့်များ၊ ဖော်ဝပ်ဒါများ၊ ကုမ္ပဏီဝန်ထမ်းများမှာ နောက်ဆုတ်သွားကြသည်။ အလုပ်ကလည်း တစ်ဖက်မို့ အချိန်မရကြရှာပေ။

ပြည်ပနိုင်ငံများတွင် ဤကဲ့သို့သော သင်တန်းမျိုးမှာ သင်တန်းကြေးကြီးမားစွာ ပေး၍တက်ကြရလေ သည်။ ထို့ပြင် သင်တန်းကာလ စားစရိတ်ကလည်း မသေးလှ။ သင်တန်းက ရရှိလာတဲ့ ရလဒ် (Solution) မှာ မည်မျှပင် ကောင်းမွန် သည်ဟုဆိုသော်လည်း မိမိနိုင်ငံနှင့် မကိုက်ညီသေးသော မိမိနိုင်ငံတွင် မကျင့်သုံးနိုင်သော အဖြေများကို ရရှိလာကြသဖြင့် လောလောဆယ် အသုံးမတည့်သေးဟုဆိုရမည် ဖြစ်သော သင်တန်းများပါပေ။

မိမိနိုင်ငံတွင် ဖွင့်လှစ်သော သင်တန်းမှာ မိမိနိုင်ငံမှာ လက်ရှိ တွေ့ကြုံနေကြရသော ဖြစ်ရပ်မှန်များအပေါ် ရလဒ် (Solution) ကောင်းများ ဆွဲကြသဖြင့် မိမိတို့အတွက် အလွန်အသုံးတည့်ပြီး သင်တန်းသားအားလုံး၏ အတွေ့အကြုံများကို ပေါင်းစပ်၍ ဖော်ထုတ်ထားသောကြောင့် နောက်ဆုံးပေါ် သတင်းအချက်အလက် (Update Information) ရရှိကြ၏။ သင်တန်းကြေးမပေးရသဖြင့် မိမိတို့ စိုက်ထုတ်ရသည်မှာ အချိန်ဟူသော အရင်းအနှီးမျှသာ ဖြစ်ချေသည်။ သို့အတွက် အကောက်ခွန်ရှင်းလင်းရေးကိုယ်စားလှယ်များအဖို့ မိမိတွင်ရှိသော ဝန်ထမ်းများအား အချိန်ကို စနစ်တကျ စီမံခန့်ခွဲ အသုံးပြုတတ်လျှင် သင်တန်းတက်ရောက်ရန် အချိန်ရရှိလာမည်ဖြစ် ပြီး သင်တန်းကို အချိန်ပြည့်တက်ရောက်နိုင်ပါမှလည်း သင်တန်း၏ အနှစ်သာရကို ပိုမိုနားလည်လာမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ မိမိသည်လည်း သင်တန်းသားတစ်ဦး အဖြစ်တက်ရောက်ဖြစ်ခဲ့သည်။ သို့သော် သင်တန်းပြဆရာမမှာ အင်္ဂလန်နိုင်ငံ အကောက်ခွန်ဦးစီးဌာနတွင် နှစ်ပေါင်း ၃၇ နှစ် ကျော်ကျော် လုပ်ကိုင်ခဲ့သူ Mrs Jacqueline Ann Penfold (Consultant, ADB) ဆိုသူဖြစ်သည်။ သင်တန်းမစမီ Jacqueline က မိမိတို့မှာ ဤကဲ့သို့သော International Trade Supply Chain Workshop သင်တန်းမျိုးကို မြန်မာနိုင်ငံတွင် ကုန်စည်စီးဆင်းမှု မြန်ဆန်ရေး (Trade Facilitation) အတွက် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သို့သော် အချိန်ပြည့်ပို့ချရန်မဖြစ်နိုင်ကြောင်း၊ Teaching Method and Power Point Model များအား ရေးဆွဲပေး သွားမည်ဖြစ်ပြီး ရရှိလာသော ရလဒ် (Solution) များအား နောက်သင်တန်းအတွက် လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ နောက်ပိုင်း ဖွင့်လှစ်မည့် သင်တန်းများတွင်လည်း မိမိတို့က ပြန်လည်၍ ပို့ချပေး ရန် ရည်ရွယ်ထားကြောင်း၊ သို့ဖြစ်၍ ယခုသင်တန်းသည် ဆရာဖြစ် (Training on Trainer) သင်တန်းပင်ဖြစ်ကြောင်း ရှင်းပြသည်။ မိမိတို့မှာ နည်းပညာဆိုင်ရာ သင်တန်းပြဆရာများ (Technician)) မဟုတ်ကြသဖြင့် စိုးရိမ်မိကြောင်း၊ သို့သော် ဤသင်တန်း၏ သဘာဝမှာ သင်တန်းသားများသည်လည်း ဆရာများဖြစ် သကဲ့သို့ ဆရာများသည်လည်း သင်တန်းသားများဖြစ်ကြပေသည်။ အဘယ်ကြောင့် ဆိုသော် ဤသင်တန်းသည် ကုန်သွယ်မှုလျှင်မြန် ချောမွေ့စေရေးအတွက် နည်းပြဆရာရော သင်တန်းသားများပါ စုပေါင်း၍ နည်းလမ်း ရလဒ်ကောင်း (Solution) များ ရှာဖွေကြခြင်း ဖြစ်သည်။ မိမိတို့ နိစ္စဓူဝလုပ်ကိုင်နေကြရသော အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည်လည်း မိမိအပါအဝင် မိမိတို့ အကောက်ခွန်ဝန်ဆောင်မှုအသိုင်းအဝိုင်း (Industry) မှာ လုပ်ဖော် ကိုင်ဖက်များ၏ ပြောင်းလဲမှုများကိုပါ သိလာကြသည့်အပြင် စုပေါင်း ဆွေးနွေးခြင်းအားဖြင့် မိမိတို့နားလည် တတ်မြောက်ထားသော အကောက်ခွန်ဝန်ဆောင်မှု အတတ်ပညာသည်လည်း ဆန်းသစ်ပြီးသား ဖြစ်သွားသည်။

ယနေ့ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာလို တစ်စုတစ်ဝေးတည်းဖြစ်လာပြီဖြစ်သဖြင့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းတစ်ခုတည်းဖြင့် ရပ်တည်ရန် ခက်ခဲလာမည်ဖြစ်သည်။ အကောက်ခွန်ဝန်ဆောင်မှုလုပ်ကိုင်သည့် အေးဂျင့်များသည်လည်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း (Sea & Air Freight Forwarder) များကို နားလည် လုပ်ကိုင်တတ်ရန် လိုအပ်သလို Freight Forwarder များသည်လည်း အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းနှင့် ကင်း၍မရသဖြင့် အကောက်ခွန်ဝန်ဆောင်မှုအတတ်ပညာကို တတ်မြောက်ထားရန်လိုသည်။ ထို့အပြင် အကောက်ခွန်ဝန်ဆောင်မှု အေးဂျင့်များသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်း (Transporter) ၊သိုလှောင်ရုံ ငှားရမ်းခြင်းလုပ်ငန်း (Warehousing) နှင့် ကုန်ပစ္စည်းများ ရွှေ့ပြောင်းပေးခြင်း၊ ထုပ်ပိုးခြင်းလုပ်ငန်း (Moving and Packaging Service) လုပ်ငန်းများကိုပါ တတ်မြောက်ထားရန် လိုအပ်လာပေပြီ။

ဆရာမဂျက်ကလင်း၏ အကြံပြုမှုအရ မိမိမှာ သင်တန်းသားများနှင့်အတူ မိမိရရှိထားသော အတွေ့အကြုံများကို ပေါင်းစပ်ကာ စဉ်ဆက်မပြတ် ကုန်သွယ်မှုစီးဆင်း မြန်ဆန်ရေးလုပ်ငန်းစဉ် (Trade Supply Chain)တွင် လက်တွဲပါဝင်ဖြစ်တော့သည်။ မိမိအားနိုင်ငံတကာက လက်ခံအသုံးပြုလျက်ရှိသော ရောင်းကုန်ကုန်ပစ္စည်းများအား ငွေပေးချေမှုနည်းစနစ်များ (INCOTERMS) နှင့် ပတ်သက်၍ ရှင်းပြပေးရန် တာဝန်ပေးလာသည်။ ငွေပေးချေမှုနည်းစနစ်များမှာလည်း ထုတ်ကုန်သွင်းကုန်များ တင်ပို့ရာတွင် အသုံးပြုရသော သယ်ယူပို့ဆောင်မှုပုံစံ၊ ကုန်ဝယ်ယူသည့်စနစ် စသည့် အခြေအနေများအပေါ် မူတည်၍ ပေးချေရသည်ဖြစ်ရာ ငွေပေးချေမှုနည်းစနစ်များ (Rules) များလာသည်ကို သတိထားမိသည်။ ပြည်တွင်းကုန်သွယ်မှုတွင် ပြည်တွင်း၌သာ ကုန်ဖိုးငွေပေးချေလေ့ရှိကြသည်။ အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေး (International Trade) တွင်မူ ငွေကြေးအမြောက်အမြား ဆုံးရှုံးမှု မဖြစ်စေရန်အတွက် ၁၉၁၉ ခုနှစ်တွင် တည်ထောင်ခဲ့သော အပြည ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးနှင့် ကုန်သည်ကြီးများ အသင်း ချုပ် (International Chamber of Commerce-ICC) အဖွဲ့ကြီးသည် ၁၉၃၆ ခုနှစ်မှစတင်၍ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ပြဌာန်းချက်များ သတ်မှတ်ပေးခဲ့သည်။ အဆိုပါသတ်မှတ်ပြဌာန်းချက်များကို International Commercial Terms ဟုခေါ်ဆိုကြသည်။ ယခုသင်တန်းတွင် ပို့ချသည့် ငွေပေးချေမှု (Payment) များမှာ ICC က ၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် အဋ္ဌမအကြိမ်မြောက် ပြင်ဆင်ရေး ဆွဲခဲ့သော INCOTERM 2010 VERSION မှ ပြဋ္ဌာန်းချက်များဖြစ်သည်။ ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှုပုံစံအပေါ် သတ်မှတ်ထားသော ပေးချေမှုပြဋ္ဌာန်းချက်များမှာ စုစုပေါင်း ၁၁ မျိုးသတ်မှတ်ထားသည်။

" Incoterm ၏ အနက်အဓိပ္ပာယ်မှာ ကုန်ပစ္စည်းများ တင်ပို့ရောင်းချရာတွင်လည်းကောင်း၊ သွင်းကုန်ကုန်သေတ္တာများ ဆိပ်ကမ်းမှ ထုတ်ယူရာတွင်လည်းကောင်း ပါဝင်ပတ်သက်သူများ၏ တာဝန်ယူမှု၊ ကုန်ကျစရိတ်နှင့် ဆုံးရှုံးနိုင်ဖွယ်ရှိမှုတို့ကို ဖော်ပြထားသော ကုန်အရောင်းအဝယ်စာချုပ်ပါ စီးပွားရေးဆိုင်ရာ ပြဋ္ဌာန်းချက်စကားရပ်ကို ဆိုလိုသည်။"

| **Any Modes of Transoprt** | | **Sea & Inland Waterway Transport** | |
|---|---|---|---|
| EXW | Ex Work | FAS | Free Alongside Ship |
| FCA | Free Carrier | FOB | Free On Board |
| CPT | Carriage Paid To | CFR | Cost and Freight |
| CIP | Carriage and Insurance Paid To | CIF | Cost Insurance and Freight |
| DAT | Delivered At Terminal | | |
| DAP | Delivered At Place | | |

**EXW**-Ex-works ၏ လုပ်ငန်းသဘောဝမှာ ကုန်ပစ္စည်းရောင်းချသူမှ မိမိရောင်းချသော ကုန်ပစ္စည်းကို မိမိ၏ သိုလှောင်ရုံအဝ ကုန်သေတ္တာကားပေါ် ရောက်သည်အထိသာ တာဝန်ယူသည်ဟု အဓိပ္ပါယ်ရသည်။



ကုန်သေတ္တာကားပေါ် မတင်မီ သဘောတင်ပဲအိတ်များပေါ်တွင် Marking ရိုက်ပေးခြင်း၊ ကတ္တား (Weight) ချိန်ပေးခြင်းစသည်တို့ အကုန်အကျခံလုပ်ပေးရ၏။ သို့သော် ကုန်သေတ္တာကားခ၊ သိုလှောင်ရုံအလုပ်သမားခ၊ သိုလှောင်ရုံမှ ဆိပ်ကမ်းတစ်လျှောက် မိုးမိ၍ ဆုံးရှုံးနစ်နာစရိတ်၊ သဘောခစသည်တို့ကို ကုန်ဝယ်သူက ကျခံရသည်။ သို့အတွက် Ex-works ဖြင့် သဘောတင်ရောင်းချခြင်းသည် ကုန်ဝယ်သူက ကုန်ပစ္စည်းကို ခရီးဆုံးနိုင်ငံရောက်သည်အထိ အစအဆုံး တာဝန်ယူရသော စနစ်တစ်ခုဖြစ်သည်။ သဘောတင်ချိန်တွင်တန်ဖွဲ့၍ ကုန်ဝယ်သူက ကုန်တန်ဖိုးငွေ ပေးချေရသည်။ ထို့ကြောင့် Sale Contract ချုပ်လျှင် သိုလှောင်ရုံအမည်ပါ ထည့်၍ ချုပ်ရ၏။ ဥပမာ-Payment FOB Yangon (Ex-Work Awba Warehouse)

Ex-Works ဟူသည့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ငွေပေးချေမှု စကားရပ်မှာ နယ်စပ်ဒေသသဘောတင် ကုန်သွယ်မှု ပြုလုပ်သူများနှင့်မဆိုင်သလိုဖြစ်နေပြန်သည်။ အဘယ်ကြောင့် ဆိုသော် နယ်စပ် ဒေသများတွင် သဘောခ၊ ကုန်သေတ္တာငှားရမ်း ခများမရှိချေ။ နယ်စပ်ဒေသများရှိ သဘောတင်ကုမ္ပဏီများမှ ကိုယ်တိုင်ကိုယ်ကျပါဝင်လုပ်ကိုင်လျှင် ပိုကောင်းမည်။ အဘယ်ကြောင့်ဆိုသော် နယ်စပ်ဒေသများတွင် Freight Charges များ၊ အာမခံ (Insurance) ကြေးများစသည်ဖြင့် စရိတ်စကများ လုံးဝ မရှိသဖြင့် နယ်စပ်ကကျော်သွားလျှင် ခရီးဆုံးရောက်သကဲ့သို့ဖြစ် သွားလေသည်။

မည်သို့ပင်ဖြစ်စေ Ex-Work ခေါ် Ex-Warehouse ဟူသော စနစ်မှာ အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေး (International Trade Supply Chain) တွင် တွင်ကျယ်စွာ အသုံးပြုလာပြီဖြစ်သဖြင့် ကုန်စည်ပို့ဆောင်သူ လုပ်ငန်းရှင်များ (Freight Forwarder)၊ အကောက်ခွန်ဝန်ဆောင်မှုကိုယ်စားလှယ်များ (Customs Brokers) ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များ (Container Transporters) ကောင်းစွာ လေ့လာထားသင့်သော စနစ်တစ်ခုဖြစ်ပါသည်။

# ခတ်ဆီ/ဒီဇယ်

## ခတ်ဆီ၊ ဒီဇယ် တန်ချိန် ၇၀ ကျော်သာဝင်

ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၁၆ ဇန်နဝါရီ ၂ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၈၉၅၀၈၇တန်ဖိုးရှိခတ်ဆီ ၅၉ ဒသမ ၄၄ တန်နဲ့ ကန်ဒေါ်လာ ၆၇၄၄၃၇ တန်ဖိုးရှိ ဒီဇယ် ၁၁ ဒသမ ၂၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် ခတ်ဆီအဝင်မှာ တန်ချိန် ၁၃၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင်၇၁ တန်ကျော်အဝင်လျော့ခဲ့သလို ဒီဇယ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၆၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် နိုဝင်ဘာလဒီဇယ်၊ ခတ်ဆီ အဝင်စုစုပေါင်းမှာ တန်ချိန် ၆၃၀ ကျော်ရှိခဲ့ပြီး ဒီဇင်ဘာလမှာ တန်ချိန် ၂၃၇၀ ကျော်ရှိခဲ့တာကြောင့် ဒီဇင်ဘာလမှာ တန်ချိန် ၁၇၄၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ခတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီးနဲ့ မော်လမြိုင်၊ ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ခတ်ဆီ ပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ခတ်ဆီ၊ ဒီဇယ်ဈေး ငြိမ်နေခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အောက်တိန်း(92)၊အောက်တိန်း(95)၊ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေခဲ့ပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၆၁၀ ကျပ်၊ အောက်တိန်း (92) ၆၃၀ ကျပ်၊ အောက်တိန်း (95) ၇၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၆၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါဈေးများမှာ ဒီတစ်ပတ်လုံး ဈေးငြိမ်နေခဲ့ပါတယ်။ ယခင်တစ်ပတ်ထဲက ဒီဇယ်ရောခတ်ဆီပါ ဈေးကျခဲ့ပြီး ဒီတစ်ပတ်အထိကျဈေးအတိုင်း ဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ စက်သုံးဆီဆိုင်ဈေးများငြိမ်နေသလို လက်လီဈေးများလည်း ငြိမ်နေခဲ့ပါတယ်။ဇန်နဝါရီ ၅ ရက်ဒီဇယ်ဝယ်ဈေးမှာ ၁၁၁၀၀၀ကျပ်၊ ရောင်းဈေး၁၁၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ခတ်ဆီဈေးမှာ ဝယ်ဈေး ၁၄၇၀၀၀ ကျပ်၊ ရောင်းဈေး၁၅၀၀၀၀ ကျပ်ရှိခဲ့တယ်လို့ သိရပါတယ်။ဒီတစ်ပတ်လုံး ဖော်ပြပါဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ လက်လီဈေးများမှာ ခတ်ဆီတစ်ဂါလန် ၃၂၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ခတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ခတ်ဆီ တစ်လီတာ ၇၁၀ ကျပ်၊ အောက်တိန်း ၆၂၅ကျပ်၊ ဒီဇယ် ၆၂၅ ကျပ်၊အဆင့်မြင့်ဒီဇယ် ၇၁၀ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာဇန်နဝါရီ ၅ ရက်မှာ ဒီဇယ် ဝယ်ဈေး ၁၁၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ခတ်ဆီဈေးမှာ ဇန်နဝါရီ ၅ ရက်နေ့ မှာ ဝယ်ဈေး ၁၄၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ရောခတ်ဆီပါ ဈေးအနည်းငယ်ကျခဲ့တယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၉၀၀ ကျပ်၊ ခတ်ဆီ ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် စက်သုံးဆီဈေးများမှာ ခတ်ဆီဈေးငြိမ်ခဲ့ပြီး ဒီဇယ်မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးမှာ ခတ်ဆီ တစ်ဂါလန် ၂၈၀၀ ကျပ်၊ ဒီဇယ် ၂၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီ ၂၉၀၀ ကျပ်၊ ဒီဇယ် ၂၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ခတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်း ချနေတဲ့ဈေးများက ခတ်ဆီတစ်ဂါလန် ၃၁၅၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၀၁၅ ကျပ်၊ အောက်တိန်း ၃၁၅၀ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလန် ၃၂၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၁၀၀ ကျပ်၊ အောက်တိန်း ၃၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

## Energy NYMEX 8-1-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 33.98 | 0.71 | 2.13 |
| Brent Crude Futr (USD/bbl) | 34.77 | 0.72 | 2.13 |
| Gasoline Rbob Fut (Cent/gal) | 116.87 | 2.27 | 1.98 |
| Natural Gas Futr (USD/MMBtu) | 2.40 | 0.01 | 0.59 |
| Heating Oil Futr (Cent/gal) | 107.86 | 1.30 | 1.22 |

# ပြည်တွင်းငွေလဲနှုန်းများ အကျဘက်သို့ ဆက်လက်ဦးတည်လာ

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ကျဆင်းခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်ကျဆင်းလျက်ရှိကြောင်း သိရသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကျပ် ၁၃၁၀ မှ ပြန်လည်ကျဆင်းခဲ့သည့် ငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် ကျပ် ၁၃၀၀ အောက်သို့ ဆက်လက်ကျဆင်းလာခဲ့သည်။ ထို့ပြင် တစ်ပတ်အတွင်း ကျပ် ၁၀ အထိကျဆင်းခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများကြောင့် အရောင်းအဝယ်များတွင် သတိထား၍ လုပ်ဆောင်နေရကြောင်း ကုန်သည်လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်။

“ဒေါ်လာဈေးတွေ ကျဆင်းလာတာ တော်တော်လေးမြန်တယ်။ အဲဒီလိုမျိုး အတက်အကျတွေမြန်နေရင် ကျွန်တော်တို့ကုန်သည်တွေအတွက် အရမ်းကို သတိထားပြီး လုပ်ရပါတယ်။ အဲဒီလိုမှ မလုပ်ရင် ရောင်းမှားဝယ်မှားတွေဖြစ်လာနိုင်လို့ပါ။ တစ်ဒေါ်လာကို တစ်ကျပ်ပဲကွာဦး ဒေါ်လာကို သိန်းနဲ့ချီပြီး အလုပ်လုပ်နေတဲ့သူတွေအတွက် အများကြီး ထိခိုက်ရပါတယ်။ ဒါကြောင့် ဈေးအတက်အကျကို တတ်နိုင်သမျှ အနည်းဆုံးဖြစ်အောင်လုပ်ဖို့ လိုပါတယ်။ အတက်အကျဆိုတာကတော့ နေရာတိုင်းမှာရှိနေတာပါ။ နည်းနိုင်သမျှနည်းမယ်ဆိုရင်တော့ အထိအခိုက်လည်းနည်းမှာပါ”ဟု ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

ငွေလဲစင်တာများတွင် ဇန်နဝါရီ ၅ ရက်က ရောင်းဈေး ၁၂၉၈ကျပ်၊ ဝယ်ဈေး ၁၂၉၅ ကျပ်ရှိခဲ့ပြီး ဇန်နဝါရီ ၇ ရက်တွင် ရောင်းဈေး ၁၂၉၂ကျပ်၊ ဝယ်ဈေး ၁၂၉၀ ကျပ်သို့ ကျဆင်းခဲ့သည်။ ဇန်နဝါရီ ၈ရက်တွင် ရောင်းဈေး ၁၂၉၀ကျပ်၊ ဝယ်ဈေး ၁၂၈၇ ကျပ်သို့ ဆက်လက်ကျဆင်းခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံဗဟိုဘဏ်မှ ၎င်း၏ရည်ညွှန်းငွေလဲနှုန်းများကို ဇန်နဝါရီ ၅ ရက်တွင် ၁၃၀၅ ကျပ်၊ ဇန်နဝါရီလ ၆ရက်နေ့တွင် ၁၃၀၃ ကျပ်၊ ဇန်နဝါရီလ ၈ ရက်တွင် ၁၃၀၂ ကျပ်ဖြင့် သတ်မှတ်ခဲ့သည်။ **မယ်သီတာ**

# မြန်မာ့ရွှေဈေး အနည်းငယ်ဈေးမြင့်လာ

ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်ဆက်တိုက် ဈေးငြိမ်အရောင်းအဝယ်ကောင်းခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် ဈေးအနည်းငယ်မြင့်တက်ခဲ့ကြောင်း သိရသည်။

တရုတ်နှစ်သစ်ကူးကာလ နီးကပ်လာသည်နှင့်အတူ ပြည်တွင်းရွှေဈေးကွက်တွင်သာမက နယ်စပ်ရွှေဈေးကွက်များတွင်ပါ ဈေးများမြင့်တက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် တရုတ်နိုင်ငံတွင် စတော့ရှယ်ယာဈေးများ ကျဆင်းလျက်ရှိသဖြင့် ရွှေဝယ်လိုအား မြင့်တက်လာခဲ့ရာ ဈေးအနည်းငယ် မြင့်တက်လာရခြင်းဖြစ်သည်ဟု ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း ရွှေဈေးများ မြင့်တက်လာခဲ့သဖြင့် ပြည်တွင်းရွှေဈေးများ မြင့်တက်လာရခြင်းဖြစ်သည်ဟု ဆိုသည်။

“ကမ္ဘာ့ရွှေဈေးကလည်း မြင့်တက်လာတယ်။ တရုတ်မှာက စတော့ဈေးတွေကျလာပြီး ရွှေက ဝယ်လိုအားတက်လာတယ်။ နယ်စပ်မှာလည်း ဝယ်လိုအားတွေမြင့်တက်လာတဲ့အတွက် ပြည်တွင်းရွှေဈေး မြင့်တက်လာရတာပါ။ ဒါပေမယ့် အများကြီးတော့ တက်မလာသေးပါဘူး။ ဒီတစ်ပတ်လုံးမှာမှ ကျပ်လေးထောင်လောက်ပဲ တက်လာသေးတယ်။ တရုတ်နှစ်သစ်ကူးကလည်း နီးလာတဲ့အတွက် ရွှေဈေးက နယ်စပ်မှာရော ပြည်တွင်းမှာပါ မြင့်တက်လာရတာပါ”ဟု ရွှေကုန်သည် ဦးစံမြင့်က ဆို သည်။

မြန်မာ့ရွှေဈေးသည် ဇန်နဝါရီ ၅ ရက်က ကျပ် ၇၄၇၀၀၀ရှိခဲ့ပြီး ဇန်နဝါရီ ၇ရက်တွင် ကျပ် ၇၄၈၀၀၀ သို့ အနည်းငယ်မြင့်တက်လာခဲ့ကာ ဇန်နဝါရီ ၈ ရက်တွင် ကျပ် ၇၅၁၀၀၀ သို့ မြင့်တက်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဇန်နဝါရီ ၅ ရက်က၁၀၇၈ ဒေါ်လာရှိခဲ့ပြီး ဇန်နဝါရီ ၇ ရက်တွင် ၁၀၉၃ဒေါ်လာသို့ မြင့်တက်ခဲ့ကာ ဇန်နဝါရီ ၈ ရက်တွင် ၁၁၀၂ ဒေါ်လာသို့ မြင့်တက်ခဲ့သည်။ **မယ်သီတာ**

## Currency Exchange Rate

January 9, 2016

Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.42 |
| BDT Bangladesh Taka | 78.43 |
| CAD Canada Dollars | 1.41 |
| CNY China Yuan Renminbi | 6.59 |
| EUR Euro | 0.92 |
| H KDHong Kong Dollars | 7.76 |
| I NR India Rupees | 66.68 |
| I DR Indonesia Rupiahs | 13923.27 |
| JPY Japan Yen | 118.46 |
| MYR Malaysia | 4.38 |
| PKR Pakistan Rupees | 104.92 |
| PHP Philippines Pesos | 47.08 |
| RUB Russia Rubles | 74.55 |
| SGD Singapore Dollars | 1.43 |
| KRW South Korea Won | 1197.76 |
| LKR Sri Lanka Rupe | 143.94 |
| THB Thailand Baht | 36.24 |
| GBP United Kingdom Pounds | 0.68 |
| VND VietnamDon | 22476.96 |

*Source : xe.com*

## World Gold Price

January, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 4 | - | - | - |
| 5 | 1075 | 1075 | 1075 |
| 6 | 1077 | 1077 | 1077 |
| 7 | 1095 | 1097 | 1098 |
| 8 | 1099 | 1100 | 1100 |

## Domestic Gold Price


Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 4-1- 2016 | - | - |
| 5-1- 2016 | 746.50 | 746.50 |
| 6-1- 2016 | 745.50 | 745.00 |
| 7-1- 2016 | 749.50 | 749.60 |
| 8-1- 2016 | 750.50 | 750.30 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇန်နဝါရီ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 4 | 6 .53 | 36.18 | 78.38 | 66.57 |
| 5 | 6. 52 | 36.13 | 78.47 | 66.54 |
| 6 | 6 56 | 36.25 | 78.41 | 66.72 |
| 7 | 6 .60 | 36.25 | 78.50 | 66.80 |
| 8 | 6.59 | 36.24 | 78.43 | 66.68 |



## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 4 - January | - | - | - | - | - |
| 5 - January | 13.98 | 1589.95 | 1499.01 | 4745.22 | 889.00 |
| 6 - January | 13.93 | 1559.71 | 1487.58 | 4698.62 | 883.00 |
| 7 - January | 14.05 | 1513.57 | 1479.97 | 4636.35 | 875.00 |
| 8 - January | 14.17 | 1511.10 | 1495.87 | 4579.90 | 875.00 |

Source:kitco.com

## ဘိလပ်မြေ

### ယခင်တစ်ပတ်ထက် ဘိလပ်မြေတန်ချိန် ငါးထောင်နီးပါးအဝင်နည်း

၂၀၁၅ ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၁၆ ဇန်နဝါရီ ၂ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၅၈၇၅၃၃၃ တန်ဖိုးရှိ ဘိလပ်မြေ ၆၉၇၉၆ တန်တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၃၁ တန်နဲ့ ထိုင်းနိုင်ငံမှ ၆၉၇၆၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဆင်၊ စိန်၊ အင်စီးစတဲ့ အမျိုးအစားများ ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ၇၄၀၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၄၉၀၀ ကျော် အဝင်နည်းခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် နိုဝင်ဘာလမှာ ဘိလပ်မြေအဝင် တန်ချိန် တစ်သိန်းလေးသောင်းကျော်ရှိခဲ့ပြီး ဒီဇင်ဘာလမှာ တန်ချိန် နှစ်သိန်းခြောက်သောင်းကျော်ရှိခဲ့တာကြောင့် ဒီဇင်ဘာလမှာ တန်ချိန် တစ်သိန်းတစ်သောင်းကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ပုံမှန် အရောင်းအဝယ်ဖြစ်နေတဲ့ ဘိလပ်မြေဈေးကွက်

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှဘိလပ်မြေအဝင်မှာ၆၉၇၉၆ တန် ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ ၇၄၇၉၂ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ တန်ချိန် ၄၉၉၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၇၁၃၈ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၂၀၄၉၇ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၃၃၅၉ တန်ကျော်အဝင် လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းမှရော နယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင် လျော့ခဲ့ပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** ရောင်းအားကောင်းပေမယ့် ဆင်က ၅၀ ကျပ် ဈေးကျလာပြီး ကျန်ဘိလပ်မြေများကဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးက ဆင်(ထိုင်း) ၆၆၀၀ ကျပ်၊အပါချီ (ထိုင်း) ၅၅၀၀ ကျပ်၊ မက်စ်(မြန်မာ) ၄၇၀၀ကျပ်၊ ဆင်(မြန်မာ) ၅၆၀၀ ကျပ်၊ ကြံ့နှစ်ကောင် ၅၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်အရောင်းအဝယ် ကောင်းပေမယ့် စိန်က ၁၀၀ကျပ် ဈေးကျပြီး နဂါးက ၂၀၀ ကျပ် ဈေးမြင့်ခဲ့ပါတယ်။ ဈေးကွက်ထဲ အပါချီ ပြန်ဝင်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ၇၄၀၀ကျပ်၊ အပါချီ ၅၀၀၀ကျပ်၊ ကမ္ဘောဇ ၄၆၀၀ ကျပ်၊ နဂါး ၅၂၀၀ကျပ်၊ အေသုံးလုံး ၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အနောက်မြို့ပတ်လမ်း အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး ဆိုင်မှသိရှိ ရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေက ပွင့်လင်းရာသီကြောင့် အရောင်းအဝယ် လိုက်တယ်။ ဈေးကွက်ထဲအေသုံးလုံး၊ ဆင်(ထိုင်း)၊ ကျားခေါင်း၊ မြင်းခေါင်းတို့က ဈေးငြိမ်နေပေမယ့် မြန်မာဆင်နဲ့ဆင်မင်း(ကျောက်ဆည်)က ၁၀၀ ကျပ် ဈေးကျပြီး စိန် (ထိုင်း)က ၁၀၀ ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက် ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၅၃၀၀ ကျပ်၊ မြန်မာဆင် ၄၅၀၀ ကျပ်၊ ဆင်မင်း (ကျောက်ဆည်) ၄၅၀၀ ကျပ်၊ ကျားခေါင်း၄၅၀၀ ကျပ်၊ မြင်းခေါင်း ၄၅၀၀ ကျပ်၊ စိန် ၇၀၀၀ ကျပ်၊ ဆင် ၆၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

### နိုင်ငံစုံမှ မြေဩဇာ တန်ချိန် ၇၀၀၀ ကျော်ဝင်

ဒီဇင်ဘာ ၂၇ ရက်မှ ဇန်နဝါရီ ၂ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၀၁၀၂၀၇ တန်ဖိုးရှိ မြေဩဇာ ၇၀၃၂ ဒသမ ၆၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ဒီတစ်ပတ်မှာ တရုတ်နိုင်ငံ မှ ၇၈၅တန်၊ အစ္စရေးနိုင်ငံမှ ၄၂ တန်၊မလေးရှားမှ ၁၂၅တန်၊ ရုရှားနိုင်ငံမှ တန်ချိန် ၅၁၀၊ ထိုင်းနိုင်ငံမှ တန်ချိန် ၇၂၀၊ စင်ကာပူမှ ၃၃၄၈ ဒသမ ၆၀ တန် နဲ့ ဗီယက်နမ်မှ ၁၅၀၂ တန် တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ အမိုးနီးယား၊ နိုက်တြိုဂျင်၊ ကွန်ပေါင်း၊ ပိုတက်ဆီယမ်၊ ပိုတက်နဲ့ ဩဂဲနစ် စတဲ့အမျိုးအစားများ ဝင်လာခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် မြေဩဇာအဝင်မှာ တန်ချိန် ၂၅၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၄၅၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### အရောင်းအေးနေတဲ့ မြေဩဇာဈေးကွက်

ဒီဇင်ဘာ ၂၇ ရက်မှ ဇန်နဝါရီ ၂ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ ၇၀၃၂တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၅၂၉ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၅၀၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ ၁၆၉၅၈ တန်ကျော် ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၃၇၆၄ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၁၉၃ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းပါ မြေဩဇာအဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဆောင်းသီးနှံအတွက် အဝယ်နည်းလာတာ ကြောင့် အရောင်းအဝယ်အေးပြီး ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၂၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ ပတ်လည် (ထိုင်း) ၃၈၂၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ပတ် လည် (ထိုင်း) ၃၁၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း)၂၉၅၀၀ ကျပ်၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၂၅၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက ပုလဲ -အသေးသာ အဝယ်လိုက်လာပြီး ကျန်မြေဩဇာများက အရောင်းအဝယ်အေးနေတယ်လို့ သိရပါတယ်။ ပုလဲက အဝယ်လိုက်ပေမယ့် ဈေးနည်းနည်းကျလာသလို တီစူပါ ၁၀း၁၀း၅ လည်း ဈေးကျလာပြီး ကျန်မြေဩဇာများက ယခင်တစ်ပတ် ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်)၂၀၆၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၀၆၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၁၀၀၀ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၂၅၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၀၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ၃၈၅၀၀ ကျပ်၊ တီစူပါ၁ ၀း၁၀း၅ (တရုတ်)၁၅၅၀၀ကျပ်၊ ဓာတ်ဆား (တရုတ်)၁၆၀၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၆၇၀၀ကျပ်၊ ယူရီးယား (ယူအေအီး) ၂၁၅၀၀ ကျပ်၊ မြားကမ္ဘာ ၁၅၆၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါ တယ်။

**မကွေးဈေးကွက်မှာ** စိုက်ပျိုးရာသီ မဟုတ်သေးတာကြောင့် အရောင်းက အေးနေသေးတယ်။ ဒီတစ်ပတ် မှာတော့ မြေဩဇာဈေးက နည်းနည်းကျလာတယ်လို့ သိရပါတယ်။ မြားကမ္ဘာ ၁၂း၁၃ ၆၀၀ ကျပ်၊ ယူရီးယား(ပန်းဖူး) ၅၀၀ ကျပ်၊ တီစူပါ ၁၅၀၀ကျပ်နဲ့ တောင်သူမ ၁၀၀ ကျပ်ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ) (အစိမ်း)၁၅၄၀၀ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၅၄၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၆၂၀၀ ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၈၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၀၅၀၀ ကျပ်၊ ယူရီးယား -ပုလဲ (ရွှေတောင်-တရုတ်) ၂၀၅၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၇၃၀၀ ကျပ်၊ တီစူပါ ၂၀၅၀၀ ကျပ်၊ တောင်သူမ ၁၅၅၀၀ ကျပ်၊ သီးစုံ (စိမ်းပြာ) ၁၅၅၀၀ ကျပ်၊ မြား ၁၅း၇း၈ ၁၈၅၀၀ ကျပ်၊ ဇာမဏီ ၁၇၀၀၀ ကျပ် ဈေးရှိတယ်လို့ မြေဩဇာ အရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေဩဇာ က အရောင်းပုံမှန်ဖြစ်ပေမယ့် ဈေးတော့ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်) ၂၀၃၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၂၀၃၀၀ ကျပ်၊တီစူပါ (သံကွင်း-တရုတ်) ၂၀၆၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ)၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၅ ပတ်လည် (နေရွက်လှေ-တရုတ်) ၃၄၅၀၀ ကျပ်၊ ကွန်ပေါင်း ၂၅း၇း၇ ၃၁၇၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်း သိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### မာရီဂိုးနို့ဆီ ၁၂၄ တန်ကျော်နဲ့ နို့မှုန့်တန်ချိန်လေးရာကျော်ဝင်

ဒီဇင်ဘာ ၂၇ ရက်မှ ဇန်နဝါရီလ ၂ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၁၅၈၉၈၈ တန်ဖိုးရှိ နို့ဆီ ၁၂၄ တန် တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မာရီဂိုးနို့ဆီတစ်မျိုးသာ ဝင်လာတယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်နို့ဆီအဝင်မှာ တန်ချိန် ၄၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၃၄၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နို့မှုန့်က ကန်ဒေါ်လာ ၁၈၉၃၇၀၀ ကျော် တန်ဖိုးရှိ နို့မှုန့် ၄၅၉ ဒသမ ၃၂၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဩစတြေးလျမှ ၇၆ ဒသမ ၆၇၅ တန်၊မလေးရှားမှ ၃၈ ဒသမ ၂၈၂တန်၊ နယူးဇီလန်မှ ၃၀၇ဒသမ၁၇၅ တန်နဲ့ စင်ကာပူမှ ၃၇ ဒသမ ၁၉၃ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် နို့မှုန့် အဝင်နဲ့ယှဉ်ရင် တန်ချိန် ၃၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၆/၁၂မှ၁/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၉/၁၂ မှ ၂၅/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၄၄၇.၅၀ | ၁၂၀၁.၂၅ | (+) | ၂၄၆.၂၅ |
| ၂။ | လွယ်ဂျယ် | ၈၃၆.၀၀ | ၈၈၀.၀၀ | (-) | ၄၄.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | ၃၄၁၀.၀၀ | (-) | ၃၄၁၀.၀၀ |
| ၅။ | တာချီလိတ် | - | ၂၀၀၀.၀၀ | (-) | ၂၀၀၀.၀၀ |
| ၆။ | မြဝတီ | ၈၇၉.၈၀ | ၈၄၂.၄၀ | (+) | ၃၇.၄၀ |
| ၇။ | ကော့သောင်း | ၁၀၅၇၅.၀၀ | ၁၁၁၇၄.၀၀ | (-) | ၅၉၉.၀၀ |
| ၈။ | မြိတ် | ၃၄၀၀.၀၀ | ၉၉၀.၀၀ | (+) | ၂၄၁၀.၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၁၇၁၃၈.၃၀ | ၂၀၄၉၇.၆၅ | (-) | ၃၃၅၉.၃၅ |

မြင့်မြင့်မာ MIRT

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၆/၁၂ မှ ၁/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၉/၁၂ မှ ၂၅/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၆၁၆၉.၈၀၀ | ၁၂၈၆၆.၂၅၀ | (+) | ၃၃၀၃.၅၅၀ |
| ၂။ | လွယ်ဂျယ် | ၃၄.၀၀၀ | - | (+) | ၃၄.၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၃၃.၀၀၀ | - | (+) | ၁၃၃.၀၀၀ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၄၅၁.၁၀၈ | ၂၆၃.၇၂၀ | (+) | ၁၈၇.၃၈၈ |
| ၆။ | ကော့သောင်း | ၁၀၇.၂၈၃ | - | (+) | ၁၇၀.၂၈၃ |
| ၇။ | မြိတ် | - | ၁၃၅.၀၀၀ | (-) | ၁၃၅.၀၀၀ |
| ၈။ | ရိဒ် | - | ၅၀၀.၀၀၀ | (-) | ၅၀၀.၀၀၀ |
| | စုစုပေါင်း | ၁၆၉၅၈.၁၉၁ | ၁၃၇၆၄.၉၇၀ | (+) | ၃၁၉၃.၂၂၁ |

တင်တင်ထွန်း MIRT

## နှမ်း

### ပြည်နှမ်းဈေးကွက် ပွဲရုံမှာ လက်ကျန်မရှိအောင် အရောင်းအဝယ်ဖြစ်

ပြည်မြို့ ပဲမျိုးစုံရောင်းဝယ်ရေးနဲ့ ပဲနှမ်းပွဲရုံများသို့ ဇန်နဝါရီလပထမပတ်တွင် နှမ်းသီးနှံများ ဒေသအစုံမှ လှိုင်လှိုင်ဝင်ရောက်လာတာ တွေ့ရပါတယ်။ တောင်သူများနဲ့ ကုန်သည်ပွဲစားများက ဆီစက်များသို့ တိုက်ရိုက်သော်လည်းကောင်း၊ ပွဲရုံများမှ တစ်ဆင့်သော်လည်းကောင်း ရောင်းချနေကြပါတယ်။

ပွဲရုံများသို့ တစ်ရက်ကို အိတ် ၆၀၀ ကျော်ပုံမှန်အဝင်ရှိပြီး ပြည်၊ ပေါင်း တည်၊ နတ်တလင်း၊ မြန်အောင်နဲ့ ကြံခင်းတို့မှ ဝင်ရောက်နေပါတယ်။ ဝင်လာသမျှ နှမ်းအိတ်များ နေ့စဉ် လက်ကျန်မရှိအောင် အရောင်းအဝယ်ဖြစ်ပြီး မန္တလေးသို့ နှမ်းနက်အိတ်များ ၁၅၀ ကျော် တင်ပို့ရတယ်လို့လည်း သိရပါတယ်။ နှမ်းဈေးအနည်းငယ်သာ တက်ပြီး နှမ်းနီဈေးကတော့ ပုံမှန်ဈေးငြိမ်ပြီး အရောင်းဖြစ်လျက်ရှိပါတယ်။ ပြည်ပွဲရုံ နှမ်းဈေးနှုန်းမှာ တစ်တင်း နှမ်းနီ ၂၆၀၀၀ ကျပ်၊ နှမ်းနက် ၄၃၀၀၀ ကျပ်နဲ့ စမုံနက်မှာ ၆၀၀၀၀ ကျပ်တို့ဖြစ်ပါတယ်။ ဆီဈေးနှုန်းများမှာ နှမ်းဦးဆီ တစ်ပိဿာ ၄၅၀၀ ကျပ်၊ နှမ်းဆီသန့် ၄၂၀၀ ကျပ်နဲ့ နှမ်းဆီရိုးရိုး ၃၄၀၀ ကျပ်တို့ဖြင့် ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

**ဝေဝေမင်း-ပြည်**

### နှမ်းရောင်စုံပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၉၃ တန်ဖိုးရှိ နှမ်းဖြူ(အခွံချွတ်) တန် ၆၀၊ ချင်းရွှေဟော်မှ နှမ်းနက် ၂၅၁၁ တန် ၊နှမ်းဖြူ ၅၄၉ တန်နဲ့ နှမ်းညို ၈၅ တန်တို့ကို ကန်ဒေါ်လာ ၃ ဒသမ ၈၂၉ သန်းဖိုး တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်မှ နှမ်းဖြူ(အခွံချွတ်)တန် ၄၀ နဲ့ ချင်းရွှေဟော်မှ ၂၈၄၅ တန်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ်နှမ်း ပိုမိုတင်ပို့လာတာ တွေ့ရပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီမှ ယခုတစ်ပတ်နှမ်းတင်ပို့မှုမရှိခဲ့ဘဲ တာချီလိတ်မှ ကန်ဒေါ်လာ ၂၅၉၉၅တန်ဖိုးရှိ နှမ်းဖြူ တန် ၂၀ တင်ပို့ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ တစ်လလုံး နယ်စပ်အသီးသီးကနေ နှမ်းရောင်စုံ တန်ချိန် ၁၂၀၀၀ နီးပါး တင်ပို့မှုရှိခဲ့ပါတယ်။ယခုသီတင်းပတ်မှာ မူဆယ်ကုန်စည်ဒိုင်ရဲ့ နှမ်းဖြူတစ်တန်ကို ၁၅၇၁၄၄၃ ကျပ်နဲ့ နှမ်းနက် တစ်တန်ကို ၁၉၆၆၇၀၀ ကျပ်ဈေးအသီးသီးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

# တရုတ်ဝယ်လိုအားကျဆင်းမှုနဲ့ ပဲပုပ်ဆီဈေး ကျဆင်းမှုကြောင့် စားအုန်းဆီဈေးပါကျဆင်း

ကမ္ဘာ့ပို့ကုန်ဝယ်လိုအားကျဆင်းမှုနဲ့ ပဲပုပ်ဆီဝယ်လိုအား ကျဆင်းမှုတွေကြောင့် မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးက ဇန်နဝါရီ ၇ ရက်မှာ ကျဆင်းခဲ့တာတွေ့ရကြောင်း The Edge Markets သတင်းမှာ ဖော်ပြပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင်(Bursa Malaysia Derivative Exchange ) ဈေးပိတ်ချိန်မှာ မတ်လအတွက်ချုပ်ဆိုတဲ့ အခြေခံစံထားနှုန်းက တစ်ရာခိုင်နှုန်းကျဆင်းပြီး စားအုန်းဆီ တစ်တန်ကို ၂၄၂၃ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၅၁ ဒသမ ၉၄ ဒေါ်လာ) နှုန်းရှိခဲ့ပါတယ်။ ရောင်းချတဲ့ပမာဏက ဈေးပိတ်ချိန်မှာ ၂၅ တန်ရှိအတွဲပေါင်း ၄၈၉၂၁ တွဲထိရှိခဲ့ပါတယ်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်က စားအုန်းဆီဈေးနှုန်းက ၁၈ လအတွင်း အမြင့်ဆုံးနှုန်းထိ ရောက်ရှိခဲ့ပြီး နောက်ပိုင်းကစကာ အကျဘက်ကို ဦးတည်နေပါတယ်။ စားအုန်းဆီ တစ်တန်ဈေးက ဇန်နဝါရီ ၇ ရက် ဈေးပိတ်ချိန်မှာ ၂၄၁၈ ရင်းဂစ်အထိ ရောက်ရှိခဲ့တဲ့အတွက် ဒီဇင်ဘာ ၁၈ ရက်နောက်ပိုင်း အနိမ့်ဆုံးဈေးဖြစ်ခဲ့ပါတယ်။ ယခုနှစ်အတွင်း နှစ်စမှ ယခုချိန်အထိ စားအုန်းဆီဈေးက ၂ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

“စားအုန်းဆီအပေါ် ယုံကြည်မှုက ဒီကနေ့မှာ ကျဆင်းခဲ့ပါတယ်။ တရုတ်နိုင်ငံမှ ပို့ကုန်ဝယ်လိုအားကလည်း မြင့်တက်မလာခဲ့ပါဘူး”လို့ မလေးရှား အရှေ့ပိုင်းဒေသအခြေစိုက် ကုန်သည်တစ်ဦးက ပြောပါတယ်။ ပဲပုပ်ဆီဝယ်လိုအား ကျဆင်းမှုကလည်း စားအုန်းဆီဝယ်လိုအားကို ကျဆင်းစေခဲ့ပြီး အဆိုပါ အခြေအနေများက စားအုန်းဆီကြမ်းဈေးနှုန်းအပေါ် အကျိုးသက်ရောက်မှုရှိစေခဲ့ကြောင်းလည်း သူက ပြောပါတယ်။

မလေးရှားစားအုန်းဆီကို အများဆုံးစားသုံးတဲ့ နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ ပြည်တွင်းစားသုံးမှုကျဆင်းတဲ့ အတွက် ဝယ်လိုအားပါ ကျဆင်းလာတာကြောင့် မလေးရှားစားအုန်းဆီ ပို့ကုန်တွေ ကျဆင်းခဲ့ပါတယ်။ မလေးရှားနိုင်ငံရဲ့ စားအုန်းဆီ တင်ပို့မှုက ယခင်လနဲ့ နှိုင်းယှဉ်ရင် ဒီဇင်ဘာလမှာ ၅ ရာခိုင်နှုန်းကနေ ၆ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါတယ်။

စားအုန်းဆီဈေးနှုန်းများ ဆက်တိုက်ကျဆင်းနေတဲ့အတွက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဖို့နဲ့ အသေးစားထုတ်လုပ်သူတွေရဲ့ သက်သာချောင်ချိရေး တိုးတက်အောင်ဆောင်ရွက်ပေးနိုင်ဖို့အတွက် ရည်ရွယ်ပြီး စားအုန်းဆီအများဆုံး ထုတ်လုပ်တဲ့ နိုင်ငံနှစ်နိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားနဲ့ မလေးရှားနိုင်ငံတို့ပူးပေါင်းပြီး စားအုန်းဆီထုတ်လုပ်တဲ့ နိုင်ငံများကောင်စီ (Council of Palm Oil Producing Countries -CPOPC ) ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၁ ရက်က ထူထောင်ခဲ့ပါတယ်။

ကမ္ဘာ့စားအုန်းဆီကြမ်းဈေးက ၂၀၁၅ ခုနှစ် စက်တင်ဘာလက မက်ထရစ် တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၈၃ ဒသမ ၄၉ ဒေါ်လာနှုန်းရှိခဲ့ရာမှ ဒီဇင်ဘာမှာ မက်ထရစ်တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၆၂ ဒေါ်လာနှုန်းထိ မြင့်တက်ခဲ့ကြောင်း မလေးရှားစားအုန်းဆီရောင်းချမှုကိန်းဂဏန်းတွေအရ တွေ့ရပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာ စားအုန်းဆီအခြေပြု ဇီဝလောင်စာ အသုံးပြုမှုမြင့်တက်လာခြင်းနဲ့ အယ်လ်နီညိုရာသီဥတု ဆက်လက်ဖြစ်ပွားမယ့် အလားအလာတွေကြောင့် ၂၀၁၆ ခုနှစ် နှစ်လယ်မှာ စားအုန်းဆီကြမ်းဈေးတွေက မက်ထရစ်တစ်တန် ကို အမေရိကန်ဒေါ်လာ ၇၀၀ အထိ ရောက်ရှိလိမ့်မယ်လို့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း အတိုင်ပင်ခံအေဂျင်စီ LMC International က ပြောပါတယ်။

မလေးရှားစားအုန်းဆီကြမ်း ပျမ်းမျှဈေးနှုန်းက ၂၀၁၆ ခုနှစ်အတွင်း ပျမ်းမျှ၂၄၅၀ ရင်းဂစ်နှုန်းရှိမယ်လို့ CIMB Investment Bank ကခန့်မှန်းပြီး MIDF သုတေသနဌာနက ရင်းဂစ် ၂၃၀၀ နှုန်းရှိမယ်လို့ ခန့်မှန်းပါတယ်။

**ညက်တင်**



### ပြည်တွင်းဆီဈေးနှုန်းများ (၁၀-၁-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၃၀၀၀ | ၃၀၀၀ | □ | ၁၅၅၀ | ၁၅၅၀ | □ |
| ရန်ကုန် | ၄၀၀၀ | ၄၀၀၀ | □ | ၃၇၀၀ | ၃၇၀၀ | □ | ၁၃၆၅ | ၁၃၄၀ | ▽ |
| မန္တလေး | ၃၀၀၀ | ၄၀၀၀ | △ | ၃၄၀၀ | ၃၄၀၀ | □ | ၁၄၇၀ | ၁၄၄၀ | ▽ |
| ပဲခူး | ၃၀၀၀ | ၃၀၀၀ | □ | ၄၉၀၀ | ၄၆၀၀ | ▽ | ၁၄၅၀ | ၁၄၅၀ | □ |
| မကွေး | ၅၀၀၀ | ၄၂၀၀ | ▽ | ၄၅၀၀ | ၄၅၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မုံရွာ | ၄၀၀၀ | ၄၀၀၀ | □ | ၃၄၀၀ | ၃၄၀၀ | □ | ၁၄၉၀ | ၁၄၆၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၀-၁-၂၀၁၆ US$/Ton

| အမျိုးအစား | ဒီဇင်ဘာပဉ္စမပတ် | ဇန်နဝါရီပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | - | ၅၃၃.၅၀ | – |
| RBD P.Olein | ၅၄၀.၅၀ | ၅၅၅.၀၀ | △ |
| RBD P.Strarin | ၄၉၂.၅၀ | ၅၀၃.၀၀ | △ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၈- ၁ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၂၅၅.၂၀ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၇.၉၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၂၈ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၇၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၂.၁၂ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၃.၇၄ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၃၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၉၄.၂၀ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၈-၁-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၅၉၀ ဒေါ်လာ၊ FOB ၅၆၅ ဒေါ်လာနှင့် USD ဈေး ၁၃၀၂ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ ၈-၁-၂၀၁၆)နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ဒေါ်လာဈေး ၁၃၀၂ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါ ဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။



# ဝဲဂယက်လှိုင်း မုန်တိုင်းမထန်စေဖို့

|အင်ကြင်းစံ|

“ပြောင်းလဲခြင်းဆိုတာ အဟောင်းများကို ဖြိုဖျက်ခြင်းမဟုတ်။ အသစ်များကို အားသွန်ခွန်စိုက် ထပ်မံတည်ဆောက်ခြင်းဖြစ်သည်” ဟု ကမ္ဘာကျော်အတွေးအခေါ် ပညာရှင်ကြီး ဆိုကရေးတီးက မိန့်ကြားခဲ့ဖူးသည်။

စာရေးသူကတော့ ရှိပြီးသား အဟောင်းများကိုလည်း ပြုပြင်ဖာထေးမည်ဟု ထပ်မံဖြည့်စွက်လိုပါသည်။ အဘယ်ကြောင့်ဆိုသော် အပြောင်းအလဲ ဝဲဂယက်သည် ရေအိုင်ငယ်တွင် မပြောပလောက်သော်လည်း ရေပြင်ကျယ်ဆိုလျှင်တော့ လှိုင်းထနိုင်သည်။

ဆိုလိုသည်မှာ လူနည်းစုအတွက် သိသာသော ထိုးနှက်ချက်တစ်ခုဖြစ်မလာနိုင်ပေမယ့် လူများစုအတွက်မူ လှိုင်းဂယက် ထသွားနိုင်သည်။ စာရေးသူတို့နိုင်ငံရှိ သာမန်လက်လုပ်လက်စား လူတန်းစားများသည် လူများစုဖြစ်နေသောကြောင့်ဖြစ်သည်။

ထို့အပြင် အများစုသည် အလုပ်အကိုင်၊ စားဝတ်နေရေး၊ ဝင်ငွေ အဆင့်အတန်းစသည့် အဘက်ဘက်တွင် ကမ္ဘာပေါ်ရှိ နိုင်ငံအများစုထက် နိမ့်ကျနေပြန်သည်။ ကုလသမဂ္ဂ၏ သတင်းထုတ်ပြန်ချက်များအရ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ညွှန်းကိန်း (Human Development Index) အဆင့် အဖွဲ့ဝင်နိုင်ငံပေါင်း၁၈၇ နိုင်ငံ အနက် အဆင့် ၁၅၀ ၌ ရပ်တည်နေပြီး ယခုနှစ်များအတွင်း နှစ်စဉ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပျမ်းမျှ ၅ ရာခိုင်နှုန်းခန့်ရှိပြီးနှစ်စဉ် တစ်ဦးချင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၇၀၀ခန့်ရှိသည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံ၏ အလုပ်သမားဈေးကွက်အပေါ်တွင်လည်း ပြည်တွင်းအခြေစိုက် အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတစ်ခုဖြစ်သည့်www.jobless.com.mmမှ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဥရောပနိုင်ငံသား Vladimir Neduchal ကလည်း “ကျွန်တော်သိရသလောက် မြန်မာ နိုင်ငံရဲ့ပညာရေးစနစ်က လွန်ခဲ့တဲ့ ၁၀စု နှစ်တွေကတည်းက လက်တွေ့ ပညာရေးစနစ်နဲ့ ကင်းကွာနေသလိုဖြစ်နေ ပါတယ်။ ဖွံ့ဖြိုး တိုးတက်လာမယ့် ၂၁ ရာစုရဲ့လိုအပ်ချက်နဲ့ဆိုရင် အခြေအနေတော်တော်လေး ဆိုးသွားနိုင်ပါတယ်။ အဓိကရင်ဆိုင်ရမှာက မဝေးတော့တဲ့ အနာဂတ်အတွက်အဆင်သင့်ဖြစ်နေသင့် တဲ့ အခြေခံအဆောက်အအုံလိုအပ်ချက်တွေပါပဲ။ အဲဒီအထဲက လူ့စွမ်းအား အရင်းအမြစ်လိုအပ်ချက်နဲ့ လွဲချော်မှု တွေကို အရင်ပြန်တည့်ရမှာဖြစ်ပါတယ်” ဟုဆိုသည်။

ယခင်က နိုင်ငံတကာမှ စီးပွားရေး ပိတ်ဆို့မှုများကြောင့် ကျပ်တည်းခဲ့ရသည့် စီးပွားရေးအခြေအနေများနှင့် အလုပ်အကိုင်အခွင့်အလမ်း ရှားပါးမှုများကြောင့် ပြည်တွင်းအလုပ်သမား ဈေးကွက်တွင်ရရာအလုပ်ကိုဝင်ရောက် လုပ်ကိုင်ခဲ့ကြရသည်။ သင်ကြားခဲ့ရသည့် ပညာရေးအဆင့်အတန်းလိုအပ်ချက်များကြောင့် မိမိအထူးပြုရာ ဘာသာရပ်နယ်ပယ်တွင် ရပ်တည်နိုင်မှု လိုအပ်ချက်များလည်းရှိနေသည်။

ထို့ကြောင့် အဆင်ပြေရာ၊ နီးစပ် ရာဝင်ရောက်လုပ်ကိုင်ခဲ့ကြရာမှဆရာဝန်များက စီးပွားရေးလုပ်ငန်းရှင်များဖြစ် နေသလို ရူပ၊ ဓာတု၊ ဇီဝအထူးပြု ကျောင်းသားများသည်လည်းကုမ္ပဏီများတွင် ဈေးကွက်ဖြန့်ချိရေးဝန်ထမ်းများအဖြစ် ဝင်ရောက်လုပ်ကိုင်နေကြသည်ကိုလည်း အများအပြားတွေ့ နေရပေသည်။

လက်ရှိတွင်လည်း နယ်မှ ရန်ကုန်သို့ အလုပ်လာရောက်လုပ်ကိုင်သည့် ဘွဲ့ရ ပညာတတ်အများစုသည် မိမိတို့ အထူးပြု ကျွမ်းကျင်ရာနယ်ပယ်များမှာ မဟုတ်ဘဲ နီးစပ်ရာကိုသာဝင်ရောက် လုပ်ကိုင်နေကြရသည်က သာဓက တစ်ခုပင်ဖြစ်သည်။

“ကျွန်မက စီးပွားရေးဘာသာရပ်နဲ့ ဘွဲ့ရထားပါတယ်။ ရန်ကုန်ရောက်တော့ အလုပ်ရှေးရင်းနဲ့ နေထိုင်မှုစရိတ်တွေ ထောင်းလာလို့ ရရာအလုပ်ဝင်လုပ်ရင်းနဲ့ နေနေရပါတယ်”ဟု ဆိုလာသူမှာ လက်ရှိတွင် လှိုင်သာယာရှိစက်ရုံတစ်ရုံမှာ ဝင်ရောက်လုပ်ကိုင်နေသူ အညာ ဒေသမှ ရန်ကုန်သို့ ရောက်ရှိလာသူ မဆွေဆွေမြင့် (အမည်လွှဲ)က ဆိုသည်။

နောက်ထပ်ရင်ဆိုင်ကြရမည့် လိုအပ်ချက်တစ်ခုမှာ အရည်အချင်း (skill) လိုအပ်ချက်ဖြစ်သည်။ ပြည်တွင်း ရှိ လုပ်သားအင်အားအများစုသည် ပြောင်းလဲမှုနှင့်အတူ ဖြစ်ပေါ်လာမည့် လိုအပ်ချက်များကို ပြည့်မီဖို့ရာအလှမ်း ကွာလွန်းနေသေးသည်။ ပြည်ပမှ စီးပွားရေးလုပ်ငန်းများဝင်ရောက်လာချိန် တွင် ပြည်တွင်း၌ လုပ်သားအင်အားကို လုံလောက်စွာပံ့ပိုးနိုင်မည်ဖြစ်သော်လည်း ကျွမ်းကျင်လုပ်သားလိုအပ်ချက်ကိုတော့ ပြည့်မီဖို့ရာ မဖြစ်နိုင်သေးသည့် အခြေအနေဖြစ်ကြောင်း အထက်ပါအချက်များက ထောက်ပြနေသည်။ ၊

“ဒီအခြေအနေက ပြည်တွင်းမှာရှိတဲ့ အရည်အချင်းရှိပြီးသားလူနည်းစုကို အလုအယက်ခေါ်ရတဲ့ အခြေအနေကို ရောက်လာပါ လိမ့်မယ်”ဟု အလုပ် သမားဝန်ဆောင်မှု အဖွဲ့အစည်းဖြစ် သည့် Roger Quest International မှ ကိုယ်စားလှယ်တစ်ဦးကဆိုသည်။

အထူးသဖြင့် အလုပ်သမားဈေးကွက်ကို ဖော်ဆောင်ရာတွင် အဓိက လိုအပ်လျက်ရှိသည့် လူသားအရင်း အမြစ်ရှာဖွေရေးခေါင်းဆောင်ကောင်းများ လိုအပ်နေခြင်းပင်။ လူသားအရင်း အမြစ်ရှာဖွေရေးခေါင်းဆောင် တစ် နည်းအားဖြင့် လူအများ သိရှိနေပြီးဖြစ်သည့် Human Resource Manager များ လိုအပ်နေခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် HR ဟုခေါ်သည့် Human Resource လုပ်ငန်းတွင်ကျယ်လာသည်မှာ သိပ်မကြာသေးသဖြင့် အဆိုပါ HR နယ်ပယ်တွင် ကျွမ်းကျင်လုပ်သားရှားပါးမှုနှင့်ရင်ဆိုင် နေရပေသည်။ အစိုးရဌာနများတွင် ရှိနိုင်သော်လည်း ထိုဌာနများတွင်လည်း HR ကျွမ်းကျင်မှုထက် ရင်းနှီးကျွမ်းဝင်မှုကိုသာ ဦးစားပေးပြီး အလုပ်သမားဈေးကွက်ကို ဖော်ဆောင်နေကြပေ သည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် HR ဈေးကွက် ထွန်းကားမှုမရှိခြင်းကို အပြစ်တင်၍ မရနိုင်ပေ။ HR ပိုင်းတွင် ကျွမ်းကျင်လုပ်သားရှားပါးလာသဖြင့် အလုပ်သမားဈေးကွက်တွင်လည်း ကျွမ်းကျင်လုပ်သားရှားပါးမှုနှင့်ရင်ဆိုင် နေရသည်မှာ ဆယ်စုနှစ်တစ်စုစာမက ရင်ဆိုင်နေ ရပေသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေ များအရ အစစအရာရာ ပြောင်းလဲတိုး တက်လာသည့်အလျောက် ရင်းနှီးမြှုပ်နှံမှုများလည်း တစ်နေ့တခြား တိုးတက်လာသည်ကို မြင်တွေ့နေရပေသည်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများသာမက ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများတွင်လည်း ကျွမ်းကျင်လုပ်သားရှားပါးမှုနှင့် ရင်ဆိုင်နေရပေသည်။

“ကျွန်မတို့ မြန်မာနိုင်ငံဟာ တစ်နှစ် နှစ်နှစ် အတွင်းမှာပဲ အတော်လေးကို ပြောင်းလဲတိုးတက်လာတာတွေ့ရပါတယ်။ ပြောင်းလဲတိုးတက်မှုဟာ အရမ်းကို မြန်ဆန်လွန်းတဲ့အတွက် HR အလုပ်နဲ့ အသက်မွေးတဲ့သူတွေအတွက် အရည်အချင်းပြည့်မီတဲ့ ကျွမ်းကျင်လုပ်သားရှာရတာ အရမ်းကို ခက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့နိုင်ငံဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက အလုပ်အကိုင်အခွင့်အလမ်းတွေလွန်စွာ နည်းပါးတဲ့အတွက် အိမ်နီးချင်း နိုင်ငံတွေနဲ့ တခြားပြည်ပနိုင်ငံတွေမှာ သွားရောက်အလုပ်လုပ်ကိုင်ကြပါတယ်။ အဲဒီလို နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ကိုင်တဲ့သူတွေကအခုအချိန် မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကိုယ့် နိုင်ငံကိုပြန်လာပြီး အလုပ်လုပ်ချင်ပါ တယ်လို့ ပြောနေကြတဲ့ သူတွေရှိနေပါတယ်။ နောက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့အတူ နိုင်ငံခြားကကုမ္ပဏီတွေကလည်း မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံချင်ပါတယ်လို့ ပြောနေကြပါတယ်။ အဲဒီလို နိုင်ငံခြားက ကုမ္ပဏီတွေ ဝင်လာတဲ့အခါမှာ အရည်အချင်းပြည့်မီတဲ့ဝန်ထမ်း တစ်နည်းပြောရရင် ကျွမ်းကျင်လုပ်သား ရှားပါးတဲ့ပြဿနာနဲ့ရင်ဆိုင်နေရပါတယ်။ ဒါဟာ ဘာကြောင့်လဲဆိုရင် သင်ယူဖို့၊ လေ့လာဖို့ အခွင့်အရေးမရခဲ့ကြလို့ပါပဲ။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခဲ့လို့ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးခဲ့တယ်။ ဒါကြောင့် ကျွမ်းကျင်လုပ်သားတွေကို ရှာဖွေနိုင်ဖို့အတွက် ကျွန်မတို့အနေနဲ့ HR Summit ကို ကျင်းပဖို့ စီစဉ်ရတာပါ” ဟု တယ်လီနော့မြန်မာကုမ္ပဏီမှ ဒေါ်ရွှေရည်ဝင်းလဲ့က ပြောကြားခဲ့သည်။

ထိုအခြေအနေကို ကုစားနိုင်သည့် ဆေးမြီးတိုတစ်ခုတော့ရှိနေသည်။ ထို ဆေးသည် ပြည်ပရောက် မြန်မာ နိုင်ငံသား ကျွမ်းကျင်လုပ်သားများကို ပြန်လည်ခေါ်ယူပြီး ပြည်တွင်းရှိ ကျွမ်းကျင်လုပ်သားလိုအပ်ချက်ကို ဖြည့် ဆည်းခြင်းဖြစ်သည်။ လက်ရှိအခြေ အနေအရ ပြည်တွင်းလုပ်သားဈေးကွက်တွင် ကျွမ်းကျင်လုပ်သား ရှားပါးမှုကြောင့် လိုအပ်ချက်ပြည့်မီသည့် ဝန်ထမ်းအနည်းငယ်ကိုသာ ဈေးပြိုင်ပေးခေါ်ဆိုသည့် အနေအထားသို့ မသိမသာရောက်နေပြီဖြစ်သည်။

ဆေးမြီးတိုဟူသည် ကာလတိုတစ်ခုအတွက်သာ အဆင်ပြေသော်လည်း ကာလရှည်တွင်မူအခက်အခဲနှင့်ရင်ဆိုင် ရမည်သာဖြစ်သည်။ ထိုအခက်အခဲကို ရေရှည်ဖြေရှင်းနိုင်ရန်အတွက် ကျွမ်းကျင်လုပ်သားများ အများအပြားပေါ် ပေါက်လာရေးအတွက် နည်းလမ်းရှာ ကြံ၍ လုပ်ဆောင်ကြရမည်ဖြစ်သည်။

အပြောင်းအလဲတစ်ခုတွင် အထက်၌ဆိုခဲ့သည့်အတိုင်း ရှိပြီးသား လုပ်သားများကိုအရည်အသွေးမီ လုပ်သားများအဖြစ်သို့ ကြိုးစားမြှင့်တင်ကာ နောက်ထပ်အရည်အချင်းပြည့်ဝသည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ခြင်းကသာ အကောင်းဆုံး ခါးဆက်မပြတ်သည့် မြန်မာနိုင်ငံ လုပ်သားဈေးကွက်တစ်ခု ပေါ်ပေါက်လာနိုင်သည်ဟု ယုံကြည်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။




# မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ချင်းမိုင်၊ ဗန်ကောက်နှင့် တရုတ်(တိုင်ပေ)ခရီးစဉ်များ တိုးချဲ့ပျံသန်းမည်

နိုင်ငံပိုင်လေကြောင်းလိုင်းတစ်လိုင်းဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်းသည် လက်ရှိပြေးဆွဲနေသော ပြည်ပခရီးစဉ်နှစ်ခုအပြင် ချင်းမိုင်၊ ဗန်ကောက်နှင့် တရုတ်(တိုင်ပေ)ခရီးစဉ်များကိုပါ တိုးချဲ့ပျံသန်းပေးသွားမည်ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်း၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ပြည်ပမှမှာယူထားသော ဘိုးရင်း လေယာဉ်သစ်များနှင့် ATR လေယာဉ်သစ်များဖြင့် ပြည်တွင်း၊ ပြည်ပခရီးစဉ်များအား တိုးချဲ့ပျံသန်းရန် စီစဉ်လျက်ရှိရာ ၂၀၁၅ခုနှစ်အတွင်း စင်ကာပူနှင့် ဟောင်ကောင်သို့ ပျံသန်းပြေးဆွဲနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလမှစတင်ကာ ချင်းမိုင်၊ ဗန်ကောက်နှင့် တရုတ်(တိုင်ပေ)မြို့သို့ ထပ်မံတိုးချဲ့ပျံသန်းသွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာအမျိုးသားလေကြောင်းလိုင်းမှ မှာယူထားသော ဒုတိယမြောက် ART(72-600)XY-AJZ လေယာဉ်သစ်မှာ ဇန်နဝါရီ ၅ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လေယာဉ်ကုန်လှောင်ရုံသို့ ရောက်ရှိလာပြီဖြစ်သည်။

အဆိုပါလေယာဉ်သစ်အား ပြည်တွင်းပြည်ပ ခရီးစဉ်သစ်များတွင် အသုံးပြုပျံသန်းသွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာအမျိုးသားလေကြောင်းလိုင်းမှ စုစုပေါင်းလေယာဉ်ခြောက်စင်း မှာယူထားရာ နှစ်စင်းရောက်ရှိနေပြီဖြစ်ပြီး ကျန်ရှိသောလေယာဉ်သစ်လေးစင်းအား ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း လက်ခံရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလေယာဉ်များဖြင့် ပြည်တွင်းပြည်ပခရီးစဉ်များအား တိုးချဲ့ပျံသန်းပေးသွားမည်ဖြစ်သည့်အပြင် ဘိုးရင်းလေယာဉ်များကိုလည်း မှာယူထားသဖြင့် ထပ်မံရောက်ရှိလာသည့် လေယာဉ်များဖြင့် ဒေသတွင်း အချက်အခြာကျသည့်နေရာများသို့ ပျံသန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါတွင် မြန်မာအမျိုးသား လေကြောင်းလိုင်းသည် ဘိုးရင်းလေယာဉ်သစ်နှစ်စင်းဖြင့် စင်ကာပူ၊ ဟောင်ကောင် ခရီးစဉ်များကို ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ ထို့ပြင် ပြည်တွင်းခရီးစဉ်များတွင် စင်းလုံးငှားခရီးစဉ်အဖြစ် Cessna Grand Caravan Ex လေယာဉ်များဖြင့် ပြေးဆွဲလျက်ရှိနေပြီး အဆိုပါလေယာဉ်ငယ်များဖြင့်လည်း ကျောက်ဖြူ၊ မာန်အောင်နှင့် စစ်တွေမြို့တို့သို့ အပတ်စဉ် တနင်္လာနေ့နှင့် သောကြာနေ့တို့တွင် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**

# မောင်းသူမဲ့လေယာဉ်၊ ရဟတ်ယာဉ်များအား ခွင့်ပြုနိုင်ရန် စိစစ်လျက်ရှိသည်ဟုဆို



မြန်မာနိုင်ငံတွင် ယခုအခါ၌ မောင်းသူမဲ့လေယာဉ်၊ ရဟတ်ယာဉ်များ(DRONES)များပြားလာသည်နှင့်အမျှ အဆိုပါဒရုန်းလေယာဉ်များအား တရားဝင်အသုံးပြုခွင့်ရရှိရန် ဒရုန်းလေယာဉ်အသုံးပြုသူများကမျှော်လင့်လျက်ရှိသည်။

ထို့ကြောင့် ဇန်နဝါရီ ၅ ရက်က ကျင်းပခဲ့သည့် ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၏ ၂၁ ရက်မြောက်နေ့တွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က ဒရုန်းလေယာဉ်များအား တရားဝင်ပျံသန်းခွင့်ရရှိရန် မှတ်ပုံတင်ခြင်းလုပ်ငန်းများအား လုပ်ဆောင်နိုင်ရန် စီစဉ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က “မောင်းသူမဲ့လေယာဉ်၊ ရဟတ်ယာဉ်များကိုဓာတ်ပုံ၊ ဗွီဒီယို ရိုက်ကူးရေးလုပ်ငန်း၊ ရာသီဥတုနှင့် ဘေးအန္တရာယ်လေ့လာရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ တံတားနှင့် အထပ်မြင့်အဆောက်အအုံများ၏ ကြံ့ခိုင်မှုစစ်ဆေးခြင်းလုပ်ငန်း၊ လမ်းပိတ်ဆို့မှုစောင့်ကြည့်ရေးလုပ်ငန်း၊ သုတေသနလုပ်ငန်း၊ ကာကွယ်ရေးလုပ်ငန်း စသည့်လူသားအကျိုးပြု လုပ်ငန်းများတွင် အသုံးဝင်သကဲ့သို့ အကြမ်းဖက်လုပ်ရပ်များတွင်လည်း အသုံးပြုလာနိုင်သည့်အတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်ရန် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် မောင်းသူမဲ့လေယာဉ်၊ ရဟတ်ယာဉ်များကို အလေးချိန်နှင့်စွမ်းဆောင်နိုင်မှုအပေါ်မူတည်၍ အတန်းအစား ခွဲခြားသတ်မှတ်ပြီး စနစ်တကျ မှတ်ပုံတင်ခြင်း၊ စီးပွားရေးလုပ်ငန်း အသုံးပြုခွင့်လက်မှတ်ထုတ်ပေးခြင်း၊ မြေပြင်မှ ထိန်းချုပ်မောင်းနှင်သူများကို စိစစ်ခြင်းများအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများအား ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ Advisory Circularအဖြစ် ထုတ်ပြန်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ဒရုန်းလေယာဉ်များ အသုံးပြုခြင်းသည် အဆိုးအကောင်းဒွန်တွဲနေသည်ဖြစ်ရာ ကောင်းမွန်သောအသုံးချခြင်းဖြင့် နည်းပညာတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေနိုင်မည်ဟု ဒရုန်းလေယာဉ်အသုံးပြုသူများက ပြောကြားသည်။

**မယ်သီတာ**

# ကမ္ဘောဒီးယားနိုင်ငံတွင် အထည်ချုပ်စက်ရုံ ၁၅၀ နီးပါးပိတ်သိမ်း မြန်မာနိုင်ငံသို့ တချို့အထည်ချုပ်စက်ရုံများ ရောက်ရှိလာဟုဆို

ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၁၅ ခုနှစ်အတွင်းအထည်ချုပ်နှင့် ခြေအိတ်ခြေစွပ်များထုတ်လုပ်သည့် အထည်ချုပ်စက်ရုံပေါင်း ၁၅၀နီးပါးကို ပိတ်သိမ်းလိုက်ရကြောင်း ဖနွမ်းပင်ပို့စ်သတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံကုန်သွယ်ရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသည့် အထည်ချုပ်စက်ရုံပေါင်း ၉၈၂ ခုနှင့် ခြေအိတ်ချုပ်လုပ်သည့် စက်ရုံပေါင်း ၉၀ ရှိသည်။ အဆိုပါစက်ရုံများအနက် အထည်ချုပ်စက်ရုံ ၁၃၀နှင့် ခြေအိတ်ချုပ်လုပ်သည့်စက်ရုံ ၁၄ ရုံ ပိတ်သိမ်းခဲ့ရခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့်စာရင်းများအရ သိရသည်။

အဆိုပါပိတ်သိမ်းခဲ့သည့် စက်ရုံများအနက် တချို့သောစက်ရုံများမှာ မြန်မာနိုင်ငံသို့ ရောက်ရှိသွားကာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်လျက်ရှိသည်ဟု ဆင်ဟွာသတင်းဌာနက ရေးသားထားသည်။

ကမ္ဘောဒီးယားနိုင်ငံရှိအထည်ချုပ်စက်ရုံများမှ အလုပ်သမားများသည် လစာနှုန်းထားတိုးပေးရေးဆန္ဒပြမှုများနှင့်ရင်ဆိုင်နေရသဖြင့် ယခုကဲ့သို့ အထည်ချုပ်စက်ရုံများ ပိတ်သိမ်းရခြင်းဖြစ်သည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

“ကျွန်တော်တို့ဆီမှာ လည်ပတ်နေတဲ့အထည်ချုပ်စက်ရုံထက် ပိတ်သိမ်းသွားတဲ့ စက်ရုံအရေအတွက်က များနေပေမယ့် ဒီနှစ် ၂၀၁၆ခုနှစ်မှာတော့ ထုတ်လုပ်မယ့်အရေအတွက်က ပိုများလာမယ်လို့ထင်ပါတယ်။ ဒါပေမယ့် လုပ်ခလစာတိုးပေးရေး ဆန္ဒပြမှုတွေက ရောက်ရှိလာမယ့်ရင်းနှီးမြှုပ်နှံမှုအသစ်တွေကို အဟန့်အတားဖြစ်စေပါတယ်။ ကုန်ထုတ်လုပ်မှု ကဏ္ဍတွေအားလုံး မြန်မာနိုင်ငံဆီကို ပြောင်းရွှေ့သွားကြပါပြီ”ဟု ကမ္ဘောဒီးယားနိုင်ငံကုန်သွယ်ရေးဝန်ကြီးဌာန၊ သွင်းကုန်ထုတ်ကုန်ဌာနခွဲမှ ညွှန်ကြားရေးမှူး Ho Sivyong က ပြောကြားသည်။

မြန်မာနိုင်ငံသည်လည်း ကမ္ဘောဒီးယားနိုင်ငံကဲ့သို့ပင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် “လက်နက်မှတစ်ပါး ကုန်သွယ်ခွန်လွတ်ကင်းခွင့်”ဖြင့် ဥရောပနိုင်ငံများသို့အခွန်အတုပ်ကင်းလွတ်ခွင့်ဖြင့် ကုန်စည်များ တင်ပို့ခွင့်ရထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားခဲ့သည်။

**မယ်သီတာ**

# ဘဏ္ဍာနှစ်အကုန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ မျှော်မှန်းထားသည့်အတိုင်း ပြည့်မီနိုင်သည်ဟုဆို

ယခုဘဏ္ဍာနှစ်အကုန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ မျှော်မှန်းထားသည့်အတိုင်း အမေရိကန်ဒေါ်လာခြောက်ဘီလီယံအထိ ရောက်ရှိလာနိုင်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။ ယခုဘဏ္ဍာနှစ် ဒီဇင်ဘာလကုန်ဆုံးချိန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ လေးဘီလီယံအထိ ရောက်ရှိနေပြီဖြစ်ပြီး ဘဏ္ဍာနှစ်ကုန်ဆုံးချိန်ဖြစ်သည့် ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်တွင် မျှော်မှန်းထားသည့် အမေရိကန်ဒေါ်လာခြောက်ဘီလီယံအထိရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာလေးဘီလီယံအနက် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ပိုမိုတိုးတက်လာကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။ ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုများတွင် ကုန်ထုတ်လုပ်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုတွင် ယခင်ကထက် ပိုမိုတိုးတက်လာကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှာ အများဆုံးဖြစ်ပြီး ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်လာကာ ရင်းနှီးမြှုပ်နှံမှုပမာဏတွင် တတိယနေရာသို့ ရောက်ရှိလာကြောင်း သိရသည်။

ယင်းသို့ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးတက်လာခြင်းကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကိုတိုးတက်စေပြီး အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း တိုးတက်လာစေနိုင်သည်ဟု ဆိုသည်။


၂၀၁၆ ခုနှစ် မတ်လနောက်ပိုင်းတွင်တာဝန်ယူမည့် အစိုးရသစ်လက်ထက်တွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာနိုင်ပြီး နိုင်ငံရေးတည်ငြိမ်မှုရှိလာသည်နှင့်အမျှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှာလည်း ယခုထက်ပိုမိုတိုးတက်လာနိုင်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

**မယ်သီတာ**

Vol: 16, No.2 Monday January 11 2016

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၁–၁–၂၀၁၆)

ခင်မောင်မောင်အုန်း



## ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီ (သစ်) နဲ့ မတ်ပဲ (သစ်) အရောင်းအဝယ်ဖြစ်

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် နယ်စုံမှ ပဲစင်းငုံနီ (သစ်) တွေ ဝင်ရောက်မှုများလာပေမယ့် အိန္ဒိယဝယ်လက်ကတော့ ဝယ်လိုအားမသွက်သေးဘဲ ပုံမှန်လောက်သာအဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်တန်ကို ၁၅၄၅၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ (သစ်) ဈေးကွက်သို့စဝင်ဝင်ချင်းမှာ ဈေးကောင်းရခဲ့ပေမယ့် နောက်ပိုင်းမှာ ပဲအဝင်များလာလို့ ရောင်းသူဈေးကွက်မဖြစ်ဘဲ ဝယ်သူဈေးကွက်ဖြစ်နေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ မတ်ပဲ (သစ်) ကိုတော့ အိန္ဒိယဝယ်လက်က တစ်တန်ကို ၁၈၆၀၀၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီနှင့် မတ်ပဲကနောက်တစ်ပတ်ကြရင်အဝင်ပိုများလာနိုင်ကြောင်း လတ်တလောပဲစင်းငုံနီ (သစ်) ကတော့ ပြည်ပဝယ်လိုအားများလာလို့ အမြင့်ဈေးဖြင့် ဆက်လက်အရောင်းအဝယ်ဖြစ်နိုင်ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီ (သစ်) အဝင်ပိုလာ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ (သစ်) တွေ အဝင်ပိုလာပေမယ့် ပြည်ပအတွက်ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က အဝယ်မသွက်သေးတာကြောင့် တစ်ပိဿာ ကို ၂၄၅၀ ကျပ် (တစ်တန်ကို ၁၅၀၀၃၅၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်အနည်းငယ်သာ ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းလုံးကြီးကိုတော့ မန္တလေးဝယ်လက်က ဈေးပေးအဝယ်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၇၄၀ ကျပ် (တစ်တန်ကို ၁၀၆၅၅၅၈ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒါ့အပြင် ပဲတီစိမ်းလုံးသေးကို ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၁၉၂၁ ကျပ် (တစ်တန်ကို ၁၁၇၆၄၀၀ ကျပ်) ဈေးဖြင့် ဝယ်လိုအားများခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ကုလားပဲ လက်ကျန်နည်း

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ (ထိုင်ဝမ်) ကို ပဲခွဲစက်များက ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာတော့ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၉၀၀ ကျပ် (တစ်တန်ကို ၁၁၆၃၅၄၀) ဈေးဖြင့် နေ့စဉ်အိတ် ၁၅၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းနှင့် ပဲစင်းငုံနီ(သစ်) ပုံမှန်အရောင်းအဝယ်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီး ကိုမန္တလေးဝယ်လက်ကပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၀၅၀ ကျပ် (တစ်တန်ကို ၁၂၅၅၃၉၉ ကျပ်) ဈေးဖြင့် နေ့စဉ် အိတ် ၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ (သစ်) ကို ရန်ကုန်ဝယ်လက်ကတစ်ပိဿာကို ၂၄၅၀ ကျပ် (တစ်တန်ကို ၁၅၀၀၃၅၀ ကျပ်) ဈေးဖြင့် ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ သိပ္ပံနှမ်းနက်ကိုမန္တလေးဝယ်လက်က ဈေးချအဝယ်ရှိတာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးကျလာပြီး တစ်ပိဿာကို ၃၆၂၀ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီ (သစ်) အဝင်များလာ

မကွေးဈေးကွက်မှာ ဒီတစ်ပတ် နယ်စုံမှ ပဲစင်းငုံနီ(သစ်) တွေ အဝင်များလာပေမယ့် ပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကတော့ ဝယ်လိုအားအထိုက်အလျောက် သာရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၄၀၀ ကျပ် (တစ်တန်ကို ၁၄၆၉၇၃၀ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၂၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်) ကိုပဲခွဲစက်များက တစ်ပိဿာကို ၁၈၅၀ ကျပ် (၁၁၃၂၉၂၀ ကျပ်) ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်း လက်ကျန်နည်းနေကြောင်း သိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ ပဲအရောင်းအဝယ်မဖြစ်ဘဲ ပြောင်းသာအနည်းငယ် အရောင်းအဝယ်ဖြစ်

ဟင်္သာတဈေးကွက်မှာ လက်ကျန်ပဲဖြစ်တဲ့ မတ်ပဲပစ္စည်း မရှိဘဲဈေးကွက်ထဲ (အသစ်) ဝင်ရောက်လာမယ့် မတ်ပဲကိုသာ ဝယ်ရောင်းကုန်သည်များက ဈေးကွက်အခြေအနေစောင့်ကြည့်နေကြောင်းသိရပါတယ်။ ဒေသထွက်ဖြစ်တဲ့ ပြောင်းကိုတော့ တစ်ပိဿာ ၄၀၀ ကျပ် ဈေးဖြင့် အိတ်အနည်းငယ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ ပဲတီစိမ်းကို မန္တလေးအဆွဲပုံမှန်ရှိ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီး (ထိပ်စ) ကို မန္တလေးဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ဈေးကတော့ ငြိမ်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၈၂၅ ကျပ် (တစ်တန်ကို ၁၁၁၇၆၁၀ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၃၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ (သစ်) ကတော့ ဈေးကွက်ထဲဆက်လက်ဝင်ရောက်နေသလို ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားပြန်လိုက်လာတာကြောင့် ဈေးအနည်းငယ်မြင့်လာပြီး တစ်ပိဿာကို ၂၅၀၀ ကျပ် (တစ်တန်ကို ၁၅၃၀၉၇၀ ကျပ်) ဈေးဖြင့်နေ့စဉ်အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းကြီးနှင့် ပဲစင်းငုံနီ (သစ်) ပုံမှန်အရောင်းအဝယ်ဖြစ်

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီးကို တရုတ်အတွက်ဝယ်ယူနေတဲ့ မန္တလေးဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ဈေးတန့်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၁၀၀ ကျပ် (တစ်တန်ကို ၁၂၈၆၀၁၉ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၆၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ (သစ်) ကတော့ ယခင်တစ်ပတ်ထက်စာရင် အဝင်ပိုလာပေမယ့် ဈေးကောင်းမရဖြစ်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၄၅၀ ကျပ် (တစ်တန်ကို ၁၅၀၀၃၅၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲသစ်တွေ ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ(သစ်) တချို့ ဝင်ရောက်လာပြီး တစ်ပိဿာကို ၂၉၀၀ ကျပ် (တစ်တန်ကို ၁၇၇၅၉၃၀ ကျပ်) ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ (သစ်) ဈေးကွက်သို့ ပုံမှန်ဝင်ရောက်နေသလို ရန်ကုန်ဝယ်လက်ကလည်း တစ်ပိဿာကို ၂၄၉၀ ကျပ် (တစ်တန်ကို ၁၅၂၄၈၅၀ ကျပ်) ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကိုတော့ တရုတ်ဝယ်လက်က ပဲရဲ့ အရည်အသွေးပေါ် မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေးအနည်းငယ်မြင့်လာပြီး တစ်ပိဿာကို ၂၀၀၀ ကျပ် (တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်) ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းအဝင်သွက်သလို အရောင်းအဝယ်ပုံမှန်ရှိ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းဝင်ရောက်မှု ပိုလာသလို ရန်ကုန်-မန္တလေးဝယ်လက်နှင့် အစာစပ်လုပ်ငန်းရှင်များကလည်း ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်များခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်း အဝင်လှိုင်လို့ ဈေးတန့်

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းအဝင်များလာတာကြောင့် ထိုက်သင့်တဲ့ဈေးမရခဲ့ကြောင်း ပြောင်းကုန်သည်တစ်ဦးကပြောပါတယ်။ ပြောင်းအဝင်များတော့ ရောင်းသူဈေးကွက်မဖြစ်ဘဲဝယ်သူဈေးကွက်သာဖြစ်နေကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၃၉၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းကို တရုတ်အဆွဲပုံမှန်ရှိ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းအဝင်ပုံမှန်ရှိသလို တရုတ်ဝယ်လက်ကလည်း ဝယ်လိုအားပုံမှန်ရှိပေမယ့် ပြောင်းအဝင်များတာကြောင့် ဈေးကောင်းမရဖြစ်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကိုအနိမ့်ဆုံး ၇၀ ယွမ်မှ အမြင့်ဆုံး ၇၄ ယွမ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



သင့်ကျန်းမာရေး

# သွားနှင့်ခံတွင်း ကျန်းမာရေး

ဒေါက်တာလွင်သန့်

သွားနှင့်ခံတွင်း ကျန်းမာရေးဟာ နှစ်ဆယ့်တစ်ရာစုအကျော်မှာ ပိုမိုစိတ်ဝင်စားခံရတဲ့ရောဂါ ဖြစ်လာပါတယ်။ သွားများကောင်းမွန်ဖို့၊ အမြဲဖြူဖွေးစေဖို့ အကြံပြုချက်များ အဆိုပြုချက် ခုနစ်ရပ်ကို ဆွေးနွေးထားပါတယ်။

**(၁) သွားအရောင်မှိန်စေတဲ့အစားများရှောင်ရန်။** ဝိုင်အနီ၊ ဘလက်ကော်ဖီ၊ ဆေးလိပ်၊ ကွမ်းယာများက သွားများဖြူစင်မှုကို အရောင်မှိန်စေတယ်။ ကွမ်းယာမှာ ထည့်သုံးတဲ့ ရှားစေး၊ ထုံးတို့က သွားအရောင်ကိုအဆိုးရွားဆုံး ထိခိုက်စေပါတယ်။ အခြားအစားအစာများမှာ ကိုကာကိုလာ၊ ယိုစုံနှင့် အရောင်ဆိုးဆေးပါတဲ့ အချိုရည်များဖြစ်တယ်။

**(၂) နှစ်လသုံးလကြာတိုက်ပြီးတိုင်း သွားပွတ်တံအသစ်လဲရန်။** သွားပွတ်တံတစ်ချောင်းကို နှစ်လ၊ သုံးလသာအများဆုံးထားပြီးသုံးသင့်တယ်။ ပါးစပ်ထဲ ဘက်တီးရီးယားပိုး မဝင်အောင်လုပ်ရာကနေ၊ သွားပွတ်တံကြောင့် ဘက်တီးရီးယားများ ဝင်အောင်လုပ်နေသလိုဖြစ်တယ်။ မိမိသွားဖုံးနှင့် ၄၅ ဒီဂရီစောင်းပြီး၊ သွားပွတ်တံကိုင်ကာ သွားပေါ်မှာ စက်ဝိုင်းပုံလှည့်ပတ်ပြီး သွားတိုက်ရမယ်။ သွားပွတ်တံကို ခဲတံကိုင်သလိုကိုင်ပြီး ပုံမှန်ဖိအားလောက်ရှိတဲ့ အားနဲ့ခပ်ဖွဖွတိုက်ရမယ်။ အတင်းဖိတိုက်ရင် သွားမဖြူဘဲ သွားဖုံးပျက်စီးနိုင်ပါတယ်။

**(၃) လျှာပွတ်တံကိုသုံးရန်။** လျှာပေါ်မှာ ဘက်တီးရီးယားများ စုဝေးကာ ခံတွင်းနံ့ဆိုးရွားစေတယ်။ သွားပွတ်တံနဲ့သွားတိုက်တဲ့အခါ လျှာကိုလျှာခြစ်တံနဲ့ ပွတ်တိုက်ပေးသင့်တယ်။ သွားပွတ်တံ ထိပ်ခေါင်းကလည်း လျှာကိုပွတ်တိုက်ဖို့ အဆင်မပြေနိုင်။ လျှာပွတ်တံ သီးသန့်သုံးပြီး နံနက်တိုင်း လျှာကိုပါသန့်စင်ပေးနိုင်ရန် ခံတွင်းအနံ့ဆိုးကို ကာကွယ်ပြီးဖြစ်တယ်။

**(၄) ဝါးရင်းသွားတိုက်ပြီးသားဖြစ်မယ့် အစားအစာရွေးရန်။** မာတဲ့၊ ကြမ်းတဲ့အစာများ ဝါးစားတဲ့အခါ ယင်းအစာများဟာ သွားကိုပွတ်တိုက်ချေမွစေလို့ သွားမှာကပ်နေတဲ့ သွားချေးများကွာကျတယ်။ ပန်းသီး၊ မုန်လာဥနီများကိုက်စားရင် သွားမှာကပ်နေတဲ့ အရိအရွဲများပါသွားတယ်။ ပန်းသီးတစ်လုံးကိုက်စားပြီး သွားကိုလျှာနဲ့ပွတ်ကြည့်ရင် အရိအရွဲများ ကင်းစင်ပြီး သန့်နေတာခံစားရမိမယ်။ စားစရာများစားပြီး ပန်းသီးစသဖြင့် နောက်ဆုံးစားစေခြင်းက သွားကိုသန့်စင်ပြီးသားဖြစ်စေတယ်။

**(၅) အမြဲလတ်ဆတ်ရန်။** လက်ဖဝါးဖြန့်ပြီး လျှာနဲ့ပွတ်ကြည့်ကာနမ်းကြည့်ရမယ်။ အာပုပ်စော်နံနေရင် ပါးစပ်ကို မွှေးပျံ့လတ်ဆတ်စေတဲ့ ပူရှိန်းပီကေစားဖို့သင့်ပါပြီ။ ပူရှိန်းပီကေတို့ဟာ ခံတွင်းနံ့ကို ပူရှိန်းလတ်ဆတ်စေတယ်။ ခံတွင်းသန့်စင်ဆေးရည်သုံးနိုင်တယ်။ အယ်လ်ကိုဟောများတဲ့ခံတွင်း ဆေးရည် မသုံးသင့်ပါ။ အယ်လ်ကိုဟောများရင် ခံတွင်းတစ်သျှူးများ မြန်မြန်ခြောက်ပြီး ဘက်တီးရီးယားခိုအောင်းနိုင်ဖို့ လမ်းပွင့်သွားတယ်။

**(၆) နံနက်တစ်ကြိမ်၊ အိပ်ရာဝင်တစ်ကြိမ်သွားတိုက်ရန်။** တစ်ညလုံးခံတွင်းထဲမှာစုဖွဲ့နေတဲ့ သွားချေးများကင်းစင်သွားဖို့ နံနက်မိုးလင်း အိပ်ရာထမှာ သွားတိုက်ရမယ်။ ညဘက်စားသောက်ပြီး ဘက်တီးရီးယားများ မခိုဝင်မပေါက်ပွားနိုင်အောင် ညဘက်သွားတိုက်ရမယ်။ သွားကြားညှပ်တာကို စနစ်တကျ "သွားကြားဖယ်" ပစ္စည်းသုံးပြီး ဖယ်ရှားရမယ်။

**(၇) တစ်နှစ်တစ်ကြိမ်သွားစစ်ဆေးရန်။** မိသားစုသွားဆရာဝန်ထားရှိပြီး၊ တစ်နှစ်မှာ အနည်းဆုံးတစ်ကြိမ် သွားစစ်ဆေးပေးသင့်တယ်။ နဲ့နေရင်၊ နာနေရင်၊ နုတ်သင့်နုတ်ပစ်တာ၊ သွားတုစိုက်တာ၊ အံကပ်တပ်တာလုပ်သင့်တယ်။ သွားကျန်းမာရေးကောင်းမွန်ပါမှ နှလုံးနှင့်ခံတွင်းရောဂါများကင်းစင်နိုင်လို့ သွားကျန်းမာရေးကို ဂရုစိုက်သင့်ပါတယ်။

# အက်ဖ်ဒီအေမှ အတည်ပြုချက်မရရှိသေးသည့် ဟော်မုန်းအားတိုးဆေးများကို အမေရိကန်နိုင်ငံမှ အမျိုးသမီးများ ပိုမိုသုံးစွဲလျက်ရှိဟု ဆို

အမေရိကန်နိုင်ငံတွင် အမေရိကန်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနမှ အတည်ပြုချက်မရရှိသေးသည့် ဟော်မုန်းဆေးများကို အမေရိကန်နိုင်ငံသူများ ပိုမိုသောက်သုံးလျက်ရှိကြောင်း သုတေသနပြုမှုတစ်ရပ်တွင် ဖော်ပြထားကြောင်း ရိုက်တာသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

သွေးဆုံးနေသည့်အသက်အရွယ်သို့ရောက်ရှိနေပြီဖြစ်သည့် အမျိုးသမီးများနှင့် သားအိမ်ထုတ်ထားသည့် အမျိုးသမီးများအနေဖြင့် ပုံမှန်ဟော်မုန်းဓာတ်ရရှိရန်အတွက် ဟော်မုန်းဓာတ်အားတိုးဆေးများကို အမေရိကန်အက်ဖ်ဒီအေ၏ခွင့်ပြုချက်မရရှိသေးဘဲ သောက်သုံးလျက်ရှိနေကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဟော်မုန်းပြုပြင်ပြောင်းလဲသည့် နည်းဖြင့်ကုသမှုခံယူနေသူပေါင်းမှာ တစ်နှစ်လျှင် ၂၆သန်းမှ ၃၃သန်းအထိရှိလာသဖြင့် ဟော်မုန်းဓာတ်လိုအပ်နေသည့် အမျိုးသမီးများအတွက် ဟော်မုန်းဆေးကို ထုတ်လုပ်ခဲ့သော်လည်း အက်ဖ်ဒီအေ၏အသိအမှတ်မပြုမီ ထုတ်လုပ်ရောင်းချနေခြင်းကို တားဆီးရမည်ဖြစ်ကြောင်း၊ အမျိုးသမီးများအနေဖြင့်လည်း အဆိုပါဟော်မုန်းဆေးများကို ဝယ်ယူသုံးစွဲခြင်းအား တားမြစ်ရမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။

ဟော်မုန်းအစားထိုးကုသနည်းကို အမေရိကန်အက်ဖ်ဒီအေထံသို့ ၂၀၀၂ ခုနှစ်ကတည်းက တင်ပြ၍အတည်ပြု ချက်ရယူထားသော်လည်း အက်ဖ်ဒီအေ၏ အတည်ပြုချက်ကို မရရှိသေးကြောင်း North American Menopause Society မှ ဒေါက်တာဂျိုအန်ပင့်ကာတန်က ပြောကြားခဲ့သည်။ သွေးဆုံးနေသည့်အမျိုးသမီးများ အနေဖြင့် အက်ဖ်ဒီအေမှ အတည်ပြု ချက်မရရှိသေးသည့် ဆေးများကိုသောက်သုံးမည့်အစား အတည်ပြုပြီးသားဆေးများကိုသာ သောက်သုံးကြရန် အက်ဖ်ဒီအေကတိုက်တွန်းထားကြောင်း သိရသည်။

**မယ်သီတာ**



# အရေပြားအလှအပအတွက် ကျန်းမာရေးနှင့်ပြည့်စုံသည့် အစားအစာများ စားသောက်တတ်ရန်လို

ခန္ဓာကိုယ်၏ အရေပြားအလှအပကို ထိန်းသိမ်းနိုင်ရန် ကျန်းမာရေးနှင့် ပြည်စုံသည့် အစားအစာများကို စားသောက်တတ်သည့် အလေ့အထကောင်းများ ထားရှိရန်လိုအပ်ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ခန္ဓာကိုယ်၏ အရေပြားအလှအပကို ထိန်းသိမ်းရန်အတွက် အာဟာရဖြစ်စေနိုင်သည့် အစားအစာများကို စားသုံးတတ်ရန်လိုကြောင်း၊ ကျန်းမာရေးညီညွတ်သော ခန္ဓာကိုယ်ကို ရယူပိုင်ဆိုင်နိုင်ရန်အတွက် ခန္ဓာကိုယ်အတွက် လိုအပ်သည့် ဗီတာမင်အေဘီစီဒီအီးတို့ကို အချိုးကျနစွာ စားသုံးကြရန်လိုအပ်ကြောင်း ကျန်းမာရေးဆိုင်ရာသုတေသီများက ညွှန်ပြထားကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဗီတာမင်ကြွယ်ဝသည့် အစားအစာများသည် သစ်သီးသစ်ဥများ၊ ဟင်းသီးဟင်းရွက်များ ဥပမာအားဖြင့် လိမ္မော်သီး၊ ပန်းသီး၊ မုန်လာဥနီတို့တွင် ပါဝင်ကြောင်း၊ ယင်းသစ်သီးသစ်ဥများ၊ ဟင်းသီးဟင်းရွက်များသည် ခန္ဓာကိုယ်၏ အရေပြားပျက်စီးခြင်းကို ကာကွယ်ပေးကြောင်း သိရသည်။

ထို့ပြင် အဆိုပါဗီတာမင်ကြွယ်ဝသည့် အစားအစာများသည် အသက်အရွယ်အလိုက်ဖြစ်တတ်သည့် ခန္ဓာကိုယ်အရေပြား လျော့ရဲတွဲကျခြင်း၊ နေရောင်ခြည်ကြောင့် အရေပြားပျက်စီးခြင်း၊ အသားအရေခြောက်သွေ့ခြင်းတို့ကိုပါ ပြန်လည်ဖြည့်ဆည်းပေးနိုင်သည့်အပြင် ကာကွယ်မှုကိုလည်းပေးနိုင်ကြောင်း သိရသည်။

ယင်းဗီတာမင်ဓာတ် ပေါကြွယ်ဝသည့်အစားအစာများတွင် အန်တီအောက်ဆီးဒင့်ဓာတ်များပါဝင်နေသဖြင့် ယခုကဲ့သို့ အရေပြားပျက်စီးမှုကို ကာကွယ်ပေးခြင်းဖြစ်သည်ဟုဆိုသည်။

ထို့ပြင် အိုမီဂါ-၃ ဓာတ်များ ပါဝင်သည့် သစ်စေ့အမျိုးမျိုး၊ ငါးအမျိုးမျိုးတို့သည်လည်း ဇရာကြောင့် အရေပြားလျော့ရဲ တွဲကျခြင်းတို့ကိုလည်း သက်သာစေနိုင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ခန္ဓာကိုယ် အရေပြားလှပလိုသူများအနေဖြင့် ရေကိုနေ့စဉ်လိုအပ်သည့် ပမာဏအတိုင်း သောက်သုံးရန်လိုအပ်ကြောင်း၊ ရေသည် အရေပြားခြောက်သွေ့မှုကို ကာကွယ်ပေးသည့်အပြင် အဆိပ်အတောက်များကိုလည်း ဖယ်ရှားပေးနိုင်သည့် အစွမ်းရှိသဖြင့် ရေကိုလုံလောက်စွာသောက်သုံးပေးသင့်ကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။

အရေပြားအလှအပကို ထိန်းသိမ်းလိုသူများအတွက် အထူးသတိပြု ရှောင်ရှားရမည့်အချက်မှာ သွေးအတွင်းသို့ သကြားဓာတ်လျင်မြန်စွာ ဝင်ရောက်နိုင်သည့် ကာဘိုဟိုက်ဒရိတ်များပမာဏ အများအပြားပါဝင်သည့် အစားအစာများ စားသုံးခြင်းကိုရှောင်ရှားရန် လိုအပ်သည်ဟုဆိုသည်။

ထို့ပြင် အရက်သေစာသောက်ခြင်းသည်လည်း သွေးအတွင်း သကြားဓာတ်ကို ပိုမိုလျင်မြန်စွာ ပျံ့နှံ့စေသဖြင့် အရက်သောက်ခြင်းကိုလည်းအရေပြား လှပလိုသူတို့ ရှောင်ကြဉ်ကြရမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# တစ်ဖက်နိုင်ငံရှိ အထူးယာယီဂိတ်ကြောင့် မိမိကုန်သည်များ ဆုံးရှုံးနစ်နာမှု တချို့နဲ့ ကြုံတွေ့နေရ

မောတောင်ဒေသအား တခြားနယ်စပ်ပေါက်များ နည်းတူ ဖွံ့ဖြိုးတိုးတက်စေချင်ကြောင်း၊ ရေထွက်ပစ္စည်းနဲ့ ပတ်သက်ပြီး မြိတ်ကုန်သည်များ ရနောင်းသို့ ရေကြောင်းနဲ့ တင်ပို့ရာမှာ အချိန်တစ်ရက်ခွဲခန့်ကြာမြင့်ပြီး ရနောင်းမှတစ်ဆင့် ထိုင်းနိုင်ငံ မဟာချိုင် ဈေးကွက်သို့ ဆက်လက်တင်ပို့ရတဲ့ အတွက် နှောင့်နှေးကြန့်ကြာမှုများရှိနေကြောင်း၊ မောတောင်နယ်စပ် အနေနဲ့ မဟာချိုင်ဈေးကွက်သို့ နေ့ချင်းပေါက်တင်ပို့နိုင်တဲ့ အားသာမှုရှိကြောင်း၊ ဒါပေမယ့် တစ်ဖက်နိုင်ငံ စင်ခွန်ဂိတ်မှာ အထူးယာယီဂိတ်ဖြစ်နေတဲ့အတွက် တစ်ဖက်နိုင်ငံ ဝယ်လက်ရဲ့ ဈေးနှိမ်ခြင်း၊ ငွေလိမ်လည်ခြင်းများကြောင့် မိမိတို့ ကုန်သည်များဆုံးရှုံးနစ်နာမှုတချို့နဲ့ ကြုံတွေ့နေရသောကြောင့် ရေထွက် ကုန်တင်ပို့မှုလျော့ကျခဲ့ရကြောင်း မောတောင် ကုန်သည်များနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက တင်ပြဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးချက်အပေါ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ တစ်ဖက်နိုင်ငံသို့ သွားရောက်၍ ကုန်သွယ်မှုအရ ဆက်သွယ်ရန် အခက်အခဲရှိပါက အတတ်နိုင်ဆုံး ဆက်သွယ်ဆောင်ရွက်ပေးမယ်လို့ ပြောကြားခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းသည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ပို့ကုန်ကန်ဒေါ်လာ သုည ဒသမ ၀၂၇ သန်း၊ သွင်းကုန်ကန်ဒေါ်လာ သုည ဒသမ ၇၁၇ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၇၄၄ သန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ လျာထားချက်အပေါ် ၁၁၁ ရာခိုင်နှုန်းကျော် ဆောင်ရွက်နိုင်ခဲ့တယ်လို့ သိရပါတယ်။

ပို့ကုန်ပိုင်းအနေနဲ့ ငါးမျိုးစုံ၊ တံမြက်စည်းနဲ့ သဘော်သီးများသာ အပို့ရှိပြီး လျာထားချက်ပြည့်မီခြင်းမရှိ ခဲ့ပါဘူး။ သို့သော် သွင်းကုန်ပိုင်းမှာ လုပ်ငန်းသုံး မော်တော်ယာဉ်၊ ဘိလပ်မြေ၊ လုပ်ငန်းသုံးလူသုံး ပလတ်စတစ်ပစ္စည်း။ သစ်သီးမျိုးစုံတို့ တင်သွင်းမှုရှိပြီး သွင်းကုန်လျာထားချက်ကိုကျော်လွန်ခဲ့သဖြင့် ကုန်သွယ်မှုပမာဏကိုလည်း ပြည့်မီကျော်လွန်စေခဲ့တာဖြစ်ပါတယ်။

ပို့ကုန်ပိုင်းမှာ ထုတ်လုပ်မှုအင်အား နည်းပါးနေပြီး တနင်္သာရီလမ်းပိုင်းပြင်ဆင်မှုများ ပြီးစီးလုနီးပါးဖြစ်ကြောင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာတာနဲ့အမျှ အခွင့်အလမ်းကောင်းများရရှိလာတော့မှာဖြစ်ကြောင်းနဲ့ ပို့ကုန်ပိုမိုတင်ပို့နိုင်ရန် ကြိုးစားကြစေလိုကြောင်း စခန်းတာဝန်ခံက ဒီဇင်ဘာလ ၃၁ ရက်က ပြုလုပ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးမှာပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

MIRT

# မြန်မာ-ထိုင်း ကုန်သွယ်မှု ယမန်နှစ်ထက် ပိုမိုတိုးတက်

မြန်မာ-ထိုင်းနယ်စပ်ရှိ ကျိုင်းတုံ၊ တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ မြိတ်၊ ထီးခီးနဲ့ မောတောင် ကုန်သွယ်ရေးစခန်းများမှ ၂၀၁၆ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း ပို့ကုန်ကန်ဒေါ်လာ ၁၅၇ ဒသမ ၆၈၅ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၅၆၉ ဒသမ ၆၅၁ သန်း၊ ကုန်သွယ်မှုပမာဏ ၇၂၇ ဒသမ ၃၃၆ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး ယမန်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ပို့ကုန် ကန်ဒေါ်လာ ၃၅ ဒသမ ၄၅၈ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၁၉၃ ဒသမ ၅၅၂ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂၂၉ ဒသမ ၀၁၀ သန်း ပိုမိုခဲ့ပါတယ်။

မြန်မာ-ထိုင်းနှစ်နိုင်ငံ ကုန်သွယ်မှုများမှာ နောင်နှစ်နှစ်အတွင်းမှာလည်း ဘတ် ၃၅၀ ဘီလီယံနှင့် ဘတ် ၄၂၀ ဘီလီယံကြားနှစ်ဆတိုးမြင့်တော့မယ့်အလားအလာများရှိနေသလို ပူးတွဲကုန်သွယ်မှုကော်မရှင် (JTC) နှင့် အာဆီယံပေါင်းစည်းရေးမှ တစ်ဆင့် ပိုမိုနီးကပ်တဲ့ ပူးပေါင်းဆောင်ရွက်မှုအရ တိုးမြှင့်လုပ်ဆောင်လျက် ရှိပါတယ်။

နှစ်နိုင်ငံစလုံးက ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် တခြားပူးပေါင်းဆောင်ရွက်မှုပုံစံများရှိ ဆက်ဆံမှုများကို အားကောင်းလာအောင် လုပ်ဆောင်မည်ဖြစ်ပြီး ယင်းသို့ဆောင်ရွက်မှုက အိမ်နီးချင်းနှစ်နိုင်ငံကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို ကူညီမြှင့်တင်ပေးသင့်ကြောင်း ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး အပီရာဒီတန်အရာမွန်က ဇန်နဝါရီ ၆ ရက်တွင် ပြောကြားခဲ့ပါတယ်။ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မည့် အဆိုပြုချက်များကို ဇန်နဝါရီလ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် နေပြည်တော်မှာ ကျင်းပမည့် ခုနစ်ကြိမ်မြောက် ပူးတွဲကုန်သွယ်မှုကော်မရှင် အစည်းအဝေးတွင် ဆွေးနွေးမှာဖြစ်ပါတယ်။ အပီရာဒီက ထိုင်းကိုယ်စားလှယ် အဖွဲ့ကို ဦးဆောင်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက အစည်းအဝေး သဘာပတိ အဖြစ်ဆောင်ရွက်မယ်လို့သိရှိရပါတယ်။

ခင်မြနွယ်

# မြဝတီကုန်သွယ်ရေးဇုန်မှ ကာလတူထက် ကုန်သွယ်မှုပမာဏပိုမိုဆောင်ရွက်

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်သည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၇၄ သန်းကျော်ဆောင်ရွက်နိုင်ခဲ့ပြီး ယမန်နှစ်ကာလ တူထက် ကန်ဒေါ်လာ ၂၆၂ သန်းကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပို့ကုန်ပိုင်းမှာ ပိုမိုဆောင်ရွက်နိုင်ရတဲ့ အကြောင်း ရင်းက အဓိကအားထားရတဲ့ လယ်ယာထွက်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်တဲ့အတွက်လို့ သိရပါတယ်။ လယ်ယာထွက်ကုန် အပြင် တိရစ္ဆာန်ထွက်ပစ္စည်းနဲ့အခြားပစ္စည်းအုပ်စုကို ပိုမိုတင်ပို့ ခဲ့ပြီး သစ်တောထွက်၊ ရေထွက်၊ သတ္တုတွင်းထွက်၊ စက်မှုကုန်ချောပစ္စည်းအုပ်စုတို့မှာမူ ကာလတူထက် လျော့နည်းတင်ပို့ခဲ့ပါတယ်။

သွင်းကုန်ပိုင်းမှာ ကာလတူထက် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း အုပ်စုလျော့နည်းတင်သွင်းခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှုအုပ်စုနဲ့ လူသုံးကုန်ပစ္စည်းအုပ်စုတို့ ပိုမိုတင်သွင်းနိုင်ခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းအုပ်စုမှ မော်တော်ယာဉ်နဲ့ မော်တော်ယာဉ်ပစ္စည်းများ၊ လယ်ယာသုံးနောက်တွဲယာဉ်နဲ့ အခြားယာဉ်များ၊ သံနဲ့သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းအုပ်စုမှ ဘက်ထရီခြောက်များ၊ စားအုန်းဆီ၊ ချည်ထည်များ၊ ဆေးဝါးပစ္စည်းများ ပိုမိုတင်သွင်းခဲ့တယ်လို့ မြဝတီကုန်သွယ်ရေးဇုန်မှ သတင်းရရှိပါတယ်။

အနီးစပ်ဆုံးကာလနဲ့ နှိုင်းယှဉ်ရာမှာလည်း ပို့ကုန်ရော သွင်းကုန်ပါ ပိုမိုဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကုန်သွယ်မှုပမာဏလည်း ပိုမိုခဲ့ပါတယ်။ မြဝတီကုန်သွယ်ရေးဇုန်ရဲ့ ဒီဇင် ဘာလအတွက် အများဆုံး ပို့ကုန်များမှာ မြေပဲဆန်၊ ငရုတ်သီးခြောက်၊ ငါးမျိုးစုံ၊ ကြက်သွန်နီ၊ ချုပ်ပြီးအဝတ်အထည်များ၊ ကဏန်း၊ နှမ်းနက်၊ ပုစွန်၊ သားရေစိမ်းနဲ့ သားရေချောတို့ဖြစ်ပြီး အများဆုံးသွင်းကုန်များမှာ မော်တော်ယာဉ်နဲ့ မော်တော်ယာဉ်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ် အပိုပစ္စည်းများ၊ လယ်ယာသုံးနောက်တွဲယာဉ်နဲ့ အခြားယာဉ်များ အဖျော်ယမကာ မျိုးစုံ၊ ရေနံထွက်ပစ္စည်းများ အလှကုန်ပစ္စည်းမျိုးစုံ၊ ဆပ်ပြာ၊ အင်ဂျင်များ၊ တာယာနဲ့ ကျွတ်များ၊ အခြားစက္ကူများဖြစ်ကြပါတယ်။

MIRT

## ယမန်နှစ်ကာလတူထက် နို့မှုန့်ပိုမိုတင်သွင်းသော်လည်း နို့ဆီ၊နို့စိမ်း တင်သွင်းမှုလျော့ကျ

ကုန်သွယ်ရေးဦးစီးဌာနမှ စာရင်းဇယားအချက်အလက်များအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒီဇင်ဘာလ ၂၅ ရက်ထိကာလအတွင်း နို့မှုန့် တန်ချိန် ရှစ်တန်ခွဲကျော် တင်သွင်းမှုရှိခဲ့ပြီး ယမန်နှစ်ကာလတူထက် တစ်တန်ခွဲကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယမန်နှစ်ကာလတူထက် နို့ဆီတင်သွင်းမှုမှာ ခြောက်တန်ကျော်နဲ့ နို့စိမ်း တင်သွင်းမှုမှာ ၁၆၉ ကီလိုဂရမ် လျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ နို့နဲ့နို့ထွက်ပစ္စည်းများကို ပင်လယ်ရေကြောင်းရော နယ်စပ်ကုန်သွယ်မှုနည်းလမ်းများနဲ့ပါ တင်သွင်းနေကြတာဖြစ်ပါတယ်။

MIRT

## ယမန်နှစ်ကာလတူထက် ဂျုံစေ့ပိုမိုတင်သွင်း

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဒီဇင်ဘာလ ၂၅ ရက်ထိကာလအတွင်း စက်မှုကုန်ကြမ်းအုပ်စုမှ ဂျုံစေ့တင်သွင်းမှုသည် တန်ချိန်အားဖြင့် ၂၅၃ တန်ကျော်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၇၇ သန်းကျော်ဖိုးရှိပြီး ယမန်နှစ်ကာလတူထက် တန်ချိန် ၂၂တန်ခန့် တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ခြောက်သန်းကျော်ဖိုး ပိုမိုတင်သွင်းနိုင်ခဲ့တယ်လို့သိရပါတယ်။

ဂျုံမှုန့်တင်သွင်းမှုမှာတော့ ယမန်နှစ်ကာလတူထက် တန်ချိန် ၂ ဒသမ ၆၉၅ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ တစ်သန်းကျော်ဖိုးလျော့နည်းတင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

MIRT

## မော်တော်ယာဉ်နဲ့ယာဉ်အပိုပစ္စည်းများ ကန်ဒေါ်လာ ၆၂ သန်းကျော်ဖိုးလျော့နည်း တင်သွင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဒီဇင်ဘာလ ၂၅ ရက်ထိ ကာလအတွင်း မော်တော်ယာဉ်နဲ့ မော်တော်ယာဉ်ပစ္စည်းတင်သွင်းမှုမှာ စီးရေ ၁၀၉၀၉၁ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၄၂၈ သန်းနီးပါးရှိခဲ့ပြီး ယမန်နှစ်ကာလတူထက် စီးရေ ၂၆၆၃၈ စီးလျော့နည်းတင်သွင်းခဲ့ပါတယ်။ လူစီးယာဉ်၊ ဘတ်စ်၊ ထရပ်ယာဉ်များ အသွင်းလျော့နည်းခဲ့ပြီး ယန္တရားနဲ့ ယာဉ်အပိုပစ္စည်းတို့ ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။

MIRT

## စိုက်ပျိုးရေးသွင်းအားစု ဓာတ်မြေဩဇာ ကာလတူထက် လျော့နည်းတင်သွင်း

ဧပြီလ ၁ ရက်မှ ဒီဇင်ဘာလ ၂၅ ရက်ထိကာလအတွင်းမှာ စိုက်ပျိုးရေး သွင်းအားစု ဓာတ်မြေဩဇာများ တင်သွင်းမှုသည်၈၅၆ တန်ကျော် တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၆၆ သန်းကျော်ဖိုးရှိခဲ့ပါတယ်။ ယမန်နှစ် ကာလတူမှာ ဓါတ်မြေဩဇာ တန်ချိန် ၉၃၀ ကျော် တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၈၈ သန်းဖိုး တင်သွင်းနိုင်ခဲ့တဲ့ အတွက် ယခုနှစ်မှာ ဓါတ်မြေဩဇာ တန်ချိန် ၇၄ တန်ကျော် ကန်ဒေါ်လာ ၂၁ သန်းကျော် လျော့နည်းတင်သွင်းခဲ့ တယ်လို့ သတင်းရရှိပါတယ်။

MIRT

## ယမန်နှစ်ကာလတူထက် သွင်းကုန်ကန်ဒေါ်လာ ၁၉၂ သန်းကျော်ပိုမိုဆောင်ရွက်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒီဇင်ဘာလ ၂၅ ရက်ထိ သွင်းကုန်ပမာဏသည် ယမန်နှစ်အလားတူ ကာလထက် ကန်ဒေါ်လာ ၁၉၂ သန်းကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ထိုသို့ပိုမိုရခြင်းမှာ သွင်းကုန်တန်ဖိုးများမှာ ရင်းနှီးမြှုပ်နှံမှုပစ္စည်းများဖြစ်တဲ့ သဘော်နဲ့သဘော်အပိုပစ္စည်းများ၊ တယ်လီဖုန်းနဲ့ ဆက်သွယ်ရေးကိရိယာများ၊ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးနဲ့ တပ်ဆင်ရေးပစ္စည်းများ၊ မော်တော်ယာဉ်နဲ့ မော်တော်ယာဉ်ပစ္စည်းများ၊ တွင်းထွက် (သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများဖြစ်တဲ့ သံနဲ့သံမဏိပစ္စည်းများ၊ အခြားစက္ကူများ၊ လုပ်ငန်းသုံးသီးနှံဆီများ၊ သုတ်ဆေးပေါလစ်များ၊ သတင်းစာစက္ကူများ ယခင်နှစ်ကာလတူထက် တင်သွင်းမှုပိုမိုခဲ့တယ်လို့ သိရပါတယ်။

MIRT

# နောက်ကြည့်မှန်ထဲက ၂၀၁၅ ခုနှစ်



မောင်မောင်အေး - လှိုင်ကော်

မော်တော်ကားပဲဖြစ်ဖြစ်၊ မော်တော်ဆိုင်ကယ်ပဲဖြစ်ဖြစ် မောင်းနှင်တဲ့သူတွေဟာ နောက်က မြင်ကွင်းကို သမင်လည်ပြန်သလို ပြန်လှည့်ကြည့်လို့ မရပါဘူး၊ ရှေ့က မြင်ကွင်းကိုလည်း လက်လွှတ်ခံလို့မရတော့ ခေါင်းကလေး စောင်း၊ မျက်လုံးကလေး ကစားပြီး ဘေးမှာတပ်ထားတဲ့ နောက်ကြည့်မှန်တွေ အကူအညီတွေနဲ့ ကြည့်နိုင်ပါတယ်။ ဒါမှလည်းနောက်မှာ ဘာတွေလာနေသလဲ၊ ဘာတွေကျော်လာခဲ့သလဲ၊ ဘာတွေကျန်ရစ်ခဲ့သလဲ၊ ဘာတွေ ကျကျန်ရစ်ခဲ့သလဲ ဒါတွေကို ပြန်လည်သုံးသပ်နိုင်ပါမယ်။

အခုဆိုရင် ၂၀၁၅ ခုနှစ်ကို ကျော်လွန်ခဲ့ပါပြီ။ ကိုယ်ကတော့ ရှေ့ကလာနေတဲ့ ၂၀၁၆ ခုနှစ်ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုပြီး လက်ဆွဲနှုတ်ဆက်နေပါပြီ၊ ဒါပေမဲ့ ၂၀၁၅ ခုနှစ်ထဲမှာ ဘာတွေဖြစ်ခဲ့သလို ဘာတွေလုပ်ခဲ့သလဲ ပြန်လည်သုံးသပ်ဖို့အတွက် လိုလာပါတယ်။ ဒါမှလည်း သင်ခန်းစာတွေရယူပြီး လာမယ့် ၂၀၁၆ ခုနှစ်ကို သာသာယာယာ ဖြတ်သန်းကျော်လွှားနိုင်မှာပါ။

ဒီလိုစိတ်ကူးနေမိတာက ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်နေ့ ည ၉း၀၀ နာရီကျော်ကျော်မှာပေါ့ခင်ဗျာ၊ အခြား ဌာနတွေကလုပ်တဲ့ နှစ်သစ်ကူးပွဲတွေ လိုက်တက်၊ အရက်မှန်း၊ ဘီယာမှန်း၊ ခေါင်ရည်မှန်းမသိ ရောနှော သောက်သုံးပြီး ကယား ဝက်အူချောင်း အမြီးကလေးတွေနဲ့ ဆိုတော့ ရီဝေတဲ့မှ --- ရီဝေ၊ မတ်တပ်ရပ်လိုက်ရင် ခြေထောက်တွေက သိုင်းကွက်နင်းမှာ ကြိုသိလို့ ခပ်တည်တည်နဲ့ စားပွဲမှာ ထိုင်နေမိတယ်။ ခေါင်းကတော့ ကိုယ့်ဖာသာကိုယ် ဣန္ဒြေမပျက်ထောင်ထားတယ်လို့တော့ ထင်တာပဲ၊ ဇက်ကတော့ကျိုးနေပြီ၊ လူကလည်း အသိမရှိတရှိ အိပ်တစ်ဝက်၊ ပျော်တစ်ဝက်နဲ့တူပါရဲ့။ ကာလနဂါးမင်းတို့ စည်းစိမ်ပေါ့ခင်ဗျာ၊ နှစ်တစ်နှစ်ကို အပြီးသတ်ဘိုင့်ဘိုင်လုပ်တာ စားပွဲသောက်ပွဲအရက်ပွဲနဲ့ခင်ဗျ၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ သူ့ကိုကြိုဆို ဝဲလ်ကမ်းလုပ်တုန်းကလည်း ဒီလိုမူးရူးပြီး ကြိုခဲ့ကြတာပဲ။

အောင်မယ်အိပ်မက်ထဲမှာဗျို့ ကိုယ်ရောင်ကိုယ်ဝါတောက်ပစွာနဲ့ ပုဂ္ဂိုလ်ထူး တစ်ပါးကကိုယ်ထင်ပြပြီး ရော့ဆိုပြီး ကျွန်တော့်ကို ချိန်ခွင်ကြီး တစ်လက်ပေးသဗျ။ ချိန်ခွင်က အဆန်းဗျ။တစ်ဖက်ကအမည်းရောင်၊ တစ်ဖက်က အဖြူရောင် ဘာရမလဲ၊ ချိန်ခွင်ဆိုတာ အလေးပါရဦးမှာ ပေါ့ဆိုပြီး အလေးပေးဦးဆိုပြီး တောင်းတော့ အလေးမပါဘူးတဲ့၊ ၂၀၁၅ ခုနှစ်က ကိုယ့်လုပ်ရပ်တွေကို ချိန်ခွင်နှစ်ဖက်မှာ ထည့်ချိန်ရမတဲ့။

၂၀၁၅ ခုနှစ်အတွင်း ကိုယ့်ရဲ့ ကောင်းတဲ့လုပ်ရပ်၊ ဖြစ်ရပ်တွေကို ချိန်ခွင်အဖြူဖက်မှာထည့်၊ မကောင်းတဲ့ လုပ်ရပ်၊ ဖြစ်ရပ်၊ အကြံအစည် စိတ်ကူးတွေကို ချိန်ခွင်အမည်းထဲမှာ ထည့်ပြီး ချိန်ရမတဲ့၊ ပြီးပြီးဆိုရင် ပြန်သုံးသပ် အဖြူက များနေသလား၊ အမည်းကအလေးသာသလားဆိုတာ၊ ဒီတော့မှ ၂၀၁၆ ခုနှစ်ထဲမှာ ကိုယ်ဘယ်လိုနေထိုင်ပြုမူရမယ်ဆိုတဲ့ သင်ခန်းစာများလည်း ရမယ်ဆိုသကိုးဗျ။

ဟုတ်ပြီ။ ဟန်ကျလိုက်လေ ဘယ်နေရာမှာချိန်ပြရမှာလဲဆိုတော့ လိပ်ပြာလုံတဲ့ လူတွေကတော့ လူရှေ့။ သူရှေ့ ပရိသတ်ဗိုလ်ပုံအလည်မှာချိန်ကြပေါ့၊ ကိုယ့်ကိုကိုယ့် သိပ်စိတ်မချရတဲ့သူတွေကတော့ ကိုယ့်အိမ် ကိုယ့်အခန်းထဲမှာ တံခါးဂျက်ထိုးပြီး ချိန်ပေါ့လို့ ပုဂ္ဂိုလ်ထူးကမိန့်မှာတယ်။ ဒါနဲ့ တခြားသူတွေလည်း သူ့အလုပ်နဲ့သူ အလုပ်များနေကြမှာကို သူတို့ကို ဒုက္ခမပေးတော့ပါဘူးလေဆိုပြီး ကိုယ့်အိမ်ကိုယ့်အခန်းထဲမှာပဲ တံခါးတွေပိတ်၊ ပြူတင်းပေါက်တွေပိတ်၊ ခန်းဆီးတွေချပြီး၊ ချိန်ဖို့တွယ်ဖို့ လုပ်ရတာကိုးခင်ဗျ၊ တခြားသူတွေကို ငဲ့ညှာလို့ပါနော်။

၂၀၁၅ ခုနှစ် ဒိုင်ယာရီကို ပြန်လှန်ပြီး ချိန်ခွင်ခွက်အဖြူထဲ ထည့်လိုက်၊ တစ်ခါတစ်လေ အမည်းဘက် ထည့်လိုက်ရနဲ့ တစ်ခါတစ်လေ အဖြူလည်းမဟုတ်၊ အမည်းလည်းမဟုတ်နဲ့ မီးခိုးရောင်လိုလို၊ အညိုရောင်လိုလို တွေပါလာသေးတယ်၊ ဒါတွေကိုလည်း စိတ်နှလုံးကောင်းကောင်းနဲ့ ထုံးနည်းနည်းတို့ပြီး အဖြူရောင်ဘက်ထည့်ပေးလိုက်တယ်။ ဘောလုံးပွဲက ဒိုင်လူကြီးတွေလိုပဲ နည်းနည်းတော့ပင်းရတာပေါ့။

၂၀၁၅ ခုနှစ်၊ ဒိုင်ယာရီရဲ့ လေးပုံသုံးပုံသာ ကျိုးသွားတယ်။ ချိန်ခွင်ခွက်အဖြူဘက်မှာ ခပ်ပါးပါး၊ အမည်းဘက်မှာတော့ ခပ်မောက်မောက် ခပ်လျှံလျှံ ဘယ်လိုဖြစ်လို့ပါလိမ့်လို့ ပြန်တွေးတော့ လောဘ၊ ဒေါသ၊ မောဟတွေများခဲ့တာကို ကာယဒုစရိုက်၊ ဝစီဒုစရိုက်တွေကတော့ လူမသိ၊ သူမသိဟန်ဆောင်နိုင်ပေမဲ့ မနောဒုစရိုက်ကတော့ သူများသာ ညာလို့ရမယ်၊ ကိုယ့်ကိုကိုယ်တော့ မညာနိုင်ဘူး၊ ဘယ်သူမပြုမိမိမှုကိုး၊ ဒါကြောင့် ချိန်ခွင်ခွက်အမည်းဘက်မှာ ကတ္တရာပုံးက အဖေခေါ်ရပြီး မီးသွေးခဲက အဘခေါ်ရလောက်အောင် မည်းညစ်နေတာကိုး။

ဒါတွေဟာ ယူတတ်မယ်ဆိုရင် သင်ခန်းစာတွေပဲ ပြုပြင်ရမှာပေါ့လေ။ လာမယ့် ၂၀၁၆ ခုနှစ်မှာ ပြုပြင်ရအောင် ဆိုတော့လည်း သူများတွေ ၂၀၁၆ ခုနှစ်ဆိုတဲ့ တစ်လက်မ တစ်လနဲ့ ၁၂ လက်မ ပေတံကိုယ်စီရပေမယ့် ကိုယ်ကျတော့ ကွန်ပါဘူးထဲက ၆ လက်မသာသာ ပေတံတိုပဲရတော့တယ်၊ ၆ လကျော် ၇ လဆိုရင် ပင်စင်သွားရတော့မယ်လေ။ ဝန်ထမ်းသက်ရက် ၂၀၀ တောင်မပြည့်ချင်တော့ဘူး။

အိပ်မက်ကမပြီးသေးဘူး၊ ချိန်ခွင်ပေးတဲ့ ပုဂ္ဂိုလ်ထူးက အရောင်တူအိတ်နှစ်လုံးပေးပြီး အဖြူရောင်ချိန်ခွင်ခွက်ထဲက တစ်အိတ်၊ အမည်းရောင်ဘက်က တစ်အိတ်ထည့်ထားစေတယ်၊ ပြီးတော့ အဖြူရောင်ထည့်တဲ့ အိတ်ကို ဘယ်ဘက် အမည်းရောင်ထည့်တဲ့ အိတ်ကိုညာဘက် အဲဒီလိုချထားခိုင်းတယ်၊ ကိုယ်တို့က အမည်းရောင်အိတ် ခပ်ကြီးကြီး ဆိုတော့ စိတ်ပူတာပေါ့။

အဲဒီအချိန်မှာ ပုဂ္ဂိုလ်ထူးရဲ့ ဌာနချုပ်က မိုဘိုင်းဖုန်းနဲ့ဆက်ပြီး အမြန်ခေါ်လို့ သူ့ရဲ့ယာဉ်မောင်းထိုင်ခုံမှာ ထိုင်ပြီး နောက်ကြည့်မှန်ကနေ ကိုယ်တို့ အထုပ်တွေကို လှမ်းပြီး အမှတ်ပေးနေတာတွေ့ရတယ်။ တော်ပါသေးရဲ့ သူ့ရဲ့ နောက်ကြည့်မှန်ထဲမှာ ဘယ်ကဟာညာ၊ ညာဘက်ကဟာ ဘယ်ဘက်မှာ ပေါ်တာကိုး ပြောင်းပြန်မှတ်တမ်းတင်သွားတယ်၊ ကံကောင်းလို့၊ အဲဒီအချိန်မှာပဲ ၁၀၊ ၉၊ ၈၊ ၇၊ ၆၊ ၅၊ ၄၊ ၃၊ ၂၊ "ဟေး" ဆိုတဲ့ အသံနဲ့အတူ ရှိသမျှမီးရှူးမီးပန်း၊ ဗျောက်အိုးကြီးငယ်တွေရဲ့အသံနဲ့ ၂၀၁၆ ခုနှစ်ဟာ နားနှစ်ဖက်ပိတ်ပြီး ဆောင့်ကြီး အောင့်ကြီးနဲ့ ရောက်ချလာပါရော၊ အော်တဲ့သူတွေလည်း သူ့အသံမှပါမသွားရင် ၂၀၁၆ ခုနှစ်ဆိုတာကြီးက ပြန်လှည့်သွားမှာ စိုးရိမ်တဲ့အတိုင်း တစ်ယောက်မကျန် မပျက်မကွက် ပြိုင်တူအော်ကြတာ ကြားရပါတယ်။

ချိန်ခွင် အိပ်မက် မက်နေတဲ့ စာရေးသူမှာလည်း အင်မတန်ဆိုးရွားလှတဲ့အသံဗလံများကြောင့် လန့်နိုးပြီး နှစ်စက္ကန့်မျှ နောက်ကျကာ "ဟေး" လို့ အော်မိလိုက်တဲ့အတွက် ခွင့်လွှတ်ပေးပါမည့် အကြောင်း ၂၀၁၆ ခုနှစ်ကြီးခင်ဗျား. . . .

နှစ်သစ်မှာ ကျန်းမာ၊ ရွှင်လန်း၊ စိတ်နှလုံးချမ်းမြေ့ကြပါစေ။

## ကော့သောင်းနဲ့ မြိတ်ကုန်သွယ်ရေး စခန်းတို့မှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေး စခန်းတို့မှ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်အတွင်း ကန်ဒေါ်လာ ၄ ဒသမ ၂၄၀ သန်းတန်ဖိုးရှိရေထွက်ကုန် ၄၃၃၉ တန်ကျော် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၇၄၄ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ဝ၈၅ သန်း တန်ဖိုးရှိ ငါးမျိုးစုံ ၃၄ တန်ကျော်၊ကဏန်း ၁၆ တန်ကျော်နဲ့ ပုစွန် နှစ်တန်နီးပါး တင်ပို့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၆၈ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၁၆၄ သန်း တန်ဖိုးရှိ ငါးမျိုးစုံ ၁၃၇၉ တန်ကျော်၊ ကင်းမွန် ၃၆ တန်ကျော်၊ ပုစွန်လေး တန်ကျော်နဲ့ အခြားရေထွက်ပစ္စည်း လေးတန်ကျော်တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၅၄၅ တန်ကျာ် ပိုမိုတင်ပို့ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၂ ဒသမ ၉၉၁ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၁၂၉၈ တန်ကျော်၊ ငါးခြောက် ၁၀ တန်ကျော်၊ ကဏန်းနီ ၁၈ တန်၊ အေးခဲကဏန်းပျော့ ၁၆ တန်ကျော်၊ကင်းမွန် ၆၁ တန်ကျော်၊ ရေခန်ပုစွန် ၃၅ တန်ကျော်၊ ငါးမှုန့် ၁၄၂၀ တန်နဲ့ သဲကဏန်း ၇၇၅ ကီလိုဂရမ် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၂၆၇ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

## စစ်တွေကုန်သွယ်ရေးစခန်းက ဒီဇင်ဘာလတွင် ရေထွက်ကုန်အများဆုံးတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ကန်ဒေါ်လာ သုည ဒသမ ၁၅၇ သန်းတန်ဖိုးရှိ ရေထွက်ကုန်ပစ္စည်းဖြစ်တဲ့ ရေချိုငါးမြစ်ချင်း တန် ၁၅၀ ကျော် အများဆုံး တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်နိုဝင်ဘာလမှာ ကန်ဒေါ်လာ သုည ဒသမ ၂၃၅ သန်း တန်ဖိုးရှိ ရေချိုငါးမြစ်ချင်း ၂၃၈ တန် တင်ပို့ခဲ့တာမို့ ယခုလမှာ ရေချိုငါးမြစ်ချင်း တန် ၈၀ ကျော်လျော့နည်း တင်ပို့ခဲ့တာတွေ့ရပါတယ်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ရေထွက်ကုန်ပစ္စည်းအပြင် ကန်ဒေါ်လာ သုည ဒသမ ဝ၃၄ သန်းတန်ဖိုးရှိစက်မှုကုန်ချောပစ္စည်းဖြစ်တဲ့ ဆီးယိုထုပ် ၁၀၄ တန် တင်ပို့နိုင်ခဲ့ပါတယ်။ ကန်ဒေါ်လာ သုညဒသမ ၂၃၉ သန်းတန်ဖိုးရှိ လယ်ယာထွက်ကုန်တန်ချိန် ၃၇၀ ကျော်ကိုလည်း တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ လယ်ယာထွက်ကုန်ပစ္စည်းများကတော့ မန်ကျည်းစေ့ ၂၆၆ တန်၊ ဆီးဖတ် ၆၆ တန်၊ စမုန်နက် ၃ တင်တို့ဖြစ်ပြီး ကန်ဒေါ်လာ သုညဒသမ ဝဝ၅ သန်းတန်ဖိုးရှိ သစ်တောထွက်ပစ္စည်းဖြစ်တဲ့ ကြိမ် ၁၀ တန် ကိုလည်း တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း**

Vol: 16, No.2 Monday January 11 2016




ကမ္ဘာ့စီးပွားရေး အင်အားအကြီးဆုံးဖြစ်သည့် အမေရိကန်ပြည်ထောင်စု၏ ငွေကြေးဖြစ်သော အမေရိကန်ဒေါ်လာဈေးအတက်အကျသည် တစ်ကမ္ဘာလုံးစီးပွားရေးကိုရိုက်ခတ်မှုများ ရှိမည်ဖြစ်သည်။ ဒေါ်လာဈေးအတက်အကျကြောင့် ကောင်းကျိုးစီးပွားများ တိုးတက်လာသည့် နိုင်ငံများရှိသလို အကျိုးစီးပွားထိခိုက်စေမည့်နိုင်ငံများလည်းရှိသည်။ ယေဘုယျအားဖြင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်လာလျှင် ယင်းနိုင်ငံ၏ ငွေကြေးတန်ဖိုးသည်လည်း တက်လာလေ့ရှိသည်။ တစ်ဆက်တည်းမှာပင် နိုင်ငံပိုင် လုပ်ငန်းကြီးများနှင့် နိုင်ငံသားများပိုင် ကုမ္ပဏီကြီးများ၏ စီးပွားရေးတက်လာမှုကြောင့် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး တက်ခြင်း၊ အလုပ်လက်မဲ့များ နည်းပါးခြင်း၊ ငွေဖောင်းပွမှုထိန်းချုပ်နိုင်ခြင်း၊ အစုရှယ်ယာများ ဈေးတက်လာခြင်းတို့အပြင် ငွေကြေးမာလာမှုကြောင့် ပြည်သူတိုင်းဝယ်လိုအား ပိုမိုတက်လာခြင်း နှင့် ပိုမိုကြွယ်ဝလာသည့် ကောင်းကျိုးများ တွေ့ရမည်ဖြစ်သည်။

## ဘာကြောင့် ဒေါ်လာဈေး အတက်ဘက်မှာရှိနေရသလဲ

အမေရိကန်နိုင်ငံမှ စတင်ခဲ့သည့် ၂၀၀၈ ခုနှစ် ဘဏ္ဍာရေးအကျပ်အတည်း (Global Financial Crisis) ကြောင့် အမေရိကန်စီးပွားရေးကျဆင်းလာခဲ့ပြီး ဒေါ်လာတန်ဖိုး ကျဆင်းခဲ့သည်။ ၂၀၁၁၊ ၂၀၁၂ ခုနှစ်အတွင်း ကြွေးမြီပြဿနာ (Debt Problem) ကြောင့် ဥရောပနိုင်ငံများ၏ စီးပွားရေးသည် ယနေ့ထိ ရုန်းကန်နေရဆဲဖြစ်သည်။ သို့သော် အမေရိကန် စီးပွားရေးသည် ၂၀၁၂ ခုနှစ်မှ စ၍ ထိရောက်သည့် စီးပွားရေး နာလန်ပြန်ထူရေး အစီအစဉ်များကြောင့် ၂၀၁၂ နောက်ပိုင်း စီးပွားရေး ပြန်လည်နာလန်ထူလာသလို နိုင်ငံတကာဈေးကွက်များတွင်လည်း ဒေါ်လာငွေကြေးတန်ဖိုး အထိုက်အလျောက် တက်လာခဲ့သည်။ အထူးသဖြင့် ၂၀၁၄ ခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးတိုးတက်မှုနှုန်း (GDP တိုးတက်နှုန်း) သည် ဒုတိယ သုံးလပတ်အတွင်း ၄ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့သောကြောင့် ၂၀၀၈ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးဖြစ်လာသည့်အတွက် အမေရိကန်နိုင်ငံအပေါ် ကမ္ဘာ့နိုင်ငံများနှင့် နိုင်ငံတကာ လုပ်ငန်းရှင်များ၏ ယုံကြည်မှုတိုးမြင့်လာနေကြောင်း တွေ့ရသည်။ အမေရိကန်ဒေါ်လာသည် အမေရိကန်နိုင်ငံ၏ တရားဝင်ငွေကြေးသာမက နိုင်ငံတကာသုံး ငွေကြေးယူနစ်ဖြစ်သောကြောင့် ကမ္ဘာ့ကုန်သွယ်မှု၏ ၆၀ ရာခိုင်နှုန်း ကျော်ကို အမေရိကန် ဒေါ်လာနှင့်ပြုလုပ်နေသလို နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံ တကာငွေကြေးလည်ပတ်မှုများတွင်လည်း ဒေါ်လာငွေကြေးကိုသာ အဓိကထားသုံးစွဲနေဆဲဖြစ်သည်။ ထို့ကြောင့် ဒေါ်လာငွေကြေး အတက်အကျသည် နိုင်ငံတိုင်းအတွက် အကျိုးသက်ရောက်မှုများ ရှိမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတိုင်းမှ အရန်နိုင်ငံခြားရန်ပုံငွေ (Foreign Reserve) ကိုလည်း ဒေါ်လာနှင့်ရွှေတို့ကို အများဆုံး ထားလေ့ရှိရာ ဒေါ်လာဈေးနှင့် ရွှေဈေးများနီးကပ်စွာ ဆက်စပ်နေကြောင်းတွေ့ရသည်။ ယေဘုယျအားဖြင့် (Foreign Reserve) အတွက် ဒေါ်လာနှင့် ရွှေမည်မျှထားမည်ဆိုသည့်အချက်မှာ ၎င်းတို့၏ ဈေးနှုန်းများ အပေါ်မူတည်ပြီး ဒေါ်လာနှင့်ရွှေကိုချိန်စက် လေ့ရှိသည်။ ထို့ကြောင့် နိုင်ငံတိုင်းအတွက်ဒေါ်လာသည် တန်ဖိုး ထိန်းသိမ်းသိုလှောင်သည့်အရာ (Store of Value) လည်းဖြစ်သည်။

အမေရိကန်ဒေါ်လာ ငွေကြေးအတက်အကျကို ပြဋ္ဌာန်းသည့်အချက်ပေါင်း ၅၀ ခန့်ရှိပြီး အရေးပါသည့်အချက်များမှာ လက်ရှိအမေရိကန်စီးပွားရေးနှင့် အလားအလာ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ နိုင်ငံရေး၊ ဗဟိုဘဏ်၏ မူဝါဒ၊ အတိုးနှုန်း၊ အမေရိကန်ဒေါ်လာဝယ်လိုအားနှင့် ရောင်းလိုအား၊ ငွေဖောင်းပွမှုအစိုးရဘတ်ဂျက်၊ သမ္မတ၏ ထင်ပေါ်မှု (President Popularity)၊ အကြမ်းဖက်မှုအခြေအနေ၊ အရင်းအနှီးဈေးကွက်၊ အိမ်ရာ ဈေးကွက်အခြေအနေစသည်တို့ကြောင့် ဒေါ်လာဈေးအပြောင်း အလဲကိုဖြစ်စေသည်။

ကမ္ဘာ့စီးပွားရေးကို အဓိကရိုက်ခတ်သည့် ဈေးနှုန်းများအနက် ဒေါ်လာဈေးနှုန်းအတက်အကျအပြင် ရေနံဈေးနှုန်း၊ ရွှေဈေးနှုန်းများသည်လည်း အရေးပါသည့်ဈေးနှုန်းများဖြစ်သည်။ ကမ္ဘာ့စီးပွားရေးတွင်ဒေါ်လာဈေးနှင့် ရွှေ၊ ရေနံဈေးများဆန့်ကျင်ဘက်ဆက်စပ်မှုများအမြဲတွေ့ရလေ့ရှိသည်။ ဆိုလိုသည်မှာ ရေနံဈေးတက်သည့်အချိန်များတွင် ဒေါ်လာဈေးကျလာသလို ကမ္ဘာ့ရွှေဈေးနှင့်လည်း ပြောင်းပြန်ဆက်စပ်ကြောင်းတွေ့ရသည်။

၂၀၀၈ ခုနှစ် ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းကာလနောက်ပိုင်း ကမ္ဘာ့ရွှေဈေးနှုန်းတောက်လျှောက်တက်လာခဲ့သလို ကမ္ဘာ့ ရေနံဈေးနှုန်းများတက်လာခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် အမြင့်ဆုံးဈေးနှုန်း များဖြစ်ခဲ့ပြီး ကမ္ဘာ့ရွှေဈေးတစ်အောင်စလျှင် ဒေါ်လာ ၁၉၀၀ ဝန်းကျင်အထိစံချိန်တင်မြင့်တက်ခဲ့သည်။ ယင်းနောက်ပိုင်း ကမ္ဘာ့ ရွှေဈေးရော ရေနံဈေးနှုန်းပါ ကျဆင်းလာခဲ့သည်။ အမေရိကန် ပြည်ထောင်စု၏ လက်ရှိကာလများတွင် ရေနံတိုးချဲ့ထုတ်လုပ်နိုင်မှု ကလည်း OPEC ဟုခေါ်သည့် ရေနံထုတ်လုပ်တင်ပို့သောနိုင်ငံများ၏ လက်ဝါးကြီးအုပ်ဈေးနှုန်းလွှမ်းမိုးထားနိုင်မှုကိုတန်ပြန်နိုင်မှုကြောင့်လည်းဖြစ်သည်။

ထို့အတွက် အမေရိကန်ဒေါ်လာသည် တစ်ကမ္ဘာလုံးရှိဈေးကွက်တိုင်းတွင် ဈေးတက်ရိပ်တောက်လျှောက်ဖြစ်ပေါ်နေပြီး ကမ္ဘာတစ်ဝန်းလုံးနှင့် စီးပွားရေးပေါင်းစည်းမှုများလေ ရိုက်ခတ်မှုများလေဖြစ်သည်။ အမေရိကန်၏ စီးပွားရေး ယခင်ကထက်တိုးတက်မှုများရှိလာခြင်းသည် ဒေါ်လာဈေးတက်ခြင်း၏ အခြေခံအကြောင်းတရားပင်ဖြစ်သည်။အခြားဆက်နွယ်နေသည့် အကြောင်းများမှာ နိုင်ငံတကာကုမ္ပဏီကြီးများ အမေရိကန်တွင် ပိုမိုရင်းနှီးမြှုပ်နှံလိုမှုတို့ကြောင့် အမေရိကန်ဒေါ်လာ ပိုမိုဝယ်ယူလေ ဈေးတက်လေဖြစ်သည်။ ထို့ပြင် နိုင်ငံတိုင်းထားသည့် အရန် ရန်ပုံငွေ (Foreign Reserve) တွင်လည်း ဒေါ်လာခိုင်မာလာမှုနှင့် အတူ ယုံကြည်မှုပိုမိုရှိလာသည့်အတွက် ရွှေအစားဒေါ်လာကို ပိုမိုကိုင်ဆောင်လာမှုကြောင့် ကမ္ဘာပေါ်တွင် အမေရိကန်ဒေါ်လာဈေးတက်လာခြင်းဖြစ်သည်။

## ဘာကြောင့် မြန်မာနိုင်ငံတွင် ဒေါ်လာဈေး တက်ရိပ်ရှိနေရသလဲ

ကမ္ဘာတစ်ခုလုံးနှင့် စီးပွားရေးပေါင်းစည်းမှုတိုးပွားလာသည့် မြန်မာနိုင်ငံတွင်လည်း ဒေါ်လာဈေးအလှုပ်ကြောင့် အကျိုးသက်ရောက်မှုများရှိကြောင်းတွေ့ရသည်။ အမေရိကန်ဒေါ်လာ ဈေးသည် ဇူလိုင်လမှစပြီး တက်ရိပ်ပြလာရာမှ စက်တင်ဘာလအတွင်း သိသိသာသာတက်လာခဲ့သည့်အတွက် တစ်ဒေါ်လာဈေးနှုန်း ကျပ်တစ်ထောင်နီးပါးသို့ ရောက်ရှိခဲ့ပြီး၊ လကုန်ပိုင်းတွင် မဆိုစလောက်ပြန်ကျခဲ့သည်။ စာရင်းဇယားများအရ ၂၀၀၇ ခုနှစ် တွင် ဒေါ်လာဈေး ကျပ် ၁၃၆၅ ဝန်းကျင်အထိရှိခဲ့ပြီးနောက် ဒေါ်လာ ဈေးပြန်ကျလာကာ အစိုးရသစ်လက်ထက် ၂၀၁၁ ခုနှစ် ဩဂုတ်လ တွင် အနိမ့်ဆုံး ၇၂၅ ကျပ်အထိ ကျဆင်းခဲ့သည်။ စက်တင်ဘာ ၂၉ ရက်တွင် ပြင်ပပေါက်ဈေးအမြင့်ဆုံး ကျပ် ၉၉၇ ဈေးနှုန်း ဖြစ်လာခဲ့သည်။

ထို့နောက် အောက်တိုဘာလဆန်းပိုင်းမှစ၍ ဒေါ်လာဈေး မြင့်တက်ခဲ့ရာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလကုန်တွင် အမေရိကန်ဒေါ်လာ

> မြန်မာနိုင်ငံတွင် ဒေါ်လာဈေး
> တက်လာရခြင်းမှာ ကမ္ဘာတစ်ဝန်းလုံးနှင့်
> ပေါင်းစည်းမှုများလာသည့်
> မြန်မာနိုင်ငံအတွက်လည်း ကမ္ဘာ့စီးပွားရေးတွင်
> ဖြစ်ပေါ်နေသည့်အတိုင်း မြန်မာနိုင်ငံတွင်
> ဖြစ်ပေါ်နေခြင်းဖြစ်သည်။

လဲလှယ်နှုန်းသည် ၁၃၁၅ကျပ်သို့ အမြင့်ဆုံးနှုန်းအဖြစ်ရောက်ရှိခဲ့သည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလကုန်၊ အောက်တိုဘာလဆန်းပိုင်းမှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းအထိ ကာလများသည် အမေရိကန် ဒေါ်လာ လဲလှယ်နှုန်း အတက်ကြမ်းသည့်ကာလဟုပင် ဆိုနိုင်ပေသည်။

မြန်မာနိုင်ငံတွင် ဒေါ်လာဈေးတက်လာရခြင်းမှာ ကမ္ဘာတစ်ဝန်းလုံးနှင့် ပေါင်းစည်းမှုများလာသည့် မြန်မာနိုင်ငံအတွက်လည်း ကမ္ဘာ့စီးပွားရေးတွင် ဖြစ်ပေါ်နေသည့်အတိုင်း မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေခြင်းဖြစ်သည်။ အမေရိကန်၏ စီးပွားရေးနာလန်ထူလာမှုကြောင့် နိုင်ငံတကာဈေးကွက်များတွင် အမေရိကန်ဒေါ်လာဈေးနှုန်းမြင့်လာသလို မြန်မာနိုင်ငံ၌လည်းမြင့်လာခြင်းသည် အခြေခံအကြောင်းရင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒေါ်လာဈေး တိုးမြင့်မှုကို အားပေးနေသည့် အချက်များ သို့မဟုတ် မြန်မာနိုင်ငံအတွင်း ဒေါ်လာဝယ်လိုအားနှင့် ရောင်းလိုအားအရ ကြည့်မည်ဆိုလျှင် ဒေါ်လာဝယ်လိုအား ပိုများနေမှုကြောင့်ပင်ဖြစ်သည်။ ဝယ်လိုအားဘက်မှ သုံးသပ်လျှင် ပို့ကုန်သွင်းကုန်ချိန်ဆက်မှုအရ ကြည့်သော် သွင်းကုန်တန်ဖိုးက ပို့ကုန်တန်ဖိုးထက်များသောကြောင့် ဒေါ်လာဝယ်လိုအား ပိုများမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း ဒေါ်လာရောင်းလိုအားအရကြည့်သော် ပို့ကုန်များသာမက နိုင်ငံခြားဝင်ငွေဖြင့်ရရှိသော ဝန်ဆောင်မှုပို့ကုန်များဖြစ်သည့် ဟိုတယ်နှင့် ခရီးသွားလာရေး၊ အဆောက်အအုံနှင့် ဌားရမ်းခများ၊ နိုင်ငံခြားကုမ္ပဏီကြီး

များနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ အပြင် နိုင်ငံတကာသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် ရွှေ့ပြောင်းလုပ်သားများ၏ လွှဲပြောင်းငွေများစသည်တို့ အကျုံးဝင်ပါ သည်။ လက်ရှိကာလများအတွင်း အရေးပါသည့်နိုင်ငံခြားမှ လွှဲပြောင်းငွေများ၊ ကျဆင်းမှုများ ရှိလာရခြင်းမှာ ထိုင်းနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲ၊ တင်းကျပ်လာသည့်မလေးရှားလုပ်ငန်း အခြေအနေများနှင့် ဆက်စပ်နေပါသည်။မကြာမီ နိုင်ငံခြားဘဏ်များ ဒေါ်လာဖြင့်ငွေချေးနိုင်မှုကြောင့် အတိုင်းအတာတစ်ခုထိ ဒေါ်လာရောင်းလိုအားကို တက်စေမည်ဖြစ်သည်။

## ဒေါ်လာဈေးအတက်ကြောင့် အကျိုးသက်ရောက်မှုများ

ဒေါ်လာဈေးအတက်ကြောင့် မြန်မာ့စီးပွားရေးအပေါ် ရိုက်ခတ်မှုတွင် ကောင်းကျိုးများရှိသလို ဆိုးကျိုးများလည်းဖြစ်ပေါ်နိုင်သည်။ ဆိုးကျိုးများနှင့်အတူ ဒေါ်လာဈေးတက်လာမှုကြောင့် သွင်းကုန်များ၏ တန်ဖိုးများမြင့်တက်လာမှုမှတစ်ဆင့် ပြည်တွင်းကုန်ဈေးနှုန်းကိုမြင့်တက်စေပြီး ငွေဖောင်းပွမှုနှုန်းတိုးတက်စေမည်ဖြစ်၍ ပြည်သူများ၏ ဝယ်ယူနိုင်စွမ်းအား (Purchasing Power) ကျဆင်းမှုကြောင့် ထိခိုက်နိုင်ပေသည်။ သို့သော် တကယ့်လက်တွေ့တွင် ထိခိုက်နိုင်မှု အတိမ်အနက်မှာမူ တင်သွင်းနေသည့်ကုန်စည်အမျိုးအစားများနှင့် တိုက်ရိုက်ဆက်စပ်ပေသည်။ ထို့အတွက် လက်ရှိတင်သွင်းနေသည့် သွင်းကုန်အမျိုးအစားအလိုက်ကြည့်သော် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း (Investment Goods)၊ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်း (Inter-Industrial Use) နှင့် လူသုံးကုန်ပစ္စည်း (Consumer Goods) ဟူ၍ သုံးပိုင်းရှိပြီး ယခု နှစ်တင်သွင်းမှုတန်ဖိုး (စက်တင်ဘာလ တတိယပတ်အထိ) တန်ဖိုး ဒေါ်လာ ၇ ဒသမ ၇၆ ဘီလီယံအနက် ရင်းနှီးမြှုပ်နှံမှုကုန်စည်တန်ဖိုး ၃ ဒသမ ၅၈ ဘီလီယံ (၄၆ ရာခိုင်နှုန်း)၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တန်ဖိုး ဒေါ်လာ ၂ ဒသမ ၅၆ ဘီလီယံ (၃၆ ရာခိုင်နှုန်း)နှင့် လူသုံး ကုန်ပစ္စည်း တန်ဖိုးဒေါ်လာ ၁ ဒသမ ၄၃ ဘီလီယံ (၁၈ ရာခိုင်နှုန်း)ခန့် အသီးသီး ဖြစ်သည်။ ရင်းနှီးကုန်ပစ္စည်းများတွင် ယာဉ်ယန္တရားကြီးများ၊ စက်နှင့်စက်ပစ္စည်းများ၊ ဆောက်လုပ်ရေး ဆိုင်ရာပစ္စည်းများ၊ ယာဉ်နှင့် သယ်ယူပို့ဆောင်ရေးပစ္စည်းများ၊ သံ၊ သံမဏိနှင့် စတီး များ၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းများနှင့် ဘိလပ်မြေ စသည်တို့ အဓိကပါဝင်ပြီး လုပ်ငန်းသုံးကုန်ကြမ်းတွင် ဒီဇယ်၊ ဓါတ်ဆီ၊ စားအုန်းဆီနှင့် ဓါတ်မြေသြဇာတို့ အများဆုံးပါဝင်ကာ လူသုံးကုန် အုပ်စုတွင် နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်၊ ဆေးဝါးနှင့် ဂျုံစေ့တို့ အဓိကပါဝင် သည်။ ရင်းနှီးကုန်စည်များအနက် ပြန်လည်ထုတ်ယူနိုင်သည့် (Draw Back) အမျိုးအစားဖြစ်သည့် အကြီးစားဆောက်လုပ်ရေးဆိုင်ရာ စက်ယန္တရားများ၊ အကြီးစားယာဉ်ယန္တရားများမှာ စီမံကိန်းတည်ဆောက်ရေးအတွက်သာ တင်သွင်းခြင်းဖြစ်ပြီး စီမံကိန်းပြီးပါက ပြန်လည်ထုတ်ယူသွားမည်ဖြစ်သည့်အတွက် ငွေကြေးအားဖြင့် လက်တွေ့မပေးချေရဘဲ စာရင်းမှတ်သည့် သဘောသာဖြစ်သည်။ ဆိုလိုသည်မှာ ရင်းနှီးကုန်စည်ကြောင့် ကုန်သွယ်မှုလိုငွေဖြစ်ပေါ်နေမှုကို ပူစရာမလိုပေ။

ရေရှည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ထုတ်လုပ်မှုစွမ်းအားရှိသည့် တန်ဖိုးမြှင့်ဆင့်တက်ပြုပြင်သည့် လုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံတကာကုမ္ပဏီကြီးများ အထူးဖိတ်ခေါ်နေချိန်ဖြစ်သလို လက်ရှိကာလများအတွင်း ဝင်ရောက်လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအများစုသည် ထုတ်လုပ်မှုကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံရန်ဝင်ရောက်လာခြင်း၊ သီလဝါအထူးစီးပွားရေးဇုန်နှင့် ထားဝယ် အထူးစီးပွားရေးဇုန် ဆောက်လုပ်ရေးလုပ်ငန်းများစတင်လာခြင်း၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) မှ ချမှတ်ပေးထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများ၊ ဟိုတယ်ကြီးများ၊ ဆိပ်ကမ်းများ၊ လေဆိပ်များ၊ ကွန်ဒိုမီနီယံများအပြင် အခြေခံအဆောက်အဦများ ဖြစ်သည့် လမ်း၊ တံတားများ၊ လျှပ်စစ်၊ ရထား ကဏ္ဍတိုင်းတွင် တည်ဆောက်ပြုပြင်မှုများကြောင့် ရင်းနှီးကုန်စည်များမဖြစ်မနေ တိုးချဲ့တင်သွင်းရမည်ဖြစ်သည်။ ယနေ့ ရင်းနှီးကုန်များများတင်သွင်းမှသာ နောင်တစ်ချိန်တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်လာနိုင်မှုနှင့်အတူ တန်ဖိုးမြှင့်ပို့ကုန်များ၊ ဝန်ဆောင်မှုပို့ကုန်များ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာမှုတို့မှတစ်ဆင့် ရေရှည်တိုးတက်ဖွံ့ဖြိုးလာနိုင်မည်ဖြစ်၍ ယခုကာလများအတွင်း ရင်းနှီးကုန်စည်များ တိုးချဲ့တင်သွင်းလာခြင်းသည် တိုင်းပြည်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် ကောင်းသည့်လက္ခဏာပင်ဖြစ်သည်။

လုပ်ငန်းသုံးကုန်ကြမ်းများဖြစ်သည့် ဒီဇယ်၊ ဓာတ်ဆီ၊ စားအုန်းဆီ၊ ဓာတ်မြေသြဇာစသည့် ကုန်ပစ္စည်းများ ဈေးတက်ခြင်းသည် ထုတ်လုပ်မှုစရိတ်၊ သယ်ယူပို့ဆောင်မှုစရိတ်၊ စားသုံးမှုစရိတ်များ တက်စေ၍ အထွေထွေကုန်ကျစရိတ်တက်စေမည် ဖြစ်သည်။ လူသုံးကုန်စည်များ ဈေးနှုန်းတက်မှုသည်လည်း စားသုံးသူများ ထိခိုက်နိုင်သော်လည်း လက်ရှိတင်သွင်းနေသည့် လူသုံးကုန်ပစ္စည်း များမှာ အဓိကကျသည့် စားသောက်ကုန်များမဟုတ်သောကြောင့် အများကို မထိခိုက်နိုင်ပေ။ ဆိုလိုသည်မှာ လက်ရှိသွင်းကုန်အများစု ရင်းနှီးကုန်ပစ္စည်းများဖြစ်၍ ဒေါ်လာဈေးတက်ရိပ်ကြောင့် လက်ရှိ ကုန်ဈေးနှုန်းကို မထိခိုက်စေသည့်အပြင် သွင်းကုန်ကပို့ကုန်ထက်များခြင်းကြောင့် ကုန်သွယ်မှုလိုငွေပြနေမှု စိုးရိမ်စရာမလိုဘဲ ရေရှည်တိုးတက်ဖွံ့ဖြိုးရေးအတွက် အားပေးကြောင်းတွေ့ရသည်။

ဒေါ်လာဈေးတက်ရိပ်ကြောင့် ပို့ကုန်ကဏ္ဍအတွက်မူ ပိုမိုတိုးတက်စေရန် ကြီးမားသည့် တွန်းအားပေးတစ်ရပ်ပင် ဖြစ်သည်။ ဒေါ်လာဈေးတက်ခြင်း (သို့မဟုတ်) မြန်မာကျပ်ငွေတန်ဖိုးလျော့လာခြင်းသည် မြန်မာ့ပို့ကုန်ပစ္စည်းများ ဈေးချိုလာသည့်အတွက် ပိုမိုဝယ်ယူစေဖို့ ဆွဲဆောင်မှုဖြစ်စေသည်။ ဆိုလိုသည်မှာ ပို့ကုန်မြှင့်တင်ရေးလုပ်ဆောင်ရာတွင် အခြေခံမှုတစ်ရပ်မှာ ပြည်တွင်းငွေ ကြေးတန်ဖိုးလျော့နည်းခြင်း၊ တစ်နည်းအားဖြင့် ဒေါ်လာတန်ဖိုးမြင့် လေ ပို့ကုန်တင်ပို့နိုင်မှု အားကောင်းလေဖြစ်သည်။ အထူးသတိပြုရမည့်အချက်မှာ ရောင်းဝယ်မှုများ ပိုမိုပြုလုပ်နိုင်ရေးတည်ငြိမ်သော ပြောင်းလဲမှု၊ အတက်အကျမကြမ်းစေရန်နှင့် လွန်ကဲသည့်ပြောင်းလဲမှုများမဖြစ်ပေါ်စေရန် ထိန်းကျောင်းရမည်ဖြစ်သည်။

အမှန်တကယ်မူ မြန်မာ့ပို့ကုန်များတွင် သဘာဝဓာတ်ငွေ့နှင့် ကျောက်မျက်ပို့ကုန်များမှလွဲ၍ ကျန်ပို့ကုန်အများစုမှာ လယ်ယာ၊ သား၊ ငါး၊ သစ်တောအခြေပြုပို့ကုန်များနှင့် CMP အထည်ချုပ်ပို့ကုန်များသာဖြစ်၍ အဆိုပါပို့ကုန်များ ဖွံ့ဖြိုးတိုးတက်လာလျှင် မူလထုတ်လုပ်သူလယ်သမားအဆင့်မှ ကုန်ထုတ်လုပ်မှုလမ်းကြောင်း (Supply Chain) တစ်လျှောက် အကျိုးကျေးဇူး ဖြစ်စေသောကြောင့် လူမှုစီးပွားရေးအကျိုးသက်ရောက်မှု (Socio- Economic Impact) များသည့် ပို့ကုန်များလည်းဖြစ်သည်။ ထို့ အတွက် အဆိုပါ ပို့ကုန်များ တိုးချဲ့နိုင်သော် ပို့ကုန်မြှင့်တင်မှုသာမက ကျေးလက်ဒေသဆင်းရဲမှုကိုပါ သိသိသာသာ လျှော့ချနိုင်မည်ဖြစ် သည်။ လက်ရှိပို့ကုန်များ အနက် ရေထွက်ပို့ကုန်အနေဖြင့် အစာဈေးနှုန်းကြီးမြင့်မှုနှင့် ထုတ်လုပ်မှုစွမ်းအားနိမ့်ကျမှုတို့ကြောင့် ရေထွက်ပို့ကုန်လုပ်ငန်းများ ရုန်းကန် နေရသည့်ကာလဖြစ်သည်။ တွက်ချက်မှုများအရရေထွက်ပို့ကုန်လုပ်ငန်းများအကျိုးကျေးဇူးရှိမည့် ငွေလဲလှယ်နှုန်းမှာ အနည်းဆုံး ဒေါ်လာဈေး ကျပ်တစ်ထောင် အထက်မှသာ ရှင်သန်တိုးတက်နိုင်ကြောင်းတွေ့ရသည်။

မည်သို့ပင်ဆိုစေ ဒေါ်လာဈေးတက်ရိပ်သည် မြန်မာ့ ပို့ကုန်များ တိုးချဲ့တင်ပို့နိုင်မှုကို တစ်ဘက်တစ်လမ်းမှ အထောက် အကူပြုမည်ဖြစ်သည်။ အချုပ်ဆိုရသော် ဒေါ်လာဈေးတက်ရိပ်သည် မြန်မာ့စီးပွားရေးနှင့် ပြည်သူများ (စားသုံးသူများ) ကို လက်ငင်း ထိခိုက်မှုရှိသလို အကျိုးပြုမှုများရှိသော်လည်း အကျိုးပြုမှုက ထိခိုက်မှုထက် ပိုမိုများကြောင်းတွေ့ရှိရသည်။ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးဦးစားပေးနေသည့် အချိန်အခါဖြစ်၍ ပို့ကုန်မြှင့်တင်ရေး အထူးအရေးကြီးပါသည်။ ဒေါ်လာဈေးကျရိပ်သည် မြန်မာ့ပို့ကုန်ကဏ္ဍကိုထိခိုက်စေပြီး ဒေါ်လာဈေးတက်ရိပ်က သာ ပို့ကုန်ဖွံ့ဖြိုးမှုကို အားပေးသည်။ ထို့အတွက် ယခုထက် ထိရောက်သည့် ပို့ကုန်မြှင့်တင်ရေးနည်းလမ်းများဖြင့် လုပ်ဆောင် နိုင်မည်ဆိုလျှင် “ဒေါ်လာဈေး အတက်ပို့ကုန်တိုးတက်ရန်အချက်” ဖြစ်လာနိုင်ပေသည်။

**ကိုးကားစာရင်း**

**Economy of The United State,**
**http;//en.wikipe dia.org/wiki**
**US Economy Outlook for 2014,**
**http;www.useconomicsoutlook 2014.com**
**50 that affect the value of the us dollar,**
**http;// www.curency tradngent/feature**

# မိမိဖုန်းထဲသို့ ကိုယ်တိုင် မှားယွင်းပြီး ဘီလ်ပြန်လွှဲမိကြသော MPT သုံးစွဲသူများ၏ အားပေးမှုကို တန်ဖိုးထားလေးစားသည့်အတွက် MPT မှဝန်ဆောင်ခ ငါးရာခိုင်နှုန်းကို ပြန်လည်ဖြည့်သွင်းပေးခဲ့

မြန်မာနိုင်ငံ၏ ဦးဆောင်ဆက်သွယ်ရေး အော်ပရေတာတစ်ဦးဖြစ်သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) မှ (MPT) ကိုအသုံးပြုသော မိဘပြည်သူများအား အစဉ်အမြဲအားပေးသုံးစွဲသည့်အတွက် တန်ဖိုးထား လေးစားသောအားဖြင့် လက်ကျန်ငွေ လွှဲပြောင်းခြင်းဝန်ဆောင်မှုကို အသုံးပြုပြီး မိမိဖုန်းသို့ပြန်လည်ဘီလ်လွှဲပြောင်းမိသော MPT အသုံးပြုသူများအား ၎င်းတို့ပေးဆောင်ထားရသည့် လွှဲပြောင်းခြင်းဝန်ဆောင်ခ ငါးရာခိုင်နှုန်းကို ၎င်းတို့၏ဖုန်းများသို့ ပြန်လည်ဖြည့်သွင်းပေးအပ်ခဲ့ကြောင်း ဇန်နဝါရီ ၈ ရက်က သတင်းထုတ်ပြန်ကြေညာခဲ့သည်။

MPT သည် သုံးစွဲသူများ အလွန်စိတ်ဝင်စားခဲ့သည့် ဖုန်းအချင်းချင်း လက်ကျန်ငွေလွှဲပြောင်းပေးခြင်း ဝန်ဆောင်မှုကို မကြာသေးမီက စတင်ခဲ့ပြီး သုံးစွဲသူအများအပြားကလည်း ဝန်ဆောင်မှု စတင်ရရှိသည့်အချိန်မှစ၍ မိမိတို့အချင်းချင်း ဖုန်းငွေ လွှဲပြောင်းပေးခြင်းများကို ပြုလုပ်ခဲ့ကြသည်။

၎င်းဝန်ဆောင်မှုသည် MPT သုံးစွဲသူများ အကြား သူငယ်ချင်းများနှင့် မိသားစုများထံသို့ လိုအပ်ချိန်တွင် လက်ကျန်ငွေလွှဲပြောင်းပေးနိုင်ရန် ပြုလုပ်ထားသည့်ဝန်ဆောင်မှုဖြစ်ပြီး အချို့သော သုံးစွဲသူများက မိမိဖုန်းထံသို့ မိမိဘာသာ လက်ကျန်ငွေလွှဲပြောင်းခြင်းကို စမ်းသပ်ပြုလုပ်ခဲ့ကြရာ ထိုသို့ပြုလုပ်ရာတွင် တစ်ကြိမ်ပြုလုပ်တိုင်း MPT က လွှဲပြောင်းမှုအတွက်ဝန်ဆောင်ခ ငါးရာခိုင်နှုန်း ဖြတ်တောက်ခြင်းကို သတိမပြုမိကြဘဲ စမ်းသပ်ခဲ့မိကြသည်။

ထိုသို့ မှားယွင်းစမ်းသပ်ရာမှ ဖုန်းဘီလ်ထဲမှ ဝန်ဆောင်ခကို ဖြတ်တောက်ခံခဲ့ရသူများအတွက် MPT မှ ဝန်ဆောင်မှုငါးရာခိုင်နှုန်းကို ၎င်းတို့၏ ဖုန်းများသို့ ပြန်လည်ဖြည့်သွင်းပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

MPT-KSGM Joint Operation ၏ Chief Commercial Officer ဖြစ်သူ Mr.Koichi Kawase က “ကျွန်တော်တို့ MPT အနေနဲ့ သုံးစွဲသူတွေက အမြဲတမ်း စိတ်ဝင်စားစရာကောင်းတဲ့ ဝန်ဆောင်မှုတွေကို လိုချင်ကြတယ်ဆိုတာ သိပါတယ်။ အစဉ်အမြဲသုံးစွဲလာကြတဲ့ ပြည်သူတွေရဲ့ အားပေးမှုကိုလည်း တန်ဖိုးထားလေးစားတဲ့အတွက် ဒီလက်ကျန်ငွေလွှဲတဲ့ ဝန်ဆောင်မှုကို စမ်းသပ်ရင်း ကိုယ့်ဖုန်းထဲ ကိုယ်ဘီလ်ပြန်လွှဲမိကြတဲ့ သုံးစွဲသူတွေရဲ့ ဖုန်းတွေထဲကို အခုလိုမျိုးဝန်ဆောင်ခ ငါးရာခိုင်နှုန်းကို ပြန်ပြီးထည့်ပေးတာပါ၊ MPT သုံးစွဲသူတွေတိုင်းကို ကျွန်တော်တို့က အလေးထားပါတယ်။ ဝန်ဆောင်မှုအသစ်ကို အသုံးပြုရာမှာလည်း နစ်နာမှုတစ်စုံတရာမရှိဘဲ ပျော်ပျော်ရွှင်ရွှင်သုံးစွဲစေချင်ပါတယ်”ဟု ပြောကြားခဲ့သည်။

MPT ၏ ကြိုတင်ငွေဖြည့်ခြင်းဝန်ဆောင်မှုကို သုံးစွဲသူများအနေဖြင့် အခြား MPT ကြိုတင်ငွေဖြည့်ခြင်း ဝန်ဆောင်မှုကို သုံးစွဲသူထံသို့ အနည်းဆုံး လက်ကျန်ငွေ သုံးရာကျပ်မှ အများဆုံး တစ်သောင်းကျပ်အထိ ဘီလ်လွှဲပို့ပေးနိုင်ပြီး လွှဲပြောင်းမှုတစ်ခုချင်းစီအတွက် လွှဲပြောင်းပေးသူ၏ လက်ကျန်ငွေထဲမှ ဝန်ဆောင်ခရာခိုင်နှုန်းကို ဖြတ်တောက်သွားမည်ဖြစ်သည်

မည်သည့် MPT,GSM, WCDMA ကြိုတင်ငွေဖြည့်ခြင်း ဝန်ဆောင်မှုစနစ် သုံးစွဲသူတိုင်းမဆို ***223***လွှဲပြောင်းပေးလိုသည့်ပမာဏ*လွှဲပြောင်းပေးလိုသည့်ဖုန်းနံပါတ်# သို့ ခေါ်ဆိုခြင်းဖြင့် လက်ကျန်ငွေ လွှဲပြောင်းသည့် ဝန်ဆောင်မှုကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## ပြောင်း

### ထိုင်းနယ်စပ်မှ ပြောင်းတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း ကန်ဒေါ်လာ ၂၃၆၈၂ တန်ဖိုးရှိ ပြောင်းဖူးစေ့ တန် ၁၀၀ တင်ပို့ခဲ့တာ တွေ့ရပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်နဲ့ ချင်းရွှေဟော်မှ ကန်ဒေါ်လာ ၈ ဒသမ ၅၁၀ သန်းတန်ဖိုးရှိတဲ့ ပြောင်းဖူးစေ့ ၃၆၆၈၁ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်နဲ့ ချင်းရွှေဟော်မှ ၄၁၂၈၅ တန်ကျော်ထိ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာလည်း ပြောင်းဖူးစေ့ တင်ပို့မှု အနည်းငယ်လျော့ကျသွားခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ပြောင်းတစ်တန်ကို မိမိဘက်စျေး ၃၀၉၁၆၃ ကျပ်မှ ၂၉၈၈၁၄ ကျပ်သို့ စျေးဆက်လက်ကျဆင်းနေပါတယ်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ပြောင်းတန်ချိန် ၂၀၄၆၅၇ တန်ကျော်ထိ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ လွယ်ဂျယ်နဲ့ ကန်ပိုက်တီးစခန်းများမှ ဒီဇင်ဘာလ ဒုတိယပတ်ကတည်းက ပြောင်းတင်ပို့မှုမရှိခဲ့ဘဲ တရုတ်ဘက်မှတော့ ဝယ်လိုအား ပုံမှန်ရှိနေပါတယ်။

**မော်မော်အောင်**

### ပြောင်းတန်ချိန် ငါးသိန်းအား အိန္ဒိယနိုင်ငံသို့ အခွန်လွတ် မကြာမီ တင်သွင်းခွင့်ပြုတော့မည်

အိန္ဒိယအစိုးရအနေဖြင့် အစိုးရ ကျောထောက်နောက်ခံပြု ကုမ္ပဏီကြီးများအား ပြောင်းတန်ချိန် ငါးသိန်းအား အခွန်လွတ် ပြည်ပမှ တင်သွင်းခွင့်ကို မကြာမီ ခွင့်ပြုတော့မယ်လို့ သိရပါတယ်။ မိုးခေါင်မှုနဲ့ မကြာခဏ ရင်ဆိုင်နေရတာကြောင့် ယခုလို ပြည်ပမှပြောင်းဆန်ကို အကောက်ခွန်လွတ် တင်သွင်းနိုင်ရန် စီစဉ်ရတာဖြစ်ပြီး ပြည်တွင်းပြောင်းစျေးမြင့်တက်နေမှုကို ထိန်းချုပ်နိုင်ရန်နဲ့ ကုန်ပစ္စည်းပြတ်လပ်မှုမရှိစေရန်အတွက် ၁၆ နှစ်တာ ကာလအတွင်းပထမဆုံးအကြိမ်အဖြစ် ပြည်ပမှ တင်သွင်းဖို့စီစဉ်ရတာဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံဟာ အရှေ့တောင်အာရှမှာ ပြောင်းအဓိကတင်ပို့တဲ့ နိုင်ငံဖြစ်သော်လည်း ယခုအခါ ကာလရှည် မိုးခေါင်နေမှုကြောင့် ပြည်တွင်းလိုအပ်ချက်လည်း မြင့်တက်နေပြီး ပြည်ပသို့ ပြောင်းတင်ပို့နိုင်ခြင်းလည်းမရှိဘူးလို့ သိရပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ပြောင်းဆန်လိုအပ်ချက်မြင့်မားနေမှုကြောင့် ကမ္ဘာ့ပြောင်းစျေးကွက်မှာလည်း ပြောင်းစျေးများမြင့်တက်နေတယ်လို့ သိရပါတယ်။

အိန္ဒိယနိုင်ငံအနေနဲ့ အာဖရိကနဲ့ ယူကရိန်းနိုင်ငံတို့မှ မျိုးရိုးဗီဇပြောင်းလဲမှုမရှိတဲ့ (non-genetically modified (Non GM)) ပြောင်းများကို တင်သွင်းသွားမယ်လို့ ကုန်သွယ်ရေးနဲ့ စက်မှုကျွမ်းကျင်သူများက ခန့်မှန်းပြောဆိုနေကြပါတယ်။ အစိုးရကျောထောက်နောက်ခံပြုကုမ္ပဏီများအနေနဲ့ ပြောင်းဆန်ကို ပြည်ပမှတင်သွင်းပြီး မွေးမြူရေးလုပ်ငန်းများနဲ့ စားသောက်ကုန်ထုတ်လုပ်ငန်းများသို့ တိုက်ရိုက်ရောင်းချပေးသွားမှာဖြစ်ပါတယ်။

ပြည်ပမှ တင်သွင်းတဲ့ ပြောင်းစျေးဟာ ပြည်တွင်းပြောင်းပေါက်စျေးထက် အနည်းဆုံး ခုနစ်ရာခိုင်နှုန်း သက်သာတယ်လို့ကြက်မွေးမြူရေးသမားတစ်ဦးကပြောပါတယ်။ ထုတ်လုပ်မှုကျဆင်းနေတဲ့အတွက် ကုန်သည်များဟာ ပြောင်းများကို စတင်သိုလှောင်ထားနေကြသော်လည်း ယခုကဲ့သို့ပြည်ပမှပြောင်းဆန်တင်သွင်းမယ့် အစီအစဉ်ကြောင့် ပြောင်းဆန်လှောင်လက်များ စိတ်ပျက်နေကြတယ်လို့ သိရပါတယ်။

အစိုးရအနေနဲ့ ၂၀၁၆ ခုနှစ်မှာ နွေပြောင်းတန်ချိန် ၁၅ သန်းကျော်ထွက်မယ်လို့ မျှော်မှန်းထားသော်လည်း ကုန်သွယ်မှုနဲ့ စက်မှုကျွမ်းကျင်သူများကတော့ မိုးခေါင်မှုကြောင့် တန်ချိန် ၁၂ သန်း၊ ၁၃ သန်းခန့်သာထွက်ရှိမယ်လို့ တွက်ဆနေကြပါတယ်။ အိန္ဒိယနိုင်ငံရဲ့ နှစ်စဉ်ပြောင်းသုံးစွဲမှုပမာဏ တန်ချိန် ၁၉ သန်းရှိပြီး တစ်နှစ်ကို နွေနဲ့ ဆောင်းပြောင်းဆိုပြီး နှစ်ကြိမ်စိုက်ပျိုးပါတယ်။ နွေပြောင်းကို မိုးတွင်းဇွန်၊ ဇူလိုင်လများမှာ စိုက်ပျိုးပြီး အောက်တိုဘာလမှ စတင်ရိတ်သိမ်းတာဖြစ်ပါတယ်။ဆောင်းပြောင်းကိုတော့ မတ်-ဧပြီလများမှာ စတင်စိုက်ပျိုးတာ ဖြစ်ပါတယ်။ နွေပြောင်းစိုက်ပျိုးမှုရဲ့ ၈၀ ရာခိုင်နှုန်းမှ ပြောင်းဆန်ထုတ်လုပ်နိုင်တာလို့ သိရပါတယ်။

**CMK**

### ပြောင်းကြိတ်ဖတ်မှုန့် တန်ချိန် တစ်ထောင်ကျော်တင်ပို့

၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၉၇၂၁၆ တန်ဖိုးရှိတဲ့ ပြောင်းကြိတ်ဖတ်မှုန့် ၁၂၇၂ တန် တင်ပို့နိုင်ခဲ့ပါတယ်။တရုတ်နိုင်ငံမှာ ပြောင်းကြိတ်ဖတ်မှုန့်ကို တိရစ္ဆာန်အစာအတွက် အသုံးပြုရတာဖြစ်လို့ ယခုလိုတင်ပို့မှုရှိခြင်းဖြစ်ပါတယ်။ အောက်တိုဘာလမှာ တန် ၆၀၊ နိုဝင်ဘာလမှာ ၃၈၉ တန်တင်ပို့ခဲ့တယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

## ရော်ဘာ

### ပင်လယ်ရေကြောင်းမှ ကာလတူထက် ရော်ဘာပိုမိုတင်ပို့

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဒီဇင်ဘာနောက်ဆုံးပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၅၄၃ သန်းဖိုးရှိ ရော်ဘာ ၅၇၄ တန်ကျော် တင်ပို့ခဲ့ပါတယ်။ တင်ပို့တဲ့နိုင်ငံတွေကတော့ မလေးရှား၊ စင်ကာပူ၊ ကိုရီးယားနိုင်ငံတို့ဖြစ်ပြီး မလေးရှားနိုင်ငံသို့ RSS-1 တန် ၂၀၊ RSS-3 တန် ၂၄၀၊ MSR-20 တန် ၈၀၊ စင်ကာပူနိုင်ငံသို့ MSR-20 ၁၉၄ တန်၊ ကိုရီးယားနိုင်ငံသို့ MSR-20 တန် ၄၀ တင်ပို့ခဲ့ပါတယ်။ ဒီဇင်ဘာတစ်လလုံးမှာတော့ ကန်ဒေါ်လာ ၁ ဒသမ ၃၃၈ သန်းဖိုးရှိ ရော်ဘာ ၁၄၇၉ တန်တင်ပို့ခဲ့ပြီး နိုဝင်ဘာလတင်ပို့မှုထက် တန် ၁၀၀၀ ကျော် လျော့နည်းခဲ့ပါတယ်။

ယခုဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ ရော်ဘာတန်ချိန် ၁၇၀၄၄ တန်ကျော်တင်ပို့ထားပြီး ယမန်နှစ်ကာလတူထက် ၁၉၆၃ တန်ပိုမိုတင်ပို့ထားနိုင်ပါတယ်။ ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာစျေး အနည်းငယ် အကျရှိပါတယ်။ နိုင်ငံတကာရော်ဘာစျေးကျတဲ့အတွက် မြန်မာ့ရော်ဘာစျေးလည်း ကျဆင်းပါတယ်။ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းက ထုတ်ပြန်ထားတဲ့ ရော်ဘာစျေးများကို ဖော်ပြလိုက်ပါတယ်-

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၀၀၀-၁၁၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၉၅၀-၁၀၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၉၀၀-၁၀၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၈၅၀-၉၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၈၀၀-၉၀၀ |
| MSR (3)L | တစ်တန်လျှင် | ဒေါ်လာ ၁၁၅၀-၁၂၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၉၀၀-၁၀၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၈၅၀-၉၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၇၅၀ - ၈၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၇၀၀ - ၈၀၀ |
| Latex 60% DRC | တစ်တန်လျှင် | ဒေါ်လာ ၅၆၀ - ၆၅၀ |

**ယဉ်ယဉ်အေး**

### ကုန်သွယ်ရေးစခန်းများမှ ရော်ဘာပိုမိုတင်ပို့

ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာလနောက်ဆုံးပတ်အတွင်း ရော်ဘာတင်ပို့မှုမှာ ၈၄၂ တန်ကျော်ဖြစ်ပြီး၊ တန်ဖိုးမှာ ကန်ဒေါ်လာ သုည ဒသမ ၈၁၈ သန်းဖြစ်ပါတယ်။

စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ RSS-3 ၄၅၆ တန်ကျော်၊ MSR-20 ၇၂ တန်ခန့်၊ MSR-50 တန် ၁၅၀၊ချင်းရွှေဟော်စခန်းမှ RSS-3 ၁၆၄ တန်ဖြစ်ပါတယ်။ ဒီဇင်ဘာတစ်လလုံး တင်ပို့မှုကတော့ ကန်ဒေါ်လာ ၆ ဒသမ ၅၁၇ သန်းဖိုးရှိ ရော်ဘာတန်ချိန် ၆၇၂၈ တန်ကျော်ဖြစ်ပါတယ်။ အနီးစပ်ဆုံး နိုဝင်ဘာလထက် တန် ၂၄၆၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုဘဏ္ဍာနှစ်ဧပြီလမှဒီဇင်ဘာလထိကန်ဒေါ်လာ ၁၆ ဒသမ ၃၀၈ သန်းဖိုးရှိ ရော်ဘာ ၄၀၂၇၄ တန်ကျော် တင်ပို့ထားပြီးဖြစ်ပါတယ်။ ယမန်နှစ်ကာလတူကတော့ ၂၉၁၃ တန်သာ တင်ပို့နိုင်ခဲ့တာမို့ ယခုနှစ်မှာ ၁၀၈၆၁ တန် ပိုမိုတင်ပို့ထားနိုင်ပါတယ်။

ရော်ဘာစျေးအနေနဲ့ကတော့ ယခုတစ်ပတ်မှာ စျေးအနည်းငယ်ကျကြောင်း သိရပါတယ်။ မူဆယ် ကုန်စည်ဒိုင်စျေးနှုန်းအရ RSS-3 တစ်တန်ကို ယခင်တစ်ပတ်က ၁၃၈၄၇၆၁ ကျပ်ရှိပြီး ယခုတစ်ပတ်မှာ ၁၃၇၃၈၁၄ ကျပ်ရှိကြောင်း သိရှိရပါတယ်။ ယမန်နှစ် ကာလတူတုန်းကတော့ RSS-3 တစ်တန်ကို ၁၄၉၀၆၇၄ ကျပ်ရှိခဲ့ပါတယ်။

ဒေသပေါက်စျေးအနေနဲ့ မြိတ်ဒေသမှာ RSS-3 တစ်ပေါင်ကို ၅၈၇ ကျပ်ဖြစ်ပြီး၊ RSS-5 တစ်ပေါင်ကို ၄၈၈ ကျပ်ရှိကြောင်း သိရှိရပါတယ်။ ယခုဘဏ္ဍာနှစ်အတွင်း ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာလတွေမှာ ရော်ဘာစျေးတက်ခဲ့ပြီး နိုဝင်ဘာလ၊ ဒီဇင်ဘာလအတွင်းမှာတော့ အနည်းငယ် စျေးပြန်ကျခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

### ၂၀၁၅ ခုနှစ်အတွင်း မြန်မာ့ရော်ဘာစျေးများ ကျဆင်းခဲ့

၂၀၁၅ ခုနှစ်အတွင်းမှာ မြန်မာ့ရော်ဘာစျေးများ ဆိုးဆိုးရွားရွားကျဆင်းခဲ့ရပါတယ်။ ၂၀၁၅ ခုနှစ် နှစ်စကပေါက်စျေးထက် ယခုနှစ်ကုန်ပိုင်းပေါက်စျေးများမှာ တစ်ပေါင်ကို ၄၅ ကျပ်ခန့်ထိ ကျဆင်းသွားခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ပထမပတ်မှာ ရော်ဘာတစ်ပေါင်ပေါက်စျေး ၆၁၅ ကျပ်ရှိခဲ့ပြီး ယခုနှစ်ကုန်နောက်ဆုံးပတ်မှာ ၅၇၀ ကျပ်ထိ ကျဆင်းခဲ့တယ်လို့ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းထံက သိရှိရပါတယ်။

လတ်တလောအခြေအနေက ရော်ဘာစိုက်တောင်သူများအတွက် ဆိုးရွားတဲ့အခြေအနေပဲဖြစ်ပါတယ်။ ရော်ဘာသစ်ပင်ပေါက်စျေး ၆၀၀ ကျပ်မှ ၇၀၀ ကျပ်ဝန်းကျင်နဲ့ စျေးတည်ငြိမ်နေမှသာ ရော်ဘာစိုက်တောင်သူများအတွက် ရသင့်ရထိုက်တဲ့ အမြတ်အစွန်းရရှိနိုင်မှာဖြစ်တယ်လို့ ရော်ဘာအသင်းအတွင်းရေးမှူးထံက သိရပါတယ်။ နိုင်ငံတကာရော်ဘာစျေးကွက်နည်းတူ မြန်မာရော်ဘာပေါက်စျေးဆိုးရွားစွာ ကျဆင်းနေတာဖြစ်ပါတယ်။မွန်ပြည်နယ်သံဖြူဇရပ်မှ ရော်ဘာစိုက်တောင်သူတစ်ဦးကတော့ အလုပ်သမားခအတွက် ရော်ဘာရောင်းချမှုက ရရှိတဲ့အမြတ်ငွေရဲ့ ၃၀ ရာခိုင်နှုန်းခန့်ကို ယခင်က ပေးချေနေရပြီး ယခုအခါ ၄၀ ရာခိုင်နှုန်းထိ ပေးချေနေရတဲ့အတွက် ရော်ဘာခြံသမားတွေအနေနဲ့ ဆက်လက်လုပ်ကိုင်ရန် ခက်ခဲနေတယ်လို့ ပြောပါတယ်။ ထုတ်လုပ်မှုကများပြီး ဝယ်လိုအားက နည်းနေတဲ့အတွက် ရော်ဘာထုတ်လုပ်သူများလည်း အခက်အခဲဖြစ်နေကြပါတယ်။ ရာသီဥတု ပူလွန်းတဲ့အတွက် မျှော်မှန်းထားသလောက် ရော်ဘာအစေးခြစ်လုပ်ငန်းကို မလုပ်ကိုင်နိုင်ကြဘူးလို့လည်း ပြောပါတယ်။ ၂၀၁၃ ခုနှစ်ခန့်ကစပြီး ရော်ဘာစျေးများအကျဘက်ကို ဦးတည်နေခဲ့ပြီး မြန်မာခြံစိုက်သမားများဟာ အရှုံးနဲ့ရင်ဆိုင်နေကြရတဲ့အတွက် ၃၀ ရာခိုင်နှုန်းကျော်ကတော့ ရော်ဘာအစေးခြစ် အလုပ်အကိုင်တွေကို ရပ်နားထားတယ်လို့ သိရပါတယ်။ ကုန်စည်ဒိုင်တွေကလည်း ရော်ဘာခြံအလိုက် ထွက်ရှိတဲ့ အရည်အသွေးပေါ်မူတည်ပြီး စျေးနှုန်းဖြတ်လုပ်ဆောင်ပေးနေတာဖြစ်ပါတယ်။ ဇွန်လမှ ဩဂုတ်လထိ သုံးလတာကာလဟာ မိုးများလွန်းတဲ့အတွက် လုပ်ငန်းတွေရပ်နားထားကြတာ များပါတယ်။ ကမ္ဘာ့ရော်ဘာစျေးကွက် မှာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်ဝန်းကျင် ကာလများမှာ တစ်တန်ကို ဒေါ်လာ ၁၂၀၀ စျေးပေါက်နေတယ်လို့ သိရပါတယ်။

**MIRT**


## နယ်စပ်စခန်းများမှ သစ်သီးဝလံမျိုးစုံ အပို့/အသွင်းစုံ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း ဖရဲသီး ၅၂၆၇၄ တန်ခွဲ၊ သခွားမွှေး ၉၈၉၆ တန်ခွဲ၊နာနတ်သီး ၁၇၆ တန်ခွဲနဲ့ ဆီးသီးတန် ၃၅၀ တို့ကို ကန်ဒေါ်လာ ၇ ဒသမ ၃၃၉ သန်းဖိုး တင်ပို့နိုင်ခဲ့သလို ကန်ဒေါ်လာ ၆ ဒသမ ၀၃၄ သန်းဖိုးရှိ ပန်းသီး၊ လိမ္မော်သီးနဲ့ ပန်းသစ်တော်သီး တန်ချိန် ၁၆၉၀၀ တန်ခန့် တင်သွင်းမှုရှိခဲ့ပါတယ်။ ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းကတော့ ကန်ဒေါ်လာ ၆၀၇၀ တန်ဖိုးရှိ လိမ္မော်သီး ၁၇၃၅၀ တန်နဲ့ ကန်ဒေါ်လာ ၄၀၂၇ တန်ဖိုးရှိ ပန်းသီး ၈၉၅၀ တန်တင်သွင်းခဲ့တာတွေ့ရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်မှလည်း ကန်ဒေါ်လာ သုည ဒသမ ၁၁၆ သန်း တန်ဖိုးရှိနန်းမြားသီး၊ မန်ကျည်းချိုသီး၊ ပန်းသီး၊ စပျစ်သီး၊ သရက်သီး၊ လိမ္မော်သီး၊ သစ်တော်သီး၊ အစေ့လွတ်မာလကာသီးနဲ့ ဒူးရင်းသီး တန်ချိန် ၆၀၃ တန်ကျော်ထိ တင်သွင်းလာခဲ့ပါတယ်။ တာချီလိတ် ကုန်သွယ်ရေးစခန်းကတော့ ထောပတ်သီး တန် ၂၅၀ ကို ကန်ဒေါ်လာ သုည ဒသမ ၁၁၅ သန်းဖိုးနဲ့ လိမ္မော်သီး ၈၁၂ တန်ကို ကန်ဒေါ်လာ သုည ဒသမ ၁၁၈ သန်းဖိုး တင်ပို့မှုရှိခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## တရုတ်နှစ်သစ်ကူး အမီကြံတင်ပို့



၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှာ ကျရောက်မယ့် တရုတ်နှစ်သစ်ကူး ပွဲတော်အတွက် မြန်မာ-တရုတ်နယ်စပ်ရှိ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးကနေ ဒီဇင်ဘာလ နောက်ဆုံးပတ်မှာ ကန်ဒေါ်လာ ၁၆၀၃၀ တန်ဖိုးရှိ ကြံ တန်ချိန် ၆၀၀ တင်ပို့ခဲ့ပါတယ်။ ကြံ တစ်တန်ကို မိမိဘက်ပေါက်ဈေးကတော့ ကျပ် ၃၅၀၀၀ ဖြစ်ပါတယ်။ နှစ်သစ်ကူးချိန်မှာ တရုတ်လူမျိုးတွေရဲ့ လာဘ်ကောင်းစေရန် ဆုတောင်းတဲ့ အနေနဲ့ မိမိတို့နေအိမ်များနဲ့ ဘုံကျောင်းတွေမှာ စိုက်ထူတဲ့ အလေ့အထရှိတာမို့ ယခုလို နှစ်ကူးကာလအတွင်း တင်ပို့ခဲ့တာလို့ သိရပါတယ်။ အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်ကလည်း ကန်ဒေါ်လာ ၁၃၅၀၀ တန်ဖိုးရှိ ကြံ တန်ချိန် ၅၀၀ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်က တန်ချိန် ၁၀၀၀ ထိတင်ပို့ခဲ့ တာတွေ့ရပါတယ်။

**မော်မော်အောင်**

## ရေထွက်ကုန်တင်ပို့မှုမှ ကန်ဒေါ်လာနှစ်သန်းကျော်ရရှိ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာလနောက်ဆုံးပတ်မှာ ကန်ဒေါ်လာ ၂ ဒသမ ၆၉၀ သန်းဖိုးရှိ ရေထွက်ကုန် ၁၇၈၇ တန်တင်ပို့ခဲ့ပါတယ်။ အမယ်လိုက်တင်ပို့မှုတွေ ကတော့ ကဏန်း ၂၈၆ တန်ကျော်၊ ငါးရှဉ့် တန် ၅၀ ခန့်၊ ရေခဲငါး ၃၀၃ တန်၊ ငါးမှုန့် ၄၄ တန်၊ ငါးလေးခြောက် ၆၇၆ တန်၊ ငါးဆားနယ် ၆၈ တန်၊ ငါးဟောက်အရှင် ငါးတန်ခန့်၊ ငါးခြောက် ၂၈ တန်ကျော်၊ ပုစွန်ခြောက် ၇၃ တန်ကျော်၊ ကင်းမွန်ခြောက် ၂၄၂ တန်၊ ငါးပူတင်းရေခွံခြောက် ၁၁ တန်ခန့်ဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၁၀၀ ကျော်ပိုမိုတင်ပို့နိုင်ပါတယ်။

ယခုဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ ကန်ဒေါ်လာ ၁၂ ဒသမ ၇၂၈ သန်းဖိုးရှိ ရေထွက်ကုန် ၈၀၃၅ တန်ခန့်ကို မူဆယ်ကုန်သွယ်ရေးဇုန်မှ တင်ပို့နိုင်ခဲ့ပါတယ်။ နိုဝင်ဘာလထက် ၂၇၄၁ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ငါးရှဉ့်ရော၊ ကဏန်းပါ ဈေးတက်ပါတယ်။ ငါးရှဉ့်တစ်တန်လျှင် ယခင်တစ်ပတ်က ၆၆၆၆၀၀၀ကျပ်မှ ယခုတစ်ပတ်မှာ ၇၄၀၀၀၀၀ ကျပ်၊ ကဏန်းတစ်တန်လျှင် ၈၄၁၆၇၃၄ ကျပ် မှ ၉၁၆၆၆၀၀ ကျပ်သို့ ဈေးတက်လာကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

**ယဉ်ယဉ်အေး**

## တရုတ်နိုင်ငံသို့ သကြားဖြူများတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာလ ၂၆ ရက်မှ ဇန်နဝါရီလ ၁ ရက် သီတင်းပတ်အတွင်း တစ်ဖက်တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ ၇ ဒသမ ၆၅၀ သန်း တန်ဖိုးရှိ သကြားဖြူ ၁၃၅၇၇ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် ယခုသီတင်းပတ်မှာ သကြားဖြူ တန် ၂၆၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဒီဇင်ဘာလမှာ သကြားကုန်ကြမ်းများ လှိုင်လှိုင်ဝင်လာပြီး ဘုရင့်နောင်ကုန်စည်ဒိုင်မှာ လက်လီသကြားတစ်ပိဿာလျှင် ပေါက်ဈေး ယခင်သီတင်းပတ်က ၁၄၀၀ ကျပ်ရှိရာမှ ယခုသီတင်းပတ်တွင် ၁၃၅၀ ကျပ်သို့ ဈေးအနည်းငယ်ကျသွားတယ်လို့ သိရပါတယ်။

**မြင့်မြင့်မာ**

## မြန်မာ ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ပို့ကုန်ထက်သွင်းကုန်ပိုမိုဆောင်ရွက်

၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ မြန်မာဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေနဲ့ မောင်တောနယ်စပ်များရဲ့ ကုန်သွယ်မှုအခြေအနေဟာ ပို့ကုန်ထက် သွင်းကုန် ပိုမိုဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်-

**ကန်ဒေါ်လာသန်း**

| ကုန်သွယ်ရေးစခန်း | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှု |
|---|---|---|---|
| စစ်တွေ | ၀. ၂၂၀ | ၀. ၃၇၅ | ၀. ၅၉၅ |

စစ်တွေနယ်စပ်ရဲ့ အများဆုံးပို့ကုန်များမှာ လယ်ယာထွက်ကုန်(မန်ကျည်းစေ့၊ စမုန်နက်၊ဆီးဖတ်)၊ ရေထွက်ကုန်(ရေချိုငါး-ငါးမြစ်ချင်း)၊ သစ်တောထွက်ကုန်(ကြိမ်)၊ စက်မှုကုန်ချော(ဆီးယိုထုပ်)တို့ဖြစ်ပြီး အများဆုံးသွင်းကုန်များမှာလုပ်ငန်းသုံးပစ္စည်း(ဒီဇယ်ဆီ)၊ လူသုံးပစ္စည်း(တီရှပ်၊ပလတ်စတစ်ရေတိုင်ကီ)တို့ဖြစ်ပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းသည် အနီးစပ်ဆုံးကာလထက်ပို့ကုန် လျော့နည်းခဲ့သဖြင့် သွင်းကုန် ပိုမိုသော်လည်း ကုန်သွယ်မှုပမာဏလျော့နည်းခဲ့ရပါတယ်။ ပို့ကုန်ပိုင်းတွင် သစ်တောထွက် ပိုမိုတင်ပို့ နိုင်သော် လည်း လယ်ယာထွက်ကုန်၊ ရေထွက်ကုန်၊ CMPနဲ့ စက်မှုကုန်ချောပစ္စည်းလျော့နည်းတင်ပို့ခဲ့ပါတယ်။သွင်းကုန် ပိုင်းတွင်လုပ်ငန်းသုံးကုန်ကြမ်း စက်သုံးဆီနဲ့ လူသုံးကုန် တီရှပ်နဲ့ ရေတိုင်ကီပိုမိုတင်သွင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။

MIRT

## ဒီဇင်ဘာလရဲ့ မန္တလေး-မူဆယ် ကုန်စည်သယ်ခနှုန်းထားများ

တရုတ်နှစ်သစ်ကူးပွဲတော်ရက်နီးလာလို့ မန္တလေး-လားရှိုး-မူဆယ် သယ်ယူပို့ဆောင်တဲ့ ကားခ ဈေးနှုန်းများလည်း ဒီဇင်ဘာလ စတုတ္ထပတ်မှစပြီး ဈေးတက်လာတာတွေ့ရပါတယ်။ နှစ်သစ်ကူးပွဲတော်ရက် ကြောင့် သွင်းကုန်များ နည်းလာပြီး အပြန်ကုန်ရရှိမှုနည်းနိုင်လို့ မူဆယ်သို့ သွားမယ့်ကားနည်းလာခြင်း၊ ပွဲတော် ရက်မှာ အသုံးများတဲ့ ဖရဲသီးအပို့များလာခြင်း တို့ရှိနေတယ်လို့ ရန်ကုန်၊ မန္တလေးကားဂိတ်များမှ သိရပါတယ်။ ကုန်စည်သယ်ယူမှု အနေနဲ့ကတော့ ပို့ကုန်ပိုင်းတွင် ပဲ၊ ပြောင်း၊ နှမ်း၊ ဆန်၊ ရော်ဘာ၊ ရေထွက်ပစ္စည်း၊ ဖရဲသီး၊ ဆီးသီး၊ နနွင်းတက်၊ ပြောင်းကြိတ်ဖတ်၊ သကြားတို့ပုံမှန် တင်ပို့မှုရှိသလို တရုတ်နိုင်ငံဘက်မှလည်း ဓါတ်မြေသြဇာ၊ ဘိလပ်မြေ၊ ကြွေပြား၊ သံပြားအစရှိတဲ့ အိမ်ဆောက်ပစ္စည်းမျိုးစုံ၊ စက်ဘီး၊ ဆိုင်ကယ်၊ ပန်းသီး၊ ပန်းသစ်တော်သီး၊ နေကြာစေ့နဲ့ ယခုလမှာ အထူးတင်သွင်းခဲ့တဲ့ ကြက်သွန်နီတို့ကို တင်သွင်းခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလရဲ့ ကုန်စည်သယ်ယူခနှုန်းထား တွေကို အပတ်စဉ်အလိုက် ဖော်ပြပေးလိုက်ပါတယ်-

**တန်ဖိုး-ပိဿာ/ကျပ်**

| ပို့ကုန် | ၂၈-၁၁-၂၀၁၅ မှ ၄-၁၂-၂၀၁၅ ထိ | ၅-၁၂-၂၀၁၅ မှ ၁၁-၁၂-၂၀၁၅ ထိ | ၁၂-၁၂-၂၀၁၅ မှ ၁၈-၁၂-၂၀၁၅ ထိ | ၁၉-၁၂-၂၀၁၅ မှ ၂၅-၁၂-၂၀၁၅ ထိ | ၂၆-၁၂-၂၀၁၅ မှ ၁-၁-၂၀၁၆ ထိ |
|---|---|---|---|---|---|
| ပြောင်း | ၉၂-၉၆ | ၈၉-၉၉ | ၈၉-၉၉ | ၈၉-၉၁ | ၉၀-၉၁ |
| ဆန် | ၉၂-၉၇ | ၉၂-၉၇ | ၈၉-၉၆ | ၉၂-၉၅ | ၉၂-၉၅ |
| ပဲတီစိမ်း | ၉၄-၉၈ | ၉၀-၁၀၀ | ၉၀-၁၀၀ | ၉၁-၉၃ | ၉၂-၉၃ |
| နှမ်း | ၈၉-၉၀ | ၈၉-၉၀ | ၆၅-၈၈ | ၆၅-၈၈ | ၆၅-၈၈ |
| ရော်ဘာ | ၈၆-၉၈ | ၈၆-၉၈ | ၈၃-၈၈ | ၉၁-၉၅ | ၉၂-၉၅ |
| **သွင်းကုန်** | | | | | |
| မြေဆီ | ၃၀ | ၂၇ | ၂၇ | ၂၆ | ၂၉ |

**မော်မော်အောင်**

| ၅-၁-၂၀၁၆ မှ ၈-၁-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 256 | 9,767,162.247 |
| 2 | Form D | 30 | 1,603,899.230 |
| 3 | Form E | 98 | 1,528,686.420 |
| 4 | Korea GSP | 5 | 132,396.350 |
| 5 | Form AK | 76 | 3,806,445.774 |
| 6 | Form AJ | 4 | 606,167.380 |
| 7 | Form AI | 58 | 2,244,277.260 |
| 8 | Form AANZ | 1 | 1,369.400 |
| 9 | Form DFTP | | |
| | **Grand Total** | **528** | **19,690,404.061** |

# မြန်မာ့လေကြောင်းကဏ္ဍသည် အလားအလာအလွန် ကောင်းမွန်ကြောင်း ဗီယက်နမ်၏ တန်ဖိုးနည်း အဆင့်မြင့်လေကြောင်းလိုင်း တစ်လိုင်းဖြစ်သည့် Vietjet ၏ ဒုတိယဥက္ကဋ္ဌ သုံးသပ်ပြောကြား

ဗီယက်နမ်၏ တန်ဖိုးနည်းအဆင့်မြင့်လေကြောင်းလိုင်း တစ်လိုင်းဖြစ်သည့် Vietjet ၏ ဒုတိယဥက္ကဋ္ဌက မြန်မာ့လေကြောင်းကဏ္ဍသည် အလားအလာ အလွန်ကောင်းမွန်ကြောင်း Ms Nguyen Thi Thuy Binh က သုံးသပ်ပြောကြားလိုက်သည်။

အလွန်လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့်မြန်မာ့စီးပွားရေး အရှိန်အဟုန်သည် ခရီးသွားကဏ္ဍတွင် သိသိသာသာ ထင်ရှားလာခဲ့ပြီး၂၀၁၅ ခုနှစ် နိုဝင်ဘာလကုန်အထိ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားစုစုပေါင်း ၄ ဒသမ ၂ သန်းခန့်အထိ လာရောက်လည်ပတ်ခဲ့ပြီး ၂၀၁၄ ခုနှစ်ကထက် နှစ်ဆမြင့်တက်ခဲ့ကြောင်း မြန်မာ့ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

“မြန်မာ့ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအထိ ဗီယက်နမ်လူမျိုး စီးပွားရေးလုပ်ငန်းရှင်တွေဟာ မြန်မာနိုင်ငံမှာအမေရိကန်ဒေါ်လာ ၆၉၁ သန်း ရင်းနှီးမြှုပ်နှံခဲ့ပြီး အဲဒီအထဲမှာ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍမှာ ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံသူတွေအဖြစ်ရပ်တည်ခဲ့ပါတယ်” ဟုVietjet လေကြောင်းလိုင်း၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Ms Nguyen Thi Thuy Binh က ပြောသည်။

“မြန်မာနိုင်ငံကို အလုပ်ကိစ္စနဲ့ပဲဖြစ်ဖြစ် အလည်အပတ်အနေနဲ့ပဲဖြစ်ဖြစ် သွားရောက်ချင်တဲ့ ဗီယက်နမ် ခရီးသွားတွေလည်း ပိုပြီးများလာပါတယ်။ တကယ်လို့ အခုအတိုင်း ဆက်လက်သွားမယ်ဆိုရင် မြန်မာ့လေကြောင်းဝန်ဆောင်မှုကဏ္ဍဟာ အမြင့်မားဆုံးနှုန်းနဲ့ ဆက်လက်ဖွံ့ဖြိုးတိုးတက်သွားမယ်လို့ ယုံကြည်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

“မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေ အများအပြားကျန်ရှိနေသေးသလို ဗီယက်နမ်လုပ်ငန်းရှင်တွေကလည်း ရင်းနှီးမြှုပ်နှံဖို့ စိတ်အားထက်သန်နေကြပါတယ်။ Vietjet အနေနဲ့ ဟိုချီမင်း-ရန်ကုန် ခရီးစဉ်ကို စတင်ပျံသန်းခဲ့တာဟာ ဒီလိုအပ်ချက်တွေကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းဆောင်ရွက်ပေးချင်လို့ပဲဖြစ်ပါတယ်။ ဒီခရီးစဉ်အသစ်ဟာမြန်မာနဲ့ ဗီယက်နမ် နှစ်နိုင်ငံစလုံးက ပြည်သူတွေအနေနဲ့ ယဉ်ကျေးမှုနဲ့ ရင်သပ်ရှုမောဖွယ်မြင်ကွင်းတွေ အပြန်အလှန်ခံစားနိုင်မယ့် အခွင့်အရေးတွေ ယူဆောင်လာပေးမှာပါ။ဒါကြောင့် စီးပွားရေးလုပ်ငန်းကြီးတွေနဲ့ ရင်းနှီးမြှုပ်နှံသူတွေကြား ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာမယ်လို့လည်း မျှော်လင့်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

Vietjet သည် ရန်ကုန်-ဟိုချီမင်း ခရီးစဉ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂ရက်တွင် စတင်ပျံသန်းခဲ့ပြီး တစ်ပတ်လျှင် ငါးကြိမ်၊ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေနှင့် တနင်္ဂနွေ အပတ်စဉ် အသွားအပြန်ပုံမှန် ပျံသန်းပြေးဆွဲလျက်ရှိသည်။

မြန်မာပြည်သူများသည် လေယာဉ်ပျံသန်းချိန်သတင်းအချက်အလက်များနှင့်လက်မှတ်များကို www. vietjet. com သို့မဟုတ်www.facebook. com/ VietjetMyanmarရှိ Booking ဆိုသည့် Tab ကိုရွေးချယ်၍ ကြည့်ရှုစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ မြန်မာခရီးသွားများအတွက် ဖုန်းနံပါတ် (+၉၅-၉) ၉၆၀ ၇၀ ၄၈ ၁၈(၂၄/၇) သို့မဟုတ် လေယာဉ်လက်မှတ်အရောင်း ကိုယ်စားလှယ်ဖြစ်သည့် AVIAREPS Myanmar ရုံးခန်းတည်ရှိရာအမှတ် ၀၁-၀၆၊ ပထမထပ်၊ Yuzana Business Tower၊ ဓမ္မစေတီလမ်း၊ မြေနီကုန်း၊ ရန်ကုန်မြို့နှင့်ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မြို့များရှိ လေယာဉ်လက်မှတ် အရောင်းဆိုင်ပေါင်း ၁၀၀ ကျော်တို့တွင် လက်မှတ်များ ဝယ်ယူနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ | ၆၅၀ စ/ပေ | (၄) လွှာ၊ Hall | ၃၉၅ သိန်း | | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလအိမ်ရာ | (၁၃.၅×၄၅) ပေ | (၃) လွှာ၊ လျှာထိုးခင်း | ၇၅၀ သိန်း | လမ်းမတန်းနီး | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၃။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ မအူပင်လမ်း | ၆၅၀ စ/ပေ | (၇) လွှာ | ၂ သိန်း | တစ်လအငှားနှုန်း လမ်းကောင်း | ၀၉/၅၁/၁၇၂၆၂ |
| ၄။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | (၇) လွှာ၊ ဓါတ်လှေကားပါ | ၁၅၀၀ သိန်း | ၈၀ %ပြီးစီး | ၀၉/၅၁/၁၇၂၆၂ |
| ၅။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း | (၃၂×၇၀) ပေ | (ပ) ထပ် | ၁၂ သိန်း | တစ်လအငှားနှုန်း | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၆။ | မြေသီးသန့် | ဒဂုံမြို့သစ်(မြောက်)ပိုင်း၊ ၄၄ ရပ်ကွက် နဝရတ်လမ်းသွယ် | ၂၄၀၀ စ/ပေ | မြေသီးသန့် | ၉၅၀ သိန်း | လမ်းကောင်း | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၇။ | တိုက်ခန်း | တောင်ဥက္ကလာပမြို့နယ်၊ ကျော်သူလမ်း | (၂၀×၅၀) ပေ | (ပ) ထပ်၊ အခန်းဖွဲ့ | ၇၂၀ သိန်း | တိုက်သစ် | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | မြေ | လှည်းကူးမြို့နယ်၊ မြို့အထွက် လမ်းမကြီးအနီး | (၄၀×၆၀) ပေ | မြေသီးသန့် | ၆၀ သိန်း | ရွာမြေ | ၀၉/၅၁/၁၇၂၆၂ |
| ၉။ | မြေ | ပြင်ဦးလွင်မြို့ဆင်ခေါင်းလေးရွာအနီး | (၆၀×၈၀) ပေ | မြေသီးသန့် | ၂၄၀ သိန်း | ရွာမြေ | ၀၉/၂၅၀/၃၇၆၃၇၉ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာ (ဝှ်ရှ်) (၂၀၀၃) | 5G | ၁၇၀ သိန်း | ကားကောင်း |
| ၂။ | ဗီလ်ဒါ (၂၀၀၃) (1.5) | EE | ၁၂၅ သိန်း | |
| ၃။ | ဒီမီယို (၂၀၁၂) | ယာယီ | ၁၃၀ သိန်း | |
| ၄။ | အစ်ဆန် (၂၀၀၁) | 9F | ၁၇၅ သိန်း | |
| ၅။ | ရက်တစ် (၂၀၀၈) | 9D | ၁၀၂ သိန်း | |
| ၆။ | တိုယိုတာ (အက်ဆီ) (၂၀၁၀) | 2H | ၁၃၀ သိန်း | |
| ၇။ | ဟိုက်ဂျက် (၂၀၀၄) | 7G | ၆၅ သိန်း | |
| ၈။ | ဘယ်(လ်)တာ (၂၀၁၀) | 9G | ၁၃၀ သိန်း | |
| ၉။ | အပ်ကား (နှစ် ၂၀) | - | ၈၀ သိန်း | ဗပ်/ကားကောင်း |

# HR ဝန်ထမ်းများအတွက် International Human Resource Summit 2016 ကို ဇန်နဝါရီလ ၂၂ ရက်တွင် ကျင်းပမည်



HR ဝန်ထမ်းများအတွက် HR Summit 2016 ကို ဇန်နဝါရီ ၂၂ ရက်၌ ရန်ကုန်မြို့ရှိ Novotel Max Yangon တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ HR Summit 2016 ကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ပြုလုပ်ခြင်းဖြစ်ပြီး နိုင်ငံတကာမှ HR ပညာရှင်များက လာရောက်ဟောပြောဆွေးနွေးကြမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ HR ဆွေးနွေးပွဲသို့ တက်ရောက်လိုသူများသည် www.mihrs. com, register@ mihrs. com, information@ mihrs.com, , info@3rdeyems. com သို့ ဝင်ရောက်၍ ဝင်ကြေးအမေရိကန်ဒေါ်လာ ၅၀ ပေးသွင်းကာ တက်ရောက်နိုင်ကြောင်း သိရသည်။ ယင်း Summit ကို Third Eye Management မှ ဦးဆောင်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

“မြန်မာနိုင်ငံမှာ Human Resource နဲ့ပတ်သက်တာတွေကို နိုင်ငံတကာကပညာရှင်တွေက လာရောက် ဆွေးနွေးပေးမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ အချိန်အနည်းငယ်အတွင်းမှာပဲ ပြောင်းလဲတိုးတက်နေတာကို မြင်တွေ့ခဲ့ရပါတယ်။ အဲဒီလိုပြောင်းလဲတိုးတက်လာတဲ့အတွက် HR ကဏ္ဍဟာလည်း အရေးပါတဲ့နေရာကို ရောက်နေပါပြီ။ ဒါကြောင့် ဒီဆွေးနွေးပွဲကနေ မြန်မာနိုင်ငံက တိုးတက်ချင်တဲ့၊ HR ကို လေ့လာနေတဲ့လူငယ်တွေအတွက် အများကြီးအထောက်အကူပြုမယ်လို့ထင်ပါတယ်”ဟု Third Eye Management Solutions မှ မန်နေးဂျင်းဒါရိုက်တာ Ms Gen Lehn က ပြောကြားခဲ့သည်။

အဆိုပါ Summit တွင် အဓိက ဟောပြောမည့်သူများမှာ Ms Gen Lehn(MD, Third Eye Management Solutions), Mr Warren Eng(General Director, ERC), Ms. Judy A. Benn(Executive Director, American Chamber of Commerce in Thailand), Ms. Owararinth Bubphawadee (Head of Human Resources Thailand, Standard Charterded Bank), ဒေါ်ရွှေရည်ဝင်းလှဲ့ (Sr. Vice President, Head of People Partners & Development People Group, Telenor Myanmar Limited), ဒေါ်ရွှေဇင်သက် (Head of Human Resources, Roche Myanmar Co., Ltd.), တို့နှင့် HR ပညာရှင်များက ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# အစားအစာလုံခြုံစိတ်ချမှုရှိစေရေးနှင့် အပင်ပိုးမွှားကင်းရှင်းရေး အစီအမံများ SPS ဆိုင်ရာစီမံကိန်းအတွက် အကြံပြုညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၆ရက်က မြန်မာနိုင်ငံ ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေ တိုးမြှင့်လာစေရေးအတွက် အစားအစာ လုံခြုံစိတ်ချမှုရှိစေရေးနှင့် အပင်ပိုးမွှား ကင်းရှင်းရေးအစီအမံများ SPS စီမံကိန်း အတွက် စစ်ကိုင်းတိုင်းဒေသကြီး အတွင်း အခြေခံအချက်အလက်များ ကောက်ယူရန် အကြံပြုညှိနှိုင်းအစည်း အဝေး ကျင်းပပြုလုပ်ခဲ့ပါတယ်။

အစည်းအဝေးသို့ စစ်ကိုင်းတိုင်း ဒေသကြီး၊စိုက်ပျိုးရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦး စီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ မုံရွာကုန်စည်ဒိုင် ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူး၊ တိုင်းဆီစက် အသင်းဥက္ကဋ္ဌ၊ ကလေး၊ ကသာ၊ စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ၊ ယင်းမာပင်၊ ကန့်ဘလူခရိုင်များရှိ ဆီစက်ပိုင်၊ ကုန်သည်၊ ပွဲစားများ၊ စိုက်ပျိုးသူ တောင်သူများ စုစုပေါင်း ၉၆ ဦး တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

အဆိုပါ အစည်းအဝေးတွင် အပြည် ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟို ဌာန ITC မှ National Project မန်နေဂျာဒေါက်တာသစ်သစ်လွင်က SPS စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြော ကြားရာတွင် ဤစီမံကိန်းသည် အမျိုး သားပို့ကုန် မဟာဗျူဟာအကောင် အထည်ဖော်ရေး (မြန်မာ့ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး)ကော်မတီ၏ လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေ တိုးမြှင့်ရေးအတွက် မကွေး၊ စစ်ကိုင်း၊ မန္တလေးတိုင်းဒေသကြီးများတွင် ၂၀၁၅ ခုနှစ် အောက်တိုဘာလမှ စတင်ကာ ၂၀၁၉ ခုနှစ်ထိ စီမံကိန်းကာလ ၄နှစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းရဲ့ ရည်မှန်းချက်မှာ ဆီထွက်သီးနှံ တန်ဖိုးကွင်းဆက် (Value Chain) တွင် စိုက်ပျိုးသူတောင်သူများ၊ ကုန်ထုတ်လုပ်ငန်း ဆောင်ရွက်သူများ၊ ပို့ကုန်တင်ပို့သူ (Exporter) များအတွက် အန္တရာယ်ကင်းရှင်းစိတ်ချရမှုနှင့် ဈေးကွက်အတွင်း SPS ဆိုင်ရာ တိုင်းထွာ ချက်များအတိုင်း ဆောင်ရွက်ခြင်းဖြင့် ပို့ကုန်ဝင်ငွေများ တိုးတက်လာစေရန်ဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ယခု မြေပြင်ထိ ကွင်းဆင်းပြီး Data Base များကို ကောက်ယူမည်ဖြစ်ပြီး ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာထွက်ကုန်များကို စိုက်ပျိုးသည့်အဆင့်မှ စားသုံးသူထံ ရောက်ရှိသည့်အဆင့်ထိ Value Chain ကွင်းဆက်အားလုံး အရည်အသွေးမြှင့်တင်အောင် ဆောင်ရွက်ရန် နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်း၊ နည်းပညာပေးစာစောင်များဖြန့်ဝေခြင်း၊ လိုအပ်ပါက နိုင်ငံခြားမှပညာရှင်ဆရာ၊ ဆရာမများကို ဖိတ်ခေါ်ပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားပြီး လက်တွေ့ကွင်းဆင်းစာရင်း ကောက်ယူမည့်နေရာများကို ညှိနှိုင်းခဲ့ပါတယ်။

ဆက်လက်၍ မုံရွာကုန်စည်ဒိုင်နှင့် ဘုတလင်၊ ချောင်းဦး၊ မြင်းမူ၊ မြောင်၊ ဆားလင်းကြီးမြို့နယ်များသို့ သွားရောက်၍ ကုန်သည်၊ ပွဲစား၊ စက်ပိုင်၊ တောင်သူများနှင့်တွေ့ဆုံပြီး Data Base များကို ကောက်ယူမည်ဖြစ်ကြောင်း သိရပါတယ်။ **သန်းသန်းတင်-မုံရွာ**

# ရေပုသိမ်ဖွံ့ဖြိုးမှု ကုမ္ပဏီမှ ၂၀၁၆ နွေစပါးရာသီ၊ ဒေသခံတောင်သူများကို ကျပ်သိန်းပေါင်းတစ်သောင်းကျော်ပံ့ပိုးပေးပြီး

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့် သက်ဆိုင်သော ကုမ္ပဏီက ကုမ္ပဏီ စတင်ထူထောင်တဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်မှစတင်၍ ဒေသခံတောင်သူ များ ကို မိုးစပါး၊ နွေစပါး စိုက်ပျိုးချိန် စိုက်ပျိုးစရိတ်နှင့် သွင်းအားစုများကို နှစ်စဉ်ပံ့ပိုးပေးလျက်ရှိရာ ယခုနှစ်တွင်လည်း နွေစပါးစိုက်ပျိုးတဲ့ ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်၊ ကျောင်းကုန်းမြို့နယ်များရှိ ကျေးရွာအုပ်စု ၄၄ အုပ်စု၊ တောင်သူဦးရေ ၁၈၀ ဦး၊ စိုက်ဧက ၁၆၇၃ ဧကအတွက် နွေစပါးနှင့် ရေကျနောက်စိုက် စပါးများစိုက်ပျိုးလျက်ရှိတဲ့ ဒေသခံတောင်သူများကို ယူရီးယား ဓာတ်မြေဩဇာ ၂၈၆ အိတ်၊ဧရာပုသိမ်မှ ထုတ်လုပ်သော အဏုဇီဝမြေဩဇာ ၂၆၂၇ အိတ်၊ စက်သုံးဆီ ၂၅၀ ပေပါနှင့် ဆင်းသွယ်လတ်၊ သီးထပ်ရင်၊ မနောသုခ၊ မျိုးစပါးတင်း ၉၀၀ ခန့် စုစုပေါင်း တန်ဖိုး ငွေကျပ်သိန်း ၁၁၀၀၀ ကျော်ပံ့ပိုးပေးပြီး ဆက်လက်၍လည်း ဓာတ်မြေဩဇာနဲ့ စက်သုံးဆီများကို ထုတ်ပေးလျက်ရှိကြောင်း ဧရာပုသိမ်ကုမ္ပဏီမှ သိရပါ တယ်။

ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့် သက်ဆိုင်သော ကုမ္ပဏီက ဒေသခံ စက်ပိုင်၊ ကုန်သည်၊ တောင်သူများနဲ့ ဖွဲ့စည်းထားပြီး မိမိတို့ တိုင်းဒေသကြီး အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နဲ့ ဈေးကွက်ဝင် အရည်အသွေး ကောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်၍ တောင်သူများ ဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်လျက် ဆောင်ရွက်လျက်ရှိရာ မျိုးထုတ်ဇုန်သတ်မှတ်၍ မျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ နည်းပညာပေးခြင်း၊ စနစ်ကျစံပြလယ်ယာမြေဧကကွက်များ ဖော်ထုတ်ပေးခြင်း၊ ကန်ထရိုက်လယ်ယာစနစ်နဲ့အကျိုးတူစိုက်ပျိုးခြင်းတို့ကို တောင်သူများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် သဘာဝမြေဩဇာဖြင့် စိုက်ပျိုးသော ဓာတုလွတ် စိုက်ခင်းများကို စိုက်ပျိုးခြင်း၊ ထွက်ရှိလာသော မျိုးသန့်များကို တောင်သူများအား ပြန်လည်ဖြန့်ဖြူးရောင်းချခြင်း၊ (စိုက်ပျိုးရေးလုပ်ငန်း ဦးစီးဌာနမှ ခွင့်ပြုချက်တောင်းခံထားပြီး) ထိုင်ဝမ်နည်းပညာနှင့် အဏုဇီဝ သဘာဝမြေဩဇာ ထုတ်လုပ်ခြင်း၊ ဆန်စက်နှင့် ပေါင်းဆန်စက်ရုံများ တည်ဆောက်လျက်ရှိတဲ့အပြင် ပြည်ပသို့ တင်ပို့ရောင်းချခြင်း၊ ပြည်တွင်း စားသုံးမှုအတွက် ကုမ္ပဏီရုံးတွင် တိုက်ရိုက်ရောင်းချပေးသည်များ ရှိသလို ဥတိုပေါ်ဆန်းမွှေး၊ဆင်းသွယ်လတ်၊ ပေါ်ဆန်း ရင်ဆန်များကို ပညာရေးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များသို့လည်း လပေးစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း ကုမ္ပဏီမှတာဝန်ရှိသူ ဦးဝင်းကြည်က ပြောပါတယ်။ **မင်းမင်းဦး - ပုသိမ်**



## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန့်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-2121093,Ph:081-2121627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ပိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၁၁-၁-၂၀၁၆ မှ ၁၇-၁-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ဦးဆောင်မှု အပင်ပန်းခံမှုများကြောင့် လုပ်ငန်းတိုးတက်မှုအားကောင်းလာတတ်ပါသည်။ စာရင်းအင်းလုပ်ငန်းများဖြင့် ဝင်ငွေကောင်းလာပါလိမ့်မည်။ မီးနှင့်ပြုပြင်လုပ်ကိုင်ရသော စက်ရုံ၊ အလုပ်ရုံများ အကျိုးပေးလိမ့်မည်ဖြစ်သည်။ ကျန်းမာရေးတွင် ကိုယ်လက်ကိုက်ခဲ နာကျင်သော ဝေဒနာခံစားရတတ်ပါသည်။ အပူအအေးပြောင်းလဲမှု ရာသီအပြောင်းအလဲကြောင့် ဖြစ်တတ်သောရောဂါဖြစ်နိုင်ခြေရှိသောကြောင့်အနေအစား သတိထားသင့်သောကာလဖြစ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေချောမွေ့နေမည်ဖြစ်သည်။ **ယတြာ။ ။ အုန်းစိမ်းရည်သောက်သုံးပါ။**



**တနင်္လာသားသမီးများအတွက်** လူမှုရေးကိစ္စများ အချိန်ပေးရခြင်းရှိနေသည့်အတွက် ရည်မှန်းချက်လုပ်ငန်းများ နှောင့်နှေးကြန့်ကြာနေရတတ်ပါသည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်းများ လုပ်ကိုင်လျှင် အောင်မြင်မှုရမည့်ကာလ ဖြစ်ပါသည်။ ကျန်းမာရေးအနေဖြင့် အဆုတ်နှင့်ပတ်သက်သောရောဂါ၊ ဝေဒနာခံစားရတတ်သည်။ အချစ်ရေးတွင် ရည်ရွယ်သူတစ်ဦး ကြုံဆုံသူတစ်ဦးဖြစ် နေရတတ်သည်။ ကျန်းမာရေးတွင် စိုးရိမ်စရာမရှိသော်လည်း သွေး၊ လေနှင့်ပတ်သက်သော ဝေဒနာခံစားရတတ်ပါသည်။ **ယတြာ။ ။ ကြံရည်လှူဒါန်းပါ။**



**အင်္ဂါသားသမီးများအတွက်** ဆုံးဖြတ်ချက်ခိုင်မာသော အတွေးအခေါ် အသိတရားများရှိနေတတ်သည်။ ဝင်ငွေအားကောင်းလာလိမ့်မည်။ ပြည်ပဆက်သွယ်ရေးလုပ်ငန်းများ အဆင်ပြေလာမည်။ ကျန်းမာရေးဂရုစိုက်ပါ၊ အသက်ရှူလမ်းကြောင်းပိတ်ဆို့သော လေသလိပ်တို့ကြောင့် ဖြစ်သည့်ဝေဒနာ ခံစားရတတ်ပါသည်။ အချစ်ရေးကို စိတ်ဝင်စားသော်လည်း N.G.O လုပ်ငန်းများနှင့် အချိန်ကုန်နေတတ်သောကြောင့် ချစ်သူ၏ ငြိုငြင်မှုကို ခံရတတ်ပါသည်။ **ယတြာ။ ။ စတော်ဘယ်ရီသီးလှူပါ။ လိုရာဆုတောင်းပြည့်မည်။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အလုပ်နှင့်ပတ်သက်၍ ကံကောင်းမှုကြုံမည်။ စာပေရေးသားထုတ်ဝေခြင်းလုပ်ငန်း အောင်မြင်ကျော်စောမှုရှိမည်။ မင်းတို့၏ ချီးမြှောက်ဂုဏ်ပြုခြင်းခံရတတ်သည်။ စမ်းသပ်တီထွင်မှုလုပ်ငန်းများ၊ အောင်မြင်မှုရှိမည်။ ကျန်းမာရေးတွင် သွေး၊ လေ တို့နှင့်ပတ်သက်သော ရောဂါဝေဒနာခံစားရမှု ရှိတတ်ပါသည်။ အနေအစား သတိရှိသင့်သောကာလဖြစ်သည်။ အချစ်ရေးတွင် စိတ်တူသဘောတူသူနှင့် အဆင်ပြေလာနိုင်ဖွယ်ရှိပါသည်။ အလျင်စလိုအိမ်ထောင်ပြုရတတ်သည်။
**ယတြာ။ ။ ထောပတ်သီးကိုနို့နှင့်ဖျော်၍လှူဒါန်းပါ။**



**ကြာသပတေးသားသမီးများအတွက်** ထက်မြက်သော အကြံဉာဏ်များရှိသည့်အလျောက် ပြည်ပနှင့်ဆက်သွယ်ထားသော စီးပွားရေးလုပ်ငန်းများ အကျိုးဖြစ်ထွန်းမှုအားကောင်းနေတတ်ပါသည်။ ယခုကာလတွင် ဝင်ငွေထွက်ငွေမျှနေသည့် ကာလဖြစ်နေတတ်သည်။ နိုင်ငံတကာနှင့်ဆက်သွယ်ပြီး လုပ်ငန်းများ ထင်ပေါ် အောင်မြင်မှုရရှိလာပါလိမ့်မည်။ ကျန်းမာရေး အနေဖြင့် မျက်စိနှင့်ပတ်သက်သော ဝေဒနာခံစားရမှုရှိနေတတ်ပါသည်။ အချစ်ရေးတွင် တစ်နယ်တခြားဝေးနေရသူကို တမ်းတနေရလိမ့်မည်။ အိမ်ထောင်ပြုရန် စောင့်နေရမည့်သဘောရှိနေတတ်ပါသည်။ **ယတြာ။ ။ ပန်းသီးလှူဒါန်းပါ။**



**သောကြာသားသမီးများအတွက်** ခရီးသွားရခြင်းကို ဝါသနာပါရှိလိမ့်မည်။ ဆက်သွယ်သွားလာရသော လုပ်ငန်းများ အဆင်ပြေချောမွေ့နေမည်။ အနုပညာပိုင်းဆိုင်ရာ အလှုဆင်လုပ်ငန်းများလည်း အကျိုးပေးကောင်းနေတတ်ပါသည်။ ယခုအခါတွင် ငွေဝင်အားကောင်းနေမည်ဖြစ်သည်။ ကျန်းမာရေးတွင် အဆီအနှစ်များသော အစားအစာကို ဂရုစိုက်ရှောင်ပါ၊ သွေးတိုးရောဂါဖြစ်တတ်ပါသည်။ အချစ်ရေးတွင် ပျော်ရွှင်စရာ ခရီးအတူသွားခြင်းဖြင့် အိမ်ထောင်ရေးသာယာနေမည်။ **ယတြာ။ ။သင်္ဘောသီးဆွမ်းကပ်ပါ။**



**စနေသားသမီးများအတွက်** လူမှုရေးကိစ္စများ အချိန်ပေးရခြင်းရှိမည်။ အလုပ်နှင့်ပတ်သက်၍ ကံကောင်းနေမည်။ ကွန်ပျူတာ၊ စာရင်းအင်းလုပ်ငန်းများမှ ဝင်ငွေအားကောင်းလာလိမ့်မည်။ ဘာသာရေးဆိုင်ရာလုပ်ငန်းများတွင် ထူးချွန်မည်။ အောင်မြင်မှု ရရှိလိမ့်မည်။ ကျန်းမာရေးတွင် အကြောဝေဒနာ အထူးခံစားရတတ်သည်။ အကြောတက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ခြေလက်မသယ်နိုင်ခြင်းတို့ဖြစ်နေတတ်သည်။ အချစ်ရေးတွင် စဉ်းစားကာနေရဦးမည်။ စိတ်တိုင်းကျမတွေ့နိုင်သေးပါ။
**ယတြာ။ ။ အုန်းရည်သောက်ခြင်း၊ အုန်းရည်လှူဒါန်းခြင်းပြုပေးပါ၊ ကိုယ်စိတ်နှစ်ပါးချမ်းသာပါလိမ့်မည်။**

# ပြည်ဈေးကွက်သို့ ဆီးသီး အမှည့်များ ဝင်ရောက်လျက်ရှိ

အသီးအနှံဈေးကွက်တွင် ယခုတစ်ပတ် ဇန်နဝါရီလပထမပတ်အတွင်း ဆီးသီးအမှည့်ခြင်းတွေ ပြည်၊ ဆင်တဲ၊ ပန်းတောင်း၊ ဖိုးဦးတောင်တို့ဘက်မှ ထွက်ရှိလာပြီး ဈေးကွက်ဝင်လာပါတယ်။ တစ်တင်းခွဲဝင်ခြင်း ၃၀၊ ၄၀ အဝင်ရှိပြီး ဒေသတွင်း လက်လီအရောင်းသမားများနှင့် ယိုစုံလုပ်ငန်းတို့မှ အဝယ်ရှိတာကြောင့် တစ်နေ့ချင်း အရောင်းအဝယ်အကုန်ဖြစ်ကြောင်းလည်း သိရပါတယ်။

ဝင်ရောက်လာတဲ့ ဆီးသီးအရသာနဲ့ မျိုးအရည်အသွေးပေါ် မူတည်ပြီး ဈေးအနည်းငယ်ကွာခြားပါတယ်။ ဆီးချိုတစ်တင်းကို ၁၂၀၀၀ ကျပ်အထိရှိပြီး၊ ဆီးချိုချဉ် တစ်တင်း ၈၅၀၀ ကျပ်ရှိပါတယ်။ ယိုစုံလုပ်ဆီးသီးအချဉ်ကတော့ တစ်တင်း ၆၅၀၀ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရပါ တယ်။ **နီနီဝင်း-ပြည်**

# မိုးစပါးရိတ်သိမ်းပြီး ရာသီဂန္ဓမာပန်းကို တောင်သူများတိုးချဲ့စိုက်ပျိုးလာ



အင်းတော်မြို့နယ် မော်လူးဒေသ ပဲခူးကျေးရွာမှာ မိုးစပါးစိုက်ပျိုးပြီး လယ်ကွက်ထဲမှာ ရာသီဂန္ဓမာပန်းများ စိုက်ပျိုးလာကြပါတယ်။ အင်းတော်၊ ဗန်းမောက်၊ ကချင်ပြည်နယ် မိုးညှင်း၊ မိုးကောင်းမြို့နယ်မှ ဈေးကွက်အဝယ်ရှိလို့ အကျိုးအမြတ်ရှိကြပြီး ပန်းစိုက်တောင်သူများ တိုးချဲ့စိုက်ပျိုးလာတာကို တွေ့ရပါတယ်။

ဂန္ဓမာပန်းမျိုးကို မေမြို့အနီးစခန်းမှာ ငွေလွှဲမှာယူပါတယ်။ အပင်သားစို့ ပျိုးပင်တစ်ပင်ကို အမျိုးအစား အလိုက် ခုနစ်ကျပ်မှ နှစ်ဆယ်အထိပေးရပါတယ်။ ဘောင်ဖော်ပြီး စိုက်ရတာပါ၊ ရေကြိုက်ပေမယ့် ရေဝပ်တာ မကြိုက်ပါဘူး၊ ရွက်ဖျန်းအားဆေး၊ မှိုသတ်ဆေး၊ အပင်အားဆေးများ ကျွေးရပါတယ်။ တစ်ဧကစိုက်ပျိုးပါက အပင်ခြောက်သောင်းစိုက်ပျိုးနိုင်ပြီး ကုန်ကျစရိတ် ကျပ်ရှစ်သိန်းခန့်ရှိပါတယ်။ စိုက်ပျိုးပြီး သုံးလအကြာမှာ ဈေးကွက်ဝင် ဂန္ဓမာပန်းများရပါပြီ၊ ပန်းပွဲစားများက ခြံအရောက်လာဝယ်ပါတယ်။ ငါးပင်တစ်စည်းကို ငါးရာကျပ်နဲ့ ရောင်းပါတယ်။ တစ်ဧကဆို အစည်းပျမ်းမျှ ၁၀၀၀ ကျော်ဝင်ငွေ ကျပ်သိန်းငါးဆယ်ကျော်မှာ ကုန်ကျစရိတ်နုတ်ပြီး ကျပ်သိန်းလေးဆယ်ကျော် အမြတ်အစွန်းရပါတယ်။ အခုပဲခူးရွာမှာ ဂန္ဓမာပန်းစိုက်တောင်သူ ရှစ်ဦးရှိပြီး အပင်သိန်းချီပြီး စိုက်ပျိုးလာကြပါတယ်။ ပဲခူးရွာ ဂန္ဓမာပန်းအပင် ငါးသိန်းကျော်အထိ တိုးချဲ့စိုက်ပျိုး လာကြ ပါတယ်လို့ ပန်းတောင်သူ ဦးဇော်သက်ထူး၊ ဦးကျော်ဇင်ဖြိုးတို့ထံက သိရပါတယ်။

ကသာခရိုင်၊ ကသာ၊ ထီးချိုင့်မြို့နယ်များမှာ ရာသီဂန္ဓမာပန်းများ စိုက်ပျိုးပေမယ့် အင်းတော်မြို့နယ်မှာ စိုက်ပျိုးမှုနည်းပါတယ်။ အဓိကကတော့ လမ်းပန်းဆက်သွယ်ရေးကြောင့်လို့ ဆိုကြပါတယ်။ ယနေ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာတဲ့အတွက် ဈေးကွက်သို့နေ့ခြင်းရောက်ပြီး ပန်းစိုက်တောင်သူများ အဆင်ပြေကာ တိုးချဲ့စိုက်ပျိုးလာကြတယ်လို့ သိရပါတယ်။ **ကြည်နိုင်ဦး -အင်းတော်**

# ထိုင်းနိုင်ငံထုတ် Honda Wave 2016 မိုဒယ် ဆိုင်ကယ်သစ်များ တာချီလိတ်ဈေးကွက်သို့ ဝင်ရောက်

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဆိုင်ကယ်ဈေးကွက်တွင် ထိုင်းနိုင်ငံထုတ် Honda Wave 2016 မိုဒယ်သစ်များ ဝင်ရောက်လျက်ရှိကြောင်းသိရပါတယ်။ Honda Wave ဆိုင်ကယ်များသည် ဈေးကွက်တွင် အရောင်းရဆုံး ဆိုင်ကယ်အမျိုးအစားဖြစ်ပြီး 125 ဆွဲအားနဲ့ 110 ဆွဲအားဟူ၍ ရှိရာ 125 ဆွဲအားမှာ ပို၍ဈေးကြီးကြောင်း သိရပါတယ်။

125 Honda Wave ၂၀၁၆ အသစ် တစ်စီးကို ၁၅ သိန်းကျော်ရှိပြီး ၁၁၀ ဆိုရင် ၁၄ သိန်းပတ်ဝန်းကျင်လောက်ရှိတယ်လို့ သိရပါတယ်။ ယခု ဒီဇင်ဘာလနောက်ဆုံးပတ်မှာ နယ်စပ်များမှ ဝင်ရောက်လာတဲ့ ဆိုင်ကယ်များမှာ မူဆယ်နယ်စပ်မှ ၄၉၃၆ စီး၊ မြဝတီနယ်စပ် မှ ၉၅၆ စီးနဲ့ တမူးနယ်စပ်မှ ၃၆ စီးဝင်ရောက်လာတာတွေ့ရပါတယ်။ နှစ်ကုန်ပြီဖြစ်တဲ့အတွက် ဈေးကွက်အတွင်း ထိုင်းနိုင်ငံထုတ်ဆိုင်ကယ်အမျိုးအစားမျိုးစုံ ဝင်ရောက်လာသော်လည်း တာချီလိတ်မြို့ပေါ်နှင့် ဒေသတွင်း Honda Wave ဆိုင်ကယ်များသာ လူကြိုက်များနေကြောင်းသိရပါတယ်။
**ခင်မိုးသူ**

# တရုတ်နိုင်ငံသို့ အင်ကြင်းကျောက်တင်ပို့

မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ အင်ကြင်းကျောက်များကို ၂၀၁၅ ခုနှစ်အတွင်း တရုတ်နိုင်ငံဝယ်လက်များမှ လာရောက်ဝယ်ယူမှုနည်းပါးသွားတာကြောင့် ရောင်းအားမှာ ယခင်နှစ်များထက် များစွာကျဆင်းသွားကြောင်း မြန်မာနိုင်ငံ အင်ကြင်းကျောက်လုပ်ငန်းရှင်များအသင်းမှ သိရပါတယ်။ ဒီဇင်ဘာလ နောက်ဆုံးပတ်မှာတော့ ကန်ဒေါ်လာ သုည ဒသမ ၂၆၉ သန်းတန်ဖိုးရှိ အင်ကြင်းကျောက် ၈၁ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် စက်တင်ဘာလမှာ တန် ၁၀၀ ကျော်တင်ပို့ပြီးကတည်းက ယခုမှ ပြန်လည်တင်ပို့တာဖြစ်ပါတယ်။

အင်ကြင်းကျောက်ရဲ့ အဓိကဈေးကွက်က တရုတ်ဖြစ်လို့ သူတို့အဝယ်ကို စောင့်နေရတယ်လို့ မြန်မာနိုင်ငံ အင်ကြင်းကျောက်လုပ်ငန်းရှင်များအသင်းက ပြောပါတယ်။အင်ကြင်းကျောက်များကို ကီလိုဈေးဖြင့် ရောင်းချရပြီး တစ်ကီလိုလျှင်တရုတ်ငွေ ၁၀ ယွမ်မှ ၁၅ ယွမ်ထိ ပေါက်ဈေးအမျိုးမျိုးရှိတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံတွင် အင်ကြင်းကျောက်များကို အထက်အညာဒေသများမှ တူးဖော်လေ့ရှိပြီး အဓိကထွက်တဲ့ဒေသတွေကတော့ နွားထိုးကြီးမြို့နယ်နဲ့မလှိုင်မြို့နယ်များမှာ စီးပွားဖြစ် ထုတ်ယူရောင်းချလျက်ရှိကြောင်း သတင်းရရှိပါတယ်။ **မော်မော်အောင်**

# မြို့ကြီးများ၏ ၁၁-၁-၂၀၁၆ မှ ၁၅-၁-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၁-၁-၂၀၁၆) | အင်္ဂါ(၁၂-၁-၂၀၁၆) | ဗုဒ္ဓဟူး(၁၃-၁-၂၀၁၆) | ကြာသပတေး(၁၄-၁-၂၀၁၆) | သောကြာ(၁၅-၁-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၅°F |
| ရန်ကုန်မြို့ | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F |
| မန္တလေးမြို့ | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၀°C/၈၄°F |
| မြစ်ကြီးနား | နေသာ ၂၄°C/၇၅°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F |
| လားရှိုး | နေသာ ၂၂°C/၇၁°F | နေသာ ၂၂°C/၇၂°F | နေသာ ၂၃°C/၇၃°F | နေသာ ၂၃°C/၇၃°F | နေသာ ၂၃°C/၇၃°F |
| ကျိုင်းတုံ | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F |
| လွိုင်ကော် | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၇°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၈°F |
| တောင်ကြီး | နေသာ ၂၁°C/၆၉°F | နေသာ ၂၁°C/၇၀°F | နေသာ ၂၁°C/၇၀°F | နေသာ ၂၁°C/၆၉°F | နေသာ ၂၁°C/၆၉°F |
| မော်လမြိုင် | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F |
| ဘားအံ | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F |
| ထားဝယ် | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F |
| မုံရွာ | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F |
| ပုသိမ် | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၁°C/၈၇°F |
| မြိတ် | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F |
| စစ်တွေ | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F |
| မကွေး | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၈°F |
| ဖလမ်း | နေသာ ၁၇°C/၆၃°F | နေသာ ၁၆°C/၆၁°F | နေသာ ၁၇°C/၆၃°F | နေသာ ၁၇°C/၆၃°F | နေသာ ၁၇°C/၆၂°F |



## ဩစတြေးလျနိုင်ငံတွင် တောမီးများ လောင်ကျွမ်းမှုကြောင့် သစ်တောဟက်တာပေါင်း ၅၈၀၀၀ ကျော် မီးလောင်ဆုံးရှုံး

ဩစတြေးလျနိုင်ငံ အနောက်ပိုင်းတွင် တောမီးများ အဆက်မပြတ် လောင်ကျွမ်းနေမှုကြောင့် သစ်တောဟက်တာပေါင်း ၅၈၀၀၀ ကျော် မီးလောင်ဆုံးရှုံးခဲ့ပြီး မီးလောင်ဆုံးရှုံးမှုတန်ဖိုးမှာ ဩစတြေးလျဒေါ်လာ ၅၃သန်းကျော်(အမေရိကန်လာ ၃၈သန်း) ရှိကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြထားသည်။

တောမီးများသည် ဗစ်တိုးရီးယားပြည်နယ်၊ ဂရိတ်အိုးရှင်းလမ်းမတစ်လျှောက် လောင်ကျွမ်းခဲ့ရာ ခရစ္စမတ်ကာလတွင် အဆိုပါလမ်း၌ နေထိုင်ကြသည့်ပြည်သူများမှာ လက်လွတ်ထွက်ပြေးခဲ့ရသည်ဟု ဆိုသည်။

ခရစ္စမတ်နေ့က တောမီးလောင်ကျွမ်းမှုကြောင့် နေအိမ်ပေါင်း ၁၁၆ လုံး မီးလောင်ကျွမ်းခံခဲ့ရကြောင်း ဩစတြေးလျအသံလွှင့်ဌာနက ကြေညာခဲ့သည်။ နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့သော်လည်း လူများထိခိုက်ဒဏ်ရာရရှိခြင်းမရှိခဲ့ကြောင်း ထုတ်ဖော် ကြေညာခဲ့သည်။

ရာသီဥတု ပူပြင်းလာသည့်အပြင် လေပြင်းများ တိုက်ခတ်မှုကြောင့် တောမီးလောင်ကျွမ်းမှုများမှာ ပိုမိုပြင်းထန်လာရခြင်းဖြစ်သည်ဟု သတင်းများက ထုတ်ဖော်ရေးသားခဲ့သည်။

လေပြင်းတိုက်ခတ်မှုမှာ တစ်နာရီလျှင် ကီလိုမီတာ ၆၀ နှုန်းရှိနေပြီး လေပြင်းများကြောင့် မီးတောက်များမှာ ပိုမိုပြင်းထန်လျက်ရှိနေကြောင်း၊ တချို့နေရာများတွင် မီးတောက်များမှာ မီတာ ၅၀ ကျော်မျှရှိနေကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဩစတြေးလျနိုင်ငံ၊ ပဲ့သ်မြို့၏ တောင်ဘက် ကီလိုမီတာ ၁၂၀ အကွာတွင်ရှိသည့် ယာလုပ်(ပ်)မြို့ငယ်လေးအား ဇန်နဝါရီ ၇ ရက်က တောမီးကူးစက်လောင်ကျွမ်းခဲ့သဖြင့် နေအိမ် ၉၅လုံး မီးလောင်ပြာကျသွားခဲ့ကာ လူပေါင်း ၅၄၅ ဦးကို မီးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်ဟုဆိုသည်။

မီးလောင်ကျွမ်းမှုကြောင့် လူသုံးဦး ပျောက်ဆုံးနေပြီး မီးသတ်သမားလေးဦး ဒဏ်ရာရရှိကာ မီးသတ်ကားတစ်စီး မီးလောင်ပျက်စီးခဲ့ရသည်ဟုဆိုသည်။

ဩစတြေးလျအနောက်ပိုင်း မီးသတ်နှင့်အရေးပေါ်ကူညီကယ်ဆယ်ရေးဌာနမှ ကော်မရှင်နာတစ်ဦးဖြစ်သူ ဝိန်းဂရက်ဆန်က “ဒီတောမီးကို ထိန်းချုပ်ဖို့ တော်တော်လေး ခက်နေပါတယ်။ လေတိုက်နှုန်းကလည်း တော်တော်လေး ပြင်းထန်နေသလို မီးတောက်ကလည်း ကြီးပါတယ်။ အာဏာပိုင်တွေအနေနဲ့ ဒီတောမီးလောင်ကျွမ်းနေတာကို အဆုံးသတ်နိုင်ဖို့လိုပါတယ်”ဟု ပြောကြားခဲ့သည်။

**မယ်သီတာ**

## အိန္ဒိယ–မြန်မာနယ်စပ်တွင် အင်အားရစ်ချ်တာစကေး ၆ ဒသမ ၇ အဆင့်ရှိသည့် အင်အားပြင်းငလျင်လှုပ်ခတ်

ပြီးခဲ့သည့် ဇန်နဝါရီ ၄ ရက်က အိန္ဒိယ-မြန်မာနယ်စပ်ရှိ မဏိပူရပြည်နယ်၊ အင်ဖာမြို့တွင် အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၇အဆင့်ရှိ သည့် အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ရာ လူပေါင်း ၁၀၀ ကျော်ဒဏ်ရာရရှိခဲ့ပြီး ခုနစ်ဦး သေဆုံးခဲ့ကြောင်း၊ သေဆုံးသူဦးရေမှာ ထပ်မံတိုးလာနိုင်ဖွယ်ရှိကြောင်း NDTV သတင်းတွင် ဖော်ပြထားသည်။

ငလျင်လှုပ်ခတ်မှုကြောင့် အင်ဖာမြို့ပေါ်တွင် အပျက်အစီးများ စုပုံနေပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်နေကြောင်း၊ ငလျင်လှုပ်ရှားမှု၏ ဗဟိုချက်သည် မြေအောက် ၅၅ ကီလိုမီတာအကွာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ရာ အင်ဖာမြို့မှ ပြည်သူများသည် လမ်းမများပေါ်သို့ ထွက်ပြေးခဲ့ကြကြောင်း ဒါကာထရီဗျူး သတင်းတွင် ဖော်ပြထားသည်။

ထို့ပြင် အင်ဖာဈေးအတွင်းရှိ အဆောက်အအုံများလည်း ပျက်စီးခဲ့ရပြီး စာသင်ကျောင်းများလည်း ပျက်စီးခဲ့ရကြောင်း၊ လူနေအိမ် အများအပြားလည်းပျက်စီးခဲ့ရကြောင်း မဏိပူရ်ပြည်နယ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မဏိပူရမြို့၏ အကြီးဆုံးသော ဈေးကြီးဖြစ်သည့် အင်ဖာဈေးတွင် ပျက်စီးဆုံးရှုံးမှုများရှိခဲ့သော်လည်း ငလျင်လှုပ်ခတ်ပြီး နောက်တစ်ရက်တွင် ဈေးကိုပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ကာ ရောင်းဝယ်ဖောက်ကားလျက်ရှိကြောင်း မဏိပူရပြည်နယ်အာဏာပိုင်များက ပြောကြားသည်။

ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပြီး အိုးအိမ်များပျက်စီး ဆုံးရှုံးခဲ့ရသည့်ပြည်သူများအား ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ ထားရှိပေးထားကြောင်း မဏိပူရပြည်နယ် ကယ်ဆယ်ရေးစခန်းတာဝန်ခံက ပြောကြားခဲ့သည်။

“ငလျင်လှုပ်ပြီးတဲ့နောက်မှာ အပျက်အစီးတွေကြားထဲက သေဆုံးသူတွေ၊ ဒဏ်ရာရရှိသူတွေကို ကယ်ဆယ်ခဲ့ပါတယ်။ ပြိုကျနေတဲ့အဆောက်အအုံတွေကို ဖယ်ရှားပေးရင်းနဲ့ ဒဏ်ရာရရှိသူတွေကို ကူညီလျက်ရှိပါတယ်။ နေအိမ်ပျက်စီးသွားတဲ့သူတွေကိုလည်း ကယ်ဆယ်ရေးစခန်းမှာ ထားရှိပါတယ်”ဟု ကယ်ဆယ်ရေးတာဝန်ခံရဲ့အရာရှိ အေကေဂျာလာဂျစ်က ပြောကြားခဲ့သည်။

**မယ်သီတာ**

Domestic Sport News
Vol: 16, No.2 Monday January 11 2016

# ရောဝတီယူနိုက်တက်အသင်းကို အနိုင်ယူကာ ရန်ကုန်ယူနိုက်တက်အသင်း ၂၀၁၆ ချာရတီဖလား ဆွတ်ခူး




၂၀၁၆ ချာရတီဖလားပြိုင်ပွဲအဖြစ် ၂၀၁၅ မြန်မာနေရှင်နယ်လိဂ်ချန်ပီယံ ရန်ကုန်ယူနိုက်တက် အသင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ချန်ပီယံ ရောဝတီယူနိုက်တက်အသင်းတို့ ဇန်နဝါရီ ၃ ရက် ညနေ ၄ နာရီက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ ရန်ကုန်ယူနိုက်တက်အသင်းက ရောဝတီယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက် အသင်းအတွက် အဖိုးတန်အနိုင်ဂိုးကို ပွဲကစားချိန် ၃၁ မိနစ်ခန့်တွင် ဘရာဇီးတိုက်စစ်မှူး အက်ဒီဆင်က ဂိုးသမားနှင့် တစ်ဦးချင်းအတွေ့၌ အပိုင်ပိတ်သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်းသည် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးပုံစံဖြင့် ရောဝတီယူနိုက်တက်အသင်းဘက်သို့ ကြိမ်ဖန်များစွာ ထိုးဖောက်တိုက်စစ်ဆင်မှုများ ပြုလုပ်နိုင်ခဲ့သော်လည်း တိုက်စစ်မှူးများဖြစ်ကြသည့် ကျော်ကိုကိုနှင့် အက်ဒီဆင်တို့ အခွင့်အရေးများ အသုံးမချနိုင်ခဲ့ခြင်းကြောင့်သာ ယခုလို ကျဉ်းမြောင်းသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းလည်းဖြစ်သည်။

"ကျွန်တော့်အသင်း ကစားသမားတွေ ဒီနေ့ပွဲမှာ အကောင်းဆုံးပုံစံပြကစားသွားနိုင်ခဲ့တာ တွေ့ရပါတယ်။ ပွဲမစခင်ကတည်းက ကျွန်တော်မှာထားတဲ့အတိုင်း ကစားနိုင်ခဲ့တဲ့အတွက်လည်း ကျေနပ်ပါတယ်။ တကယ်ဆို ဒီနေ့ပွဲဟာ ဒီ့ထက် ဂိုးပိုပြတ်သားစွာနိုင်သင့်တဲ့ ပွဲဖြစ်ပေမယ့်လည်း အနိုင်ရလဒ်ကို အကောင်းဆုံးရယူပေးနိုင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပျော်ရွှင်မိပါတယ်"ဟု ရန်ကုန်ယူနိုက်တက်အသင်း နည်းပြချုပ် အီမာဆင်က ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းပွဲစဉ်တွင် ရရှိခဲ့သည့် ကွင်းဝင်ကြေးစုစုပေါင်း ငွေကျပ် ၁၃ သိန်း ၉ သောင်းကျပ်တိတိနှင့် ဖြည့်စွက်ငွေ ၁၆ သိန်း ၁ သောင်းနှင့် ဘောလုံးအလုံး ၃၀ ကို ကျိုက်ဝိုင်းလူငယ်လေ့ကျင့်ရေးကျောင်းသို့ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် အဆိုပါပွဲတွင် အနိုင် ရရှိခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်းအား ၂၀၁၆ ချာရတီဆုဖလားကြီးကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းက ပေးအပ်ချီးမြှင့်ခဲ့သည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် ၂၀၁၆ချာရတီဖလားကြီးကို ဆွတ်ခူးနိုင်ခဲ့ခြင်းသည် ဒုတိယအကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ်ကလည်း တစ်ကြိမ် ရရှိထားပြီးဖြစ်ကြောင်း သိရသည်။

## ဆူဇူကီးဖလားပြိုင်ပွဲမတိုင်မီ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စီစဉ်လျက်ရှိ

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၆ခုနှစ် ဒီဇင်ဘာလအတွင်း အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံ ချန်ပီယံရှစ်ပြိုင်ပွဲ (AFF SUZUKI Cup 2016) မတိုင်မီ မြန်မာ့လက်ရွေးစင်အသင်းအား ပွဲကြိုပြင်ဆင်မှုတစ်ရပ်အနေဖြင့် လေးနိုင်ငံဖိတ်ခေါ်နိုင်ငံတကာပြိုင်ပွဲတစ်ရပ်ကို၂၀၁၆ ခုနှစ်ဇွန်လအတွင်း အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် နိုင်ငံတကာ အားကစားဝန်ဆောင်မှုလုပ်ငန်းစု တစ်ခုဖြစ်သည့် အင်္ဂလန်အခြေစိုက် MP & Silva (စင်ကာပူ ရုံးခွဲ) မှ တာဝန်ခံများနှင့်လေးနိုင်ငံပြိုင်ပွဲတစ်ပွဲကို လာမည့် ဇွန်လအတွင်း မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် ကျင်းပနိုင်ရန် ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ လေးနိုင်ငံပြိုင်ပွဲတွင် မြန်မာ၊စင်ကာပူ၊ ဗီယက်နမ်နှင့် အရှေ့အလယ်ပိုင်းဒေသတွင်းနိုင်ငံမှ အသင်းတစ်သင်းတို့ဖြင့် ပါဝင်ယှဉ်ပြိုင်ကစားရန် MP&Silva မှ ကနဦးအဆိုပြုထားကြောင်း သိရသည်။



## ဂျပန်နောက်ခံလူ ယာမာရှီတာကို ရန်ကုန်အသင်း တစ်ရာသီစာချုပ်ဖြင့် ခေါ်ယူ

ရာသီသစ်အတွက် အကောင်းဆုံးပြင်ဆင်နေသည့် လက်ရှိချန်ပီယံရန်ကုန်ယူနိုက်တက်အသင်းသည် ပြည်ပကစားသမားခေါ်ယူမှုအဖြစ် ဂျပန်လူမျိုး နောက်ခံကစားသမား ယာမာရှီတာကို တစ်ရာသီစာချုပ်ချုပ်ဆို၍ ခေါ်ယူနိုင်ခဲ့ကြောင်း အသင်းပိုင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အသက် ၂၉နှစ်အရွယ်ရှိ ဂျပန်နောက်ခံကစားသမားသည် စင်ကာပူကလပ် Hougang United အသင်းတွင် နောက်ဆုံးကစားခဲ့ပြီး ဂျေလိဂ်ကလပ် ကူမာမိုတိုအသင်းတွင် ၂၀၀၉-၁၀ ရာသီ၌ ကစားခဲ့သူဖြစ်သည်။ ထို့နောက် စင်ကာပူကလပ် အဲလ်ဘီရက်စ် နိုင်ဂါဟာအသင်းတွင် ၂၀၁၁-၁၂ ရာသီတွင် ၃၅ပွဲ ကစားပေးခဲ့ပြီးနောက် စင်ကာပူကလပ်တန်ပိန်းရိုးဗားအသင်းသို့ ပြောင်းရွှေ့ခဲ့သည်။ တန်ပိန်းရိုးဗားအသင်းတွင် ၂၀၁၃-၁၄ ရာသီ၌ ၂၃ ပွဲကစားခဲ့ပြီး ၂၀၁၅ခုနှစ်တွင် စင်ကာပူကလပ် ဟောင်ဂန်းယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်

ယာမာရှီတာသည် တန်ပိန်းရိုဗားအသင်းနှင့်အတူAFC Cup နှင့် ACL အာရှချန်ပီယံလိဂ်ပြိုင်ပွဲများကို ၂၀၁၃ -၁၄ ခုနှစ်တို့တွင် ကစားခဲ့ဖူးသည်။ ၂၀၁၄ ခုနှစ် AFC Cup ပြိုင်ပွဲတွင် နေပြည်တော်အသင်းနှင့်ပွဲစဉ်၌ ပါဝင်ခဲ့ဖူးသည်။

"ကျွန်တော်အခုလို ရန်ကုန်ယူနိုက်တက်အသင်းနဲ့ လက်တွဲခွင့်ရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ အသင်းမှာရှိတဲ့အချိန်မှာ အကောင်းဆုံးပေးဆပ် ကစားသွားမှာပါ။ ရန်ကုန်အသင်းဟာ မြန်မာနိုင်ငံမှာ ထိပ်တန်းအသင်းကြီးတစ်သင်းဖြစ်ပြီး ဒီအသင်းနဲ့ ပူးပေါင်းခွင့်ရတာဂုဏ်ယူပါတယ်"ဟု ယာမာရှီတာကပြောကြားခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် အစောပိုင်းကနောက်ခံလူအဖြစ် ဩစတြေးလျနိုင်ငံသား မီလန်ဆူဆက်ကို ခေါ်ယူခဲ့သော်လည်း ဒဏ်ရာပြဿနာကြောင့် ကစားသမားနှင့် လမ်းခွဲခဲ့ရပြီး ယခုကဲ့သို့ ယာမာရှီတာကို အစားထိုး ခေါ်ယူခဲ့ခြင်းဖြစ်သည်။

# ၂၀၁၆ ဘောလုံးရာသီအတွက် ရှမ်းယူနိုက်တက်အသင်းအား ကမ္ဘောဇဘဏ်နှင့် SCANIAတို့ ကူညီပံ့ပိုးမည်

၂၀၁၆ ဘောလုံးရာသီတွင် ရှမ်းပြည်နယ်ကို ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းယူနိုက်တက်အသင်းအား ကမ္ဘောဇဘဏ်နှင့် SCANIA တို့က ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း ရှမ်းယူနိုက်တက်အသင်းပိုင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ရှမ်းယူနိုက်တက်အသင်းအား SCANIA ကားကုမ္ပဏီက ပံ့ပိုးကူညီသည့် စာချုပ်ချုပ်ဆိုပွဲကို ဇန်နဝါရီ ၆ ရက်က ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါစာချုပ်များအရ ရှမ်းယူနိုက်တက်အသင်း၏ အိမ်ကွင်းဝတ်စုံတွင် ကမ္ဘောဇဘဏ်၏ အမှတ်တံဆိပ်ဖြစ်သော KBZ Bank ကို ဖော်ပြထားမည်ဖြစ်ပြီး အဝေးကွင်းဝတ်စုံတွင် SCANIA အမှတ်တံဆိပ်ကို ဖော်ပြပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ပံ့ပိုးကူညီမှုများနှင့်ပတ်သက်၍ ရှမ်းယူနိုက်တက်အသင်း၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဦးခွန်နောင်မြင့်ဝေက "ရှမ်းယူနိုက်အသင်းဆိုတာ မြန်မာ့ဘောလုံးလောက တိုးတက်ရေးအတွက် ရည်ရွယ်ဖွဲ့စည်းထားတဲ့ ဘောလုံးအသင်းပါ။ ကျွန်တော်တို့ ဘောလုံးအသင်းကို အခုလို ပံ့ပိုးကူညီပေးတဲ့အတွက် အထူးပဲဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ပံ့ပိုးကူညီတဲ့သူတွေအတွက် ကျွန်တော်တို့အသင်းကအကောင်းဆုံးရလဒ်တွေ ဖန်တီးပြီး ပြန်လည်အကျိုးပြုသွားမှာပါ"ဟု ပြောကြား ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းကို ပံ့ပိုးကူညီလျက်ရှိသော KBZ Bank သည် မြန်မာနိုင်ငံတွင် ဘဏ်ခွဲပေါင်းအများဆုံးဖွင့်လှစ်၍လုပ်ကိုင်လျက်ရှိသည့် အောင်မြင်မှုအရှိဆုံးသော ဘဏ်ကြီးတစ်ဘဏ်ဖြစ်သည်။

ထို့အတူ ဆွီဒင်နိုင်ငံထုတ် SCANIA ကားအမျိုးအစားများကို တင်သွင်းလျက်ရှိသည့် OCTAGON ကုမ္ပဏီသည်လည်း SCANIA အမှတ်တံဆိပ် ကားများ၏ အရည်အသွေးမြင့်မားမှုကြောင့် မြန်မာနိုင်ငံ၏အဝေးပြေးယာဉ်ဈေးကွက်တွင် ဈေးကွက်ဝေစုအများဆုံးရရှိထားသည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

# ဘရာဇီးလူမျိုး မိုရီရာရူသာကို နည်းပြချုပ်အဖြစ် ရှမ်းယူနိုက်တက်အသင်း ခန့်အပ်

ရာသီသစ်တွင် အကောင်းဆုံးအခြေအနေကို ရရှိရန်အတွက် ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည့် ရှမ်းယူနိုက်တက်အသင်းသည် ဘရာဇီးလူမျိုး ဝါရင့်နည်းပြတစ်ဦးဖြစ်သည့် မိုရီရာရူသာကို နည်းပြချုပ်အဖြစ် တစ်ရာသီအတွက် စာချုပ်ချုပ်ဆိုကာ ခန့်အပ်လိုက်ကြောင်း သိရသည်။

အသက် ၅၉ နှစ်အရွယ်ရှိပြီဖြစ်သည့် နည်းပြချုပ် မိုရီရာရူသာသည် ဆွာပေါ်လိုအသင်းတွင် နည်းပြအဖြစ် တာဝန်ယူခဲ့သူတစ်ဦးဖြစ်ပြီး ၁၉၉၈ ခုနှစ်ကတည်းက နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်ကြောင်းသိရသည်။

ရူသာသည် ၂၀၀၄ ခုနှစ်တွင် ထိုင်းပရီးမီးယားလိဂ်ဘောလုံးလောကသို့ စတင်ဝင်ရောက်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဘောလုံးရာသီတွင် ထိုင်းပရီးမီးယားလိဂ်ကလပ် TOT အသင်းတွင် လက်ထောက်နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

"အနိုင်ရဖို့ဆိုတာ စိတ်ဓာတ်က အဓိကပါ။ အရာရာကို စိတ်ကပဲ ဦးဆောင်နေတာပါ။ ဘောလုံးကိုသာ အာရုံစိုက်ပြီး တစိုက်မတ်မတ် ကြိုးစားမယ်ဆိုရင် ဘဝကို အေးအေးချမ်းချမ်း ဖြတ်သန်းလို့ရပါတယ်။ နိုင်ရမယ်ဆိုတဲ့စိတ်ကိုသာ အမြဲတမ်းနှလုံးသွင်းထားပါ"ဟု နည်းပြချုပ် ရူသာက ပြောကြားခဲ့သည်။

ယခုအခါတွင် ရှမ်းယူနိုက်တက်အသင်း၌ နည်းစနစ်ဒါရိုက်တာအဖြစ် ဦးစိုးမြတ်မင်း၊ နည်းပြချုပ်အဖြစ် မိုရီရာရူသာ၊ လက်ထောက်နည်းပြအဖြစ် ဦးမင်းဇော်ဦးနှင့် ဦးဟန်ဝင်းအောင်၊ ဂိုးနည်းပြအဖြစ် ဦးအောင်သက်နှင့် ကြံ့ခိုင်ရေးမှူးအဖြစ် ပိုကတ်တို့က တာဝန်ယူသွားကြမည်ဖြစ်ကြောင်း သိရသည်။

# ဆီရီနာဝီလျံကို ဟော့ပ်မန်းဖလားတင်းနစ်ပြိုင်ပွဲမှ အတင်းအကျပ် နုတ်ထွက်ခိုင်းခဲ့ရ



အမေရိကန် တင်းနစ်ချန်ပီယံ ဆီရီနာဝီလျံကို ဟော့ဖ်မန်းဖလားတင်းနစ်ပြိုင်ပွဲမှ အတင်းအကျပ်နုတ်ထွက်ခိုင်းခဲ့ရကြောင်း မေးအွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် ဇန်နဝါရီလ ၅ရက်နေ့က ကျင်းပခဲ့သည့် ဟော့ဖ်မန်းတင်းနစ်ပြိုင်ပွဲ၏ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဆီရီနာဝီလျံနှင့် ဩစတြေးလျ တင်းနစ်မယ် ဂျာမီလာဝူဖီနှင့် ယှဉ်ပြိုင်ကစားနေစဉ် ဒဏ်ရာရရှိခဲ့သော်လည်း ဆက်လက်ယှဉ်ပြိုင်နေမှုများကြောင့် ဒိုင်လူကြီးများက ကွင်းအတွင်းမှ အတင်းအကျပ်ဆွဲထုတ်ခဲ့ရသည်ဟုဆိုသည်။

ဆီရီနာဝီလျံနှင့် ဂျာမီလာဝူဖီတို့ယှဉ်ပြိုင်နေစဉ် ဒုတိယပွဲငယ်တွင် ဆီရီနာဝီလျံသည် ၎င်း၏ဒူးဒဏ်ရာဟောင်းအား ပြန်လည်ထိခိုက်မိခဲ့သဖြင့် ထပ်မံဆေးကုသမှုပြုလုပ်ခဲ့ရသည်။

ဆေးကုသမှု ပြုလုပ်ခဲ့ပြီးနောက် ဆီရီနာအား ဆေးကုသရေးဝန်ထမ်းများက ပြိုင်ပွဲမှ နုတ်ထွက်ရန်ပြောကြားခဲ့သော်လည်းဆီရီနာသည်နုတ်ထွက်ခြင်းမပြုဘဲ ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။

ပထမပွဲငယ်တွင် ၇-၅ဖြင့် ရှုံးနိမ့်ခဲ့သဖြင့် ဒုတိယပွဲငယ်တွင် အနိုင်ရရှိရန်ဆက်ကြိုးစားယှဉ်ပြိုင်ခဲ့သော်လည်း နှစ်မှတ် တစ်မှတ်ရရှိနေချိန်တွင် ၎င်း၏ ဒူးဒဏ်ရာမှာ ပိုမိုပြင်းထန်လာခဲ့သဖြင့် ဒိုင်လူကြီးများက ဆီရီနာအား ပြိုင်ပွဲမှ အတင်းအကျပ်နုတ်ထွက်ခိုင်းခဲ့ရခြင်းဖြစ်သည်။

ဟော့ဖ်မန်း တင်းနစ်ပြိုင်ပွဲသည် ဩစီတင်းနစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လက်ရည်သွေးသည့်ပွဲတစ်ပွဲဖြစ်ရာ ဆီရီနာအနေဖြင့် အဆိုပါပွဲကို လက်လွှတ်မခံလိုခြင်းဖြစ်သည်။

ဆီရီနာသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်းက ကျင်းပခဲ့သည့် ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင်လည်း အဆိုပါဒူးဒဏ်ရာရရှိခဲ့မှုကြောင့် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရသည်။



## နိုင်ဂျီးရီးယားဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူ အဘူဘာကာ သေနတ်ဖြင့် ပစ်သတ်ခံရ

ဇန်နဝါရီ ၆ရက်က နိုင်ဂျီးရီးယားဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် အီဘရာဟင်ဘူဘာကာအား လက်နက်ကိုင်လူတစ်စုက သေနတ်ဖြင့် ပစ်သတ်ခဲ့ကြောင်းဘီဘီစီသတင်းတွင် ဖော်ပြထားသည်။ အဘူဘာကာကို သေနတ်သမားများက အဘူဂျာမြို့ရှိ ၎င်း၏နေအိမ်တွင် ပစ်သတ်ခဲ့ခြင်းဖြစ်သည်။

အဘူဘာကာသေဆုံးမှုနှင့် ပတ်သက်၍ နိုင်ဂျီးရီးယားနိုင်ငံသား အာဆင်နယ်အသင်း၏ တိုက်စစ်မှူးဟောင်း နာကာနိုကနူးက "အဘူဘာကာရဲ့ ဖြစ်ရပ်ဟာ တကယ့်ကိုကြေကွဲဖို့ကောင်းသလို ထိတ်လန့်စရာအဖြစ်ဆိုးကြီးပါပဲ" ဟု ၎င်း၏ လူမှုကွန်ရက်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

နေအိမ်တွင်းသို့ သေနတ်သမားများ ဝင်ရောက်ပစ်ခတ်ခဲ့သော်လည်း အဘူဘာကာ၏ ဇနီးဖြစ်သူနှင့် သားသမီးသုံးဦးမှာ အသက်ဘေးမှ လွတ်မြောက်သွားခဲ့ကြောင်း နိုင်ဂျီးရီးယားပြည်တွင်းမီဒီယာများက ဖော်ပြထားသည်။

နိုင်ဂျီးရီးယား ဘောလုံးအသင်းသည် အာဖရိကနိုင်ငံများ ချန်ပီယံရှစ်အကြိုခြေစမ်းပွဲအဖြစ် ဇန်နဝါရီ ၁၃ ရက်တွင် ကျင်းပမည့်အင်ဂိုလာအသင်းနှင့် ခြေစမ်းပွဲကိုလည်း ကွင်းပိတ်ကစားမည်ဖြစ်ကြောင်း သိရသည်။

# တင်မိုသီနှင့် ထိုးသတ်ပြီးပါက လက်ဝှေ့လောကမှအနားယူမည်ဟု ပက်ကွီအို အခိုင်အမာပြောကြား



ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီပက်ကွီအိုသည် အမေရိကန်လက်ဝှေ့ကျော် တင်မိုသီဘရက်ဒလေနှင့် ထိုးသတ်ပြီးပါက လက်ဝှေ့လောကမှ အနားယူမည်ဟုပြောကြားထားခြင်းမှာ အမှန်တကယ်ပင်ဖြစ်ကြောင်း ပက်ကွီအိုက ထပ်လောင်းပြောကြားလိုက်သည်။ ပက်ကွီအိုနှင့် တင်မိုသီတို့ထိုးသတ်ပြီးပါက ပက်ကွီအိုနှင့် စိန်ခေါ်ပွဲထိုးသတ်ရန် အာမီခန်းက မျှော်လင့်လျက်ရှိသည်ကိုရည်ရွယ်၍ ပက်ကွီအိုက ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ပက်ကွီအိုနှင့်ဘရက်ဒလေတို့ ယခုအကြိမ် တွေ့ဆုံခြင်းသည်သုံးကြိမ်မြောက်အဖြစ် တွေ့ဆုံထိုးသတ်ခြင်းဖြစ်ပြီး လာမည့် ဧပြီ ၉ ရက်တွင် လာ့စ်ဗီးဂတ်မြို့တွင် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

အာမီခန်းသည် ပက်ကွီအိုနှင့် ထိုးသတ်ခွင့်ရရှိရန် ပြီးခဲ့သည့်နှစ်ကတည်းက ကြိုးပမ်းနေခဲ့ခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်ကလည်း မေဝဲသားနှင့်ထိုးသတ်ခဲ့သဖြင့် ပက်ကွီအိုနှင့် ထိုးသတ်ခွင့်ကို လွဲချော်ခဲ့ရသည်။

မေဝဲသားနှင့် ပွဲအပြီးတွင် ပက်ကွီအိုနှင့် ထိုးသတ်ခွင့်ရရှိရန် တောင်းဆိုခဲ့ပြီး နောက်ဆုံးလက်မှတ်ထိုးချိန်ရောက်မှသာ ပျက်ပြယ်ခဲ့ရခြင်းဖြစ်သည်။ပက်ကွီအို၏ပွဲစီစဉ်သူ ဘော့ပ်အာရမ်က ဘရက်ဒလေနှင့် ထိုးသတ်ရန် စီစဉ်နေချိန်တွင် အာမီခန်းက ထပ်မံတောင်းဆိုခဲ့သော်လည်း ဘော့ပ်အာရမ်က ဘရက်ဒလေနှင့် ထိုးသတ်ရန်ကိုသာ စီစဉ်ခဲ့ခြင်းဖြစ်သည်။

"လက်ဝှေ့လောက ကနေ အနားယူတော့မယ်ဆိုတာကို အခိုင်အမာပြောလိုက်ပါတယ်။ ကျွန်တော် နိုင်ငံရေးလောကထဲကို ခြေစုံပစ်ဝင်ဖို့ ဆုံးဖြတ်ပြီးပါပြီ။ ဘရက်ဒလေနဲ့ထိုးသတ်တာဟာ ကျွန်တော့်ရဲ့နောက်ဆုံးပွဲပါ"ဟု ပက်ကွီအိုက ပြောကြားခဲ့သည်။




# ချဲလ်ဆီးကွင်းလယ်ကစားသမားဟောင်း ကလော်ဒီမက်ခလီလီကို နည်းစနစ်ဒါရိုက်တာအဖြစ် မိုနာကိုအသင်း ခန့်အပ်

မိုနာကိုအသင်းသည် ချဲလ်ဆီးအသင်း၏ ကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်သူ ကလော်ဒီမက်ခလီလီကို နည်းစနစ်ဒါရိုက်တာအဖြစ် ခန့်အပ်ခဲ့ကြောင်း မေးလ်အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

မက်ခလီလီသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပြင်သစ်လီဂူး(၁) အသင်းတစ်သင်းဖြစ်သည့် ဘာတစ္စတာအသင်းတွင် မန်နေဂျာအဖြစ်မှ ထုတ်ပယ်ခံခဲ့ရပြီးနောက် အသင်းလက်မဲ့ဖြစ် နေခဲ့သည်။

အသက် ၄၂နှစ်အရွယ်ရှိ မက်ခလီလီသည် မိုနာကိုအသင်းတွင် မိုနာကိုအသင်း၏မန်နေဂျာ လီယိုနာဒိုဂျန်ဒါနှင့်တွဲ၍ လုပ်ကိုင်ရမည်ဖြစ်သည်။ မက်ခလီလီအနေဖြင့် အသင်းနှင့်ကလပ်အသင်းများအား စီမံခန့်ခွဲမှုတို့ကို ပူးတွဲတာဝန်ယူရမည်ဖြစ်ကြောင်း သိရသည်။

မက်ခလီလီသည် ချဲလ်ဆီးအသင်းတွင် ငါးရာသီကစားခဲ့သူတစ်ဦးဖြစ်ပြီး ပြင်သစ်လက်ရွေးစင်ဟောင်းတစ်ဦးလည်းဖြစ်သည်။

ပြင်သစ်အသင်း၏ လက်ရွေးစင်ကစားသမားတစ်ဦးဖြစ်သူ မက်ခလီလီက "ပြင်သစ်နဲ့ ဥရောပဘောလုံးလောကရဲ့ အသင်းကြီးတစ်သင်းမှာ အခုလို တာဝန်ထမ်းဆောင်ခွင့်ရတဲ့အတွက် အရမ်းကို စိတ်လှုပ်ရှားမိပါတယ်။ ကျွန်တော် အသင်းရဲ့ဒုတိယဥက္ကဋ္ဌ Vadim Vasilyev နဲ့လည်းတွေ့ဆုံခဲ့ပြီးပါပြီ။ မိုနာကိုအသင်းနဲ့ ရေရှည်လက်တွဲသွားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီလို နည်းစနစ်ဒါရိုက်တာအဖြစ်ခန့်အပ်ခံရတာဟာ ကျွန်တော့်ဘဝအတွက် တစ်ဆစ်ချိုး ပြောင်းလဲလာတယ်လို့ ခန့်မှန်းမိပါတယ်။ မိုနာကိုအသင်းရဲ့ ရည်ရွယ်ချက်က နှစ်တိုင်း နှစ်တိုင်း ဥရောပချန်ပီယံလိဂ်ရဲ့ခြေစစ်ပွဲတွေမှာ အောင်မြင်မှုရရှိဖို့ပါ။ ဒါကို ကျွန်တော်အတတ်နိုင်ဆုံး လုပ်ဆောင်ပေးသွားမှာပါ။ မိုနာကိုအသင်းရဲ့ ရည်ရွယ်ချက်တွေ အောင်မြင်ဖို့အတွက် ကျွန်တော်တို့အားလုံး ပူးပေါင်းဆောင်ရွက်ကြရမှာပါ"ဟု ပြောကြားခဲ့သည်။

မိုနာကိုအသင်း၏ ဒုတိယဥက္ကဋ္ဌ Vadim Vasilyev က "မက်ခလီလီကို ကျွန်တော် ကောင်းကောင်းသိပါတယ်။ သူဟာ တကယ့်ကိုနိုင်ငံတကာအဆင့်မီတဲ့ကစားသမားကောင်းတစ်ယောက်ဖြစ်သလို နည်းပြကောင်းတစ်ယောက်ဖြစ်လာမှာ သေချာပါတယ်"ဟု ပြောကြားခဲ့သည်။

မိုနာကိုအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် အမှတ်ပေးဇယားတိုင်၌ အဆင့်နှစ်နေရာတွင် ရပ်တည်နေသော်လည်း ဥရောပချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရုန်းကန်ရဦးမည်ဖြစ်သည်။

မိုနာကိုအသင်းသည် ဇယားတိုင်၏ အဆင့် သုံး၊ လေးနှင့်ငါးနေရာမှ အသင်းများဖြစ်သည့် Angers, Caen, OGC Nice အသင်းတို့နှင့် ဥရောပချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရုန်းကန်နေရဆဲပင်ဖြစ်သည်။

ထို့ပြင် မက်ခလီလီသည် ချဲလ်ဆီးအသင်းသို့ အငှားချထားသည့် မိုနာကိုအသင်း၏ တိုက်စစ်မှူးဖယ်လ်ကာအို၏ ရွှေ့ရေးကိုလည်း ထည့်သွင်းစဉ်းစားကာ လုပ်ဆောင်ရမည်ဖြစ်ကြောင်း သတင်းများက ဖော်ပြထားသည်။

ထို့ပြင် အသက် ၂၀ အရွယ်သာရှိသေးသည့် ချဲလ်ဆီးကွင်းလယ်လူ မာရီယိုပါလာဆစ်ကို မိုနာကိုအသင်းတွင် အငှားချထားသည့်ကိစ္စကိုလည်း ထည့်သွင်းစဉ်းစားရမည်ဟု ဆိုသည်။

# Colgate-Palmolive မှ မြန်မာကလေးငယ်များအတွက် ကျပ်ငွေသိန်း ၅၄၀ တန်ဖိုးရှိသည့် ပညာသင်ဆုအစီအစဉ်ကို စတင်



Colgate-Palmolive သည် မြန်မာနိုင်ငံရှိ မိသားစုများနှင့်ကလေးငယ်များ၏ပညာရေးရည်မှန်းချက်များကို အထောက်အကူပြုနိုင်စေရန် အကူအညီပေးသည့်အနေဖြင့် ၂၀၁၆ခုနှစ် ဇန်နဝါရီလ ၁၅ ရက်မှ မတ်လ ၁၅ ရက်အထိ သုံးလတာကြာမြင့်မည့် ငွေကျပ် သိန်း ၅၄၀ တန်ဖိုးရှိသည့် ကိုးလ်ဂိတ်ပညာသင်ဆုအစီအစဉ်ကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် စတင်လိုက်ကြောင်း ကိုးလ်ဂိတ်က တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်။

ပြည်သူများအနေဖြင့် ကိုးလ်ဂိတ်၏ ၇၀ ဂရမ်၊ ၁၄၀ ဂရမ် အရောင်းမြှင့်တင်ရေးသွားတိုက်ဆေးဗူးများကို ဝယ်ယူသုံးစွဲရုံဖြင့် မြန်မာနိုင်ငံတစ်ဝန်းမှ ပြည်သူများသည် ၎င်းတို့၏ကလေးငယ်များအတွက် အဆိုပါပညာသင်ဆုကို ရရှိနိုင်မည်ဖြစ်သည်။ သွားတိုက်ဆေးတစ်ဘူးလျှင် ခဲခြစ်ကတ်ပြားတစ်ခုပါဝင်မည်ဖြစ်ပြီး အဆိုပါခဲခြစ်ကို ခြစ်၍ ပညာသင်ဆုများကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ခဲခြစ်ကတ် ပြားကိုခြစ်၍ ပညာသင် ဆုရရှိခဲ့ပါက ဖုန်းနံပါတ်-၀၉-၂၆၂၆၁၀၉၉၅ သို့ ဆက်သွယ်အကြောင်းကြား၍ ပညာသင်ဆုကို ထုတ်ယူနိုင်ကြောင်း သိရသည်။

"ကိုးလ်ဂိတ်အနေနဲ့မြန်မာနိုင်ငံမှာ ပညာရေးဆိုင်ရာအခွင့်အလမ်းတွေ ပိုမို တိုးတက်လာအောင်လုပ်ဆောင်ဖို့ စိတ် အားထက်သန်တဲ့အပြင် ကလေးငယ်တွေရဲ့ပညာရေးကို အကောင်းဆုံးထောက်ပံ့ပေးချင်တဲ့မိခင်တွေကို တတ်နိုင်သမျှ အကူအညီပေးသွားဖို့လည်း တစိုက်မတ်မတ် လုပ်ဆောင်နေပါတယ်။ သွားနဲ့ခံတွင်းကျန်းမာရေးအထောက်အကူပြုပစ္စည်းဈေးကွက်မှာ ထိပ်တန်းက ဦးဆောင်နေတဲ့အမှတ်တံဆိပ်တစ်ခုဖြစ်တာနဲ့အညီ မြန်မာနိုင်ငံဈေးကွက်ထဲကို ဝင်ရောက်နိုင်အောင် လက်ခံကြိုဆိုခဲ့ကြတဲ့ မြန်မာပြည်သူတွေအတွက် လူမှုအကျိုးပြုလုပ်ငန်းတွေလုပ်ဆောင်ပေးဖို့ ကျွန်တော်တို့တာဝန်လို့ မှတ်ယူထားပါတယ်။ အခုလို ပညာသင်ဆုအစီစဉ်ကိုမြန်မာနိုင်ငံမှာ စတင်နိုင်တာကိုလည်း ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီပညာသင် ဆုတွေဟာ မြန်မာနိုင်ငံက ကလေးငယ် တွေအနေနဲ့ သူတို့ရဲ့အနာဂတ်ရည် မှန်းချက်တွေဆီ ရောက်ရှိအောင် ကြိုးစားတဲ့နေရာမှာ အထောက်အကူဖြစ် စေမယ်လို့ မျှော်လင့်သလို အားလုံးပဲ ပညာသင်ဆုကံစမ်းမဲတွေ ဆွတ်ခူးနိုင်ကြပါစေလို့ ကျွန်တော်တို့ ဆုတောင်းပေး ပါတယ်" ဟု ကိုးလ်ဂိတ်အင်ဒိုချိုင်းနား၏ အထွေထွေမန်နေဂျာဖြစ်သူ Mr Kunal Chadha ကပြောကြားခဲ့သည်။

အဆိုပါပညာသင်ဆုအစီအစဉ်ကို အိန္ဒိယနိုင်ငံတွင် ၂၀၀၈ခုနှစ်က စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများအနက် မြန်မာနိုင်ငံတွင် စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် လုပ်ဆောင်ပြီးပါက ထိုင်း၊ ကမ္ဘောဒီယားနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပညာသင်ဆုအစီအစဉ်တွင် ဆုပေါင်း ၇၃ဆုထားရှိပြီး ပထမဆုအဖြစ် ကျပ် ၅၄သိန်းတန် သုံးဆုနှင့် ဒုတိယဆုအဖြစ် ကျပ်ငါးသိန်းလေးသောင်းတန် ဆုပေါင်း ၇၀ ဟု သတ်မှတ်ထားကြောင်း သိရသည်။

ယခုပညာသင်ဆုအစီအစဉ်တွင် ပညာသင်ဆု ဆွတ်ခူးရရှိသူများကို ပညာသင်ဆု အစီအစဉ်ကာလ တစ်လျှောက် ကြေညာပေးသွားမည်ဖြစ်ပြီး ပထမ ဆုရရှိသူများကို ပညာသင်ဆုအစီအစဉ် ပြီးဆုံးခြင်းအခမ်းအနားတွင် ဆုချီးမြှင့်ပေးသွားမည်ဖြစ်ကာ ဒုတိယဆုရရှိ သူများကို ပညာသင်ဆုအစီစဉ်ပြီးဆုံးချိန် မတ်လ ၁၅ ရက်တွင် ဆုများချီးမြှင့် ပေးအပ်သွားမည်ဖြစ်သည်။

**မယ်သီတာ**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု ၁၉ခုအား လုပ်ကိုင်ခွင့်ပြု

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၉ ခုအား ရင်းနှီးမြှုပ်နှံခွင့် ပြုလုပ်ကြောင်း ဒီဇင်ဘာလ ၂၈ ရက်က ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးဆုံးဖြတ်ချက် ၂၃/၂၀၁၅အရ သိရသည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၉ ခုတွင် ပြည်ပရင်းနှီးမြှုပ်နှံမှု ငါးခုနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ကိုးခုပါဝင်ပြီး ဖက်စပ် ရင်းနှီးမြှုပ်နှံမှုများနှင့် ရာနှုန်းပြည့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုမှာ ငါးခုစီအသီးသီး ပါဝင်ခဲ့ကြောင်း သိရသည်။ ရာနှုန်းပြည့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုများမှာကုန်ထုတ် လုပ်ငန်းကဏ္ဍများဖြစ်ကြောင်း မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှသတင်း ထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် မှ ၂၃/၂၀၁၅ဖြင့် ထုတ်ပြန်ခဲ့သည့် ရင်း နှီးမြှုပ်နှံမှုစာရင်းတွင် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်မှ ရုပ်မြင်သံကြား ရိုက် ကူးထုတ်လုပ်၊ ထုတ်လွှင့်ခြင်းနှင့်ဆက် စပ်သောဝန်ဆောင်မှုလုပ်ငန်းများလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၉ ခုအနက် ရှစ်ခုမှာ ရန်ကုန်တိုင်းဒေသ ကြီးတွင် လုပ်ကိုင်ရန် တင်ပြထားခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးတွင် သုံးခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် နှစ်ခု၊ တနင်္သာရီတိုင်းဒေသကြီးတွင်တစ်ခု လုပ်ကိုင်ရန်တင်ပြထားကြောင်း သိရ သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော် မရှင်၏ ၂၃/၂၀၁၅ တွင် ခွင့်ပြုပေးခဲ့သည့်လုပ်ငန်းများမှ အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၇၄၀၈ ခုကိုပါ ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရ သည်။

**မယ်သီတာ**

# တတိယအကြိမ် ပြင်ဆင်ထားသည့် ကွန်ဒိုမီနီယမ်ဥပဒေမူကြမ်းကို လွှတ်တော်တွင် တင်သွင်းခဲ့

ယခု လတ်တလောတွင် စတင်ခဲ့သည့်လွှတ်တော်၌ တတိယအကြိမ် ပြင်ဆင်ထားသည့် ကွန်ဒိုမီနီယမ်ဥပဒေမူကြမ်း တင်သွင်းခဲ့ပြီးဖြစ်သည်။ ယခင်အစိုးရလက်ထက်၌ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများကို တားဆီးပိတ်ပင်ခဲ့ခြင်းများမှာ နိုင်ငံအတွက် နစ်နာစေကြောင်း အိမ်ခြံမြေအကျိုးဆောင်ဝက်ဘ်ဆိုက် House.com.mm မှ သုံးသပ်သည်။

နိုင်ငံခြားသား အိမ်ရာပိုင်ဆိုင်နိုင်မှုများကို အချိန်ကြာမြင့်စွာပိတ်ပင်တားဆီးခဲ့သည့် ရလဒ်အနေနှင့် မြန်မာ နိုင်ငံသို့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်မှုနည်းပါးစေခဲ့ပြီး ဈေးကွက် ၏ပွင့်လင်းမြင်သာမရှိမှုများကလည်း အိမ်ခြံမြေဈေးနှုန်းများ မြင့်တက်စေသည့် အဓိကအကြောင်းအရင်းတစ်ရပ်ဖြစ် ခဲ့ရသည်။

ယခုအခါတွင်လည်းအိမ်ခြံမြေဈေး ကွက်အတွက် အသက်ရှူပေါက်ဖြစ်ဖွယ်ရာ အကြောင်းအရင်းတစ်ရပ်ဖြစ်သည့် ကွန်ဒိုဥပဒေကိုလည်း တင်ပြထားရာမှ လွှတ်တော်အသစ်အနေနှင့် ဆွေးနွေးညှိနှိုင်းဆဲဖြစ်နေသည်။

House.com.mm ၏ မန်နေဂျင်းဒါရိုက်တာ ဖြစ်သူ Mr.Balaji Ramaswami က " ကွန်ဒိုဥပဒေကိုပြဋ္ဌာန်းလိုက်တဲ့အတွက် နိုင်ငံရဲ့အိမ်ခြံမြေဈေးကွက်ကို သိသာတဲ့ အပြောင်းအလဲတွေ ဖြစ်ပေါ်စေမယ့်အပြင် ဈေးကွက်အပေါ်ကိုလည်း ပွင့်လင်းမြင်သာစေနိုင်မှာဖြစ်ပြီး တစ်ဖက်ကလည်း စီးပွားရေးဖွံ့ဖြိုးမှုတွေ ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

အစိုးရသစ်လက်ထက်၌ ကွန်ဒို ဥပဒေအတည်ပြုနိုင်ဖွယ်ရှိသည်ဟူသောသတင်းများ ထွက်ရှိလာသည်နှင့် တစ်ပြိုင်နက် ကွန်ဒိုဥပဒေကြောင့်ဖြစ်ပေါ်လာမည့် အကျိုးရလဒ်များနှင့် အချို့သော သဘောမတူညီမှုများအကြားတွင် အားပြိုင်မှုများဖြစ်ပေါ်ခဲ့ သည်များရှိနေကြောင်း သိရသည်။

ပုံမှန်အားဖြင့် ရန်ကုန်၊မန္တလေး အစရှိသည့် မြို့ကြီးများရှိနေထိုင်သူများမှာ ပြောင်းလဲမှုများကြောင့် ဖြစ် ပေါ်လာမည့် ဈေးနှုန်းမြင့်တက်မှုများအပေါ် စိုးရိမ်မှုများလည်းရှိနေကြသည်။

"မြန်မာနိုင်ငံအနေနဲ့ ဒီအဆင့်ကို ကျော်ဖြတ်ဖို့ တခြားသောဖွံ့ဖြိုးဆဲနိုင်ငံများနဲ့ ယှဉ်မယ်ဆိုရင် အချိန်အတော် ကြာကြာယူထားတယ်လို့မြင်ပါတယ်။ ဒီကွန်ဒိုဥပဒေကြောင့်ဖြစ်ပေါ်လာမယ့် ဆိုးကျိုးဆိုတဲ့ဟာတွေကို ရရှိလာမယ့် အကျိုးအမြတ်တွေနဲ့ယှဉ်မယ်ဆိုရင် ဘယ်လိုမှ မပြောပလောက်တော့ဘူးဆိုတာကိုလည်း ဈေးကွက်ပညာရှင်တွေအနေနဲ့ သုံးသပ်ထားပြီးသားဖြစ်ပါတယ်။ ဈေးကွက်ပွင့်လင်းလာတာနဲ့အမျှ စီးပွားရေးအခွင့်အလမ်းတွေလည်း များပြား လာနိုင်ပါတယ်။ ဒီဥပဒေမှာပါဝင်တဲ့ အိမ်ရာပိုင်ဆိုင်မှု အခွင့်အရေးတွေဟာ နိုင်ငံရဲ့အိမ်ခြံမြေဈေးကွက်ဖွံ့ဖြိုးမှုကိုသာမက မြန်မာနိုင်ငံအိမ်ခြံမြေကို ရင်းနှီးမြှုပ်နှံလိုသူတွေအတွက် အဓိကလိုအပ်တဲ့အရာလည်း ဖြစ်နေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြသည့် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့တွင်လည်း အိမ်၊ ခြံ၊ မြေပိုင်ဆိုင်ခြင်းနှင့်ပတ်သက်၍ ပိတ်ပင်တားဆီးမှုများရှိနေပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် စိန်ခေါ်မှုများပြားသည့်နိုင်ငံများအဖြစ် သတ်မှတ်နိုင်သည်။ ထိုင်းနိုင်ငံတွင် နိုင်ငံသား မဟုတ်ပါကအိမ်၊ ခြံ၊ မြေဝယ်ယူခွင့် မရှိသော်လည်း ထိုင်းနိုင်ငံသားတစ်ဦးဦးနှင့် စီးပွားဖက်လုပ်ကိုင်မှုရှိပါက တစ်စိတ်တစ်ပိုင်းအနေနှင့် ပိုင်ဆိုင်ခွင့် အခွင့်အလမ်းကိုပေးထားသည်။

ယင်းကဲ့သို့ပင် တခြားနိုင်ငံများတွင် ရှိသည့် ကွန်ဒိုဥပဒေကိုလည်း မြန်မာနိုင်ငံ၌ မူကြမ်းတင်သွင်းထားပြီးဖြစ်သည်။ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် နိုင်ငံခြားသားများအား ကွန်ဒိုပိုင်ဆိုင်နှုန်း ၄၀ ရာခိုင်နှုန်းအထိပိုင်ဆိုင် ခွင့်ပေးထားပြီး တိုက်ခန်းများကိုလည်း အလားတူပင် ၄၀ ရာခိုင်နှုန်းအထိ ပိုင်ဆိုင်ခွင့်ပေးထားသည်။

**မယ်သီတာ**

# Anthem Asia မှ မြန်မာနိုင်ငံအခြေစိုက် ဒီဂျစ်တယ်ဖန်တီးမှုဆိုင်ရာ အေဂျင်စီ Revo Tech တွင် ရင်းနှီးမြှုပ်နှံ

စဉ်ဆက်မပြတ်တိုးတက်လျက်ရှိသော စီးပွားရေးလုပ်ငန်းများကို မြန်မာနိုင်ငံတွင် တည်ထောင်လျက်ရှိပြီး လွတ်လပ်သော ရင်းနှီးမြှုပ်နှံမှုနှင့် အကြံပေးအဖွဲ့ဖြစ်သည့် Anthem Asia သည် ရန်ကုန်အခြေစိုက် ဒီဂျစ်တယ်ဖန်တီးမှုဆိုင်ရာ အေဂျင်စီတစ်ခု ဖြစ်သော Revo Tech တွင် ရင်းနှီးမြှုပ်နှံလိုက်ကြောင်း ဇန်နဝါရီလ ၈ ရက်က ထုတ်ပြန်ကြေညာလိုက်သည်။

Revo Tech သည် မြန်မာနိုင်ငံနှင့် နိုင်ငံတကာရှိ မိတ်ဆွေစီးပွားရေးလုပ်ငန်းများအတွက် အရည်အသွေးမြင့်မားသော ဝက်ဘ်ဆိုက်များကို ဖန်တီး တည်ဆောက်ပေးခြင်းနှင့် ဆိုရှယ်မီဒီယာစီမံခန့်ခွဲသည့်ဝန်ဆောင်မှုများကို ပေးလျက်ရှိသည်။

Revo Tech သည် Nissan ၊ လန်ဒန်စီးပွားရေးကျောင်း၊ ကမ္ဘာ့ဘဏ်နှင့် ကာတာအခြေစိုက် မိုဘိုင်းအော်ပရေတာ အော်ရီဒူး အစရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများကို အရည်အသွေးမြင့်ဝန်ဆောင်မှုများ ပေးထားခဲ့ပြီးဖြစ်သည်။ ထို့အပြင်မြန်မာနိုင်ငံရှိပုဂ္ဂလိကဘဏ်များအနက် ဖွံ့ဖြိုးတိုးတက်မှုအလျင်မြန်ဆုံးဖြစ်သည့် ကမ္ဘောဇဘဏ်နှင့် နာမည်ကျော်လက်လီအရောင်းဆိုင်စီတီးမတ် အပါအဝင် နာမည်ကျော်အမှတ်တံဆိပ်များစွာနှင့် အဖွဲ့အစည်းများစွာအတွက် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်းသိရသည်။


AnthemAsia သည် အမေရိကန်ဒေါ်လာ သိန်းဂဏန်း ပမာဏရှိသည့် ရင်းနှီးမြှုပ်နှံမှုကို Revo Tech ၏ မိခင်အဖွဲ့အစည်းဖြစ်သည့် စင်ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားသော Phew Tech Pte.Ltd . တွင် ကနဦးအဆင့်အနေဖြင့် ပြုလုပ်သွားမည်ဖြစ်ပြီး နောက်ဆုံးတွင် ၎င်း၏ အကြီးမားဆုံးသော ရှယ်ယာပိုင်ဆိုင်သူတစ်ဦး ဖြစ်လာမည်ဖြစ်သည်။

Revo Tech ကို ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် လူငယ်စွန့်ဦးတီထွင်သူ ကိုမျိုးမြင့်ကျော်က စတင်တည်ထောင်ခဲ့ပြီး နယူးယောက်တိုင်းမ်စ်၊ TechCrunch နှင့် Tech in Asia စသည့် နာမည်ကျော်စာစောင်များတွင် ဖော်ပြခြင်းခံခဲ့ရသည်။

“ကိုမျိုးနဲ့ သူ့အဖွဲ့သားတွေမှာ ဒီဂျစ်တယ် ဝန်ဆောင်မှုလုပ်ငန်းနဲ့ မိုဘိုင်း app ဝန်ဆောင်မှုတွေနဲ့ ပတ်သက်တဲ့ တကယ့်ကို ကောင်းမွန်အားကောင်းတဲ့ စီးပွားရေးလုပ်ငန်းဆိုင်ရာ မျှော်မှန်းချက်တွေ ရှိပါတယ်။ ဒီလို တက်ကြွအားကောင်းတဲ့ အဖွဲ့အစည်းတစ်ခုမှာ ပါဝင် ရင်းနှီးမြှုပ်နှံရတဲ့အတွက် ကျွန်မတို့ အနေနဲ့ တကယ့်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်”ဟု AnthemAsia ကို ပူးတွဲတည်ထောင်သူနှင့် ဒါရိုက်တာမစ္စ Genevieve Heng ကပြောသည်

“ကျွန်တော်တို့ရဲ့ အဓိက ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံနဲ့ တခြားနိုင်ငံတွေက စီးပွားရေးလုပ်ငန်းရှင်တွေအတွက် ယုံကြည်စိတ်ချရပြီး ဆန်းသစ်တဲ့ ဒီဂျစ်တယ်ပိုင်းဆိုင်ရာဝန်ဆောင်မှုတွေကိုစနစ်တကျ ပေးအပ်နိုင်တဲ့ မြန်မာနိုင်ငံရဲ့ ရှေ့ပြေး ဒီဂျစ်တယ်အေဂျင်စီတစ်ခုဖြစ်လာဖို့ပါပဲ”ဟု Revo Tech ၏ တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ ကိုမျိုးက ပြောသည်။

“AnthemAsia ရဲ့ လက်တွဲဖော်လုပ်ငန်းတစ်ခုအနေနဲ့ ကျွန်တော်တို့




လုပ်ငန်းကို ပိုမိုဖွံ့ဖြိုးကြီးထွားလာအောင် ဆောင်ရွက်သွားမှာပါ။ ဒီလိုပူးပေါင်းမှုကြောင့် မိတ်ဆွေစီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ပိုမိုဆက်သွယ်လာနိုင်မှာဖြစ်ပြီး နောက်ထပ်ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေကို ပေးအပ်သွားနိုင်တော့မှာပါဟု” ကိုမျိုးက ထပ်လောင်းပြောကြားသည်

Revo Tech သည် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော မြန်မာ့စီးပွားရေးကဏ္ဍတွင် လိုအပ်လျက်ရှိသော အကောင်းမွန်ဆုံးနှင့် လျင်မြန်သွက်လက်သည့် ဒီဂျစ်တယ်ပိုင်းဆိုင်ရာဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အဆင်သင့်ဖြစ်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍပိုမိုပွင့်လင်းလာခြင်းသည် မိုဘိုင်းဖုန်းအသုံးပြုမှုနှင့် အင်တာနက် အသုံးပြုမှုကို ပိုမိုများပြားလာစေခဲ့သည်။

ယခုလက်ရှိမြန်မာနိုင်ငံတွင် ခန့်မှန်းခြေအားဖြင့် မိုဘိုင်းဖုန်းအသုံးပြုသူ ၁၇ သန်းကျော်ရှိပြီး ၂၀၁၀ ခုနှစ်ကထက် ၁၀ ဆနီးပါး တိုးတက်လာခဲ့ခြင်းဖြစ်သည်။ နိုင်ငံတစ်ဝန်းတွင်လည်း မိုဘိုင်းဖုန်းကွန်ရက်များကိုအရှိန်အဟုန်နှင့် ဖြန့်ကြက်တည်ဆောက်ထားပြီးဖြစ်သည်။ ၂၀၁၆ ခုနှစ် အစောပိုင်းတွင် တစ်နိုင်ငံလုံး လူဦးရေ၏ ၈၀ ရာခိုင်နှုန်းကို မိုဘိုင်းဖုန်းကွန်ရက်ဖြင့် လွှမ်းခြုံရန် မျှော်မှန်းထားပြီး ၂၀၁၅ ခုနှစ်အစောပိုင်းကထက် ၁၀ ရာခိုင်နှုန်းတိုးတက်လာခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ် နှောင်းပိုင်းတွင် လေ့လာချက်အရမြန်မာနိုင်ငံတွင် အင်တာနက်အသုံးပြုသူ ခုနစ်သန်းကျော်ရှိလာပြီဖြစ်သည်။

“လာမယ့်နှစ်တွေမှာ မြန်မာနိုင်ငံက အရှေ့တောင်အာရှဈေးကွက်ရဲ့ အဓိကကျတဲ့ နေရာတစ်နေရာဖြစ်လာတော့မှာပါ။ ဒါကြောင့် Revo Tech အနေနဲ့ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းက အကူအညီဖြစ်စေမယ့် လုပ်ငန်းတွေ၊ ကုမ္ပဏီတွေအတွက် အွန်လိုင်းဝန်ဆောင်မှုနဲ့ နည်းပညာတွေကို ပေးစွမ်းသွားမှာပါ”ဟု မစ္စ Heng က ပြောကြားသည်။

Revo Tech သည် လက်ရှိတွင် ဝန်ထမ်းဦးရေ ၄၀ ကျော်ဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေပြီး ဝက်ဘ်ဆိုက်၊ မိုဘိုင်း app ဆိုင်ရာ ဝန်ဆောင်မှုများ၊ E- commerce ဝန်ဆောင်မှုများနှင့် မိတ်ဖက် စီးပွားရေးလုပ်ငန်းများအတွက် Facebook, Line နှင့် BeeTalk အစရှိသည့် လူမှုကွန်ရက်များအတွက်လည်း စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။


Revo Techသည်အခြေခံ ဒီဂျစ်တယ်ဝန်ဆောင်မှုများကို လိုအပ်သော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အထူးရည်ရွယ်သည့် "web factory" ဝန်ဆောင်မှုကို ပေးအပ်သွားမည်ဖြစ်သည်။ ထို့အပြင် Phew ဟု အမည်ပေးထားသည့် စာရွက်ပေါ်ရှိသင်ရိုးညွှန်းတမ်းကို ဒီဂျစ်တယ်စနစ်သို့ ဒီဇိုင်းကူးပြောင်းရေးဆွဲထားသော ပညာရေးဆိုင်ရာ app series ကိုလည်း Revo Tech မှ တီထွင်ဖန်တီးပြီးဖြစ်သည်။ ပထမဆုံး သင်ရိုးညွှန်းတမ်းတွင် မူကြိုအရွယ် ကလေးငယ်များအား အက္ခရာများနှင့် နံပါတ်များကို ပျော်ရွှင်လွယ်ကူစွာ သင်ယူနိုင်မည့် သင်ကြားလေ့လာရေးစနစ်ကို ထည့်သွင်း ထားကြောင်း သိရသည်။

**မယ်သီတာ**

# ကယားပြည်နယ်အတွင်းစားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော

၂၀၁၆ခုနှစ် ဇန်နဝါရီ ၇ ရက် နံနက်၁၀နာရီက လွိုင်ကော်မြို့ အ. ထ. က (၁) ကျောင်းမှာ ကယားပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံး သူရေးရာဦးစီးဌာနမှ ဝန်ထမ်းများက စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့ပါတယ်။

ကျောင်းသူကျောင်းသား ၂၅၀ ခန့်တက်ရောက် လေ့လာနားထောင်ကြပြီး ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်အေး က စားသုံးသူအကာအကွယ်ပေးရေးအကြောင်းအရာနဲ့ ပတ်သက်ပြီး ဟောပြောခဲ့ကာ အငယ်တန်းစာရေးဝန်ထမ်းများဖြစ်ကြတဲ့ ဒေါ်နော်ကြူကြူနဲ့ ဒေါ်ဇင်မာစိုးတို့က ကျောင်းဈေးတွေမှာ ကျောင်းသူကျောင်းသားတွေကို ဘေးအန္တရာယ်ပေးမည့် မုန့်ထုပ်အမျိုးမျိုးကိုပြသပြီး ရှင်းလင်းပြောပြခဲ့ပါတယ်။



ဟောပြောပွဲအပြီးမှာ ပြည်နယ်ဦးစီးမှူးက ကျောင်းအုပ်ဆရာကြီးကို ကလေးများအာဟာရ ဖြစ်စေရန် ပဲနို့ဘူးနဲ့ လက်ကမ်းကြော်ငြာစာစောင်များကိုလက်ဆောင်အဖြစ်ပေး အပ်ခဲ့ပါတယ်။ ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၁၀ ရက်ကလည်း လွိုင်ကော်မြို့၊ စည်ပင်သာယာဈေး တာဝန်ခံရုံးမှာ ဈေးသူဈေးသားဈေးရောင်းသူများကို အလားတူ အသိပညာပေးဟောပြောခဲ့ပြီး အသိပညာပေးနှိုးဆော်စာ ဗီနိုင်း တစ်ချပ်နဲ့ လက်ကမ်းကြော်ငြာတွေ ပေးအပ်ခဲ့ပါတယ်။

**မောင်မောင်အေး(လွိုင်ကော်)**

# မုံရွာကုန်စည်ဒိုင် ဆီထွက်သီးနှံဈေးကွက် မြေပဲအဝင်သွက်

မုံရွာကုန်စည်ဒိုင် ဆီထွက်သီးနှံဈေးကွက်မှာ နယ်စုံက မြေပဲနဲ့ နှမ်းရောင်စုံ ဒိုင်အဝင်သွက်လာခဲ့ပြီး နှမ်းဈေးအေးကာ မြေပဲဈေးမာလာတယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။ ဇန်နဝါရီ ပထမပတ်နှမ်းမျိုးစုံဈေးကွက်မှာ နှမ်းညိုဟာ တစ်တင်း ၂၆၀၀၀ ကျပ်၊ နှမ်းဝါ တစ်တင်း ၂၆၀၀၀ ကျပ်၊ နှမ်းဖြူ တစ်တင်း ၂၇၀၀၀ ကျပ်-၂၉၀၀၀ ကျပ်နဲ့ နှမ်းနက်တစ်တင်း ၄၅၀၀၀ ကျပ်အထိ အသီးသီးဈေးအေးသွားတာ တွေ့ရပါတယ်။ နှမ်းဖြူအနေနဲ့ ဒိုင်မှာဝင်သမျှနှမ်းဖြူသန့်သန့်ထက် ဖြူကြားကများခဲ့ပြီး အရောင်ပေါ်မူတည်ဈေးပေးဝယ်ယူတယ်လို့ ပွဲရုံရပ်ကွက်ကဆိုပါတယ်။

မြေပဲဆန်ဈေးကွက်မှာတော့ မြောင်နယ်နဲ့ ချောင်းဦးနယ်က ပဲအရည်အသွေးကောင်းလို့ လုံးဆန် တစ်ပိဿာ ၂၅၀၀ ကျပ်မှ ၂၆၀၀ ကျပ်အထိ ဈေးမြောက်လာတာ တွေ့ရပါတယ်။ ဆီဆန်အနေနဲ့ တစ်ပိဿာ ၂၀၀၀ ကျပ်အထိ ဈေးတက်လာခဲ့ကာ ဒေသခံဆီစက်တွေအနေနဲ့ ကုန်ကြမ်းလိုအပ်ချက်အရ ဆီဆန်ကို မန္တလေးဈေးကွက်က ဆွဲယူကြိတ်ခွဲမှုရှိတယ်လို့ ဆိုပါတယ်။

ယခုတစ်ပတ်အတွင်း မြေပဲဆန်ဝင်ရောက်မှုအနေနဲ့ တစ်ရက်အိတ် ၄၀၀၀ နီးပါးရှိနိုင်ပြီး မန္တလေးဝယ်လက် အတွက် အဝယ်အနည်းငယ်ရှိတယ်လို့ ဆိုပါတယ်။ စားဆီဈေးကွက်မှာတော့ ပဲဆီတစ်ပိဿာ ၄၀၀၀ ကျပ်၊ နှမ်းဆီ တစ်ပိဿာ ၃၄၀၀ ကျပ်၊ စားအုန်းဆီတစ်ပိဿာ ၁၄၅၀ ကျပ်-၁၄၇၀ ကျပ်ပေါက်ဈေးဖြစ်နေပြီး ဒေသတွင်းစားသုံးဝယ်ယူမှု များပြားလာတဲ့ နေကြာဆီသန့်ကတော့ တစ်ပိဿာ ၃၈၀၀ ကျပ်မှ ၄၂၀၀ ကျပ်အကြား ပေါက်ဈေးဖြစ်ပေါ်နေတယ်လို့ ဈေးကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင် - မုံရွာ**



## အေအီးစီကြောင့် အင်ဒိုနီးရှားအစားအစာနဲ့ အဖျော်ယမကာလုပ်ငန်း ထူးထူးခြားခြား ပြောင်းလဲမည်မဟုတ်

လွန်ခဲ့တဲ့ငါးနှစ်တာကာလအတွင်း အာဆီယံနိုင်ငံအများစုက ကုန်သွယ်မှု အတားအဆီးများကို ဖယ်ရှားထားပြီးဖြစ်သဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ)တည်ထောင်မှုကြောင့် အင်ဒိုနီးရှားနိုင်ငံရဲ့ အစားအစာနဲ့ အဖျော်ယမကာလုပ်ငန်းအတွက် ပြုပြင်ပြောင်းလဲမှုတွေ ကြီးကြီးမားမား ဖြစ်လာမှာမဟုတ်ကြောင်း အင်ဒိုနီးရှားအစားအစာနဲ့ အဖျော်ယမကာအသင်း (Gapmmi) ဥက္ကဋ္ဌ အက်ဒီအက်စ်လုခမန်းရဲ့ ပြောကြားချက်ကို ကိုးကားပြီး အန်တာရာသတင်းမှာ ဖော်ပြပါတယ်။

ဒါပေမဲ့အရှေ့တောင်အာရှဒေသကို မဟာအင်ဒိုနီးရှားအဖြစ် သဘောထားပြီး အနာဂတ် မူဝါဒတွေကို ချမှတ်တဲ့အခါ အာဆီယံကို ဗဟိုပြုတဲ့ စိတ်ဓာတ်နဲ့ ဆောင်ရွက်ဖို့လိုကြောင်း သူကပြောပါတယ်။

"အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံချင်းက သူ့ကိုယ်ပိုင်အကျိုးစီးပွားကို ဦးတည်ဆောင်ရွက်ကြမှာဖြစ်တဲ့အတွက် စိတ်သဘောထားညီညွတ်အောင် ဆောင်ရွက်ဖို့ဆိုတာ တကယ်တော့လွယ်ကူတဲ့ ကိစ္စမဟုတ်ပါဘူး။ ဒီကိစ္စကလည်း ဖြေရှင်းဆောင်ရွက်ရဦးမယ့် ကိစ္စဖြစ်ပါတယ်"လို့ သူကပြောပါတယ်။

အာဆီယံအဖွဲ့ဝင်တွေ ဆွေးနွေးနေတဲ့ ပြဿနာတွေအနက် တစ်ခုက အာဆီယံထုတ်ကုန်ဆိုတဲ့ အဓိပ္ပာယ်သတ်မှတ်ချက်ဖြစ်ပါတယ်။ တချို့က ဒေသတွင်းမှာ ထုတ်လုပ်ပြီး ရောင်းဝယ်တဲ့ ကုန်ပစ္စည်းကို သတ်မှတ်ပြီး တချို့က ဒေသတွင်းမှ ထုတ်လုပ်တယ်ဆိုရင်ပဲ အာဆီယံထုတ်ကုန်အဖြစ် သတ်မှတ်ကြပါတယ်။

ကြိုးနီစနစ်ကို ဖယ်ရှားပြီး ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို မြှင့်တင်ဖို့ အစိုးရက ပြင်ဆင်နေကြောင်း ကုန်သွယ်ရေးနဲ့ စက်မှုလုပ်ငန်းဝန်ကြီးရဲ့ ပေါင်းစပ်ညှိနှိုင်းရေးဌာန လက်ထောက်အက်ဒီပူထနာအီရာဗဒီက ပြောပါတယ်။

"အထူးစီးပွားရေးဇုန်တွေအတွက် ဆွဲဆောင်မှုတွေပေးဖို့ ထောက်ပံ့ပို့ဆောင်ရေးစင်တာတွေ၊ ပြည်တွင်းလွတ်လပ်စွာ ကုန်သွယ်မှု သဘောတူညီချက်နဲ့ စက်မှုဇုန်ဆိုင်ရာ အစိုးရစည်းမျဉ်းဥပဒေတွေ ပေါ်ထွက်ဖို့ ကျွန်တော်တို့ဆောင်ရွက်နေပါတယ်"လို့ အက်ဒီကပြောပါတယ်။

## နိုင်ရိုဘီဒဗလျူတီအို ဆွေးနွေးပွဲနောက်ပိုင်း အိန္ဒိယနိုင်ငံရဲ့ ခရီးလမ်းကြမ်းတမ်းလာနိုင်

ဒိုဟာဖွံ့ဖြိုးရေးအစီအစဉ် (Doha Development Agenda) ကို ပြန်လည်အတည်မပြုနိုင်တဲ့အတွက် အကြီးအကျယ် စိတ်ပျက်မိကြောင်း အိန္ဒိယစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး နိမလာစီလာစီသာရာမန်က ကင်ညာနိုင်ငံ နိုင်ရိုဘီအစည်းအဝေးပြီး နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြောကြားပါတယ်။

အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပရှိ မီဒီယာများက နိုင်ရိုဘီဝန်ကြီးအဆင့် အစည်းအဝေး ကြေညာချက်ကို အနောက်တိုင်း စေ့စပ်ညှိနှိုင်းသူများရဲ့ အောင်ပွဲဖြစ် ချီးကျူးဖော်ပြကြပါတယ်။ ဖိုင်နန်ရှယ်သတင်းစာက "ဒိုဟာအစီအစဉ်သေဆုံးပြီး ဒဗလျူတီသစ်မွေးဖွားမှု"ဆိုတဲ့ ခေါင်းစဉ်တပ်ပြီး သတင်းဖော်ပြခဲ့ပါတယ်။ အိန္ဒိယမီဒီယာတွေကလည်း အနောက်တိုင်းက မီဒီယာတွေရဲ့ သံယောင်ကိုလိုက်ပြီး ဖော်ပြခဲ့ပါတယ်။ ဒိုဟာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အနာဂတ် မရှိတော့ကြောင်း၊ အိန္ဒိယ၊ တရုတ်၊ အာဖရိကနဲ့ တခြားဖွံ့ဖြိုးဆဲ နိုင်ငံများအတွက် စိတ်အားတက်ကြွစေမယ့်လမ်းက ကုန်ဆုံးသွားပြီဖြစ်ကြောင်းနဲ့ ဖွံ့ဖြိုးပြီးကမ္ဘာအတွက် လမ်းပွင့်သွားပြီဖြစ်ကြောင်း ယုံကြည်လာကြပါတယ်။

အိန္ဒိယနိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)ဖွဲ့စည်းဖြစ်ပေါ်လာစေမယ့် မာရာကက်ရှ်သဘောတူစာချုပ် (Marrakesh Agreement) ကို ပထမဆုံးလက်မှတ်ထိုးခဲ့တဲ့ နိုင်ငံအနည်းငယ်ထဲမှာ အိန္ဒိယနိုင်ငံလည်း ပါဝင်ပါတယ်။ ဒါပေမဲ့ ဂတ် (GATT) အဖွဲ့အတွင်း စေ့စပ်ညှိနှိုင်းမှုတွေ ဆောင်ရွက်တဲ့အခါ ပြဿနာတချို့ရှိနေပြီး သဘောတူညီမှု မရခဲ့ပါဘူး။ ဒိုဟာအကျော့ ဆွေးနွေးပွဲတွေ နဲ့ ပတ်သက်ပြီး ကနဦးသဘောတူစာချုပ်အရ ပေါ်ပေါက် ခဲ့တဲ့ ပြဿနာတွေကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ စိုးရိမ်မှုတွေ ရှိခဲ့ပါတယ်။

ဒိုဟာဖွံ့ဖြိုးရေး အစီအစဉ်လို့ လူအများကသိထားတဲ့ ဒိုဟာဆွေးနွေးပွဲတွေက ၂၀၀၁ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး လယ်ယာစိုက်ပျိုးရေး၊ လယ်ယာစိုက်ပျိုးရေးမဟုတ်တဲ့ ဈေးကွက်များသို့ တင်ပို့မှု (Non-agricultural Market access- NAMA)၊ ကုန်သွယ်မှုနဲ့ ဆက်နွယ်နေတဲ့ အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှု၊ တန်ပြန်စုပုံခွန်နဲ့ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ထောက်ပံ့ကြေးစတဲ့ ကိစ္စတွေပါဝင်ပါတယ်။ ဒဗလျူတီအိုမှာ ထားရှိတဲ့ ကတိကဝတ်များအရ ဖွံ့ဖြိုးပြီးနိုင်ငံတွေက လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်ထောက်ပံ့မှုတွေကို ရပ်တန့်ပေးရမှာဖြစ်ပေမယ့် ဆပွားတိုးပြီး ထောက်ပံ့လာတာကို တွေ့ရပါတယ်။ အထူးသဖြင့် နိုင်ရိုအစည်းအဝေးနောက်ပိုင်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေ ရင်ဆိုင်ရတဲ့ ပြဿနာတွေ ဖြေရှင်းရေးအတွက် အထောက်အကူပေးဖို့ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ အသင့်မဖြစ်သေးတာကို တွေ့ရပါတယ်။




## ပိုးလမ်းမကြီးအစီအစဉ်ကို အကောင်အထည်ဖော်ဖို့ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ တိုက်တွန်း

ကမ္ဘာ့ယဉ်ကျေးမှုဆိုင်ရာ လမ်းကြောင်းများနဲ့ ခရီးစဉ်များဆိုင်ရာ အစီရင်ခံစာကို ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (Wold Tourism Organization-WTO) က တင်ပြခဲ့ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့က တင်ပြတဲ့ ယဉ်ကျေးမှုလမ်းကြောင်းများနဲ့ ခရီးစဉ်များ အစီရင်ခံစာမှာ လက်ငင်းဖြစ်ပေါ်နေတဲ့ အလားအလာတွေနဲ့ ပတ်သက်တဲ့ အဓိက အချက်အလက်တွေကို ဖော်ပြထားပြီး ယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးရေးနယ်ပယ်မှာရှိတဲ့ ဒေသတွေနဲ့ လုပ်ငန်းတစ်ခုချင်းအလိုက် သီးသန့်လေ့လာမှု (Case Study)တွေကိုလည်း တင်ပြထားပါတယ်။ အဓိကအားဖြင့် စိတ်ဝင်စားဖို့အကောင်းဆုံးနဲ့ လူကြိုက်အများဆုံး ခရီးစဉ်တွေကို ကာကွယ်ထိန်းသိမ်းဖို့အတွက် ဆောင်ရွက်တဲ့လုပ်ငန်းတွေရဲ့ အရေးပါမှုကိုလည်း အလေးပေးဖော်ပြထားပါတယ်။

ဒီလိုခရီးစဉ်တွေထဲမှာ ပိုးလမ်းမကြီး (Silk Road) စီမံကိန်းနဲ့ဆိုင်တဲ့ အခန်းကဏ္ဍလည်း ပါဝင်ပါတယ်။ ဒီအခန်းကဏ္ဍနဲ့ပတ်သက်ပြီး ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ရဲ့ အထွေထွေအတွင်းရေးမှူးချုပ် လက်ရီဖိုင်က ယဉ်ကျေးမှုဆိုတာက ခရီးသွားလုပ်ငန်းနဲ့ နီးနီးကပ်ကပ် ချိတ်ဆက်လျက်ရှိကြောင်း၊ ယခုအစီရင်ခံစာမှာလည်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးမှာ လက်တွေ့ထိတွေ့နိုင်တဲ့ အမွေအနှစ်တွေနဲ့ လက်တွေ့ ထိတွေ့ကိုင်တွယ်မရတဲ့ အမွေအနှစ်တွေကို ကာကွယ်ထိန်းသိမ်းဖို့ လိုအပ်ချက်များကို ဖော်ပြထားရုံသာမက ပိုးလမ်းမကြီးအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ လိုအပ်တဲ့ လေ့လာရေးအစီအစဉ်တွေနဲ့ ဒီအမွေအနှစ်တွေရဲ့ တန်ဖိုးကို ထိန်းသိမ်းမယ့် အစီအစဉ်များကို ဖော်ပြထားကြောင်း အလေးပေးပြောကြားပါတယ်။

ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့ရဲ့ ပိုးလမ်းမကြီးအစီအစဉ်က သမိုင်းဝင်ပိုးလမ်းမကြီးတစ်လျှောက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု ပိုမိုရရှိအောင် ပူးပေါင်းဆောင်ရွက်ဖို့ ချမှတ်ထားတဲ့ အစီအစဉ်ဖြစ်ပြီး ပိုးလမ်းမကြီးတစ်လျှောက်ရှိ ဒေသဆိုင်ရာ အသိုက်အဝန်းတွေရဲ့ အကျိုးစီးပွားကိုလည်း အမြင့်ဆုံးဖော်ဆောင်ပေးဖို့ ရည်မှန်းထားပါတယ်။ တစ်ချိန်တည်းမှာ ပိုးလမ်းမကြီးတစ်လျှောက်ရှိ သဘာဝနဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းသွားဖို့လည်း ရည်မှန်းထားပါတယ်။

## ကုန်သွယ်ရေးသဘောတူစာချုပ်များနဲ့ ပတ်သက်ပြီး ထိုင်းနိုင်ငံက ရှင်းလင်းပြတ်သားတဲ့ မဟာဗျူဟာချမှတ်ဖို့လိုအပ်

ကမ္ဘာ့ကုန်သွယ်ရေးမှာ အခက်အခဲတွေနဲ့ ဆက်လက်ကြုံတွေ့နေတဲ့ ယခုလိုကာလမျိုးမှာ နိုင်ငံအများအပြားက ကုန်သွယ်မှုဖြေလျှော့ရေးဘက်ကို အလေးပေးဆောင်ရွက်လာကြကြောင်း နေးရှင်းသတင်းမှာ ဖော်ပြထားပါတယ်။

အာဆီယံဒေသမှာ အဖွဲ့ဝင်နိုင်ငံတွေက ဒေသတွင်းပေါင်းစည်းရေးမှာ အရေးပါတဲ့ အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ)ကိုသာမက ကမ္ဘာ့အတိုင်းအတာနဲ့ မိမိတို့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်နဲ့ ဈေးကွက်ဝင်ရောက်နိုင်မှု အနေအထားကို မြှင့်တင်ပေးနိုင်ဖို့ ရည်ရွယ်ပြီး တခြားပိုမိုကျယ်ပြန့်တဲ့ စီးပွားရေးအုပ်စုတွေမှာ ပါဝင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြပါတယ်။

အာဆီယံဒေသမှာ ကောင်းမွန်စွာ ဖွဲ့စည်းချမှတ်ထားတဲ့ အာဆီယံလွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက် (AFTA) တည်ရှိပြီးဖြစ်သလို တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ သြစတြေးလျနဲ့ နယူးဇီလန်နိုင်ငံတွေနဲ့လည်း ဒေသဆိုင်ရာ ကုန်သွယ်ရေးသဘောတူစာချုပ်တွေ ချုပ်ဆိုထားပြီးဖြစ်ပါတယ်။ အဆိုပါ သဘောတူစာချုပ်တွေကို အကောင်အထည်ဖော်နိုင်ဖို့အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

လောလောဆယ်မှာ ထိုင်းနိုင်ငံက FTA ၁၀ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ချက်ရှိပါတယ်။ ဒီအထဲမှာ ထိုင်း-ချီလီကုန်သွယ်မှုလည်း တစ်ခုအပါအဝင်ဖြစ်ပြီး ဒီကုန်သွယ်မှုသဘောတူစာချုပ်အများစုက မကြာမီ အကောင်အထည်ပေါ်လာတော့မှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်က FTA သဘောတူစာချုပ်အရ ဆောင်ရွက်ခဲ့ရာမှာ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၆၁ ဘီလီယံ (ဘတ် ၉ ဒသမ ၄၄ ထရီလီယံ)ရှိခဲ့ရာ ထိုင်းနိုင်ငံရဲ့ စုစုပေါင်း ကုန်သွယ်မှုရဲ့ ၅၇ ဒသမ ၇ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပါတယ်။

ဒါကြောင့် ပိုမိုကျယ်ပြန့်တဲ့ အုပ်စုတွေထဲမှာ ပါဝင်နိုင်ရေးအတွက် ရှင်းလင်းပြတ်သားတဲ့ မဟာဗျူဟာနဲ့ ဒီလိုသဘောတူစာချုပ်တွေကို ချုပ်ဆိုခဲ့တဲ့နည်းလမ်းတွေကို အစိုးရက ရှာဖွေဖော်ထုတ်ဖို့လိုအပ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ဆန်လှိုင်လှိုင်ပေါ်တဲ့အထိ အင်ဒိုနီးရှားဆန်သိုလှောင်မှု လုံလောက်မည်

ယခုနှစ် မတ်လ ဆန်လှိုင်လှိုင်မပေါ်မီအချိန်ထိ ဆုမားတြား၊ ဂျာဗားနဲ့ ဆူလာဝေစီစတဲ့ ဒေသအသီးသီးမှာရှိတဲ့ နိုင်ငံပိုင် ဆန်လှောင်ရုံတွေမှာ ဆန်အလုံအလောက် ရှိနေမှာဖြစ်ကြောင်း အင်ဒိုနီးရှား လယ်ယာစိုက်ပျိုးရေးဝန်ကြီး၊ အန်ဒီအမ်ရန် ဆူလေမန်ရဲ့ ပြောကြားချက်ကို ကိုးကားပြီး အန်တာရာနယူးစ်သတင်းမှာ ဖော်ပြပါတယ်။

"ကျွန်တော်တို့ရဲ့ ဆန်အရန်သိုလှောင်မှုက လုံလောက်မှုရှိပါတယ်။ နိုင်ငံတော် ထောက်ပံ့ပို့ဆောင်ရေးအေဂျင်စီ (State Logistics Agency-Bulog) ရဲ့ သိုလှောင်ရုံမှာ အရန်ဆန်တန်ချိန် ၁ ဒသမ ၂ သန်းရှိပြီး ဒေသအသီးသီးကို ဖြန့်ဖြူးဖို့လည်း အသင့်ဖြစ်နေပါပြီ"လို့ ဇန်နဝါရီ ၆ ရက် က စီပီနန်ရှိ ပင်မဆန်ဈေးကွက်မှာရှိတဲ့ ဆန်ရောင်းဝယ်မှုလုပ်ငန်းတွေကို လေ့လာပြီးနောက် ဝန်ကြီးက ပြောပါတယ်။

သိုလှောင်ဆန်ကို အင်ဒိုနီးရှားနိုင်ငံရှိ ဒေသအသီးသီးသို့ တင်ပို့မှာဖြစ်ပြီး အထူးသဖြင့် ဆန်လိုဒေသတွေကို ဦးစားပေးပြီး တင်ပို့သွားမှာဖြစ်ပါတယ်။ မတ်လ ဆန်လှိုင်လှိုင်မပေါ်မီ လိုအပ်မယ့် ဆန်လိုအပ်ချက်ကို သိုလှောင်ထားရှိပြီးဖြစ်တဲ့ ဆန်တန် ၁ ဒသမ ၂ သန်းကို အသုံးပြုရင် အလုံအလောက် ဖြည့်ဆည်းပေးနိုင်မှာဖြစ်ကြောင်း အမ်ရန်က ပြောပါတယ်။

"နိုင်ငံတော်ရဲ့ အရန်ဆန်က လုံလောက်မှာပါ။ မတ်လမှာ ဆန်ဟက်တာ တစ်သန်းကို ရိတ်သိမ်းတော့မှာဖြစ်တဲ့အပြင် ပြည်ပက တင်သွင်းတဲ့ဆန်မပါဘဲနဲ့ လုံလောက်မှု ရှိနိုင်ပါတယ်။ ဒီနှစ်ထဲမှာ ကျွန်တော်တို့ဆန်တန်ချိန် ခြောက်သန်းလောက်ထွက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်"ဟု သူကပြောပါတယ်။

ဇန်နဝါရီလထဲမှာ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနနဲ့ နိုင်ငံတော် ထောက်ပံ့ပို့ဆောင်ရေး အေဂျင်စီတို့က ဆန်တန်ချိန်တစ်သိန်းခွဲ ဖြန့်ဖြူးပေးမှာဖြစ်ကြောင်း ဆန်ရိတ်သိမ်းရာသီမရောက်မီ စီပီနန်မှာ ဆန်ဖြန့်ဖြူးမှုအခြေအနေကို ကိုးကားပြီး ဝန်ကြီးက ပြောပါတယ်။

# ပြည်တွင်းစက်မှုလုပ်ငန်းများ ချေးငွေရရှိအောင် ဗီယက်နမ်ဗဟိုဘဏ်က ကူညီမည်



ပြည်တွင်း အထောက်အကူပြု စက်မှုလုပ်ငန်းတွေ (Support Industries) ချေးငွေ အလွယ်တကူရရှိဖို့နဲ့ အာဆီယံပေါင်းစည်းအကောင်အထည်ဖော်တဲ့အခါ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် ပိုမိုတိုးတက်လာဖို့အတွက် ချေးငွေမူဝါဒဆိုင်ရာ လမ်းညွှန်နှိုးဆော်စာ (Circular)ကို ဗီယက်နမ်ဗဟိုဘဏ်က မူကြမ်း ပြင်ဆင်လျက်ရှိကြောင်း ဗီယက်နမ်နယူးစ်သတင်းဝက်ဘ်ဆိုက်မှာ ဖော်ပြပါတယ်။

အထောက်အကူပြု စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးနဲ့ပတ်သက်ပြီး နိုဝင်ဘာလက ထုတ်ပြန်ခဲ့တဲ့ ညွှန်ကြားချက် ဒီဂရီအမိန့်အရ အဆိုပါလုပ်ငန်းများရဲ့ သုတေသန၊ ဖွံ့ဖြိုးမှုနဲ့ လေ့ကျင့်ရေးတို့အတွက် အကူအညီ၊ ငွေကြေးနဲ့ တခြားအရင်းအမြစ်တွေ ရရှိအောင် ဖန်တီးပေးမှာဖြစ်ကြောင်း ဖော်ပြထားပါတယ်။

အထောက်အကူပြုလုပ်ငန်းတွေထဲမှာ ချည်မျှင်နဲ့ အထည်ချုပ်လုပ်ငန်း၊ သားရေနဲ့ ဖိနပ်ချုပ်လုပ်ငန်း၊ အီလက်ထရွန်းနစ်နဲ့ မော်တော်ကားထုတ်လုပ်တပ်ဆင်မှုဆိုတဲ့ လုပ်ငန်းတွေပါဝင်တဲ့အပြင် စက်မှုအင်ဂျင်နီယာနဲ့ အဆင့်မြင့် နည်းပညာလုပ်ငန်းတွေကို အထောက်အကူပြုတဲ့ ထုတ်ကုန်တွေ နဲ့ ကုန်ထုတ်လုပ်မှု သုတေသနနဲ့ ဖွံ့ဖြိုးရေးထုတ်ကုန်တွေ ဆောင်ရွက်ပေးနေတဲ့ တစ်သီးပုဂ္ဂလိကလုပ်ငန်းတွေနဲ့ အဖွဲ့အစည်းတွေကို ဦးစားပေးအဖြစ်ထားရှိပါတယ်။

အထောက်အကူပြု စီးပွားရေးလုပ်ငန်းတွေက ဒေသတွင်း ပေါင်းစည်းရေးလုပ်ငန်းမှာ အလားအလာကောင်းတဲ့ လုပ်ငန်းတွေဖြစ်ကြောင်း စီးပွားရေးပညာရှင် ငိုထရီလောင်းက ပြောပါတယ်။ ဒါပေမဲ့ ဒီလုပ်ငန်းကဏ္ဍထဲမှာ ပါဝင်တဲ့ စက်မှုလုပ်ငန်းတွေ အများစုက အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေဖြစ်ပြီး ချေးငွေကောင်းကောင်းရဖို့အတွက် အခက်အခဲရှိနေတယ်လို့ သူကပြောပါတယ်။

သို့ဖြစ်ရာ ယခုရေးဆွဲထားတဲ့ နှိုးဆော်စာမူကြမ်းက ၂၀၁၆ ခုနှစ်မှာ အသက်ဝင်လာတော့မယ့် ဒီဂရီအမိန့်နဲ့အညီ ရေးဆွဲထားတာဖြစ်ပြီး ပြည်တွင်းအထောက်အကူပြု စီးပွားရေးလုပ်ငန်းတွေကို မြှင့်တင်ပေးသွားဖို့ ရည်ရွယ်ထားပါတယ်။ နှိုးဆော်စာမူကြမ်းအရ အထောက်အကူပြု စီးပွားရေးလုပ်ငန်းကို ဆောင်ရွက်နေတဲ့ SME တွေက ကာလတိုချေးငွေများကို ရရှိနိုင်ရုံသာမက ရင်းနှီးမြှုပ်နှံမှု မတည်ငွေရဲ့ ၇၀ ရာခိုင်နှုန်းအထိ ချေးငွေရရှိနိုင်မှာ ဖြစ်ပါတယ်။

# လုပ်သားများအတွက် အကာအကွယ်ပေးမှုများကို ဖိလစ်ပိုင် အလုပ်သမားနဲ့ အလုပ်အကိုင်ရရှိရေးဝန်ကြီးဌာနထုတ်ပြန်

အာရှပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Asia-Pecific Economic Co-operation-APEC) ရဲ့ အဖွဲ့ဝင်နိုင်ငံများအချင်းချင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖို့ စီမံကိန်းများ ချမှတ်ထားပြီးဖြစ်ရာ ဖိလစ်ပိုင်အလုပ်သမားနဲ့ အလုပ်အကိုင် ရှာဖွေရေးဝန်ကြီးဌာန (DOLE) ကလည်း ဖိလစ်ပိုင်ကျွမ်းကျင်ပညာရှင်များနဲ့ ကျွမ်းကျင်လုပ်သားများအတွက် လူမှုကာကွယ်ရေးများ ထပ်မံပေးရန် တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြထားပါတယ်။

ဖိလစ်ပိုင်ကျွမ်းကျင်ပညာရှင်များနဲ့ ကျွမ်းကျင်လုပ်သားများရဲ့ အလုပ်အကိုင် ရရှိမှုကို အကာအကွယ်ပေးဖို့အတွက် အစိုးရမူဝါဒများ တိုးတက်ကောင်းမွန်လာအောင် ထပ်မံဆောင်ရွက်ဖို့လိုကြောင်း အလုပ်သမားဝန်ကြီး ရိုစာလင်ဒါဘောလ်ဒို့စ်က ပြောပါတယ်။

"၂၀၁၅ ခုနှစ် အေပက်အစည်းအဝေးတွေမှာ သုံးသပ်ခဲ့တာနဲ့ ၂၀၁၆ ခုနှစ်အတွက် ထူးခြားတဲ့ ခန့်မှန်းချက်တွေအရ ဒေသတွင်းမှာရှိတဲ့ ကျွမ်းကျင်ပညာရှင်နဲ့ ကျွမ်းကျင်လုပ်သားတွေ ရွှေ့ပြောင်းမှုတွေထဲမှာ အများစုအဖြစ်ပါဝင်နေမယ့် ကျွန်တော်တို့ရဲ့ လူသားအရင်းအမြစ်တွေကို ကာကွယ်ပေးဖို့က အရေးကြီးတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်"လို့ ဘောလ်ဒို့စ်က ပြောပါတယ်။

ဆင်းရဲမှု လျှော့ချခြင်း၊ လူမှုရေးမှာ အလုံးစုံပါဝင်ရေးနဲ့ တည်ငြိမ်ရေး၊ ပညာရေးမှာ ရင်းနှီးမြှုပ်နှံမှု၊ ဝင်ငွေထောက်ပံ့မှုနဲ့ ကျန်းမာရေးနဲ့ လူမှုဝန်ဆောင်မှုတွေကို ဆောင်ရွက်ပေးခြင်းဖြင့် လူသားအရင်းအမြစ် တိုးတက်ရေးကိစ္စအရပ်ရပ်မှာ လူမှုရေးအကာအကွယ်ပေးမှုတွေက တခြားလုပ်ငန်းတွေနဲ့ ခွဲခြားမရတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း ဘောလ်ဒို့စ်က ပြောပါတယ်။ ဘောလ်ဒို့စ်က ဖိလစ်ပိုင်နိုင်ငံရှိ အေပက်လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့ရဲ့ ခေါင်းဆောင်လည်းဖြစ်တဲ့အတွက် လုပ်သားတွေရဲ့ လူမှုရေးအကာအကွယ်တွေပေးဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

စီးပွားရေးပေါင်းစည်းမှုကြောင့် အေပက်အဖွဲ့ဝင်နိုင်ငံတွေက ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုကို ထက်ထက်သန်သန် ဆောင်ရွက်နေတဲ့အတွက် ဒေသအတွင်းရှိ ပြောင်းရွှေ့လုပ်သားများကို ကျွမ်းကျင်မှုရှိအောင် ဆောင်ရွက်ပေးဖို့ လိုအပ်နေပါတယ်။

# ရေနံစိမ်းဈေးနှုန်းတွေ ကျနေပေမယ့် ထိုင်းနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားခတွေ မြင့်တက်လာနိုင်ဖွယ်ရှိ

ကမ္ဘာ့ရေနံစိမ်းဈေးတွေက ၁၁ နှစ်အတွင်း အနိမ့်ဆုံးကို ကျဆင်းခဲ့ပေမယ့် ထိုင်းနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားခနှုန်းတွေက ပြန်လည်မြင့်တက်လာနိုင်ကြောင်း စွမ်းအင်ကြီးကြပ်ရေးကော်မရှင်(ERC)အဖွဲ့ဝင် ဗီရာဖောဂျီရာပရာဒီကူးကရဲ့ ပြောကြားချက်ကို ကိုးကားပြီး နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။ ဇန်နဝါရီမှ ဧပြီအထိ တစ်နိုင်ငံလုံးရှိ ဓာတ်အားခနှုန်းတွေကို တစ်ကီလိုဝပ်/နာရီကို ၁ ဒသမ ၅၇ ပြားနှုန်းထိ ယခင်လက လျှော့ချခဲ့ပြီးနောက်ပိုင်းနောက်လာမယ့် လေးလမှာ အခွန်နှုန်းတွေမြင့်တက်ဖို့အလားအလာရှိကြောင်း သူကပြောပါတယ်။

"ကနဦး ဆန်းစစ်ချက်အရ လျှပ်စစ်ဓာတ်အားခ အခွန်က ဒုတိယသုံးလပတ်မှာ မြင့်တက်လာမယ်လို့ ခန့်မှန်းထားပါတယ်။ ဒါပေမဲ့ ယခုနှစ်ထဲမှာ လျှပ်စစ်ခွန်တွေ တက်မသွားအောင် ဆက်လက်ထိန်းထားဖို့ ကျွန်တော်တို့ ကြိုးစားမှာဖြစ်ပါတယ်"လို့ သူကပြောပါတယ်။

ထိုင်းနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံများရဲ့ ၇၀ ရာခိုင်နှုန်းမှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာမှာ သဘာဝဓာတ်ငွေ့ကို အသုံးပြုလျက်ရှိပါတယ်။ သဘာဝဓာတ်ငွေ့ဈေးက မေလကနေ ဩဂုတ်လအတွင်း ကျဆင်းမယ်လို့ ခန့်မှန်းပါတယ်။ ဒါပေမဲ့ ဘတ်ငွေ တန်ဖိုးကျဆင်းမှုနဲ့ ပူပြင်းခြောက်သွေ့မှုကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေနဲ့ ထုတ်လုပ်မှုစွမ်းအား ကျဆင်းမှုကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကုန်ကျစရိတ် မြင့်တက်လာနိုင်တယ်လို့ ERC ရဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။

ဒေါ်လာနဲ့ ဘတ်ငွေဖလှယ်ရာမှာ တစ်ဒေါ်လာကို တစ်ဘတ်နှုန်းကျဆင်းတိုင်း လျှပ်စစ်ဓာတ်အားခနှုန်းက တစ်ကီလိုဝပ်/နာရီကို သုညဒသမ ၀၅ ဘတ် သို့မဟုတ် သုည ဒသမ ၀၆ ဘတ်နှုန်း မြင့်တက်ပါတယ်။ သဘာဝဓာတ်ငွေ့ရည် (Liquaefied Natural Gas-LNG) တင်သွင်းတဲ့ ပမာဏမြင့်တက်လာတာကလည်း ထိုင်းလျှပ်စစ်ဓာတ်အားခနှုန်း တိုးတက်ဖို့ တွန်းအားပေးနေကြောင်း သူကပြောပါတယ်။

"တချို့နေရာတွေမှာ ဆိုရင် သဘာဝဓာတ်ငွေ့သုံးတာနဲ့ နှိုင်းယှဉ်ရင် လောင်စာဆီသုံးတာကပိုပြီး ဈေးသက်သာနေတာတွေ့ရပါတယ်"လို့ သူကပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### မနီလာ

တရုတ်နိုင်ငံရဲ့ စျေးကွက်မူဝါဒများကို ဖိလစ်ပိုင်ဗဟိုဘဏ်က အနီးကပ် အဆက်မပြတ် စောင့်ကြည့်လေ့လာနေကြောင်းနဲ့ နိုင်ငံခြားစျေးကွက်တွေ ဝင်ရောက်တဲ့အခါမှာလည်း ဖိလစ်ပိုင်နိုင်ငံက မဟာဗျူဟာကျကျ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး အမန်ဒိုတီတန်ကိုက ဇန်နဝါရီ ၈ ရက်နေ့မှာ ပြောကြားတာကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

### ဂျကာတာ

အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားတဲ့အလားအလာတွေ ပေးစွမ်းနိုင်တဲ့အတွက် ရေနံဓာတုပစ္စည်း၊ ဓာတုပစ္စည်း၊ သံနဲ့သံမဏိလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်ဒိုနီးရှားအစိုးရက စီမံကိန်းချမှတ် ဆောင်ရွက်လျက်ရှိကြောင်း ဇန်နဝါရီ ၈ ရက်က သတင်းစာအယ်ဒီတာချုပ်များနဲ့နှစ်သစ်ကူးတွေ့ဆုံပွဲမှာ စီးပွားရေးဝန်ကြီး ဒါမင်နာဆုရှင်ရဲ့ ပြောကြားချက်ကို ကိုးကားပြီး အန်တာရာနယူးစ်သတင်းမှာ ဖော်ပြပါတယ်။

### ပတ္တလင်းဂျာဟား(မလေးရှား)

ယခုလအကုန်ကစပြီး အမ်စတာဒမ်နဲ့ ပဲရစ်ခရီးစဉ်တွေကို ဖျက်သိမ်းခဲ့ပြီးနောက် မလေးရှားအဲလိုင်းကုမ္ပဏီက B777-200 လေယာဉ်တွေကို ပြန်လည်ရောင်းချတော့မှာဖြစ်ကြောင်းနဲ့ သက်ဆိုင်ရာ လေယာဉ်မျိုးတွေကို ကုမ္ပဏီက နုတ်ထွက်ရန် တောင်းဆိုမည်မဟုတ်သော်လည်း မိမိတို့သဘော အလျောက် ဆောင်ရွက်ခွင့်ပြုထားကြောင်း စတားအွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

### တိုကျို

တရုတ်နိုင်ငံမှာ စီးပွားရေးလုပ်ငန်းဆောင်ရွက်ဖို့ အလားအလာမှေးမှိန်နေချိန်မှာ အာဆီယံရဲ့ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုကို အကောင်အထည်ဖော်လိုက်တဲ့အတွက် အာဆီယံဒေသက ၂၀၁၆ ခုနှစ်မှာ နိုင်ငံခြားကုမ္ပဏီတွေ လုပ်ငန်းဆောင်ရွက်ဖို့အတွက် အလားအလာကောင်းတဲ့ စျေးကွက်ဖြစ်စေခဲ့ကြောင်း တရုတ်၊ ဂျပန်နဲ့ တောင်ကိုရီးယားစီးပွားရေးလုပ်ငန်းတွေကို ကောက်ယူထားတဲ့ စစ်တမ်းရလဒ်ကို ကိုးကားပြီး နီးကေးနေ့စဉ်သတင်းမှာ ဖော်ပြပါတယ်။

## Middle East

# ဆော်ဒီအာရေးဘီးယားနဲ့ အီရန်နိုင်ငံတို့ရဲ့ နိုင်ငံရေးအရ တင်းမာမှုကြောင့် ရေနံစိမ်းစျေးနှုန်းမြင့်တက်

ထင်ရှားတဲ့ ရှီးယိုက်ဘာသာရေးခေါင်းဆောင်တစ်ဦးကို ဆော်ဒီအာဏာပိုင်တို့က ဇန်နဝါရီ ၂ ရက်က သေဒဏ်ပေးခဲ့ပြီးနောက်ပိုင်း ရေနံအများဆုံးထုတ်လုပ်တဲ့ နိုင်ငံကြီးနှစ်နိုင်ငံတို့ သံတမန်ရေးအရ အငြင်းပွားမှုဖြစ်ခဲ့ကြောင်း ဟိန္ဒူသတင်းဝက်ဘ်ဆိုက်မှာ ဖော်ပြပါတယ်။

ကမ္ဘာ့အခြေခံခံထား စျေးနှုန်းဖြစ်တဲ့ ဘရင့်ရေနံစိမ်းစျေးက ဇန်နဝါရီ ၄ ရက်မှာ တစ်ဒေါ်လာ မြင့်တက်ပြီး တစ်စည်ကို အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၅၀ ဒေါ်လာနှုန်းထိ ရောက်ရှိခဲ့ပါတယ်။

ဂရင်းနစ်စံတော်ချိန် နံနက် ၅ နာရီ ၅၆ မိနစ်မှာ တစ်စည်ကို ၃၈ ဒသမ ၁၈ ဒေါ်လာနှုန်းထိ ပြန်လည်ကျဆင်းခဲ့ပေမယ့် ၂ ရာခိုင်နှုန်း မြင့်တက်နေဆဲဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စု အနောက်တက္ကဆတ် ရေနံစိမ်းရဲ့ ကြိုရောင်းစျေးက ၇၇ ဆင့် (၂ ဒသမ ၈ ရာခိုင်နှုန်း) မြင့်တက်ပြီး တစ်စည်ကို အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၈၁ နှုန်းရှိခဲ့ပါတယ်။

အီရန်နိုင်ငံရဲ့ နျူကလီးယားလက်နက်ဖွံ့ဖြိုးရေး အစီအစဉ်ကို သဘောတူညီချက်များ ရရှိပြီးနောက် အီရန်နိုင်ငံအပေါ် ချမှတ်ထားတဲ့ စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှုတွေကို ဖယ်ရှားပေးတော့မယ့် လက္ခဏာတွေကို တွေ့မြင်နေရပါတယ်။ စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုတွေကို ဖယ်ရှားပေးမယ်ဆိုပါက ကမ္ဘာပေါ်မှာ အတည်ပြုပြီး ရေနံအရန်သိုက် အများဆုံးတည်ရှိနေတဲ့ အီရန်နိုင်ငံရဲ့ ရေနံတင်ပို့မှု မြင့်တက်လာတော့မယ့်အချိန်မှာ အရှေ့အလယ်ပိုင်း နှစ်နိုင်ငံရဲ့ ပဋိပက္ခ ပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။

"ဆော်ဒီအာရေးဘီးယားနဲ့ အီရန်နိုင်ငံတို့ရဲ့ ပထဝီနိုင်ငံရေးတင်းမာမှု မြင့်မားလာတဲ့အတွက် စျေးကွက်ထဲမှာ ရေနံစိမ်းဝယ်ယူတဲ့အခါ ပရီမီယံကြေးတွေပေးလာရပါတယ်"လို့ အကျိုးဆောင်အေဂျင်စီ Phillip Future က ပြောပါတယ်။

## USA

# အမေရိကန်ပြည်ထောင်စုရဲ့ ကုန်သွယ်ရေးလိုငွေပြမှု ကိုးလအတွင်း အနိမ့်ဆုံးသို့ရောက်ရှိ

သွင်းကုန်ကျဆင်းမှုက ပို့ကုန်ကျဆင်းမှုထက် ပိုမိုများပြားတဲ့အတွက် နိုဝင်ဘာလမှာ အမေရိကန်ပြည်ထောင်စုရဲ့ ပြည်ပကုန်သွယ်ရေးလိုငွေပြမှုက ကိုးလအတွင်း အနိမ့်ဆုံးကို ရောက်ရှိခဲ့ကြောင်း ဇန်နဝါရီ ၆ ရက်က ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနရဲ့ ထုတ်ပြန်ချက်ကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးမှုနှေးကွေးတာနဲ့ ဒေါ်လာတန်ဖိုး မြင့်တက်တာက ပို့ကုန်အပေါ် အကျိုးသက်ရောက်မှုရှိခဲ့တဲ့အတွက် ကျန်ကမ္ဘာ့နိုင်ငံများနဲ့ အမေရိကန်ပြည်ထောင်စုရဲ့ ကုန်သွယ်မှုမှာ ကုန်သွယ်ရေးလိုငွေပြမှုက နိုဝင်ဘာမှာ ငါးရာခိုင်နှုန်း ကျဆင်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၄ ဘီလီယံအထိရှိခဲ့ရာ ပြီးခဲ့တဲ့နှစ် ဖေဖော်ဝါရီလနောက်ပိုင်း အများဆုံးဖြစ်ခဲ့ပါတယ်။

အောက်တိုဘာတုန်းက အမေရိကန်ပြည်ထောင်စုရဲ့ ကုန်သွယ်ရေးလိုငွေပြမှု မမျှော်လင့်ဘဲ ကျဆင်းရတာက အမေရိကန်ကုန်သွယ်မှုအတွက် မပြောပလောက်သေးဘူးလို့ ဆိုပါတယ်။

လူသုံးကုန်ပစ္စည်း စျေးနှုန်းတွေ တစ်ဟုန်ထိုး ကျဆင်းမှုကြောင့် နိုဝင်ဘာလမှာ သွင်းကုန်လုပ်ငန်းတွေ ၁ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန်ဒေါ်လာ ၂၂၄ ဒသမ ၆ ဘီလီယံအထိ ရှိခဲ့ပါတယ်။ ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုပို့ကုန်က သုည ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန်ဒေါ်လာ ၁၈၂ ဒသမ ၂ ဘီလီယံအထိ ရောက်ရှိခဲ့ရာ လေးနှစ်အတွင်း အနိမ့်ဆုံးဖြစ်ခဲ့ပါတယ်။

ဒေသအလိုက်ကြည့်ရင် တရုတ်နိုင်ငံနဲ့ ကုန်သွယ်မှုလိုငွေက ၅ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၃ ဘီလီယံရှိခဲ့ပါတယ်။ ၂၈ နိုင်ငံပါဝင်တဲ့ ဥရောပ သမဂ္ဂနဲ့ ကုန်သွယ်မှုက အမေရိကန် ဒေါ်လာ ၁၅ ဒသမ ၇ ဘီလီယံနဲ့ တန့်နေပါတယ်။

အမေရိကန် ပြည်ထောင်စုရဲ့ အကြီးဆုံးကုန်သွယ်ဖက်ဖြစ်တဲ့ ကနေဒါနဲ့ ကုန် သွယ်မှုလိုငွေက အမေရိကန်ဒေါ်လာ ၃၄၅ သန်းရှိခဲ့ပါတယ်။

## South Asia

# အသေးစားဖွံ့ဖြိုးရေးလုပ်ငန်းများ ထောက်ပံ့ရေးအေဂျင်စီကို အိန္ဒိယဝန်ကြီးအဖွဲ့က ဘဏ်အဖြစ်ဖွဲ့စည်း

ဘဏ်မဟုတ်တဲ့ ငွေကြေးလုပ်ငန်း အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ အသေးစား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး ငွေကြေးထောက်ပံ့မှုအေဂျင်စီ (Micrco Units Development Refinance Agency-MUDRA) ကို MUDRA ဘဏ်အဖြစ် ဖွဲ့စည်းတည်ထောက်ရန်နဲ့ အသေးစားငွေချေးလုပ်ငန်းများကို ချေးငွေထုတ်ပေးရန်အတွက် ချေးငွေအာမခံရန်ပုံငွေအဖွဲ့ကို ထူထောင်ရန်အတွက် ဆုံးဖြတ်ချက်ကို အိန္ဒိယဝန်ကြီးအဖွဲ့က ဇန်နဝါရီ ၆ ရက်မှာ အတည်ပြုပေးခဲ့ပါတယ်။

MUDRA ချေးငွေများအတွက် ချေးငွေအာမခံရန်ပုံငွေ ထူထောင်ရန်နဲ့ MUDRA ကို အိန္ဒိယအသေးစား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ် (MUDRA Samll Industries Development Bank of India -SIDBI) ဘဏ်အဖြစ် ထူထောင်ရန်အတွက် ဝန်ကြီးချုပ် မိုဒီက အောင်မြင်အောင် ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း တရားဝင်ထုတ်ပြန်ချက်တွင် ဖော်ပြထားပါတယ်။

"MUDRA (SIDBI) Bank က အိန္ဒိယအစိုးရက တာဝန်ပေးအပ်ထားတဲ့ လုပ်ငန်းတွေအပြင် ပိုတယ်စီမံခန့်ခွဲမှု၊ ဒေတာအချက်အလက် စိစစ်မှုစတဲ့ လုပ်ငန်းတွေကို အဓိကအလေးထား ဆောင်ရွက်သွားမှာဖြစ်ပြီး ဒီလုပ်ငန်းတွေအတွက် ငွေကြေးထောက်ပံ့မှုလုပ်ငန်းတွေနဲ့ အထောက်အကူပေး ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်"လို့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

ကြွေးမြီအာမခံရန်ပုံငွေအဖွဲ့က တန်ဖိုးအားဖြင့် ရူပီး ကုဋေတစ်သိန်းထက်ကျော်တဲ့ အသေးစားစီးပွားရေးလုပ်ငန်းတွေကို ထောက်ပံ့ကြေးပေးသွားဖို့ ရည်မှန်းထားတဲ့အပြင် ယခုစီမံကိန်းအရ ဆောင်ရွက်ရာမှာ ဘဏ်တွေနဲ့ ငွေကြေးအဖွဲ့အစည်းတွေမှာ ငွေကြေးဆုံးရှုံးမယ့် အန္တရာယ်လျော့ကျသွားအောင်လည်း ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

## East Asia

# စျေးကွက်လက်ဦးမှုရရှိဖို့အတွက် တောင်ကိုရီးယားကားထုတ်လုပ်သူတို့က မိုဒယ်သစ်များ အဆောတလျင်ဖော်ထုတ်

ယခုနှစ်အတွင်း ပြည်တွင်းစျေးကွက်မှာ လက်ဦးမှုရယူနိုင်စေရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် အဆင့်မြင့်ပြီး တိုးတက်ကောင်းမွန်တဲ့ လုပ်ဆောင်ချက်နဲ့ ဒီဇိုင်းများဖြင့် ဖောက်သည်များကို ဆွဲဆောင်နိုင်ရေးအတွက် တောင်ကိုရီးယား မော်တော်ကား ထုတ်လုပ်သူတို့က မော်တော်ကားမိုဒယ်သစ်များကို စျေးကွက်သို့တင်ရန် အပြေးအလွှားကြိုးပမ်း ဆောင်ရွက်လာကြကြောင်း ယွန်းဟပ်နယူးစ်သတင်းမှာ ဖော်ပြထားပါတယ်။

တောင်ကိုရီးယားနိုင်ငံရဲ့ အကြီးမားဆုံး မော်တော်ကား ထုတ်လုပ်သူ ဟွန်ဒိုင်းမော်တော်ကား ကုမ္ပဏီက မျိုးစပ်မော်တော်ကား Ioniq ကို ယခုနှစ် ဇန်နဝါရီလလယ်မှာ စတင်စျေးကွက်တင်ဖို့ စီစဉ်ထားပါတယ်။ ဒီမိုဒယ်က လက်ရှိမိုဒယ်တွေနဲ့မတူ တစ်မူထူးခြားတဲ့ လျှပ်စစ်မော်တော် ကားအဖြစ် ပထမဆုံးအကြိမ် ထုတ်လုပ်မှာ ဖြစ်ပါတယ်။

စျေးကွက်မှာ ဦးဆောင်မှုပေးနေတဲ့ တိုယိုတာရဲ့ ပရိုင်းယပ်မော်တော်ကားနဲ့ယှဉ်ပြိုင်ဖို့ ရည်ရွယ်ထုတ်လုပ်လိုက်တဲ့ ဒီမျိုးစပ်မော်တော်ကား အမျိုးမျိုးကို စျေးကွက်တင်ပြီးနောက်ပိုင်း ဟွန်ဒိုင်းမော်တော်ကား ကုမ္ပဏီက မျိုးစပ်မော်တော်ကားနဲ့ လျှပ်စစ်မော်တော်ကားတွေကိုလည်း ဆက်လက်ထုတ်လုပ်သွားဖို့ တိုးချဲ့ဆောင်ရွက်နေပါတယ်။ Ioniq မော်တော်ကားအတွက် ကြိုတင်အမှာ စာတွေကို ဇန်နဝါရီ ၁၂ ရက်နေ့ကစပြီး လက်ခံသွားမှာဖြစ်ပါတယ်။

ကီးယားမော်တာ ကော်ပိုရေးရှင်းကလည်း K7 ရဲ့ နောက်ဆုံးမျိုးဆက်မိုဒယ်ကို ဇန်နဝါရီလမှာ မိတ်ဆက်ပြသဖြစ်ပါတယ်။ ဒီမိုဒယ်က ဒုတိယမျိုးဆက်ဖြစ်ပြီး ၂၀၀၉ ခုနှစ် နောက်ပိုင်းမှာ လုံးဝပြောင်းလဲလိုက်တဲ့ ပုံစံဖြစ်ပါတယ်။

တခြားမော်တော်ကား ထုတ်လုပ်သူတွေကလည်းယခုနှစ်ထဲမှာ မိုဒယ်သစ်တွေကို စျေးကွက်တင်ဖို့ ကြိုးစားနေကြပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

တရုတ်နိုင်ငံက ယွမ်တန်ဖိုးကို လျှော့ချတဲ့အရှိန်ကို မြှင့်တင်လိုက်တဲ့အတွက် ကမ္ဘာ့ဒုတိယအကြီးမားဆုံး စီးပွားရေး အဆင့်ရှိတရုတ်နိုင်ငံအပေါ် စိုးရိမ်မှုနဲ့ ဒေသဆိုင်ရာ ငွေကြေးတွေ အပြိုင်တန်ဖိုးချတဲ့ ငွေကြေးစစ်ပွဲဖြစ်လာမှာကို စိုးရိမ်မှုတွေကြောင့် ဇန်နဝါရီ ၇ ရက်မှာ ထွန်း သစ်စငွေကြေးအများစုရဲ့တန်ဖိုးတွေကျဆင်းလာတာကို တွေ့ရပါတယ်။

တရုတ်နိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်နှုန်း နှေးကွေးကျဆင်းနေတဲ့အတွက် ရင်းနှီးမြှုပ်နှံသူတို့က စိုးရိမ်မကင်း ဖြစ်နေပါတယ်။ တရုတ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုက နှစ်ဆယ့်ငါး နှစ်တာကာလအတွင်း အနိမ့်ဆုံးကိုရောက်ရှိနေပြီး မကြာသေးမီက ထုတ်ပြန်ခဲ့တဲ့ စာရင်းများအရ တရုတ်နိုင်ငံရဲ့ ကုန်ထုတ်လုပ်ငန်းများ ကျဆင်းမှုက ရင်းနှီးမြှုပ်နှံသူတို့ရဲ့ စိုးရိမ်စိတ်ကို ပိုမိုစေခဲ့ပါတယ်။

ကမ္ဘာ့ဘဏ္ဍာရေး ဈေးကွက်များမှာယခုနှစ် နှစ်စကတည်းက ကသောင်းကနင်းဖြစ်လျက်ရှိရာ အီရန်နဲ့ ဆော်ဒီအာရေးဘီးယားတို့ရဲ့ ပဋိပက္ခက အကဲဆတ်လျက်ရှိတဲ့ အရှေ့အလယ်ပိုင်း အခြေအနေကို နောက်ဆုံးထိုးနှက်ချက်အဖြစ် ရောက်ရှိခဲ့ပါတယ်။ ထို့မှ မက မြောက်ကိုရီးယားနိုင်ငံက ဟိုက်ဒရိုဂျင်ဗုံး ဖောက်ခွဲတဲ့ သတင်းများ ထွက်ပေါ်လာတဲ့အခါ ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်စိတ်ကို လှုပ်ခါသွားစေခဲ့ပါတယ်။

## တရုတ်ယွမ်

ဇန်နဝါရီ ၈ ရက်မှာ တရုတ်ဗဟိုဘဏ်က ယွမ်နဲ့ ဒေါ်လာပျမ်းမျှ ဖလှယ်နှုန်းကို ယခင်ကရှိခဲ့တဲ့ အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၅၆၄၆ ယွမ်နှုန်းကနေ တစ်ဒေါ်လာကို ၆ ဒသမ ၅၆၃၆ နှုန်းထိ ယွမ်တန်ဖိုးကို မြှင့်တင်ခဲ့ပါတယ်။ ဒါပေမဲ့ တရုတ်ပို့ကုန် လုပ်ငန်းရှင်တွေကို အကူအညီပေးဖို့နဲ့ ဒေသတွင်း ပြိုင်ဘက်တွေနဲ့ ယှဉ်ရာမှာ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြှင့်တင်နိုင်ရေးအတွက် ရေရှည်မှာ တရုတ်နိုင်ငံက ယွမ်တန်ဖိုးကို ဆက်လက်ချထားလိမ့်မယ်လို့ ခန့်မှန်းကြပါတယ်။

## အိန္ဒိယရူပီး

အိန္ဒိယပို့ကုန်လုပ်ငန်းရှင်တွေနဲ့ ဘဏ်တွေက အမေရိကန်ဒေါ်လာကို ထုတ်ရောင်း လာကြတဲ့အတွက် ဇန်နဝါရီ ၈ ရက် နံနက်က ဘဏ်အချင်းချင်း နိုင်ငံခြားငွေဖလှယ်ရာမှာ ရူပီးငွေတန်ဖိုးက သုည ဒသမ ၃၀ ရူပီးနှုန်းမြှင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆၆ ဒသမ ၆၃ ရူပီးနှုန်းရှိခဲ့ပါတယ်။ ရက်သတ္တပတ်သုံးပတ်အတွင်း အနိမ့်ဆုံးဈေးကနေ ပြန်လည်မြှင့်တက်လာတာဖြစ်ပါတယ်။

ပြည်တွင်းရှယ်ယာဈေးကွက်တွေ မြှင့်တက်မှုကလည်း ရူပီးတန်ဖိုးမြှင့်တက်ဖို့ အထောက်အကူဖြစ်စေခဲ့ပါတယ်။ ဒါပေမဲ့ ပင်လယ်ရပ်ခြားမှာ တခြားအဓိက ငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုးမြှင့်တက်မှုက ရူပီးတန်ဖိုး မြှင့်တက်မှုကို အဟန့်အတားဖြစ်စေခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။ ဈေးပိတ်ချိန်မှာတော့ ရူပီးတန်ဖိုးက သုည ဒသမ ၁၁ရူပီးနှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၆၆ ဒသမ ၉၃ ရူပီးနှုန်း ဖြစ်ခဲ့ပါတယ်။

## ဂျပန်ယန်း

တရုတ်ပြည်မကြီးရဲ့ စီးပွားရေး ကျဆင်းမှု၊ ရေနံနဲ့ အီကွိတီရှယ်ယာတွေ ဈေးနှုန်း ကျဆင်းမှုနဲ့ ပထဝီနိုင်ငံရေး တင်းမာမှုတွေက ရင်းနှီးမြှုပ်နှံသူတွေကို ပိုမိုစိတ်ချရတဲ့ အက်ဆက်တွေဝယ်ယူဖို့ တွန်းအားပေးခဲ့ပါတယ်။

အမေရိကန်ဒေါ်လာ တန်ဖိုးက တစ်ဒေါ်လာကို ၁၁၇ ဒသမ ၆၉ ယန်းနှုန်းထိ ကျဆင်းခဲ့ရာ ဩဂုတ်လနောက်ပိုင်း အနိမ့်ဆုံးနှုန်း ဖြစ်ခဲ့ပါတယ်။ နောက်ပိုင်းမှာ တစ်ဒေါ်လာကို ၁၁၈ ဒသမ ၁၂ ယန်းနှုန်းအထိ ပြန်လည်မြှင့်တက်ခဲ့ပေမယ့် နယူးယောက်မှာ ရှိခဲ့တဲ့ တစ်ဒေါ်လာ ၁၁၈ ဒသမ ၄၉ ယန်းနှုန်းအောက် ကျဆင်းနေဆဲဖြစ်ပါတယ်။

ယူရိုတန်ဖိုးက တစ်ယူရိုကို ၁၂၇ ဒသမ ၇၆ ယန်းနှုန်းမှ ၁၂၇ ဒသမ ၈၃ ယန်းသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၇၈၂ ဒေါ်လာမှ ၁ ဒသမ ၀၈၂၅ ဒေါ်လာတို့ လည်းကောင်း မြှင့်တက်ခဲ့ပါတယ်။

## မလေးရှားရင်းဂစ်

ဈေးကွက်ထဲမှာ အမေရိကန်ဒေါ်လာကို ပြန်လည်ရောင်းချမှု မြင့်တက်လာတဲ့အတွက် ဇန်နဝါရီ ၈ ရက် ဈေးဖွင့်ချိန်မှာ ရင်းဂစ်တန်ဖိုးက ဒေါ်လာနဲ့ ဖလှယ်ရာမှာ တန်ဖိုးမြှင့်တက်ခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။

ရင်းဂစ်နဲ့ အမေရိကန်ဒေါ်လာ ဖလှယ်နှုန်းက ဇန်နဝါရီ ၇ ရက်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၃၉၁၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့ နံနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၄ ဒသမ ၃၆၉၀ ရင်းဂစ်အထိ ဒေါ်လာ တန်ဖိုးကျဆင်းကာ ရင်းဂစ်တန်ဖိုး မြှင့်တက်ခဲ့ပါတယ်။ တခြား အဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာလည်း ရင်းဂစ်တန်ဖိုး မြှင့်တက်ခဲ့ပါတယ်။

## တောင်ကိုရီးယားဝမ်

ဇန်နဝါရီ ၈ ရက်မှာ ဝမ်ငွေကြေး တန်ဖိုးက သုည ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၁၂၀၇ ဒသမ ၇ ဝမ်နှုန်းထိ ရောက်ရှိခဲ့ရာ စက်တင်ဘာ ၈ ရက်နောက်ပိုင်း အနိမ့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ နိုင်ငံခြားငွေကြေး အာဏာပိုင်တွေက ဝင်ရောက်စွက်ဖက်မယ်လို့ ရင်းနှီးမြှုပ်နှံသူတွေက သံသယရှိလာကြတဲ့အတွက် ဈေးအကျမှာ ပြည်တွင်းပို့ကုန် လုပ်ငန်းရှင်များက ဝမ်ငွေကြေးကို အားတက်သရောဝယ်လာကြတဲ့အတွက် ဝမ်တန်ဖိုး ပြန်လည်မြှင့်တက်လာကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။

## ထိုင်းဘတ်

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက စတော့ရှယ်ယာများကိုဆက်တိုက်ရောင်းချလာတဲ့အတွက် ထိုင်းရှယ်ယာဈေးနှုန်းများ နှစ်ရာခိုင်နှုန်းထိ ကျဆင်းပြီးနောက် ထိုင်းဘတ်ငွေ တန်ဖိုးကလည်း သုည ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းကာ အမေရိကန်တစ်ဒေါ်လာကို ၃၆ ဒသမ ၃၃ ဘတ်နှုန်းအထိ ရောက်ရှိခဲ့ပါတယ်။ အောက်တိုဘာ ၆ ရက်နောက်ပိုင်း အနိမ့်ဆုံးဖြစ်ခဲ့ပါတယ်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**

# တရုတ်စတော့ဈေးကွက် ကျဆင်းလာခြင်းအပေါ် အမေရိကန်နိုင်ငံက စိုးရိမ်မှုမရှိ

တရုတ်စတော့ဈေးကွက်ကျဆင်းမှုက အဓိကစိုးရိမ်စရာမဟုတ်ကြောင်းနဲ့ တရုတ်စီးပွားရေး ကျဆင်းမှုက အမေရိကန်စီးပွားရေးရှေ့အလားအလာအတွက် ထူးခြားတဲ့ အန္တရာယ်တစ်ခုမဟုတ်ကြောင်း ကလိဗလင်းဗဟိုဉက္ကဋ္ဌ လိုရတ်တာမက်စတာရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

တရုတ်နိုင်ငံရဲ့ စီးပွားရေးကိန်းဂဏန်းတွေ လျော့နည်းကျဆင်းမှုက တရုတ်စတော့ဈေးကွက်တွေ ကျဆင်းလာအောင် ဖန်တီးပေးခဲ့ပြီး ဒီကနေတစ်ဆင့် အမေရိကန်ပြည်ထောင်စု ဈေးကွက်တွေမှာ ဖိတ်လျှံအကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။ ဒါပေမဲ့ ဒီအခြေအနေက အမေရိကန်စီးပွားရေးအတွက် စိုးရိမ်စရာတစ်ခုမဟုတ်ကြောင်း ဘလွမ်းဘတ်ရုပ်သံနဲ့ တွေ့ဆုံမေးမြန်းခန်းမှာ မက်စတာက ပြောပါတယ်။

တရုတ်နိုင်ငံ စီးပွားရေးနှေးကွေးကျဆင်းနေချိန်မှာ အမေရိကန်စီးပွားရေး နာလန်ထူအောင် ကြိုးပမ်းဆောင်ရွက်နေတာဖြစ်တဲ့အတွက် တရုတ်နိုင်ငံ စီးပွားရေးကျဆင်းမှုက အမေရိကန်စီးပွားရေးအတွက် ထူးခြားတဲ့ အန္တရာယ်တစ်ခုအဖြစ် မမြင်ကြောင်း သူမကပြောပါတယ်။

# တရုတ်ရှယ်ယာဈေးကွက် ကသောင်းကနင်းဖြစ်မှုအတွက် တောင်ကိုရီးယားနိုင်ငံက လိုအပ်သလို အရေးယူဆောင်ရွက်မည်

တရုတ်စတော့ရှယ်ယာများ တစ်ဟုန်ထိုး ကျဆင်းမှုကြောင့် တောင်ကိုရီးယားစတော့ဈေးကွက်များကို ကျဆင်းစေခဲ့ပြီး နောက်ကျင်းပတဲ့ ဝန်ကြီးရုံးအရာရှိများ အစည်းအဝေးအပြီးမှာ တောင်ကိုရီးယား ဘဏ္ဍာရေးဝန်ကြီးဌာန အရာရှိတစ်ဦးက ဈေးကွက်တည်ငြိမ်ရေးအတွက် လိုအပ်တဲ့ အရေးယူ ဆောင်ရွက်မှုတွေကို အစိုးရက ပြုလုပ်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

“ကမ္ဘာ့ဘဏ္ဍာရေးမတည်ငြိမ်မှုက ဆက်လက်တည်တံ့နေမယ့် အလားအလာရှိနေတဲ့အတွက် လိုအပ်ရင်လိုအပ်သလို အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်”လို့ ဘဏ္ဍာရေးဝန်ကြီး အဆင့်မြင့်အရာရှိတစ်ဦးက ရိုက်တာသတင်းဌာနကို တယ်လီဖုန်းနဲ့ ပြောပါတယ်။

ဒါပေမဲ့ တရုတ်နိုင်ငံ ဈေးကွက်တွေထဲက စတော့ရှယ်ယာတွေရဲ့ ပြဿနာက အချိန်တန်ရင် ပြေလည်သွားမှာဖြစ်ကြောင်းနဲ့ အစိုးရက အရေးယူဆောင်ရွက်မယ်ဆိုရင်လည်း အစီအမံသစ်များ ချမှတ်ဆောင်ရွက်မှာမဟုတ်ဘဲ ရှိရင်းစွဲအစီအမံတွေနဲ့သာ ဆောင်ရွက်သွားမှာဖြစ်ကြောင်း သူကပြောပါတယ်။

တောင်ကိုရီယားရှိ စတော့ဈေးကွက်မှာ ဇန်နဝါရီ ၄ ရက်က ရှယ်ယာဈေးနှုန်းတွေ နှစ်ရာခိုင်နှုန်း ကျဆင်းခဲ့ရာ ၂၀၁၅ ခုနှစ် ဩဂုတ်လနောက်ပိုင်း နေ့အလိုက် ကျဆင်းမှုအမြင့်ဆုံးဖြစ်ခဲ့ပါတယ်။

နိုင်ငံခြားသားတွေရဲ့ ပြည်တွင်းရှယ်ယာတွေ ဝယ်ယူမှုကျဆင်းတဲ့အတွက် ဇန်နဝါရီ ၄ ရက်မှာ ဝမ်ငွေကြေးတန်ဖိုးက သီတင်းသုံးပတ်အတွင်း အနိမ့်ဆုံးနှုန်းကို ကျဆင်းခဲ့ပါတယ်။

ကမ္ဘာ့ဘဏ္ဍာရေး မတည်ငြိမ်မှုကို ကြိုးကြပ်ဖို့နဲ့ လိုအပ်တဲ့ အစီအမံတွေကို ဆွေးနွေးဖို့အတွက် တောင်ကိုရီးယားဗဟိုဘဏ် အရေးပေါ်အစည်းအဝေးကို ဇန်နဝါရီ ၅ ရက်က သီးခြားဆွေးနွေးခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်လှုပ်ရှားမှုအခြေအနေများကို အနီးကပ် စောင့်ကြည့်သွားမှာဖြစ်ကြောင်း ဗဟိုဘဏ်က ပြောပါတယ်။



# ဟယ်ရီစတိုင်နဲ့ ကန်ဒဲလ်ဂျင်နာတို့ရဲ့ အချစ်ဇာတ်လမ်း ပြန်လည်စတင်ပြီဟု အစ်မဖြစ်သူ ခိုးလ်က အတည်ပြု



One Direction အဖွဲ့ရဲ့ပင်တိုင် အဆိုတော်လေး ဟယ်ရီစတိုင်ဟာ သူ့ရဲ့ချစ်သူဟောင်း ကန်ဒဲလ်ဂျင်နာတို့ ပြန်လည်ဆက်သွယ်နေကြပြီး သူတို့နှစ်ဦးရဲ့အချစ်ဇာတ်လမ်းကို ပြန်လည်စတင်နေပြီဖြစ်တယ်လို့ ကန်ဒဲလ်ရဲ့အစ်မဖြစ်သူ ခိုးလ်ကာဒစ်ရှန်က အတည်ပြုပြောကြားလိုက်ပါတယ်။ ကန်ဒဲလ်ရဲ့မိသားစုကတော့ ကန်ဒဲလ်ဂျင်နာကို ဟယ်ရီနဲ့ ဇာတ်လမ်းပြန်မဆက်ဖို့ သတိပေးစကားတွေ ပြောကြားနေတဲ့ကြားက အခုလို ဇာတ်လမ်းတွေ ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

ကန်ဒဲလ်ကို သတိပေးရတဲ့အကြောင်းက ဟယ်ရီဟာ တစ်နေ့မှာ ကန် ဒဲလ်ကို ထားသွားခဲ့နိုင်တဲ့အတွက် အခုလိုသတိပေးစကားပြောရတာဖြစ်တယ်လို့ မိသားစုဝင်တစ်ဦးကဆိုပါတယ်။

ဟယ်ရီနဲ့ကန်ဒဲလ်တို့ဟာ ပြီးခဲ့တဲ့ နှစ်အတန်ကြာ ချစ်ခဲ့ကြပေမယ့် ဟယ်ရီစတိုင်ဟာ ကန်ဒဲလ်နဲ့ လမ်းခွဲခဲ့ပြီးနောက် ၂၀၁၂ ခုနှစ် အောက်တိုဘာလမှာ တေလာဆွစ်ဖ်နဲ့ချစ်ကြိုက်ခဲ့ပါတယ်။ အဲဒါကြောင့် ကန်ဒဲလ်ကို သတိပေးစကား ပြောကြားရတာဖြစ်တယ်လို့ဆိုပါတယ်။

"ကျွန်မ သူတို့နှစ်ယောက် မကြာသေးခင်ကမှ ရိုက်ထားတဲ့ဓာတ်ပုံကို ကန်ဒဲလ်ရဲ့ဖုန်းထဲမှာ တွေ့ခဲ့တာပါ။ အဲဒါကြောင့် သူတို့နှစ်ဦးရဲ့အချစ်ဇာတ်လမ်းတွေ ပြန်စနေပြီလို့ ပြောခဲ့တာပါ။ အဲဒီဓာတ်ပုံတွေက သူတို့နှစ်ယောက် နယူးရီးယားတုန်းက ကာရစ်ဘီယံကျွန်းကို အလည်အပတ် သွားခဲ့တဲ့ပုံတွေပါ။ အဲဒါကို ကျွန်မ အတည်ပြုနိုင်ပါတယ်" လို့ အစ်မဖြစ်သူ ခိုးလ်က People မဂ္ဂဇင်းကို ပြောကြားခဲ့တာ ဖြစ်ပါတယ်။

OGI Ocean Gate International OGI
Freight Forwarding Co., Ltd

-Freight Forwarding (Sea, Air & Land),
-Doorto Door Services from/to Myanmar to/from all over the world
-Customs Clearance Services (Export,Import)
-Inland Transportation.
-FCL & LCL.
-Storage, warehousing and Distribution.
-Project forwarding.

Bldg 360, Room 10, Pyay Road (Hantharwaddy), Sanchaung Township, Yangon, Manmar.
Tel : 95 1 524600, 95 9 73060105, Fax : 95 1 524600, HP : 95 9 5171017
Email : ogi@oceangate.com.mm, kyaw.freight@gmail.com



# နာတာလီကိုးလ် သေဆုံးမှုနဲ့ပတ်သက်၍ မိသားစုက သတင်းထုတ်ပြန်

အမေရိကန် အဆိုတော်တစ်ဦးဖြစ်တဲ့ နာတာလီကိုးလ်ဟာ ဒီဇင်ဘာလ ၃၁ ရက်က သေဆုံးသွားခဲ့ပြီဖြစ်ပါတယ်။ နာတာလီသေဆုံးမှုနဲ့ပတ်သက်ပြီး သူ့ရဲ့မိသားစုက သူသေဆုံးရတာဟာ သွေးရိုးသားရိုးသေဆုံးခြင်းသာဖြစ်ပြီး ရောဂါပေါင်းစုံ ခံစားနေရသူဖြစ်တယ်လို့ဆိုပါတယ်။ အသက် ၆၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ နာတာလီကိုးလ်ဟာ ကျောက်ကပ်ဝေဒနာကို ခံစားနေရတဲ့အပြင် ကျောက်ကပ်အစားထိုးကုသမှုခံယူထားသူတစ်ဦးလည်းဖြစ်ပါတယ်။

နာတာလီဟာ အဆုတ်ရောဂါ အပါအဝင် နှလုံးရောဂါဝေဒနာကိုပါ ခံစားနေရတယ်လို့ သူ့ရဲ့မိသားစုဝင်တွေက ထုတ်ဖော်ပြောကြားပါတယ်။ နာတာလီဟာ ၂၀၀၉ ခုနှစ်ကစပြီး ရောဂါဝေဒနာပေါင်းစုံကို ခံစားနေခဲ့ရတာဖြစ်ပါတယ်။

"သူ(နာတာလီ)ဟာ ရောဂါပေါင်းစုံနဲ့တိုက်ပွဲဝင်နေခဲ့ရတာကြာခဲ့ပါပြီ။ ၂၀၀၉ ခုနှစ်တုန်းကဆို ကျောက်ကပ် မကောင်းလို့ ခွဲစိတ်ကုသပြီး ကျောက်ကပ်အစားထိုးကုသမှု ခံယူခဲ့ရတယ်။ အဲဒီနောက်ပိုင်းမှာ အဆုတ်ရောဂါကိုပါ ခံစားလာရတဲ့အပြင် နှလုံးအားနည်းတဲ့ ဝေဒနာကိုပါ ခံစားခဲ့ရတယ်။ ဒါပေမယ့်လည်း သူဟာ သူ့ရဲ့ဖျော်ဖြေပွဲတိုင်းမှာ သူ့ရဲ့ဝေဒနာတွေကို သည်းခံပြီး ဖျော်ဖြေပေးခဲ့ပါတယ်"လို့ သူ့ရဲ့မိသားစုဝင်တစ်ဦးက ပြောကြားခဲ့ပါတယ်။

နာတာလီသေဆုံးခဲ့ရမှုနဲ့ပတ်သက်ပြီး လူတွေက အမျိုးမျိုးဝေဖန်မှုတွေ ရှိခဲ့ကြတာတွေကို သူ့မိသားစုဝင်တွေရဲ့ဖြေ ရှင်းမှုနဲ့အဆုံးသတ်သွားခဲ့ပြီဖြစ်ပါတယ်။

အမေရိကန်အဆိုတော်ကြီး တိုနီဘားနတ်က "နာတာလီကိုးလ် သေဆုံးသွားတာဟာ တကယ့်ကို ဝမ်းနည်းစရာကောင်းတဲ့အဖြစ်အပျက်တစ်ခုကို ကြားလိုက်ရသလိုပါပဲ။ နာတာလီဟာ ရောဂါဝေဒနာတွေကိုခံစားပြီး သေဆုံးသွားခဲ့ရတာပါ။ အဲဒီအတွက်လည်း စိတ်မကောင်းဖြစ်မိပါတယ်"လို့ သူ့ရဲ့တွစ်တာအကောင့်မှာ ရေးသားဖော်ပြထားပါတယ်။

# THU THU HAN THAR CO.,LTD.

| | | | | |
|---|---|---|---|---|
| Mitsubishi Canter Double Cab (10ft)<br>Manual (2005 - 2008)<br>- 2000 CC<br>Gasoline **110** သိန်း<br>- 3000 CC<br>Diesel **125** သိန်း | Mitsubishi Canter Pick up (10ft)<br>Manual (2005 - 2010)<br>- 2000 CC<br>Gasoline **125** သိန်း<br>- 3000 CC/ 5000 CC<br>Diesel **160 - 170** သိန်း | Toyota Dyna Double Cab (10ft)<br>Manual (2005 - 2008)<br>- 2000 CC (1.5 Ton ဆောက်)<br>Gasoline **100-110**သိန်း<br>- 2500 CC (1.5 Ton ဆောက်)<br>Diesel **120-125** သိန်း | Toyota Dyna Pick up (10ft) (MDY)<br>Manual (2005, 2006, 2007, 2008)<br>- 2000 CC (1.5 Ton)<br>Diesel **135** သိန်း | Mitsubishi Canter Pick up (14-15ft)<br>Manual (2006 - 2007)<br>- 5000 CC (3 ton - 3.5 ton)<br>Diesel **215 - 230** သိန်း<br>ရှေ့လေး နောက်လေး<br>တန်ကြီး |
| Nissan Vanette/ Mazda Bongo<br>Manual (2005, 2006, 2007, 2008,2009)<br>- Gasoline 850kg **95** သိန်း<br>1000kg **115** သိန်း<br>- Diesel 850kg **105-110**သိန်း<br>1000kg **115-130**သိန်း | Daihatus Hijet (PS, AC)<br>- Manual (2005 - 2010)<br>**63**သိန်း - **68**သိန်း<br>- Auto (2005 - 2010)<br>**73**သိန်း - **77**သိန်း | Daihatsu Hijet (YGN)<br>Truck (Box)<br>Auto (2008)<br>650 CC<br>Petrol, PS, AC,<br>4WD<br>**65** သိန်း | Subaru Sambar (MDY)<br>Manual (2005-2008)<br>650CC, Petrol<br>PA, AC, 4WD<br>**53 - 58** သိန်း | Subaru Sambar (YGN)<br>(Box)<br>Auto (2008)<br>650CC, Petrol<br>PS, AC<br>**61** သိန်း |

**လက်ကားဈေးဖြင့်လည်း ဝယ်ယူနိုင်ပါသည်။**

**Autocom Japan ကားကုမ္ပဏီသို့ ငွေလွှဲလက်ခံသည်**

ရန်ကုန်ရုံး - L-3(A)၊ နွယ်သာကီလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ (မြဝတီဘက်ခြမ်း)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၆၈၆၃၉၈၊ ၆၈၃၅၇၂၊ ၆၈၃၆၄၄၊ ၀၉ ၅၀၁၂၉၃၄၊ ၀၉ ၈၇၅၀၁၂၉၃၄၊ ၀၉ ၇၉၅၀၁၂၉၃၄၊ ၀၉ ၂၅၄၃၇၀၂၀၉
Email : okcashewnut1@hotmail.com

ရန်ကုန်ရုံးခွဲ - အမှတ်(၁၉)၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် (၁၀၉)လမ်းထိပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၀၁၂၉၃၄၊ ၀၉ ၄၂၁၁၂၈၀၁၉
ထားဝယ်ရုံးခွဲ - အမှတ်(၁၅/၁၇)၊ ကမြောကင်းလမ်း၊ ဆန်းချိုရပ်၊ ထားဝယ်မြို့။ ဖုန်း - ၀၉ ၅၀၁၂၉၃၄၊ ၀၉ ၄၂၂၂၀၁၁၈၃

## "OK" သီဟိုဠ်စေ့ရောင်းဝယ်ရေး

အမှတ်(၄/၃က)၊ နွယ်သာကီလမ်း၊
ဘုရင့်နောင်ပွဲရုံတန်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

☎ : ၀၁-၆၈၃၆၄၄၊ ၆၈၆၃၉၈၊ ၆၈၃၅၇၂
📱 : ၀၉-၅၀၁၂၉၃၄၊ ၀၉၉၇-၅၀၁၂၉၃၄
၀၉-၂၅၄၃၇၀၂၀၉

E-mail : okcashewnut1@hotmail.com
okcashewnut@myanmar.com.mm

## ပြည့်စုံဝင်းအောင်

PSWA

ကုမ္ပဏီလီမိတက်

### မော်တော်ယာဉ်အရောင်းပြခန်း



ရန်ကုန်အရောင်းပြခန်း(၁) - အမှတ်(၁၁၂)၊ ဘုရင့်နောင်လမ်း(ပုလဲလမ်း)၊ ရွှေပြည်သာစက်မှုဇုန်(၄)။
ဖုန်း - ၀၉-၇၃၁၆၁၆၁၆၊ ၀၉-၇၃၂၆၂၆၂၆၊ ၀၉-၇၃၁၉၁၉၁၉၊ ၀၉-၇၃၂၉၂၉၂၉

ရန်ကုန်အရောင်းပြခန်း(၂) - အမှတ်(၄၉၉-၅၀၀)၊ ယောအတွင်းဝန်ဦးဖိုးလှိုင်လမ်း၊ ရွှေလင်ပန်းစက်မှုဇုန်၊
ဖုန်း - ၀၉-၉၇၀၀၇၁၅၅၅၊ ၀၉-၉၇၀၀၂၁၉၉၉၊ ၀၉-၇၃၂၄၁၀၁၀၊ ၀၉-၇၃၂၄၉၂၉၂

မန္တလေးအရောင်းပြခန်း - ပပ ၂၃/၃၁-၃၂-၃၃၊ ၆၇ နှင့် ၆၈ လမ်းကြား၊ ယောမင်းကြီးလမ်း၊ စက်မှုဇုန်(၁)။
ဖုန်း - ၀၂-၅၁၅၃၆၀၀၊ ၀၂-၅၁၅၄၈၂၅၊ ၀၉-၉၁၀၂၀၀၀၀၊ ၀၉-၅၁၆၄၀၀၀

ရန်ကုန်ရုံးခန်း - အခန်း(၄-၅-၆-၇)၊ ရုံ(က/၃က)၊ ဈေးပတ်လမ်း၊ ဘုရင့်နောင်ကားပစ္စည်းဈေး၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၆၈၃၁၅၅၊ ၀၁-၅၂၈၈၄၈၊ ၀၁-၅၂၈၈၆၈၊ ၀၉-၅၀၇၁၉၉၉၊
၀၉-၇၈၅၀၇၁၉၉၉

## MIHARA Co., Ltd.

Trading & Services Co., Ltd



**မော်တော်ယာဉ်များနှင့် ကားအပိုပစ္စည်းများတင်သွင်းရောင်းချခြင်း**




**ခရီးသွား ဝန်ဆောင်မှု**

Bus, Hi Ace, Alphard, Wagon ကားများဖြင့် ဝန်ဆောင်မှုပေးနေပါသည်။



**ကုန်စည်သယ်ယူပို့ဆောင်ပေးခြင်း**





No. (53/2), Pyin Ma Myaing Street, 23rd Ward, Thuwana, Thingangyun Township, Yangon, Myanmar.
Tel : 09-49218700, 09-5025400, 09-785025400. Thailand (Ph): 086-9289363(66)
Email: myominaungkyaw@gmail.com , www.facebook.com/miharayangon

# COMMERCE INTERNATIONAL




## ၂၀၁၆ ခုနှစ် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ကမ္ဘာ့ဘဏ်က လျှော့ချခန့်မှန်း

တရုတ်နိုင်ငံနဲ့ ဘရာဇီးနိုင်ငံအပါအဝင် ထွန်းသစ်စဈေးကွက်များရှိ စီးပွားရေးများရဲ့ဖွံ့ဖြိုးမှုနှုန်းက “စိတ်ပျက်စရာ” ဖြစ်နေတဲ့အတွက် ၂၀၁၆ ခုနှစ် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ကမ္ဘာ့ဘဏ်က ဇန်နဝါရီ ၆ ရက်မှာ လျှော့ချခန့်မှန်းလိုက်ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

၂၀၁၆ ခုနှစ် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ကမ္ဘာ့ဘဏ်က ၂ ဒသမ ၉ ရာခိုင်နှုန်းရှိမယ်လို့ ခန့်မှန်းထားရာ ဇွန်လက ခန့်မှန်းထားခဲ့တဲ့နှုန်းအောက် သုည ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းလျက်ရှိနေသော်လည်း ၂၀၁၅ ခုနှစ်က ရှိခဲ့တဲ့ တိုးတက်မှုနှုန်းဖြစ်တဲ့ ၂ ဒသမ ၄ ရာခိုင်နှုန်းထက် ဖွံ့ဖြိုးမှုနှုန်း ပိုမိုမြင့်မားနေပါတယ်။

“ထွန်းသစ်စဈေးကွက်တွေက လွန်ခဲ့တဲ့ ဆယ်စုနှစ်အတွင်း ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုအတွက် စွမ်းအားပြည့်ဖြည့်ဆည်းပေးခဲ့တာဖြစ်တဲ့အတွက် ဒီဈေးကွက်တွေ တစ်ပြိုင်နက်တည်း အားနည်းနေတာက ကမ္ဘာ့ဆင်းရဲမှု လျှော့ချရေးနဲ့ သာယာဝပြောမှု မျှဝေခံစားရေးအတွက် ချမှတ်ထားတဲ့ ရည်မှန်းချက်တွေ အကောင်အထည်ဖော်ရာမှာ စိုးရိမ်စရာဖြစ်နေပါတယ်”လို့ ကမ္ဘာ့ဘဏ်က ပြောပါတယ်။

စီးပွားရေး အကူးအပြောင်းလုပ်ငန်းများကို နက်နက်ရှိုင်းရှိုင်း ဆောင်ရွက်နေချိန်မှာ ၂၀၁၅ ခုနှစ်က ၆ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့တဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုနှုန်းက ၂၀၁၆ ခုနှစ်မှာ ၆ ဒသမ ၇ ရာခိုင်နှုန်းအထိ ရောက်ရှိနိုင်ပါတယ်။ ၂၀၁၆ ခုနှစ်မှာ တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းက လွန်ခဲ့တဲ့ ခြောက်လနဲ့ နှိုင်းယှဉ်ရင် သုည ဒသမ ၃ ရာခိုင်နှုန်း လျော့ကျနေတဲ့အတွက် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း အနိမ့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။

၂၀၁၄ ခုနှစ် နှစ်လယ်ကစပြီး တရုတ်နိုင်ငံမှာ ဘဏ္ဍာရေး မတည်ငြိမ်မှုတွေ အမျိုးမျိုးဖြစ်ပေါ်ခဲ့ရာ နောက်ဆုံးဖြစ်ပျက်ခဲ့တဲ့ အကျပ်အတည်းက တရုတ်စတော့ဈေးကွက်တွေ ခုနစ်ရာခိုင်နှုန်းအထိ ကျဆင်းခဲ့တာဖြစ်ပါတယ်။

ကမ္ဘာ့ဘဏ်က စီးပွားရေးတိုးတက်မှုနှုန်းကို ပြင်ဆင်ခန့်မှန်းတဲ့ထဲမှာ စီးပွားရေးဆုတ်ကပ်ဖြစ်နေတဲ့ နိုင်ငံနှစ်နိုင်ငံရဲ့အခြေအနေက ပိုမိုဆိုးရွားနေတာကို တွေ့ရပါတယ်။ ဘရာဇီးနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုကို မူလခန့်မှန်းချက် ၃ ဒသမ ၆ ရာခိုင်နှုန်းကနေ ၂ ဒသမ ၅ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ရုရှားနိုင်ငံက ၁ ဒသမ ၄ ရာခိုင်နှုန်းကနေ သုည ဒသမ ၇ ရာခိုင်နှုန်းသို့လည်းကောင်း လျှော့ချခန့်မှန်းခဲ့ပါတယ်။ ဒီနိုင်ငံနှစ်နိုင်ငံစလုံးက ရေနံနဲ့ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်တွေ အပါအဝင် ကုန်စည်ဈေးနှုန်းကျဆင်းမှုဒဏ်ကို ခံထားရတဲ့နိုင်ငံတွေ ဖြစ်ပါတယ်။

စီးပွားရေးတိုးတက်မှု အလားအလာကို အန္တရာယ်ပြုနေတဲ့ အကြောင်းအရာတွေထဲမှာ ဒီဇင်ဘာလအတွင်းက အမေရိကန်ဗဟိုဘဏ်ရဲ့အတိုးနှုန်းမြှင့်တင်မှုနဲ့ ပထဝီနိုင်ငံရေး တင်းမာမှုစတာတွေလည်း ပါဝင်ကြောင်း ကမ္ဘာ့စီးပွားရေးအလားအလာ အစီရင်ခံစာမှာ ကမ္ဘာ့ဘဏ်က ဖော်ပြထားပါတယ်။

## ဗီယက်နမ်လုပ်သားများရဲ့ယှဉ်ပြိုင်မှုစွမ်းရည် တိုးတက်မှုအတွက် အိုင်တီကအရေးပါ

ဗီယက်နမ်လုပ်သားများရဲ့ ကုန်ထုတ်လုပ်နိုင်စွမ်းအားနဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းအားကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်မယ်ဆိုရင် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများက သတင်းအချက်အလက်နဲ့ နည်းပညာ (Information and Technology-IT)ကို အသုံးချသင့်ကြောင်း ဗီယက်နမ်သိပ္ပံနဲ့ နည်းပညာအကယ်ဒမီ (Vietnamese Academy of Science and Technology) လက်အောက်ရှိ သတင်းအချက်အလက်နဲ့ နည်းပညာသိပ္ပံဌာနကြားရေးမှူး ငုယင်ထရောင်သန်းက ပြောပါတယ်။

ဗီယက်နမ်နိုင်ငံရဲ့ အိုင်တီအခြေခံ အဆောက်အအုံက သုံးစွဲရာမှာ ဈေးသက်သာပြီး ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ရှိကြောင်းနဲ့ စီးပွားရေးလုပ်ငန်းများကို လုပ်ငန်းလွယ်ကူချောမွေ့အောင် အထောက်အကူပေးမှာဖြစ်ကြောင်း ဇန်နဝါရီ ၇ ရက်က ဟန္နိုင်းမြို့မှာ ကျင်းပတဲ့ အစည်းအဝေးမှာ သန်းကပြောပါတယ်။

အမျိုးသားအိုင်တီ အခြေခံအဆောက်အအုံက ထုတ်လွှင့်မှုလိုင်းများ တည်ငြိမ်သလို ဈေးနှုန်းလည်း တည်ငြိမ်မှုရှိကြောင်း သူကပြောပါတယ်။

အိုင်တီအပလီကေးရှင်းများက လုပ်ငန်းလုပ်ဆောင်ရာမှာ လွယ်ကူမှုရှိစေတဲ့အပြင် ဒေသတွင်း ပေါင်းစည်းရေးလုပ်ငန်းရဲ့ ဝန်ဆောင်မှုတွေကို ပိုမို ကောင်းမွန်အောင် ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် အိုင်တီအပလီကေးရှင်းများကို စီးပွားရေးလုပ်ငန်းတွေ တိုးမြှင့်သုံးစွဲဖို့လိုကြောင်း ဗီယက်နမ်ကုန်သည်ကြီးများနဲ့ စက်မှုလုပ်ငန်းများအသင်းမှ စီးပွားရေးလုပ်ငန်းများဆိုင်ရာ သတင်းအချက်အလက်နဲ့ နည်းပညာသိပ္ပံဌာနကြားရေးမှူး လီဗန်လှိုင်က ပြောပါတယ်။

ဒုတိယအချက်က အိုင်တီကို စီးပွားရေးလုပ်ငန်းမှာ အသုံးမပြုရင် လုပ်ငန်းထိရောက်မှု နည်းနိုင်ကြောင်း သူကပြောပါတယ်။

တတိယအချက်က ဖေ့စ်ဘုတ် သို့မဟုတ် တွစ်တာမှာ Fan Page တွေ ဖွင့်ထားရင် ဖောက်သည်တွေ စိတ်ကြိုက်ဖြစ်အောင် ဆောင်ရွက်ရာမှာ အိုင်တီက အထောက်အကူပေးလိမ့်မယ်လို့ သူကပြောပါတယ်။

ဖောက်သည်တွေရဲ့ စိတ်ကျေနပ်မှုက စီးပွားရေးလုပ်ငန်းလုပ်ဆောင်ရာမှာ အရေးပါကြောင်း၊ ဖောက်သည်တွေ ထောင်သောင်းချီရှိနေတဲ့ စီးပွားရေး လုပ်ငန်းတွေအတွက် ဖောက်သည်တွေနဲ့ အဆက်အသွယ်မပြတ်အောင် အိုင်တီကသာ ကူညီနိုင်မှာဖြစ်ကြောင်း သူကပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 11th January 2016

<< December And January Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | SINGAPORE | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.19 | 1.55 | 1.90 | 2.20 | 3.50 | | | | | 26.11.2015 | 25.11.2015 | | | 9.12.2015 | 13.12.2015 | |
| | S/O CUT | | | | | | | | 22.11.2015 | 21.11.2015 | | | | | |
| MV.CITY OF MUMBAI V.26 | 1.55 | 1.90 | 2.20 | 3.50 | | | | | 11.12.2015 | 13.12.2015 | 10.12.2015 | | 22.12.2015 | 26.12.2015 | 3.1.2016 |
| | S/O CUT | | | | | | | | 7.12.2015 | 9.12.2015 | 6.12.2015 | | | | |
| MV.HOEGH CHENNAI V.20 | 1.55 | 1.90 | 2.20 | 3.50 | | | | | 27.12.2015 | 26.12.2015 | 28.12.2015 | | 9.1.2015 | 13.1.2015 | |
| | S/O CUT | | | | | | | | 23.12.2015 | 22.12.2015 | 24.12.2015 | | | | |
| MV.CITY OF MUMBAI V.27 | 1.55 | 1.90 | 2.20 | 3.50 | | | | 16.1.2016 | 15.1.2016 | 14.1.2016 | | | 26.1.2016 | 30.1.2016 | |
| | S/O CUT | | | | | | | 12.1.2016 | 11.1.2016 | 10.1.2016 | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiond Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ဘူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။